ကျိုးကို ရှုပါလော့၊ ဤတထောင်သော နတ်သမီးတို့သည် အကျွန်ုပ်ကိုခြံရံကုန်၍၊သတိပဋ္ဌာနသုတ်ကိုနာရ၍ဆင်းရဲ လှစွာသော နွား သတ္တဝါ ဖြစ်သော အကျွန်ုပ်စင်လျက် ဤကဲ့သို့သော အသရေကို ရတုံသေး၏၊ အကြင် သူတို့ သည်ကား စည်းစိမ်ဥစ္စာရှင် ဖြစ်ကုန်၍ မြတ်သော ချမ်း သာကို ရကုန်သောသူတို့၏ လျောက်ပတ်သော ကာလ၌ သာသနာတော်ကို ဆည်းကပ်ခြင်းကို ပြုရာ၌ကား ဆို ဘွယ်ရာမရှိပေ-ဟု တရားကိုချီးမွမ်း၍လည်း လျှောက်၏။

ယင်းသို့ လျှောက် ပြီး ၍ ဘဝပဒိုသန္တေ၌ တပ်စွမ်းခြင်း ကင်းသော မဟာဒတ္တနတ်သားသည်-

အရှင်ဘုရား......သရဏဂုံ, သီလကို ပေးတော်မူ၍ ထိုသတိ ပဋ္ဌာန သုတ်ကိုပင် ဟောတော်မူပါ။အကျွန်ုပ်ကို တရားသဘော် လှေသို့တင်၍ ဘဝသမုဒြာမှ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့ ဆောင်တော်မူပါ။အကျွန်ုပ်သည် သတိပဋ္ဌာနသုတ်၏တန်ခိုးအား ဖြင့်၎င်း, သီလသရဏဂုံအားဖြင့်၎င်း အပါယ်ဆင်းရဲ၌ ကိုယ်၏ အဖြစ်ကိုဖြတ်၍ နတ်၌ဖြစ်သော ကိုယ်အဖြစ်ကို ရလေပြီ- ဟု တရားဟောစိမ့်သောငှာ တောင်းပန်၏၊မထေရ်သည် သရဏဂုံ, သီလပေး၍ သတိပဋ္ဌာနသုတ်ကိုပင် ဟောတော်မူ၏၊ နတ်သား နှင့်တကွ တထောင်သောနတ်သမီးတို့သည် သောတာပတ္တိဖိုလ်၌ တည်၍ မထေရ်ကိုရှိခိုးပြီးလျှင် ကောင်းကင်ပြင်ဝယ် ဟသ်ာမင်း ကဲ့သို့ တာဝတိံသာနတ်ပြည်သို့ ပြန်တက်ကြကုန်၏။

[သီဟဋ္ဌဝတ္ထုကျမ်းအထွက်။]

### ကြက်မဝတ္ထု

ကကုသန် မြတ်စွာ ဘုရား လက်ထက် တော်၌ တခုသော ကြက်မသည် ဆွမ်းစားစရပ်အနီး၌နေ၏၊ထိုကြက်မသည် တပါး သော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသော ရဟန်း၏ ကမ္မဋ္ဌာန်း

သံကိုကြား၍ ဤကား တရားတော်တည်း-ဟု အာရုံကို ယူလျက် နေစဉ် တချသော စွန်သုတ်ခဲ့ရကား သေလွန်၍-

ဥပရိမည်သော မင်းသမီးဖြစ်လျှင် ပရိဗိုဇ် ရဟန်း မိန်းမတို့ အထံ၌ ရဟန်းပြု၍၊ ထိုရဟန်းမိန်းမသည် ဝစ္စကုဋိသို့ဝင်သည်ရှိသော် ပိုးလောက်အစုကိုမြင်သဖြင့် ပုဠုဝကသညာကို ဖြစ်စေ၍ ပဌမဈာန်ကိုရလျှင် ထိုကိုယ်၏အဖြစ်မှ စုတေသော်-

ပြဟ္မာ့ပြည်၌ ဖြစ်၏၊ ပြဟ္မာ့ပြည်မှ စုတေသော်-

သူဌေးမျိုး၌ဖြစ်လျှင် မကြာမြင့်မီပင် စုတေပြန်၍-

ငါတို့ဘုရားဖြစ်တော်မူသောအခါ ရာဇဂြိုဟ်ပြည်ဝယ် ဝက်မ ငယ်ဖြစ်၏၊မြတ်စွာဘုရားသည် ဝက်မငယ်ကိုမြင်၍ ပြုံးတော်မူ၏၊ အရှင်အာနန္ဒာသည် ပြုံးတော်မူကြောင်းကို လျှောက်လတ်သော် အလုံး စုံသော အကြောင်းကို မိန့်တော် မူ၍ "ယထာပိ မူလေ အနုပဒ္ဒဝေ" အစရှိသောဂါထာကို ဟောတော်မူ၏၊ ဂါထာ၏ အဆုံး၌ များစွာသော တရားနာပရိသတ် တို့သည် သောတာ-ပတ္တိဖိုလ် စသည်တို့ကို ရလေကုန်၏။

ထိုဝက်မငယ်သည် ထိုကိုယ်၏အဖြစ်မှ စုတေ၍ သုဝဏ္ဏဘူမိ၌ မင်းသမီးဖြစ်၏။

ထိုမှစုတေ၍ ဝနဝါသီအရပ်၌ဖြစ်၏။

ထိုမှစုတေ၍ ဗာရာဏသီပြည်၌ ဖြစ်၏။

ထိုမှစုတေ၍ သုပ္ပါရကသင်္ဘောဆိပ်၌ မြင်းကုန်သည် သမီး ဖြစ်၏။

ထိုမှစုတေ၍ ကာဝိရသင်္ဘောဆိပ်၌ သင်္ဘောသူကြီး သမီး ဖြစ်၏။

ထိုမှစုတေ၍ အနုရာဓပြည်၌ မင်းသမီးဖြစ်၏။

ထိုမှစုတေ၍ အနုရာဓပြည်၏ တောင်အရပ်၌ ဘောက္ကန္တ မည်သောရွာဝယ် သုမနမည်သော သူကြွယ်၏ သုမနမည်သော သမီးဖြစ်၏။

ထိုအခါ သတ္တိုသွီး၏ အဘသည် ဇိယာဝါဒိတိုင်းသို့ သွား၍ မဟာသုမန မည်သော ရွာ၌ နေ၏၊ ထိုရွာ၌ ဒုဋ္ဌဂါမဏိ မင်း၏ လကုဏ္ဏက အခေါ်မှုရမည်သော အမတ်သည် တစုံတခု ပြုဘွယ် ကိစ္စကြောင့်ရောက်၍ သုမနသတ္တိသမီးကိုမြင်လျှင် ကြီးစွာသော မင်္ဂလာကိုပြု၍ ဆောင်ယူ၍ မဟာဂါမသို့သွား၏။

ထိုအခါ ကောဌတောင်ကျောင်းကြီး၌ သီတင်းသုံးနေသော' မဟာအနုရုဒ္ဓါထေရ်သည် မဟာဂါမ၌ ဆွမ်းခံကြွသည်ရှိသော် ထိုအမတ်၏အိမ်တံခါး၌ ရပ်လျက် သုမနကိုမြင်၍ "ငါ့ရှင်တို့....... ဝက်မငယ်သည် အတိမ္ဘရအမတ်ကြီး၏ မယားအဖြစ်သို့ ရောက် သည်ကား အံ့ဘွယ်ရှိစွ''ဟု ရဟန်းတို့နှင့် ပြောဆိုတော် မူ၏၊ သုမနသည် ထို စကားကို ကြား၍ အတိတ် ဘဝကို ဘွင့်လှစ်၍ မြင်စွမ်းနိုင်သော ဇာတိဿရဉာဏ်ကိုရ၏၊ ထို ခဏ၌ ပင်လျှင် သံဝေဂရ၍ လင်ကိုတောင်းပန်၍ ရဟန်းမိန်းမတို့အထံ၌ ရဟန်း ပြု၍ တိဿ အမည် ရှိသော ကျောင်း ကြီး၌ မဟာသတိပဋ္ဌာန သုတ်ကိုနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

နောက်ကာလ၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် ကျည်းတို့ကိုနှိပ်နင်း ပြီးသည်ဖြစ်၍ ဆွေမျိုးတို့၏နေရာ ဘောဂ္ဂန္နဂ္ဂရွာသို့ သွား၍ နေ လေသော် ကလ္လက မည်သော ကျောင်းကြီး၌ အာသိဝိသူပမ သုတ်ကိုနာရ၍ ရဟန္တာဖြစ်၏၊ ထို သုမနမည်သော ရဟန္တာမ သည် ပရိနိဗ္ဗာန်ပြုသည့်နေ့၌ ရဟန်းယောကျ်ား, ရဟန်းမိန်းမ တို့သည် မေးအပ်သည်ဖြစ်၍ အ လုံး စုံ သော အကြောင်း ကို အခြားမရှိ ပြောဆို၍ စည်းဝေးသော ရဟန်းသံဃာ၏အလယ်၌ မဏ္ဍလာရာမ၌ သီတင်း သုံးနေသော ဓမ္မဒိန္နကို ဆောင်သော မဟာတိဿထေရ်နှင့် နှီးနှော၍-

၁။ ငါသည် ရှေးဘဝ၌ လူ၏အဖြစ်မှစုတေ၍-

၂။ ကြက်မဖြစ်၏၊ ကြက်ဘဝ၌ စွန်၏အထံမှာ ဦးခေါင်းပြတ် ခြင်းသို့ ရောက်၍-

၃။ မင်းမျိုး၌ဖြစ်လေသော် ပရိဗိုဇ်ရဟန်းမိန်းမတို့၏အထံ၌ ရဟန်းပြု၍-
၄။ ပဉ္စမဈာန်ကိုရသဖြင့် ဗြဟ္မာ့ပြည်၌ဖြစ်၏။
၅။ ဗြဟ္မာ့ အဖြစ်မှ စုတေသော် သူဌေးမျိုး၌ ဖြစ်၍-
၆။ မကြာမြင့်မီစုတေ၍ ဝက်မျိုး၌ဖြစ်၏။
၇။ ထိုမှစုတေ၍ သုဝဏ္ဏဘုမ္မိ၌ဖြစ်၏။
၈။ ထိုမှစုတေ၍ ဝနဝါသီအရပ်၌ဖြစ်၏။
၉။ ထိုမှစုတေ၍ ဗာရာဏသီပြည်၌ဖြစ်၏။
၁၀။ ထိုမှစုတေ၍ သုပ္ပါရကသဘော်ဆိပ်၌ဖြစ်၏။
၁၁။ ထိုမှစုတေ၍ ကာဝိရသဘော်ဆိပ်၌ဖြစ်၏။
၁၂။ ထိုမှစုတေ၍ အနူရာဓပြည်၌ဖြစ်၏။
၁၃။ ထိုမှစုတေ၍ ဘောက္ကန္တရွာ၌ဖြစ်၏။

ဤသို့လျှင် အနိမ့်, အမြင့်, အမြတ်, အယုတ် ဖြစ်ကုန်သော တဆဲ့သုံးဘဝတို့သို့ရောက်၍ ယခုအခါ ငြိးဌေ့ရကား ရဟန်းပြု၍ အရဟတ္တဖိုလ်ကိုရပြီ၊ ခပ်သိမ်း ကုန်သော သူတော်ကောင်း တို့သည် အပ္ပမာဒတရားနှင့် ပြည့်စုံစေကြ ကုန်လော–ဟု ဆုံးမ၍ လေးပါးသော ပရိသတ်တို့ကိုထိတ်လန့်စေ၍ ပရိနိဗ္ဗာန်ပြုလေ၏။

ဤသို့ သတိပဋ္ဌာန်းသုတ္တန်ဒေသနာတော်သည် နိဗ္ဗာန် တိုင် အောင် ဆောင်တတ် သောကြောင့် နိဗ္ဗာန် တိုင် အောင် သော ကောင်းကျိုးချမ်းသာကို အလိုရှိကုန်သော သူတော်ကောင်း တို့ သည် မဟာသတိပဋ္ဌာန သုတ္တန်ဒေသနာတော်မြတ်ကို နာခြင်း, သင်ခြင်း, လေ့ကျက် ရွက်ဆောင်ခြင်း အစရှိသည်ဖြင့် အဘန် တလဲလဲ အားထုတ်ကုန်ရာ၏။

သတိပဋ္ဌာနသုတ်ကို နာရခြင်း၏ အကျိုးပြဝတ္ထု ပြီး၏။

## မဟာသတိပဋ္ဌာနသုတ် ပါဠိတော် နိသျ

### နိဒါန်း

၁။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ဇာုဒံသုတ္တံ၊ ဤမဟာ သတိပဋ္ဌာန သုတ်ကို။ မေ-မယာ၊ အကျွန်ုပ် အာနန္ဒာ သည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ဤသို့။ သုတံဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကုရူသု၊ကုရုတိုင်း တို့၌၊ ကမ္မာသဓမ္မံနာမ၊ ပြောက်ကျားသော ခြေရှိသော ပေါရိ သာဒကို ဆုံးမရာဖြစ်၍ ကမ္မာသဓမ္မ အမည်ရှိသော။ ကုရူနံ၊ ကုရု တိုင်းသူတို့၏။ နိဂမော၊ နိဂုံးသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုနိဂုံး၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထို ကမ္မာသဓမ္မ နိဂုံးဝယ် နေတော်မူသော အခါ၌လျှင်။ ဘဂဝါ၊ မြတ်စွာ ဘုရား သည်။ ဘိက္ခူ၊ရဟန်းတို့ကို။ဘိက္ခဝေါတိ၊ ရဟန်းတို့ဟူ၍။အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘဒ္ဒန္တေတိ၊ အရှင်ဘုရားဟူ၍။ တေဘိက္ခူ၊ ထို ရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ပစ္စဿောသုံ၊ ရိုသေစွာစကားတုံ့ကြားလျှောက်ကုန်၏။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံဝစနံ၊ ဤ ဆိုလတ္တံ့သော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

### ဥဒ္ဒေသ

၂။ ဘိက္ခဝေ၊ရဟန်းတို့။ သတ္တာနံ၊သတ္တဝါတို့၏။ဝိသုဒ္ဓိယာ၊ အထူးထူးသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းငှာ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေး မြည်တမ်းခြင်း တို့ကို။ သမတိက္ကမာယ၊ လွန်ခြင်းငှာ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းသို့ ရောက်ခြင်းငှာ။ ဉာယဿ၊အရိယာမဂ်ကို။ အဓိဂမာယ၊ရခြင်းငှာ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှာ။ ပဝတ္တော၊ ဖြစ်သော။

ငကောယနော၊ တကြောင်းတည်းသော ခရီးဖြစ်သော။
ငကောယနော၊ တယောက် အထီးတည်းသာလျှင် သွားအပ်သော။
ငကောယနော၊ မြတ်သောဘုရားသဗ္ဗညု၏ ခရီးဖြစ်သော။
ငကောယနော၊ မြတ်သော သာသနာ တော်၌ သာ လျှင် ဖြစ်သော။
ငကောယနော၊ မြတ်သောနိဗ္ဗာန်သို့သာလျှင်သွားတတ်သော။
အယံ၊ ဤဒိသော၊ ဤသို့သဘောရှိသော။ မဂ္ဂေါ၊ ခရီးသည်။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ-ယောဇ္ဇမေသတိပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန်တို့တည်း။

စတ္တာရော၊လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်။ကတမေ၊ အဘယ်သည့်တို့နည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ သာသနာ တော်၌။ ဘိက္ခု၊ ရဟန်းသည်။အာတာပီ၊ရုပကာရကို၊ အာရုံပြု၍ဖြစ်သော ကိလေသာကို လွန်စွာ ပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ရုပကာယကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာ အဆင် အခြင်နှင့် ပြည့်စုံသည် ဖြစ်၍။ သတိမာ၊ ရုပကာယကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ရုပုပါဒါနက္ခန္ဓာ ဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ရုပကာယကို တပ်သောအားဖြင့် ရှေးရှုကြံခြင်းဟူသော လောဘ, ရှေးရှုကြံတိုင်းမရခြင်းကြောင့် နှလုံးမသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ, ဝိက္ခမ္ဘန အားဖြင့်ဖျောက်၍။ ကာယေ၊အင်္ဂါကြီးငယ်အပေါင်း, ဆံအမွေး စသည် အပေါင်း, ဘူတရုပ်-ဥပါဒါရုပ်အပေါင်း, ပထဝီကာယ စသည် အပေါင်းဖြစ်သော ရုပကာယ ခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ အင်္ဂါကြီးငယ်အပေါင်း, ဆံ-အမွေး စသည်အပေါင်း ဘူတရုပ်-ဥပါဒါရုပ် အပေါင်း,ပထဝီကာယစသော အပေါင်းကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ "ကာယာနုပဿီ၊ အနိစ္စ, ဒုက္ခ,

အနတ္တ,အသုဘ အခြင်းအရာအပေါင်းကို အဘန်တလဲလဲရှုသည် ဖြစ်၍''။''အဘန်တလဲလဲရှုသော ဝိပဿနာဉာဏ်ရှိသည်ဖြစ်၍''။ ဝိဟရတိ၊ နေ၏။

(၁) ဘိက္ခု၊ ရဟန်းသည်။ အာတာပီ ဝေဒနာကို အာရုံပြု၍ ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ဝေဒနာကို ကောင်းစွာအပြား အားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ ဝေဒနာကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံ သည်ဖြစ်၍။ လောကေ၊ ဝေဒနူပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာကို တပ်သောအားဖြင့် ရှေးရှုကြံ ခြင်းဟူသော လောဘ, ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံး မသာယာခြင်းဟူသောဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ,ဝိက္ခမ္ဘန အားဖြင့် ဖျောက်၍။ ဝေဒနာသု၊ သုခ စသော ဝေဒနာ တို့၌။ ဝေဒနာနုပဿီ၊ ဇူဠှာမုံကို အာရုံပြု၍ သုခဝေဒနာဖြစ်၏-စသည် ဖြင့် အဘန်တလဲလဲရှုသည်ဖြစ်၍။ 'ဝေဒနာနုပဿီ၊သုခဝေဒနာကို ဒုက္ခအားဖြင့်,ဒုက္ခဝေဒနာကို ငြောင့်တံသင်းနှင့် တူသောအားဖြင့်, ဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝေဒနာနုပဿီ၊ သုခဝေဒနသည် တည်သဖြင့် ချမ်းသာ၏, ဘောက်ပြန် ပျက်စီးသဖြင့် ဆင်းရဲ၏, ဒုက္ခဝေဒနာသည် တည် သဖြင့်ဆင်းရဲ၏, ဘောက်ပြန်ပျက်စီးသဖြင့်ချမ်းသာ၏, ဥပေက္ခာ ဝေဒနာသည် သိမြင်သဖြင့်ချမ်းသာ၏, မသိမမြင်သဖြင့် ဆင်းရဲ ၏-ဟု အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝေဒနာနုပဿီ၊ ဝေဒနာကို အနိစ္စ, ဒုက္ခ,အနတ္တ-ဟု အဘန်တလဲလဲရှုသည်ဖြစ်၍''။ ဝိဟရတိ၊ နေ၏။

(၈) ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ စိတ်ကို အာရုံ ပြု၍ ဖြစ်သော ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ စိတ်ကို ကောင်းစွာ အပြား အားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည် ဖြစ်

၍။ သတိမာ၊ စိတ်ကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံ
သည်ဖြစ်၍။ လောကေ၊ ပဉ္စုပါဒါနက္ခန္ဓာဟူသော လော
က၌။ အဘိဇ္ဈာဒေါမနဿံ၊ စိတ်ကိုတပ်သောအားဖြင့် ရှေးရှုကြံ
ခြင်းဟူသော လောဘ, ရှေးရှုကြံတိုင်း မရခြင်းကြောင့် နှလုံး
မသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ, ဝိက္ခမ္ဘန
အားဖြင့်ဖျောက်၍။ စိတ္တေ၊ သရာဂစိတ်စသည်၌။ စိတ္တာနုပဿီ၊
သရာဂစိတ် စသည်ကို အဘန် တလဲလဲ ရှုသည် ဖြစ်၍။ "စိတ္တာ
နုပဿီ၊ သရာဂစိတ်စသည်ကို အနိစ္စစသည်ဖြင့် တဘန်တလဲလဲ
ရှုသည်ဖြစ်၍"။ ဝိဟရတိ၊ နေ၏။

(ဃ) ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ နီဝရဏ စသော
တရားကို အာရုံပြု၍ ဖြစ်သော ကိလေသာကို လွန်စွာ ပူပန်စေ
တတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ နီဝရဏ
စသော တရားကို ကောင်းစွာ အပြားအားဖြင့် သိတတ်သော
ပညာ အဆင် အခြင်နှင့် ပြည့်စုံသည် ဖြစ်၍။ သတိမာ၊ နီဝရဏ
စသော တရားကို အောက်မေ့တတ်သော သတိနှင့် ပြည့်စုံသည်
ဖြစ်၍။ လောကေ၊ နီဝရဏစသော တရား, သညုပါဒါနက္ခန္ဓာ,
သင်္ခါရုပါဒါနက္ခန္ဓာ တရား- ဟူသော လောက၌။ အဘိဇ္ဈာ
ဒေါမနဿံ နီဝရဏစသော တရားကိုတပ်သောအားဖြင့် ရှေးရှု
ကြံခြင်းဟူသော လောဘ, ရှေးရှုကြံတိုင်းမရခြင်းကြောင့် နှလုံး
မသာယာခြင်းဟူသော ဒေါမနဿကို။ ဝိနေယျ၊ တဒင်္ဂ, ဝိက္ခမ္ဘန
အားဖြင့် ဖျောက်၍။ ဓမ္မေသု၊ နီဝရဏစသော တရားတို့၌။ ဓမ္မာ
နုပဿီ၊ နီဝရဏစသောတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။
"ဓမ္မာနုပဿီ၊နီဝရဏစသောတရားကို အနိစ္စ စသည်ဖြင့် အဘန်
တလဲလဲ ရှုသည်ဖြစ်၍"။ ဝိဟရတိ၊ နေ၏။

ဥဒ္ဒေသော၊ သတိပဋ္ဌာန် ၄-ပါးကို အကျဉ်းသရုပ်ထုတ်၍
ဟောတော်မူအပ်သော စကားအစဉ်သည်။
နိဋ္ဌိတော၊ ပြီးပြီ။

## ကာယာနုပဿနာ အာနာပါနပိုင်း

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊အဘယ်သို့လျှင်။ ဘိက္ခု၊ရဟန်း သည်။ ကာယေ၊ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ ရူပ ကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌၊ဘိက္ခု၊ ရဟန်းသည်။ အရညဂတောဝါ၊ တောအရပ်သို့ ကပ်၍ရင်း။ ရုက္ခမူလဂတောဝါ၊ သစ်ပင်ရင်းသို့ ကပ်၍ရင်း။ သုညာဂါရ ဂတောဝါ၊ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ရင်း။ ပလ္လင်္ကံ၊ ထက်ဝယ် ကို။ အာဘုဇိတွာ၊ ဘွဲခွေ၍၊ဥဇုံ၊ ဖြောင့်မတ်စွာ။ကာယံ၊ ကိုယ်ကို။ ပဏိဓာယ၊ထား၍။ သတိံ၊သတိကို။ ပရိမုခံ၊ကမ္မဋ္ဌာန်းသို့ ရှေးရှု။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ နေ၏။

(ခ) သောဘိက္ခု ထိုရဟန်းသည်၊ သတောဝ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍သာလျှင်။ အဿသတိ၊ထွက်သက်ကိုဖြစ်စေ၏။ ဝါ-အဿသတိ၊ ထွက်သက်ရှု၏။ သတောဝ၊ သတိနှင့် ပြည့်စုံ သည် ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကိုဖြစ်စေ၏။ ဝါ- ပဿသတိ၊ ဝင်သက်ရှိုက်၏။ ဒီဃံဝါ၊ ရှည်စွာမူလည်း။ အဿ သန္တော၊ ထွက်သက်ရှုလတ်သော်၊ ဒီဃံ၊ ရှည်စွာ၊ အဿသာ မီတိ၊ ထွက်သက်ရှု၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ ရှည်စွာ မူလည်း။ ပဿသန္တော၊ဝင်သက်ရှိုက်လတ်သော်၊ ဒီဃံ၊ရှည်စွာ၊ ပဿသာမီတိ၊ဝင်သက်ရှိုက်၏ဟူ၍၊ ပဇာနာတိ၊သိ၏၊ ရဿံဝါ၊ တိုစွာမူလည်း။ အဿသန္တော၊ ထွက်သက်ရှုလတ်သော်၊ ရဿံ၊ တိုစွာ။ အဿသာမီတိ၊ ထွက်သက်ရှု၏ဟူ၍၊ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။ ပဿသန္တော၊ ဝင်သက် ရှိုက်လတ် သော်။ ရဿံ၊ တိုစွာ။ ပဿသာမီတိ၊ ဝင်သက်ရှိုက်၏ဟူ၍။ ပဇာ နာတိ၊ သိ၏။

(ဂ) သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ, အလယ်, အဆုံး သုံးပါး အပေါင်းကို ထင်စေလျက်။

အဿသိဿာမီတိ၊ ထွက်သက်ရှုအံ့ဟူ၍။ "အဿသိဿာမီတိ-
အဿ+သံ+ဿာမီတိ၊ ထွက် သက် ကို ဖြစ် စေ အံ့ ဟူ ၍"။
သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။သဗ္ဗကာယပဋိသံဝေဒီ၊ အလုံး
စုံသော ဝင်သက်၏ အစ, အလယ်, အဆုံး သုံးပါး အပေါင်းကို
ထင် စေ လျက်။ ပဿသိဿာမီတိ၊ ဝင် သက် ရှိုက် အံ့ ဟူ ၍။
"ပဿသိဿာမီတိ- ပဿ+သံ+ဿာမီတိ၊ ဝင်သက်ကို ဖြစ်
စေအံ့ဟူ၍"။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။ ကာယသင်္ခါရံ၊
အရှုပြင်း၍ ရုန့်ရင်းသော ထွက်သက်ကို။ ပဿမ္ဘယံ-ပဿမ္ဘ
ယန္တော၊ သာယာဖြည်းညှင်း ရှုခြင်းဖြင့် ငြိမ်းစေလျက်။ အဿ
သိဿာမီတိ၊ ထွက်သက်ရှုအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်
ကျင့်၏။ ကာယသင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသော ဝင်သက်ကို။
ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှိုက်ခြင်းဖြင့်
ငြိမ်းစေလျက်။ပဿသိဿာမီတိ၊ ဝင်သက်ရှိုက်အံ့ဟူ၍။သိက္ခတိ၊
အားထုတ်သဖြင့်ကျင့်၏၊

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ရှည်တိုထင်စွာ၊
ငြိမ်းစေရာဝယ် ပမာသမှ အသန္တကြား။ ဒက္ခော၊လိမ်မာသော။
ဘမကာရော ဝါ၊ ပွတ်သမားသည်ရင်း။ ဘမကာရန္တေဝါသီဝါ၊
ပွတ်သမား၏ တပည့် သည်ရင်း။ ဒီဃံဝါ၊ ရှည်စွာ မူလည်း။
အဉ္ဆန္တော၊ ပွတ်ကြိုးကိုဆွဲငင်သည်ရှိသော်။ ဒီဃံ၊ရှည်စွာ။ အဉ္ဆာ
မီတိ၊ ငင်၏-ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုစွာမူလည်း။
အဉ္ဆန္တော၊ ဆွဲငင်သည်ရှိသော်။ ရဿံ၊ တိုစွာ။အဉ္ဆာမီတိ၊ ငင်၏-
ဟူ၍။ ပဇာနာတိ၊ သိ၏။

[သဗ္ဗကာယပဋိသံဝေဒီ၊အလုံးစုံသော ပွတ်ကိုထင်စေလျက်။
အဉ္ဆန္တော၊ ငင်သည်ရှိသော်။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံ
သော ပွတ်ကိုထင်စေလျက်။ အဉ္ဆာမီတိ၊ငင်၏-ဟူ၍။ ပဇာနာတိ၊
သိ၏။ ဖရုသဋ္ဌံ၊ ရုန့်ရင်းသော ငင်ခြင်းကို။ ပဿမ္ဘယံ-ပဿမ္ဘ
ယန္တော၊ သာယာ ဖြည်း ညှင်း ငင် ခြင်း ဖြင့် ငြိမ်း စေ လျက်။
အဉ္ဆန္တော၊ ငင်သည်ရှိသော်။ ဖရုသဋ္ဌံ၊ ရုန့်ရင်းသောငင်ခြင်းကို။

ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာ ဖြည်းညှင်း ငင်ခြင်းဖြင့် ငြိမ်းစေလျက်။ အဍ္ဍာမိတိ၊ ငင်၏-ဟူ၍။ ပဇာနာတိ၊သိ၏။]

( င ) ဘိက္ခဝေ၊ရဟန်းတို့။ ဧဝမေဝခေါ၊ရှည်တိုထင်စွာငြိမ်း စေကာလျှင်ဆွဲငင်တတ်ငြားပွတ်သမားအတူပင်လျှင်။ဘိက္ခု၊အာ နာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းသော ရဟန်းသည်။ ဒီဃံဝါအဿ သန္တော၊ ရှည်စွာထွက်သက် ရှူသော်လည်း။ ဒီဃံအဿသာမိတိ၊ ရှည်စွာ ထွက်သက် ရှူ၏-ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ ပဿ သန္တော၊ ရှည်စွာဝင်သက်ရှိုက်သော်လည်း။ ဒီဃံပဿသာမိတိ၊ ရှည်စွာဝင်သက် ရှိုက်၏-ဟူ၍။ ပဇာနာတိ၊သိ၏၊ရဿံဝါ အဿ သန္တော၊ တိုစွာထွက်သက် ရှူသော်လည်း။ ရဿံအဿသာမိတိ၊ တိုစွာထွက်သက် ရှူ၏-ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ ပဿ သန္တော၊ တိုစွာဝင်သက်ရှိုက်သော်လည်း။ ရဿံပဿသာမိတိ၊ တိုစွာဝင်သက် ရှိုက်၏-ဟူ၍၊ ပဇာနာတိ၊ သိ၏။

( စ ) သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံသော ထွက်သက်၏ အစ,အလယ်,အဆုံး သုံးပါးအပေါင်းကို ထင်စေလျက်။ အဿ သိဿာမိတိ၊ ထွက်သက် ရှူအံ့- ဟူ၍။ "အဿ သိဿာမိတိ- အဿ+သံ+ဿာမိတိ၊ ထွက်သက်ကိုဖြစ်စေအံ့-ဟူ၍"။သိက္ခ တိ၊ အားထုတ်သဖြင့် ကျင့်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံ သော ဝင်သက်၏ အစ,အလယ်,အဆုံး သုံးပါးအပေါင်းကို ထင် စေလျက်။ ပဿသိဿာမိတိ၊ ဝင်သက်ရှိုက်အံ့ ဟူ၍၊ "ပဿ သိဿာမိတိ- ပဿ+သံ+ဿာမိတိ၊ ဝင်သက်ကို ဖြစ်စေအံ့- ဟူ၍"။ သိက္ခတိ၊အားထုတ်သဖြင့်ကျင့်၏။ ကာယသင်္ခါရံ၊အရှူ ပြင်း၍ ရုန့်ရင်းသောထွက်သက်ကို။ပဿမ္ဘယံ-ပဿမ္ဘယန္တော၊ သာယာဖြည်းညှင်း ရှူခြင်းဖြင့်ငြိမ်းစေလျက်။အဿသိဿာမိတိ၊ ထွက်သက်ရှူအံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့်ကျင့်၏။ ကာယ သင်္ခါရံ၊ အရှိုက်ပြင်း၍ ရုန့်ရင်းသောဝင်သက်ကို။ ပဿမ္ဘယံ- ပဿမ္ဘယန္တော၊သာယာဖြည်းညှင်း ရှိုက်ခြင်းဖြင့်ငြိမ်းစေလျက်။

ပဿသိဿာမီတိ၊ ဝင်သက်ရှိုက်အံ့ဟူ၍။ သိက္ခတိ၊ အားထုတ်သဖြင့် ကျင့်၏။

(ဆ) ဣတိ- ဧဝံဝုတ္တပ္ပကာရေန၊ ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့်။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်း။ "အဇ္ဈတ္တံ ဝါ၊ နိယကဇ္ဈတ္တလည်း ဖြစ်သော"။ ကာယေ၊ ထွက်သက်ဝင်သက် အပေါင်း၌။ ကာယာနုပဿီ၊ ထွက်သက်ဝင်သက်အပေါင်းကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌လည်း။ ကာယေ၊ ထွက်သက်ဝင်သက်အပေါင်း၌။ ကာယာနုပဿီ၊ ထွက်သက်ဝင်သက်အပေါင်းကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ၊ ရံခါ မိမိသန္တာန်, ရံခါ အပသန္တာန်၌လည်း။ ကာယေ၊ ထွက်သက် ဝင်သက် အပေါင်း၌။ ကာယာနုပဿီ၊ ထွက်သက် ဝင်သက်အပေါင်းကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဇ) ကာယသ္မိံ၊ ထွက်သက်ဝင်သက်အပေါင်း၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ကိုယ်, နှာခေါင်း, စိတ် ဟူသော ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက်အပေါင်း၌။ ဝယဓမ္မာနုပဿီ ဝါ၊ ကိုယ်, နှာခေါင်း, စိတ်တို့၏ချုပ်ခြင်းဟူသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ထွက်သက်ဝင်သက်အပေါင်း၌။ သမုဒယဝယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(ဈ) ကာယော၊ ထွက်သက် ဝင်သက် အပေါင်းသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ သတိ ဝါ ပန၊ အာနာပါန သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုအာနာပါနသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့်ကာယာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်းအရှည်အကျိုးငှါရင်း။ ပဋိဿတိမတ္တာ

ယ၊ အဆင့်ဆင့် အာနာပါနသတိ၏ ပွားခြင်းအတိုင်း အဂ္ဂရည် အကျိုး၄ါရင်း။ ဟောတိ၊ ဖြစ်၏။

(၃) သောဘိက္ခု၊ ထိုရဟန်းသည်။ အနိုသိတော စ၊ ထွက်သက် ဝင်သက်ကို တဏှာဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဉပါဒါနက္ခန္ဓာဟူသောလောက၌။ ကိဉ္စိ၊ တစုံ တခုသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို။ အတ္တာ တိဝါ၊ ငါအစိုးရသောကိုယ်ဟူ၍ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိ ဝါ၊ ငါ၏ဉစ္စာဟူ၍ တဏှာ အားဖြင့်ရင်း။ နစဉပါဒိယတိ၊ မစွဲ လမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယ ကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

### အာနာပါနပိုင်း၌အထူးမှတ်ဘွယ်

၁။ ထွက်သက်အစကား-ချက်။
၂။ အလယ်ကား-ရင်အချိုင့်နှလုံးသား။
၃။ အဆုံးကား-နှာသီးဖျား,နှုတ်ခမ်းဖျား။
၁။ ဝင်သက် အစကား-နှာသီးဖျား,နှုတ်ခမ်းဖျား။
၂။ အလယ်ကား-ရင်အချိုင့်နှလုံးသား။
၃။ အဆုံးကား-ချက်။

ဤသို့အစ, အလယ်, အဆုံးသို့ရောက်တိုင်းရောက်တိုင်းသော ထွက်သက် ဝင်သက်ကို သတိပြု၍ ဉာဏ်၌ထင်အောင် ဆင်ခြင် ရာ၏။

၁။ ထွက်သက်ဝင်သက်၏ မှီရာကိုယ်ကား ရုပ်မည်၏။
၂။ ထွက်သက်ဝင်သက်ကို အာရုံပြုသော စိတ်,စေတသိက် ကား-နာမ်မည်၏။
၃။ ထိုရုပ် နာမ်၏ အကြောင်းကား အဝိဇ္ဇာ စသော ပဋိစ္စ သမုပ္ပါဒ်တရားတည်း။

အကြောင်းတရားကို စွဲ၍ အကျိုးတရားဖြစ်ခြင်းမျှသာ၊ ဤတရားမှတပါး သတ္တဝါ၊ပုဂ္ဂိုလ်မည်သည်မရှိ-ဟု အကြောင်းနှင့်တကွသောရုပ်နာမ်တရားကို ''အနိစ္စ, ဒုက္ခ, အနတ္တ'' လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာကို ပွားစေသည်ရှိသော် အစဉ်ပွားစေသဖြင့် အရဟတ္တဖိုလ်သို့ရောက်၏။

### သစ္စာ၄-ပါးခွဲပြချက်

၁။ ဤ၌ ထွက်သက် ဝင်သက်ကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

၂။ ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည်သမုဒယသစ္စာမည်၏။

၃။ ဒုက္ခ သမုဒယတို့၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ ဒုက္ခကို ပိုင်းခြား၍သိတတ်သော သမုဒယကို ပယ်တတ်သော နိဗ္ဗာန်ကို အာရုံပြုတတ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသစ္စာလေးပါးသည် ထွက်သက် ဝင်သက်၏ အစွမ်းဖြင့် နှလုံးသွင်းသော သူ၏ အရဟတ္တဖိုလ် တိုင်အောင် ဝင်ရာ ထွက်မြောက်ကြောင်းဖြစ်၏။

အာနာပါနပဗ္ဗ၊ ထွက်သက် ဝင်သက်အားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။နိဋ္ဌိတံ၊ပြီးပြီ။

---

### ကာယာနုပဿနာ ဣရိယာပထပိုင်း

၄-(က) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ဂစ္ဆန္တော ဝါ၊ သွားလျက်မူလည်း, သွားစဉ်မူလည်း, သွားသည်ဖြစ်၍မူလည်း, သွားသည်ရှိသော်မူလည်း, သွားသောကြောင့်မူလည်း, သွားဆဲ သွားခိုက် သွားတုန်းမူလည်း။ ဂစ္ဆာမိတိ၊ သွား၏-ဟူ၍။ ပဇာနာတိ၊ သိ၏။

(၁) ဋ္ဌိတောဝါ၊ ရပ်လျက်, ရပ်စဉ်, ရပ်သည်ဖြစ်၍, ရပ်သည်ရှိသော်,ရပ်သောကြောင့်မှုလည်း,ရပ်ဆဲ ရပ်ခိုက် ရပ်တုန်းမှုလည်း။ဋ္ဌိတော၊ရပ်သည်။အဓမ္မိဖြစ်၍။ ဇာနာတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။

(၂) နိသိန္နောဝါ၊ ထိုင်လျက်, ထိုင်စဉ်, ထိုင်သည်ဖြစ်၍, ထိုင်သည်ရှိသော်, ထိုင်သောကြောင့်မှုလည်း, ထိုင်ဆဲ ထိုင်ခိုက် ထိုင်တုန်းမှုလည်း။နိသိန္နော၊ထိုင်သည်။ အဓမ္မိဖြစ်၍။ ဇာနာတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။

(၃) သယာနောဝါ၊ လျောင်းလျက်,လျောင်းစဉ်,လျောင်းသည်ဖြစ်၍, လျောင်းသည်ရှိသော်, လျောင်းသောကြောင့် မှုလည်း, လျောင်းဆဲ လျောင်းခိုက် လျောင်းတုန်းမှုလည်း။ သယာနော၊ လျောင်းသည်။ အဓမ္မိဖြစ်၍။ ဇာနာတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။

(၄) ဝါပန၊ ဇာရိယာပုထ်ကို ပဓာနပြု၍ ဆင်ခြင်သည်မှ တပါး ကိုယ်ကိုပဓာနပြု၍ဆင်ခြင်ခြင်းဖြင့်ကား။ ယထာယထာ၊ အကြင်အကြင်သွားခြင်းစသော အခြင်းအရာအားဖြင့်။ အဿ၊ ထိုဇာရိယာပုထ်ကို သိမ်းဆည်းသောရဟန်း၏။ ကာယော၊ ရူပကာယခန္ဓာကိုယ်သည်။ ပဏိဟိတော၊ထားအပ်သည်။ဟောတိ၊ ဖြစ်၏။ တထာတထာ၊ထိုထိုသွားခြင်းစသော အခြင်းအရာအားဖြင့်။ နံကာယံ၊ ထိုသွားခြင်း စသည်ဖြင့် ဖြစ်သော ကိုယ် ကို။ ပဇာနာတိ၊ သိ၏။

(၅) ဇာတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာနန်၌လည်း။ ကာယေ၊ ရူပကာယ၌။ကာယာနုပဿီ၊ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊အပသန္တာနန်၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟာရတိ၊နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ

မိမိသန္တာန်, ရံခါအပရသန္တာန်၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရူပကာယ၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းသဘောကိုအဘန်တလဲလဲရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရူပကာယ၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ကာယသ္မိံ၊ ရူပကာယ၌။ သမုဒယဝယ ဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(ခ) ကာယော၊ ရူပကာယသည် သာလျှင်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ သတိ ဝါ ပန၊ ကာယဂတာ သတိ သည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုကာယဂတာသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် ကာယာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်းအရှည် အကျိုးငှါရင်း။ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့် ကာယဂတာသတိ၏ ပွားခြင်း အတိုင်း အရှည် အကျိုးငှါရင်း။ ဟောတိ၊ ဖြစ်၏။

(ဂ) သော ဘိက္ခု၊ ထိုရဟန်းသည်။ အနိဿိတော စ၊ ရူပကာယကို တဏှာဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ၊ တစုံတခု သော ရုပ်,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ်ကို။ အဟန္တိ ဝါ၊ ငါ၊ အစိုးရသောကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိ ဝါ၊ ငါ၏ ဥစ္စာ ဟူ၍ တဏှာ အားဖြင့်ရင်း။ န စ ဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိ ခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန် တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဣရိယာပထပိုင်း၌ အထူးမှတ်ဘွယ်

ခွေးစသောသတ္တဝါတို့ပင်သော်လည်း သွားလျှင် သွား၏-ဟု သိကုန်၏။ ယင်းသို့ သိခြင်းသည်-

(က) ငါဟူသောအယူကို မစွန့်။

(ခ) သတိပဋ္ဌာန်ကို ပွားစေခြင်းမဖြစ်။

ထို့ကြောင့် ငါဟူသောအမှတ်သညာကိုစွန့်၍ သတိပဋ္ဌာန်ကို ပွားစေခြင်းဖြစ်သော သိခြင်း အထူးကိုသာ လိုအပ်၏။ လှည်း၌ နွား ၄-ခု ကာ၍ လှည်းသမား နှင့် သည့် ရှိသော် လှည်းသွား၏, လှည်းရပ်၏-ဟု ခေါ်ဝေါ်ခြင်းမျှသာ ဖြစ်သကဲ့သို့ လှည်းသမားနှင့်တူသော သွားလို,ရပ်လို,ထိုင်လို,လျောင်းလိုသောစိတ်သည် နွားနှင့်တူသော စိတ္တဇ ဝါယောဓာတ်ဓိညတ်ကို ဖြစ်စေသည်ရှိသော် ထိုစိတ္တဇ ဝါယောဓာတ် ပျံ့နှံ့သဖြင့် လှည်းနှင့် တူသော ကိုယ်ထည် ရှေ့သို့တက်သည်ကို-သွား၏၊ တကိုယ်လုံးထောင်၍ နေသည်ကို-ရပ်၏၊ အောက်သို့ တပိုင်းကွေးလျက် အထက်သို့ တပိုင်းထောင်လျက်ရှိသည်ကို-ထိုင်၏၊ တကိုယ်လုံး ဘီလာ စန့်လျက်ရှိသည်ကို-လျောင်း၏-ဟု ဆိုအပ်၏၊တစုံတယောက်သွား တတ်သောသတ္တဝါမည်သည်မရှိ-ဟုသိခြင်းအထူးကိုလိုအပ်၏။

ဣရိယာပထပြ-ဂါထာ

၁။ န သဝါ မာလုတဝေဂေန၊ ဇိယာဝေဂေန တေဇနံ။
ယထာ ယာတိ တထာ ကာယော၊ ယာတိ ဝါတာဟ တောအယံ။

၂။ ယန္တံ သုတ္တဝသေနေဝ၊ စိတ္တသုတ္တဝသေနိဒံ။
ပယုတ္တံ ကာယယန္တံပိ၊ ယာတိ ဌာတိ နိသီဒတိ။

၃။ ကောနာမ ဧတ္ထ သော သတ္တော၊ ယော ဝိနာ ဟေတု ပစ္စယေ။အတ္တနော အာနုဘာဝေန၊ တိဋ္ဌေ ဝါ ယဒိ ဝါ ဝဇေ။

## ဂါထာအနက်

၁။ နာဝါ၊ လှေသည်။ မာလုတဝေဂေန၊ လေ၏ အဟုန်ကြောင့်။ ဒေသန္တရံ၊အရပ်တပါးသို့။ ယာတိယထာ၊သွားသကဲ့သို့။တေဇနံ၊မြားသည်။ ဇိယာဝေဂေန၊ လေးညို့အဟုန်ကြောင့်။ ဒေသန္တရံ၊အရပ်တပါးသို့။ယာတိယထာ၊သွားသကဲ့သို့။တထာ၊ ထို့အတူ။အယံကာယော၊ဤကိုယ်သည်။ ဝါတာဟတော၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ဆောင်အပ်သည်ဖြစ်၍။ ဒေသန္တရံ၊အရပ်တပါးသို့။ ယာတိ၊ရောက်၏။

၂။ ယန္တံ၊ ယန္တရားရုပ်သည်။ သုတ္တဝသေနေဝ၊ ယန္တရားကြိုး၏အစွမ်းဖြင့်သာလျှင်။ ယာတိ-ဌာတိ- နိသီဒတိယထာ ၊သွားလာ, ရပ်, ထိုင်သကဲ့သို့။ တထာ၊ထို့အတူ။ပယုတ္တံ၊သွားလိုသောစိတ် စသော အကြောင်းတရားတို့သည် သွားခြင်း ကိရိယာစသည်၏အစွမ်းဖြင့်ယှဉ်အပ်သော။ဣဒံ ကာယယန္တံပိ၊ ဤကိုယ်ဟူသော ယန္တရားရုပ် သည်လည်း။ စိတ္တသုတ္တဝသေန၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ဟူသော ယန္တရား ကြိုး၏အစွမ်းဖြင့်။ယာတိ၊သွား၏။ ဌာတိ၊ ရပ်၏၊ နိသီဒတိ၊ထိုင်၏။

၃။ ဣဓလောကေ၊ ဤလောက၌။ ယောသတ္တော၊ အကြောင်မိန်းမ,ယောကျ်ားအပြားရှိသောသတ္တဝါသည်။ဟေတုပစ္စယေ၊ သွားလိုစိတ်ဟူသော အကြောင်း, ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် စသော အထောက်အပံ့တို့ကို။ ဝိနာ၊ကြဉ်၍။ အတ္တနော၊ ကိုယ်၏။ အာနုဘာဝေန အစွမ်းဖြင့်။ ယဒိတိဋ္ဌေဝါ၊ အကယ်၍ရပ်မူလည်း ရပ်ရာ၏။ ယဒိဝဇေဝါ၊ အကယ်၍ သွားမူလည်း၊သွားရာ၏။ သောသတ္တော၊ အကြောင်းကြဉ်ပြား ကိုယ်စွမ်းအားဖြင့် သွား,ရပ်သော ထိုသတ္တဝါသည်။ ကောနာမ၊ အဘယ် သတ္တဝါပေနည်း။ ပစ္စယာဓိနဓမ္မပ္ပဝတ္တိတောဝ၊ အကြောင်းနှင့်စပ်သော သဘောတရား ဖြစ်ခြင်းမျှသာတည်း။ ကောနာမ၊ အဘယ် သတ္တဝါ ရှိရာအံ့နည်း။ နတ္ထေဝ၊ အကြောင်းကြဉ်ပြား ကိုယ်စွမ်းအားဖြင့် သွား,ရပ်သော သတ္တဝါမည်သည်မရှိ။

သစ္စာ ၄-ပါးခွဲပြချက်

၁။ ဤမှ ဣရိယာပုထ်ကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ။

၂။ ထိုဒုက္ခကိုဖြစ်စေတတ်သောရှေးဘဝန္တဖြစ်သော တဏှာ သည် သမုဒယသစ္စာ။

၃။ ဒုက္ခ, သမုဒယ နှစ်ပါး၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓ သစ္စာ။

၄။ နိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင် ၈ပါးသည် မဂ္ဂ သစ္စာ မည်၏။

ဣရိယာပထပဗ္ဗံ၊ ဣရိယာပုထ်အားဖြင့် နှလုံးသွင်းရာ
သော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

ကာယာနုပဿနာ သမ္ပဇာနပိုင်း

၅-(က) အဘိက္ကန္တေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးသုံး။ ဘိက္ခု၊ရဟန်းသည်။ အဘိက္ကန္တေ၊ရှေ့သို့ တက်သည် ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်။ သမ္ပဇာန ကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ရှေ့သို့တက်ခြင်း, နောက်သို့ ဆုတ် ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ခ) အာလောကိတေ၊ တူရူကြည့်သည်ရှိသော်။ ဝိလော ကိတေ၊ တစောင်းကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ပညာဖြင့် ဆင်ခြင်၍ တူရူကြည့်ခြင်း, တစောင်း ကြည့်ခြင်းကို ပြုလေ့ရှိ သည်။ ဟောတိ၊ ဖြစ်၏။

(ဂ) သမိဉ္ဇိတေ၊ဆန့်သောလက်ခြေကို ကွေးသည်ရှိသော်။ ပသာရိတေ၊ ကွေးသောလက်ခြေကို ဆန့်သည်ရှိသော်။သမ္ပဇာန ကာရီ၊ပညာဖြင့်ဆင်ခြင်၍ ကွေးခြင်း,ဆန့်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ဃ) သင်္ဃာဋိပတ္တစီဝရဓာရဏေ၊ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ ရှိသည်။ ဟောတိ၊ ဖြစ်၏။

(င) အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။ သာယိတေ၊ လျက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍ စားခြင်းစသည်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(စ) ဥစ္စာရပဿာဝကမ္မေ၊ ကျင်ကြီးကျင်ငယ်ကို ပြုသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့်ဆင်ခြင်၍ ကျင်ကြီးကျင်ငယ်ကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ဆ) ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ ဘာသိတေ၊ စကားဆိုသည် ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္ပဇာနကာရီ၊ ပညာဖြင့် ဆင်ခြင်၍သွားခြင်း စသည်ကိုပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

(ဇ) ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဗဟိဒ္ဓါဝေ ရဟန်းတို့။ ဝေဒ္ဒါဝါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ နေ၏။

## သမ္ပဇာနပိုင်း၌ အထူးမှတ်ဘွယ်

တက်အံ့, ဆုတ်အံ့-ဟု စိတ်ဖြစ်သည်ရှိသော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်ပျံ့သဖြင့် ကိုယ်ဟု သမုတ်အပ်သော အရိုးစုသာ ရှေ့သို့တက်၏။ နောက်သို့ဆုတ်၏၊ တက်တတ်, ဆုတ်တတ်သော သတ္တဝါမည်သည်မရှိ။

ရှေ့သို့တက်အံ့-ဟု ခြေချီစဉ်ကာလဖြစ်သော ရုပ်နာမ်သည် ခြေချသည့်တိုင်အောင်မတည်၊ ထိုခဏ၌ပင်ချုပ်လေ၏။

တရုရှု, တစောင်းကြည့်အံ့-ဟု စိတ်ဖြစ်သည့်ရှိသော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ပျံ့သဖြင့် အောက် မျက်လွှာ အောက်သို့ ကျ၏။ အထက်မျက်လွှာ အထက်သို့တက်၏၊ တစုံတယောက်မျှ ယန္တရားဖြင့် မျက်လွှာကိုဘွင့်လှစ်သည်မရှိ။

ကွေးလို, ဆန့်လိုသောစိတ်ဖြစ်သည့်ရှိသော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်ပျံ့သဖြင့် ကြိုးဖြင့်ဆွဲငင်သောယန္တရားရုပ်၏ လက်ခြေကွေးခြင်း, ဆန့်ခြင်းကဲ့သို့သော ကွေးခြင်း, ဆန့်ခြင်းဖြစ်သည်။

ဒုကုဋ်, သင်္ကန်း, အဝတ်ပုဆိုးဝတ်အံ့ဟု စိတ်ဖြစ်သည့်ရှိသော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ပျံ့သဖြင့် ဝတ်ရုံခြင်း ဖြစ်သည်။အဝတ်ပုဆိုးကလည်း ငါသည်ကိုယ်ကို ဝတ်ရုံ ဖုံးလွှမ်း၏-ဟုမသိ၊ ကိုယ်ကလည်း ငါ့ကိုအဝတ်ပုဆိုးသည် ဝတ်ရုံဖုံးလွှမ်း၏-ဟုမသိ၊ ညဲ့မင်းရုပ်ကိုပုဆိုးလွှမ်း သကဲ့သို့ တခုသော ဓာတ် အပေါင်းသည် တခုသောဓာတ်အပေါင်းကို ဖုံးလွှမ်းရန်မျှသာတည်း။

စားသောက်လိုသော စိတ်ဖြစ်သည့်ရှိသော် ထိုစိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်ပျံ့နှံ့သဖြင့် ထမင်းခွက်၌ လက်ချခြင်း, ထမင်းလုပ်ကိုပြုခြင်း, ထမင်းလုပ်ကိုချီခြင်း, ခံတွင်းသို့သွင်းခြင်း ဖြစ်၏။တစုံတယောက်သောသူမျှ သံကောက်ယန္တရားဖြင့်မေးရိုးကိုဘွင့်လှစ်သည်မရှိ၊ ဝါယောဓာတ် ပျံ့နှံ့သဖြင့် ထမင်းလုပ်ကို ခံတွင်း၌ထည့်ခြင်း, အထက်သွားတို့၏ ကျည်ပွေ့ကိစ္စကို ပြီးစေခြင်း, အောက်သွားတို့၏ ဆုံကိစ္စကိုပြီးစေခြင်း, လျှာ၏လက်ကိစ္စကို ပြီးစေခြင်းဖြစ်၏။

ခံတွင်းသို့ရောက်သော ထမင်းလုပ်ကို လျှာဖျား၌ကဲ့သော လျှာရင်း၌ ချွဲသောတံတွေးဖြင့် လိမ်းကျံ၍ အောက်သွားတည်းဟူသောဆုံ၌ လျှာတည်း ဟူ သော လက် ဖြင့် ပြန်လှန်၍ တံတွေး

တည်းဟူသော ရေဖြင့်ဆွတ်လျက် အထက်သွား တည်းဟူသော ကျည်ပွေ့ဖြင့် မှုန့်မှုန့် ညက်ညက် ကြိတ်ပြီး သည့်ကို တစုံတယောက်မျှ ဟင်းချိုယောက်မဖြင့် ဝမ်းတွင်းသို့မသွင်း၊ ဝါယော ဓာတ်ကြောင့်သာဝင်လေ၏။ ဝင်သမျှကိုလည်း တစုံတယောက် မျှ ကောက်ရိုးနှီးခင်း၍ခံသူမရှိ၊ ပထဝီဓာတ်၏ အစွမ်း ဖြင့်သာ တည်၏။

တည်သမျှကိုလည်း တစုံတယောက် ခုံလောက်ဆောက်ပြီး လျှင် မီးညှိ၍ချက်ပြုတ်သူမရှိ၊ တေဇောဓာတ်ဖြင့်သာ ကျက်၏၊ ကျက်သမျှကို တစုံတယောက်လက်ဖြင့် ထုတ်သူမရှိ၊ ဝါယော ဓာတ်ဖြင့်သာ ထွက်၏။

ဤသို့လျှင်-

(က) ပထဝီဓာတ်သည် တည်ခြင်းကိစ္စ,

(ခ) အာပေါဓာတ်သည် စွတ်စိုစေခြင်းကိစ္စ,

(ဂ) တေဇောဓာတ်သည် ကျက်စေခြင်းကိစ္စ,

(ဃ) ဝါယောဓာတ်သည် ဆောင်ခြင်းကိစ္စ,

(င) အာကာသဓာတ်သည် လမ်းခရီးကိစ္စ,

(စ) ဝိညာဏဓာတ်သည် ထိုထိုပယောဂ၌ နှလုံးသွင်းခြင်း ကိစ္စကိုပြုသဖြင့် စားသောက်ခြင်းစသည်ဖြစ်၏။

အိုင်းအမာမှည့်၍ ပေါက်သည်ရှိသော် သွေးပြည်ယိုထွက် သကဲ့သို့ အစာအိမ်,ကျင်ငယ်အိမ်၌စုဝေးသောကျင်ကြီးကျင်ငယ် သည် ဝါယောဓာတ်အဟုန်ကြောင့် ထွက်လိုလတ်သော် ရေ ဘူး၌ ဟောင်းမြင်းသောရေကို စွန့်သကဲ့သို့ ကိုယ်၏အကျိုးဆက် ဖြစ်သော ကျင်ကြီးကျင်ငယ်ကို စွန့်ပစ်ခြင်းမျှသာဖြစ်၏။

စင်္ကြံသွားခြင်း, အတန်ငယ်ရပ်ခြင်း, ထိုင်ခြင်း, လျောင်း ခြင်းကို ပြုလိုသော် ထိုစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ် ပျံ့နှံ့သဖြင့် သွားခြင်းစသည်ဖြစ်၏။

[ရှေ့ဇုရိယာပထ ပဗ္ဗ၌အရှည်သွားခြင်း စသည်ကိုယူ၊ ဤ၌ အတန် ငယ်သွားခြင်းစသည်ကိုယူ။]

သွားခြင်း စသည်နှင့်သာဖြစ်သော ရုပ်နာမ်သည် ရပ်ခြင်း စသည်သို့ရောက် ထိုထိုအခိုက်ပင်ချုပ်လေ၏၊ ဣရိယာပုထ်အခြားမရှိ ဘဝင်စိတ်ဖြစ်သည်ကို အိပ်၏ဟုဆိုအပ်၏၊ အာရုံသင်၍ ဘဝင် စိတ်ပြတ်သဖြင့် ဣရိယာပုထ်ဖြစ်သည်ကို နိုး၏ဟုဆိုအပ်၏။

အိပ်စဉ် ကာလဖြစ်သော ရုပ်နာမ်သည် အိပ်စဉ်ကာလပင် ချုပ်လေ၏၊ နိုးစဉ်ခဏဖြစ်သော ရုပ်နာမ်သည် နိုးစဉ်ခဏပင် ချုပ်လေ၏ လည်, အာ လျှာ, သွား, နှုတ်ခမ်း စကားဆိုခြင်းငှာ လျောက်ပတ်သော ပယောဂကိုစွဲ၍ အသံဖြစ်ခြင်းသည် စကား ဆိုသည်မည်၏၊ အသံကို မပြုခြင်းသည် ဆိတ်ဆိတ် နေသည် မည်၏။

စကားဆိုစဉ်ဖြစ်သော ရုပ်နာမ်သည် ထိုခဏ၌ပင် ချုပ်လေ၏၊ ဆိတ်ဆိတ်နေစဉ် ရုပ်နာမ်သည် ထိုခဏ၌ပင် ချုပ်လေ၏၊ ဤသို့ပညာဖြင့်ဆင်ခြင်ခြင်းသည် သမ္ပဇဉ်မည်၏။

### သမ္ပဇဉ် ၄-ပါး

ထိုသမ္ပဇဉ်သည်-

(၁) အကျိုးရှိ မရှိကိုသိသော သာတ္ထကသမ္ပဇဉ်,
(၂) လျောက်ပတ်သည် မလျောက်ပတ်သည်ကို သိသော သပ္ပါယသမ္ပဇဉ်,
(၃) ကမ္မဋ္ဌာန်းကို မစွန့်သော ဂေါစရသမ္ပဇဉ်,
(၄) ရုပ်နာမ် တရားမျှသာဟု မတွေ မဝေ သိသော အသမ္မောဟသမ္ပဇဉ်-

ဟူ၍ လေးပါးအပြားရှိ၏။

ထို့ကြောင့် အကျိုးရှိမရှိကို ဆင်ခြင်၍ အကျိုးရှိမှသာ ရှေ့သို့ တက်ခြင်းစသည်ကိုပြုခြင်း, အကျိုးရှိသော်လည်း လျောက် ပတ်သည် မလျောက်ပတ်သည်ကို ဆင်ခြင်၍ လျောက်ပတ်သည် ဖြစ်မှပြုခြင်း, အကျိုးရှိ၍ လျောက်ပတ်၍ ရှေ့သို့တက်ခြင်း စသည်

ကိုပြုရာ၌ ကမ္မဋ္ဌာန်းကိုမမေ့နိုင်ခြင်း, ရှေးသို့တက်ခြင်း စသည်ကို ပြုတတ်သော သမ္ပဇဉ်ဟူ ဝါမရှိ ထိုအခြင်းအရာဖြင့် ရှဲနားမိမှုသာဟု မတွေမခေ သိခြင်းကိုပြုရာ၏။

သမ္ပဇဉ် ၄-ပါးခွဲပြချက်

(၁) သမ္မာဉ်ကို သိမ်းဆည်းတတ်သော သဘောသည် ဒုက္ခ သစ္စာ,

(၂) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယ သစ္စာ,

(၃) ဒုက္ခ, သမုဒယ နှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာ။

(၄) နိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

သမ္ပဇာနပဗ္ဗံ၊ ရှေးသို့တက်ခြင်းစသော
ခုနစ်ပါးသောအရာ၌ လေးပါးသော သမ္ပဇဉ်ဖြင့်ပြုရာသည်ကို
ဆိုသောအပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ကာယာနုပဿနာ ပဋိကူလ မနသိကာရပိုင်း

၆-(က) ဘိက္ခဝေ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော။ ကေသမတ္ထကာ၊ ဆံပျားမှ။ အဓော၊ အောက်ဖြစ်သော။ တစပရိယန္တံ၊ အရေပါးရေလျှော် အဆုံးရှိသော။ နာနပ္ပကာရဿ၊ အထူးထူး အပြားပြားရှိသော။ အသုစိနော၊ မစင်ကြယ် ရွံရှာဘွယ်သော ဝတ္ထုဖြင့်။ ပူရံ၊ ပြည့်သော။ ဣမမေဝ ကာယံ၊ ဤရူပကာယခန္ဓာကိုယ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဣမသ္မိံ ကာယေ၊ ဤတလုံးမှုလောက်သော ရူပကာယ ခန္ဓာ ကိုယ်၌-

(၁) ကေသာ၊ ဆံ။ လောမာ၊ အမွေး။ နခါ၊ လက်သည်း ခြေသည်း။ ဒန္တာ၊ သွား။ တစော၊ အရေ။

(၂) မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညို့။

(၃) ဟဒယံ၊ နှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျဉ်း။ ပပ္ဖါသံ၊ အဆုတ်။

(၄) အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်အူဘွဲ့။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မတ္ထလုင်္ဂံ၊ ဦးနှောက် ဦးနှစ်။

(၅) ပိတ္တံ၊သည်းခြေ။ သေမှံ၊သလိပ်။ ပုဗ္ဗော၊ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။

(၆) အဿု၊မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံထွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်၊

ဣတိ-ဤမေဒ္ဒတ္တိံသာကာရာ၊ ဤသုံးဆဲ့နှစ်ပါးသော အခြင်း အရာအစုတို့သည်။အတ္ထိ-သန္တိ၊ရှိကုန်၏။ဣတိ၊ဤသို့။ပစ္စဝေက္ခတိ။ ဆင်ခြင်၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည် ကား။ ဥဘတောမုခါ၊ အောက်အထက် နှစ်ဘက်၌ မျက်နှာဝ ရှိသော။ ပုတောဠိ၊ အိတ်သည်။ နာနာဝိဟိတဿ၊ အထူးထူး အပြားပြား ထည့်အပ်သော။ ဓညဿ၊ စပါးဖြင့်။ ပူရာ၊ ပြည့် သည်။ ဟောတိ၊ဖြစ်၏။ ဣဒံ၊ ဤအထူးထူးအပြားပြား ထည့်အပ် သော စပါးတို့ဖြင့် ပြည့်၏ဟူသည်။ သေယျထာကတမံ၊ အဘယ် နည်းဟူမူကား။ သာလီနံ၊သလေးတို့ဖြင့်။ဝီဟီနံ၊သလေးမှ တပါး သော စပါးတို့ဖြင့်။မုဂ္ဂါနံ၊ပဲနောက်တို့ဖြင့်။မာသာနံ၊ပဲကြီးတို့ဖြင့်၊ တိလာနံ၊ နှမ်းတို့ဖြင့်။ တဏ္ဍုလာနံ၊ဆန်တို့ဖြင့်။ ပူရာ၊ပြည့်သည်။ ဟောတိ၊ ဖြစ်၏။

( ဂ ) တမေနံ၊ ထို အထူးထူးအပြားပြား စပါးစသည်ဖြင့် ပြည့်သောအိတ်ကို။ မုခ္ခိတွာ၊ ဖြေ၍။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဣမေ၊ ဤသည်တို့ကား။ သာလိ၊ သလေးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ ဝီဟီ၊ ကောက်တို့တည်း။ ဣမေ၊ ဤသည်တို့ကား။ မုဂ္ဂါ၊ ပဲနောက်တို့တည်း။ ဣမေ၊ ဤသည် တို့ကား။ မာသာ၊ ပဲကြီးတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ တိလာ၊ နှမ်းတို့တည်း။ ဣမေ၊ ဤသည်တို့ကား။ တဏ္ဍုလာ၊ ဆန်တို့တည်း။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခေယျ၊ ဆင်ခြင်ရာ၏။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤ အတူသျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပ။ ဣမမေဝကာယံ၊ ဤ ရူပကာယ ခန္ဓာ ကိုယ်ကိုသာလျှင်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ဣမသ္မိံကာယေ၊ ဤတလံမျှလောက်သော ရူပကာယခန္ဓာကိုယ်၌-

(၁) ကေသာ၊ နှစ်ကုဋေ့ငါးသန်းသော ဆံတို့ရှင်း။
(၂) လောမာ၊ ကိုးသိန်းကိုးသောင်းသော အမွေးတို့ရှင်း။
(၃) နခါ၊ ငါးကြွင်းကြေးသတွယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့ရှင်း။
(၄) ဒန္တာ၊ သုံးဆဲ့နှစ်ချောင်းသော သွားတို့ရှင်း။
(၅) တစော၊ တကိုယ်လုံးကိုခွာ၍ လုံးသည်ရှိသော် ဆီးစေ့ ခန့်မျှရှိသော အထူးထူးသောအဆင်းရှိသော ပါးသော အပေါ်ရေ့ အဆင်းပြူသော ထူသောအတွင်းရေရှင်း။
(၆) မံသံ၊ တိုက်နံရံကိုလိမ်းကျံသော မြေစိုင်ကဲ့သို့ အရိုးကို လိမ်းကျံသော ကိုးရာသော အသားရှင်း။
(၇) နှာရု၊ နံရံကိုဖွဲ့သော ကြိမ်နွယ်ကဲ့သို့ အရိုးကိုဖွဲ့သော ကိုးရာသော အကြော အရသာကို ဆောင်သော နုနစ် ထောင်သော အကြောရှင်း။
(၈) အဋ္ဌိ၊ သုံးရာသော အရိုးရှင်း။

(၉) အင်္ဂါနိမ္မိုး ကျောက်စွာပေါ်ဝင်း၍ ခါးကျည်နှင့် ထည့်အပ်သော ကြိုးမိ နန့်နန့် သဏ္ဌာန်ဘူသော ဖွေ့သော အဆင်းရှိသော ရှိတွင် ခြင်ဆိုင်း၊

(၁၀) ကြက်ံ့ ခေါ်မျိုး ဆက်သော အကြောင်း၏အဆုံး နှုတ်သီး သားကို ဖြစ်၍ တည့်သျှက် သခက်ဆင်းပွတ်နှင့် သဏ္ဌာန်တူသော ငြိုးငယ်နိသော အဆင်းရှိသော အသားဆိုင် နှစ်ခုဘု ဆိုအင်သော အညီ့ချင်း၊

(၁၁) ဟာဒယံ သားဖြတ်နှစ်ခုအလယ်ကိုယ်အတွင်းရင်အချိုင့် အညှိ့နှင်ခု အကြားနှ ငဲ့လျှားဦးခေါက်တည့်သော ပညာရှိအား ငြိုးငယ် ပွင့်သော ပညာမဲ့အားငုံသော အပေါ်ဖက်ကို ခွာ၍ပစ်အပ်သော ငနုမ ကြာငုံတမျှ အပကား ပြဲပြင်သန့်ရှင်း အတွင်းကား သပွတ်ခါး အရွယ်ရှိ အလယ်၌ ပုန်းညက်ခေါ်ဆန်လောက်သော တွင်းရှိ-

"ရှိုက်နှင့်အညီ နိမြန်းရာဂ၊ ဒေါသမည်းဖြား၊ သားခေါ်ရေဖွဲ့ခေါ်ဘာ၊ တဏှာ ပဲပြုတ်ရည်၊ ဝါသည် သဋ္ဌါ၊ ပညာ ပြီးပြတ်၊ ဇောတမျက်သွင်၊ အရောင် ထင်သော"

မနောဓာတ် မနောဝိညာဏဓာတ် ဗိတ် စေတသိက် တို့၏ မှီရာ ဟဒယ ဝတ္ထုရုပ်တည်သော တသက်တက် မှုလောက်သော နှုတ်သွေးရှိသော နှုတ်သားရင်း။

(၁၂) ယကနံ သားမြတ်နှင်ခုတို့၏အတွင်း၌ လက်ျာ နံပါးကို မှီသျှက် ကသစ်ရွက်နှင့် သဏ္ဌာန်တူသော ဖြော့တော့ တော့ နိုသော အဆင်းရှိသော ပညာရှိအား ငယ်သည် ဖြစ်၍ နှစ်ခုသုံးခု၊ ပညာမဲ့အား ကြီးသည်ဖြစ်၍ တခု တည်းသော အသည်းချင်း၊

(၁၃) ကိလောမကံ၊ ဖြူသောအဆင်းရှိသော အဝတ်တစ်ခုကို ရစ်ပတ်ထားသကဲ့သို့ အသည်းနှလုံးကို ဖုံးအုပ်ထားသော အမြှေး၊ ကိုယ်အလုံး၌ အရေ၏ အောက်မှာရှိသော အမြှေး အားဖြင့် နှစ်ပါးသော အမြှေးတည်း။

(၁၄) ပိဟကံ၊ နှလုံးသား၏ လက်ဝဲနံပါး၌ ဖြစ်လျက် လက်ခုနစ် သစ်ခန့်မျှ နွားလျှာဖျားသဏ္ဌာန် ညိုသော အဆင်းရှိ သော ဝမ်းလျှာသရက်ရွက်ဟု ဆိုအပ်သော အသား ဖျဉ်းတည်း။

(၁၅) ပပ္ဖာသံ၊ အသည်းနှလုံးကို ဖုံးအုပ်လျက် မို့မောက်ဖြစ် သဏ္ဌာန် နီသော အဆင်းရှိသော သုံးဆဲ့နှစ်ခုသော အသားလွှာတည်းဟူသော ကာလအုန်းဆောင်းသပ်ဟု ဆိုအပ်သော အဆုပ်တည်း။

(၁၆) အန္တံ၊ သွေးပြည့်သောကျင်း၌ ကားရေကိုဆုတ်၍ ထည့် အပ်သော မြွေခေါင်းကဲ့သို့ လည်ချောင်းမှ ဝစ္စမဂ်တိုင် အောင် ကိုယ်တွင်း၌ တည်သော ယောကျ်ားအား သုံး ဆဲ့နှစ်တောင်၊ မိန်းမအား နှစ်ဆယ့်ရှစ်တောင်ရှိသော နှစ်ဆဲ့တပတ် ခွေ၍နေသော ဖြူသော အဆင်းရှိသော အူမတည်း။

(၁၇) အန္တဂုဏံ ခြေသုတ်ကြိုးဝန်းကို ဘွဲ့သောကြိုးသေးကဲ့သို့ နှစ်ဆဲ့တပတ်ခွေရာ၌ အူမကို ဘွဲ့သော မျော့ဖြစ်အဝတ္ထု ဖြူသော အူသိမ်တည်း။

(၁၈) ဥဒရိယံ၊ အစွန်းနှစ်ဘက်၌ ကိုင်၍ ထွေးအပ်သော စိုသော ပုဆိုး၏ အသွယ်အဖုကဲ့သို့ နှစ်ဆဲ့တပတ်ခွေသော အူမ ၏ အလယ်ဖုဟု ဆိုအပ်သော သုံးဆဲ့နှစ်ပါးသော ပိုးမျိုး တို့၏ နေရာအစာသစ်အိမ်၌ရှိသော ခွေးစားကျင်း၌ ခွေးအန်ဘတ်ကဲ့သို့ မျိုအပ်သော အစာသစ်တည်း။

(၁၉) ကရီသံ၊ ကျည်တောက်၌ထည့်အပ်သော မြေညက်ကဲ့သို့ အရှမဏ္ဍ်အဆုံး အစောက် ၅စ်သစ်ခန့်မျှ ရှိသော အစာ ဟောင်းအိမ်၌တည်သော အစာသစ်မှကျက်၍ကျသော အစာဟောင်းတည်းဟူသော ကျင်ကြီးဝင်း။

(၂၀) မတ္ထလုင်္ဂ၊ ဘူးခွံ၌ထည့်အပ်သော မုံ့ညက်စိုင်သဏ္ဌာန် ခေါင်းခွံတွင်း၌ ချုပ်ကြောင်းလေးခုကိုမှီ၍ တည်သော မုံ့ညက်စိုင်အတူ ဖြူသောဦးနှောက်ဝင်း။

(၂၁) ပိတ္တံ၊ ရေပြည့်သော သပွတ်ခါးသီး သဏ္ဌာန် နှလုံး အဆုတ် တို့၏ အလယ် အသည်းကို မှီ၍ တည်သော နောက်ကျုသောသစ်မည်စည်ဆီနှင့်တူသောအဆိမ်ဖြင့် ဘွဲ့အပ်သော ဗဒ္ဓသည်းခြေ၊ ဆံ, အမွေး, ခြေသည်း လက်သည်း,သွားတို့၏အသားမှလွတ်ရာအရပ် ခြောက် ထပ်ကြမ်းတမ်းသော အရေကိုထားလျက် မုံ့ရှက်၌ ဆီကဲ့သို့ တကိုယ်လုံး နှံ့၍တည်သော ညှိုးနွမ်းသော ပန်းအဆင်းရှိသော အဆိမ်ဖြင့် မဘွဲ့အပ်သော အဗဒ္ဓ သည်းခြေအားဖြင့် နှစ်ပါးသော သည်းခြေဝင်း။

(၂၂) သေမှံ၊ မစင်တွင်းကို ပိတ်သော ပျဉ်ကြီး တန်စီးတွင်း အထက်မြေးယှက်သော အမြုပ်လွှာအသွင် ရေပြင်ကို လွှမ်းသော ရေညှိပမာ အစာသစ်ကိုပိတ်လျက် အရှမ၌ တည်သော ဖြူသော အဆင်းရှိသော တကွမ်းစားမျှ လောက်သော သလိပ်ဝင်း။

(၂၃) ပုဗ္ဗော၊ အစေးရှိသော သစ်ပင်၏ ဓားချက်ရာ စသည်၌ ဗုဝေးသော အစေးကဲ့သို့ အမာပေါက်ရာ, ခလုတ် ထိရာ, ဆူးငြိရာ, မီးလျှံသင့်ရာ စသည်တို့၌ သွေးပုပ် စုဝေး၍ ဖြစ်သော ဖြော့တော့သော အဆင်းရှိသော ပြည်ဝင်း။

(၂၄) လောဟိတံ၊ ကြည်လင်သော ချိပ်ရည်အဆင်းကဲ့သို့ ကိုယ်လုံးအနှံ့ အကြောကိုလျှောက်၍ ရွေ့ရှားသော တပြည်သားမျှလောက်သော ရွေ့ရှားသောသွေး၊ ဖြစ်ခွဲသော ချိပ်ရည် အဆင်းကဲ့သို့ အသည်းတည်ရာ၏ အောက်အဘို့ကိုပြည့်စေ၍ နှလုံး, အညို့, အဆုတ် အထက် တစက်စက်ယိုစီးလျက် နှလုံး, အညို့, အဆုတ်တို့ကို စွတ်စေ၍တည်သော တကွမ်းစားမျှ လောက်သော မရွေ့ရှားသော သွေးအားဖြင့် နှစ်ပါးသော သွေးရင်း။

(၂၅) သေဒေါ၊ ရေမှ နုတ်အပ်သော ကြာရိုးမှ ယိုစီးသော ရေကဲ့သို့ ကိုယ်စိတ်ပူပန်သောအခါ အမွေးတွင်းတို့မှ ယိုးစီးသော ဆီကြည်အဆင်းရှိသော အာပေါဓာတ် တည်းဟူသော ချွေးရင်း။

(၂၆) မေဒေါ၊ ဆူသသူအား တကိုယ်လုံး, ကြုံသသူအား ဖြင်ခေါင်းသားစသည်၌ တည်သော နနွင်းဆိုးသော ပုဆိုးကဲ့သို့ ဝါသောအဆင်းရှိသော အဆီခဲရင်း။

(၂၇) အဿု၊ ဝိုကြွေးမြည်တမ်း ရယ်ပန်းကြီးသော အခါ၊ မလျောက်ပတ်သော ဥတုအာဟာရမျိုး, မီးခိုး, မြေမှုန့်ထိပါးသော အခါစသည်တို့၌ မျက်စိမှယိုစီးသော ဆီကြည် အဆင်းရှိသော အာပေါဓာတ် တည်းဟူသော မျက်ရည်ရင်း။

(၂၈) ဝသာ၊ ထမင်းချိုး၌ သွန်းလောင်းသော ဆီကဲ့သို့ မီးပူသောအခါ စသည်တို့၌ များစွာသောအားဖြင့် လက်ဘမိုး, လက်ဘဝါး, ခြေဘမိုး, ခြေဘဝါး, နှာသီးဖျား, နဖူးပြင်, ပခုံးစွန်း၌ တည်သော အုန်းဆီ အဆင်းနှင့်တူသော ဆီကြည်ရင်း။

(၂၉) ခေဠော၊ ချဉ်သီးစသည်ကိုမြင်သောအခါ လက်ယက်တွင်းမှ ထွက်သော လက်ယက်ရေကဲ့သို့ ပါးစောင်နှစ်ဘက်မှသက်၍ လျှာ၌တည်သော လျှားဖျား၌ ကျဲသော လျှာရင်း၌ ညွှဲသော အမြှုပ်နှင့်ရောသော အာပေါခါတ် တည်းဟူသော တံတွေးရင်း။

(၃၀) သိင်္ဃာဏိကာ၊ ပိုကြွေးမြည်တမ်းခြင်း, မလျောက်ပတ်သော ဥတုအာဟာရ၏ အစွမ်းဖြင့် ခါတ်ချောက်ချားခြင်းကြောင့်ဖြစ်သော နှသော ထန်းသီးဆန်နှင့်တူသော ဦးနှောက်မှယိုစီးသော အာပေါခါတ် တည်းဟူသော နှပ်ရင်း။

(၃၁) လသိကာ၊ ဝင်ရိုးကို နယ်ဆီသုတ်သကဲ့သို့ တရာ့ရှစ်ဆယ်သော အရိုးဆက်တို့၏အကြားဝယ် နယ်ဆီကိစ္စကိုပြီးစေ၍ တည်သော မဟာလှေကားစေးနှင့် တူသော ပြစ်ချွဲသော အစေးရင်း။

(၃၂) မုတ္တံ၊ တန်စီးတွင်း၌ မှောက်ခုံပစ်အပ်သော အဝကျဉ်းသော အိုးတွင်း၌ ဝင်သောတန်စီးရေကဲ့သို့ စည်ပေါင်းတွင်း၌ တည်သော ပဲကြီးပြာရည် အဆင်းရှိသော ကျင်ငယ်ရင်း။

ဣတိ၊ ဤသို့။ ဣမေဒွတ္တိံသာကာရာ၊ ဤ သုံးဆဲ့နှစ်ပါးသော အခြင်းအရာအစုတို့သည်-

(က) ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်ရင်း။

(ခ) သဏ္ဌာနတောပိ၊ လုံးလုံးလျှောင်းလျှောင်း ပေါင်း၍ တည်ဟန် သဏ္ဌာန်အားဖြင့်ရင်း။

(ဂ) ဂန္ဓတောပိ၊ ညှီနံ့ညှော်လှောင်း မကောင်းသော ရနံ့အားဖြင့်ရင်း။

(ဃ) အာသယတောပိ၊ ဖြစ်ရာအကြောင်းအားဖြင့်ရင်း။

( င ) ဩကာသတောပိ၊ တည်ရာအရပ်အားဖြင့်ရင်း။
( စ ) အသုစိဘာဝေန၊ မစင်ကြယ်သည်၏အဖြစ်ဖြင့်။
(ဆ) ဇေဂုစ္ဆဘာဝေန၊ စက်ဆုပ်ဘွယ်၏အဖြစ်ဖြင့်။
( ဇ ) ပဋိကူလဘာဝေန၊ ရွံရှာဘွယ်၏အဖြစ်ဖြင့်။
(ဈ) ဒုဂ္ဂန္ဓဘာဝေန၊ ညှိနံ့ပြော်လှောင်း မကောင်းသော ရနံ့၏အဖြစ်ဖြင့်။

(ဉ) အသုဘဘာဝေန၊ မတင့်တယ်သည်၏ အဖြစ်ဖြင့် ပညာယမာနာ၊ ထင်ကုန်လျက်။ အဋ္ဌိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

( င ) ဣတိ၊ ဤသို့။ အဋ္ဌိတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ကာယေ၊ ဆံ, အမွေးစသော အပေါင်းအစု၌။ ကာယာနုပဿီ၊ ဆံ, အမွေးစသော အပေါင်းအစုကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဗဟိဒ္ဓါဝါ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

## ပဋိကူလ မနသိကာရ ပိုင်း၌ အထူးမှတ်ဘွယ်

ဤဆံ, အမွေးစသည်ကို အဆင်း, သဏ္ဌာန်, ဖြစ်ကြောင်း, တည်ရာ, အနံ့-ဟူသော ငါးပါးသော အခြင်းအရာဖြင့်ရင်း, ဤကောဋ္ဌာသသည် ဤအရပ်၌ တည်၏ဟူ၍ရင်း, ဤကောဋ္ဌာသကို ရှေ့နောက် အောက်အထက် လက်ဝဲလက်ျာမှ ဤကောဋ္ဌာသဖြင့် ပိုင်းခြား၏-ဟူ၍ရင်း ဆင်ခြင်ရာ၏။

[ဥဒရိယ, ကရီသ, ပုဗ္ဗ, မုတ္တ၊ ဤလေးပါးကား ဥတုကြောင့်ဖြစ်၏။
သေဒ, အဿု, ခေဠ, သိင်္ဃာဏိက ဤလေးပါးကား စိတ်ဥတုကြောင့်ဖြစ်၏။
အကြွင်း နှစ်ဆဲ့လေးပါးကား ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်၏။]

### သုံးရာသောအရိုးပြဂါထာ

(၁) ဟတ္ထပါဒမံသာသိတာ၊ စတုသဋ္ဌိ ဒွိပဉ္စကာ။
စတုဂေါပ္ဖကဇင်္ဃဋ္ဌိ၊ ဒွေဇာဏုရူ ကဋိဋ္ဌိစ။

(၂) အဋ္ဌာရသပိဋ္ဌိဋ္ဌိနိ၊ စတုဝိသတိ ဖာသုကာ။
စုဒ္ဒသုရာ ဟာဒယေကံ၊ ဒွေကဏ္ဌကကောဋ္ဌဗာဟုကံ။

(၃) စတုရော အင်္ဂဗာဟုဋ္ဌိ၊ သတ္တဂိဝါ ဒွိဟနုကံ။
နာသိကေကံ ဒွေက္ခိကဏ္ဏာ၊ နဋ္ဌဒွမုဒ္ဓမေကကံ။
နဝသိသကပါလဋ္ဌိ၊ ဇဝံ တိသတအဋ္ဌိကာ။

### ဂါထာအနက်

(၁) စတုသဋ္ဌိဟတ္ထပါဒမံသာသိတာ၊ လက်ရိုးခြောက်ဆဲ့လေး, ခြေရိုးခြောက်ဆဲ့လေး, အသားကိုမှီသော အရိုးနှခြောက်ဆဲ့လေး။ ဒွိပဉ္စကာ၊ ဘန္ဒောင့်ရိုးနှစ်ခု။ စတုဂေါပ္ဖကဇင်္ဃဋ္ဌိ၊ ခြေတဘက်လျှင် နှစ်ခုစီဖြစ်၍ ဘမျက်ရိုးလေးခု, မြင်းခေါင်းရိုးလေးခု။ ဒွေဇာဏုရူကဋိဋ္ဌိစ၊ ပုဆစ်ရိုးနှစ်ခု, ပေါင်ရိုးနှစ်ခု,ခါးရိုးနှစ်ခု။

(၂) အဋ္ဌာရသပိဋ္ဌိဋ္ဌိနိ၊ ကျောက်သူးရိုး တဆဲ့ရှစ်ခု။ စတု ဝိသတိ ဖာသုကာ၊နံရိုးနှစ်ဆဲ့လေးခု။ စုဒ္ဒသုရာ၊ရင်ရိုးတဆဲ့လေးခု။ ဟာဒယေကံ၊နှလုံးရိုးတခု။ ဒွေကဏ္ဌကကောဋ္ဌဗာဟုကံ၊ ညှပ်ရိုးနှစ်ခု, လက်ပြင်ရိုးနှစ်ခု, မောင်းရိုးနှစ်ခု။

(၃) စတုရောအင်္ဂဗာဟုဋ္ဌိ၊ မောင်းဖျား လက်ဖျံရိုးလေးခု။ သတ္တဂိဝါ၊ လည်ကုပ်ရိုးခုနစ်ခု။ ဒွိဟနုကံ၊ မေးရိုးနှစ်ခု။ နာသိကေကံ၊ နှာခေါင်းရိုးတခု။ ဒွေက္ခိကဏ္ဏာ၊ မျက်ကွင်းရိုးနှစ်ခု, နားရိုးနှစ်ခု။ နဋ္ဌဒွမုဒ္ဓမေကကံ၊ နဖူးရိုးတခု, ထိပ်ရိုးတခု။ နဝသိသကပါလဋ္ဌိ၊ ခေါင်းခွံရိုးကိုးခု။ ဇဝံ၊ ဤသို့။ တိသတအဋ္ဌိကာ၊ သုံးရာသော အရိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### နှလုံးသားဉ္စမှတ်ဘွယ်

နှလုံးသားကား အပ၌ ပြေပြစ်ချောမော၏၊ အတွင်း၌ကား သပွတ်ခါးအူနှင့်တူ၏၊ ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ ခန့်မျှလောက်သောတွင်း၌ တလက်ဘက်မျှလောက်သော နှလုံးသွေးရှိ၏၊ ထိုနှလုံးသွေး၌ ဟာဒယဝတ္ထုရုပ်တည်၏၊ ထို ဟာဒယဝတ္ထုရုပ်၌ မနောဓာတ်, မနောဝိညာဏဓာတ်, စိတ်,စေတသိက် မှီ၍ဖြစ်၏၊ ထို စိတ်, စေတသိက်ကြောင့်ဖြစ်သော စိတ္တဇရုပ်နှင့် ထိုနှလုံးသွေးရောနှောသောကြောင့်-

(၁) ရာဂပြောသသူအား နီ၏။
(၂) ဒေါသပြောသသူအား မည်းနက်၏။
(၃) မောဟပြောသသူအား သားဆေးရည်နှင့် တူ၏။
(၄) ဝိတက်ပြောသသူအား ပုလားပဲပြုတ်ရည်နှင့်တူ၏။
(၅) သဒ္ဓါပြောသသူအား မဟာလှေကားပွင့်ကဲ့သို့ဝါ၏။
(၆) ပညာ ပြောသသူအား ပတ္တမြားကဲ့သို့ ပြိုးပြိုးပြက် အရောင်ထင်၏။

### အသည်းဉ္စမှတ်ဘွယ်

အသည်းကားပညာရှိအားနှစ်ခု, သုံးခုဟူရကား- ဒွိဟိတ်မှာ နှစ်ခု, တိဟိတ်မှာသုံးချဖြစ်ဘွယ်ရှိ၏၊ အစွန်းနှစ်ဘက်၌ ကိုင်၍ ညှစ်အပ်သော ဗိုသောပုဆိုး၏ အလယ်အဖုကဲ့သို့ ဒုမ၏အလယ် အဖုသည် အစာသစ်အိမ်မည်၏၊ ထိုအဖုမှတဘက်တချက် ကြက် တွန့်တက်သကဲ့သို့ အစာသစ်အိမ်မှ အောက်အထက် ဒုမခွေ၍ နေ၏၊ ထိုအစာသစ်အိမ်၌ တည်သောအစာကို ငါးရပြု၍-

(၁) တရက်ပိုးစား၏။
(၂) တရက်ဝမ်းမီးတောဖောလောင်၏။
(၃) တရကားကျင်ကြီး,

(၄) တစုကားကျင်ငယ်,

(၅) တစုကားအသွေးအသားဖြစ်၏။

### သည်းခြေ၌မှတ်ဘွယ်

ဘာဝရုပ်, ကာယပသာဒ, ရွှေရှားသောသွေး, ဇီဝိတိန္ဒြေ, အဗဒ္ဓသည်းခြေ,သုက်၊ ဤခြောက်ပါးကား အသားမှလွတ်သော ဆံ, အမွေး, ခြေသည်းလက်သည်း, သွား, ခြောက်သွေ့ ကြမ်းထမ်းသော အရေမှတပါး တကိုယ်လုံးနှံ့၍တည်၏၊ ပဗ္ဗ,သေဒ, မေဒ,ဝသာတို့လည်း ယခင်နည်းတည်ကောင်းသည့်ပင်။

[အဗဒ္ဓသည်းခြေ ပျက်သော် မျက်စိဝါ၏၊ မျက်လုံးလှည့်လည်၏၊ ကိုယ်လုံးတုန်လှုပ်၏၊ ကိုယ်ယားယံ၏၊ ဆေးကု၍သော်ကား ချမ်းသာ သေး၏၊ ဗဒ္ဓသည်းခြေပျက်သော် ရူးသွပ်၏၊ ဆေးမရှိပြီ။]

### သလိပ်၌မှတ်ဘွယ်

သလိပ်ကား မစင်တွင်းကိုပိတ်သော ပျဉ်ကဲ့သို့,ရေအပြင်ကို ဖွှမ်းသော မှော်ရေညှိကဲ့သို့ အစာသစ်ကို ပိတ်ဖုံး၍ တည်၏၊ မှော်ရေညှိအထက် ခုတ်ကျောက်ယှံကန်ကျလတ်သော် မှော်ရေညှိကိုခွဲ၍ ရေထဲသို့ ခုတ်ကျောက်ဝင်လျှင် မှော်ရေညှိတဘန် ဖွှမ်းပြန်သကဲ့သို့ ခဲဘွယ်ဘောဇဉ်ကိုမျိုလတ်သော် သလိပ်ကိုခွဲ၍ အစာသစ်အိမ်သို့ ခဲဘွယ်ဘောဇဉ်ဝင်လျှင် ဖွှမ်းမြဲဖွှမ်း၏၊ ထို သလိပ်အားနည်းသောအခါ ခံတွင်းမှရနံ့မကောင်းဖြစ်၏။

[မရွှေ့သောသွေးကား-အသည်း၏ အောက်အဘို့ကိုပြည့်စေလျက် နှလုံး, အညှို့, အဆုတ်အထက် တစက်စက်ယိုစီးလျက် အညှို့စသည်ကို စွတ်စေ၍တည်၏၊ ထိုသွေး, ထိုအညှို့စသည်ကို မစွတ်သော် သတ္တဝါတို့ ရေသိပ်ကုန်၏။]

### အစေး၌ မှတ်ဘွယ်

အစေးနည်းသသူအား ထခြင်း, ထိုင်ခြင်း သွားခြင်း,လာခြင်း ကွေးခြင်း, ဆန့်ခြင်းတို့၌ အရိုးဆက် ဖျစ်ဖျစ်မည်ကုန်၏၊ တယူဇနာ, နှစ်ယူဇနာသွားသော် လေပျက်၏၊ကိုယ်ဆင်းရဲ၏၊ အစေးများသသူအား ထိုအပြစ်မရှိ။

### သစ္စာ ၄-ပါး ခွဲပြချက်

(၁) ဆံစသည်ကို ရှံရှာဘွယ်ဟု သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ,

(၃) ထိုဒုက္ခ,သမုဒယနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,

ပဋိကူလမနသိကာရစ္ဆံ၊ စက်ဆုပ် ရွံရှာဘွယ်ဟုနှလုံးသွင်း
ရာဒသာအပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

### ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း

၇-(က) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ရဟန်းသည်။ ယထာဌိတံ၊တည်မြဲတိုင်းသော။ ယထာပဏိဟိတံ၊ ထားမြဲတိုင်းသော။ ဣမမေဝကာယံ၊ ဤရုပကာယ ခန္ဓာကိုယ်ကိုသာလျှင်။ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဣမသ္မိံကာယေ၊ ဤရုပကာယ ခန္ဓာကိုယ်၌-

(၁) ပထဝီဓာတု၊ကြမ်းထမ်းခက်မာခြင်း လက္ခဏာရှိသော ပထဝီဓာတ်သည်။

(၂) အာပေါဓာတု၊ ယျောင်းပြေ့ခြင်း, ဖွဲ့ခြင်းလက္ခဏာ ရှိသော အာပေါဓာတ်သည်။

(၃) တေဇောဓာတု၊ ရင့်စေကျက်စေခြင်း,ပူခြင်းလက္ခဏာ ရှိသော တေဇောဓာတ်သည်။

(၄) ဝါယောဓာတု၊ ထွေခြင်း, ပြည့်စေပျံ့စေခြင်း လက္ခဏာရှိသော ဝါယောဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတိ၊ အသီးအသီးဆင်ခြင်၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာ မည်သည် ကား။ ဒက္ခော၊ လိမ္မာသော။ ဂေါဃာတကော ဝါ၊ နွားသတ် ယောက်ျား သည် ၎င်း။ ဂေါဃာတကန္တေဝါသီဝါ၊ နွားသတ် ယောက်ျား၏ တပည့်သည်၎င်း။ ဂါဝိံ၊ နွားကို။ ဝဓိတွာ၊သတ်၍။ စတုမဟာပထေ၊ လမ်းမလေးဖြာ ပေါင်းဆုံရာ၌။ ဗိလသော၊ အဘို့အစုအားဖြင့်။ ဝိဘဇိတွာ၊အရိုး, အသား သီးခြားဝေဘန်၍။ နိသိန္နော၊ နေသည်။ အသယ၊ ဖြစ်ရာ၏။

(ဂ) ဘိက္ခဝေ။ ရဟန်းတို့။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ယထာဌိတံ၊ ရပ်သော ဣရိယာပုထ်အား ဖြင့် တည်တိုင်းသော။ ယထာပဏိဟိတံ၊ တပါးသောဣရိယာ ပုထ်အားဖြင့် ထားတိုင်းသော။ "ယထာဌိတံ၊ ထိုထိုခဏ၌ မိမိ ကိစ္စ၏အစွမ်းအားဖြင့် တည်တိုင်းသော။ယထာပဏိဟိတံ၊ထိုထို အကြောင်းတရားတို့သည် အပြားအားဖြင့် ဆောင်အပ်သော"။ ဣမမေဝကာယံ၊ ဤရူပကာယ ခန္ဓာကိုယ်ကိုသာ လျှင်။ ဓာတု သော၊ ဓာတ်အားဖြင့်။ ပစ္စဝေက္ခတိ၊ အသီးအသီးဆင်ခြင်၏။

(ဃ) ဣတိ၊ဤသို့။အဇ္ဈတ္တံဝါ၊မိမိသန္တာန်၌လည်း။ကာယေ၊ ဓာတ်လေးပါး အပေါင်း၌။ ကာယာနုပဿီ၊ ဓာတ်လေးပါး အပေါင်းကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်း သည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

## ကောဋ္ဌာသကို ဓာတ် ၄-ပါးဖြင့် ခွဲဝေပြဂါထာ

(၁) ကေသာဒိ မတ္ထလုင်္ဂန္တာ၊ ပထဝီဓာတု ဝီသတိ။
ပိတ္တာဒိ မုတ္တကန္တာ စ၊ ဇလံဓာ ဒွါဒသီရိတာ။
(၂) ယေန သန္တာပနံ ယေန၊ ဇီရဏံ ဒဟနံ တထာ။
ယေနာသိတာ ဒိပါကောတိ၊ စတုရံသာနလာဓိကာ။
(၃) ဥဒ္ဓါဓောဂမကုစ္ဆိဋ္ဌာ၊ ကောဋ္ဌာသယင်္ဂသာရိစ။
အဿာသဿာသောတိစ ဝိဉ္ဉေယျာ၊ဆဗ္ဗိဓာ ဝါယုနီရိတာ။

### ဂါထာအနက်

(၁) ကေသာဒိမတ္ထလုင်္ဂန္တာ၊ ကေသာအစ, မတ္ထလုင်္ဂ အဆုံး ရှိကုန်သော။ ဝီသတိ၊ နှစ်ဆယ်ကုန်သော။ တေကောဋ္ဌာသာ၊ ထို အစုတို့ကို။ ပထဝီဓာတု၊ ပထဝီဓာတု ကောဋ္ဌာသတို့ ဟူ၍။ ဤရိတာ၊ဆိုအပ်ကုန်၏။ ပိတ္တာဒိမုတ္တကန္တာ၊ ပိတ္တံအစ, မုတ္တံအဆုံး ရှိကုန်သော။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။ တေကောဋ္ဌာသာ၊ ထိုအစုတို့ကို။ ဇလံဓာတု၊ အာပေါဓာတုကောဋ္ဌာသ တို့ဟူ၍။ ဤရိတာ၊ ဆိုအပ်ကုန်၏။

(၂) ယေန၊အကြင် သန္တာပနတေဇောကြောင့်၊ သန္တာပနံ၊ တရက်ချင်းများခြင်းစသည်ဖြင့် ပြင်းစွာပူပန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယေန၊ အကြင်ဇီရဏတေဇောကြောင့်။ ဇီရဏံ၊ ဆံဖြူခြင်း, သွားကျိုးခြင်း စသည်ဖြင့် အရွယ်မှ ယုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ယေန၊ အကြင်ဒါဟတေဇောကြောင့်၊ ဒဟနံ၊ လွန်စွာပူလောင်ခြင်းသည်။ ဟောတိ ဖြစ်၏။ တထာ၊ ထို့မှတပါး၊ ယေန၊ အကြင်ပါစကတေဇောကြောင့်။ အသိတာဒိပါကော၊ စားသောက်ခဲလျက်သော အစာ၏ကျက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-ဣမေစတုရံသာ၊ ဤလေးပါးသော အစုတို့သည်။ အနလာဓိကာ၊ တေဇောဓာတ်လွန်သော အစုတို့တည်း။

(၃) ဥဒ္ဓါဓောဂမကုဋ္ဌိုဋ္ဌာ၊ အထက်သို့ ဆန်တက်သော ဥဒဂ်မလေ,အောက်သို့စုန်သွားသော အဓောဂမလေ, အူ၏အပ ဝမ်း၌တည်သော ကုဋ္ဌိဋ္ဌလေတို့ရင်း။ ကောဋ္ဌာသယာ၊ အူတွင်း၌ တည်သော ကောဋ္ဌာသယလေရင်း။ အင်္ဂါသာရိစ၊ အင်္ဂါ ကြီး ငယ်သို့လျှောက်၍ ကွေးခြင်း, ဆန့်ခြင်း စသည်ဖြင့် ဖြစ်သော အင်္ဂမင်္ဂါနုသာရီလေရင်း။ အဿာသေဿာစ၊ ထွက်သက်ဝင်သက် လေရင်း။ ဣတိ-ဣမေဆဗ္ဗိသာ၊ ဤခြောက်ပါးသော အစုတို့ ကို။ ဝါယုနိဿိတာ၊ ဝါယောဓာတ်ကို မှီသော အစု တို့ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

စာတုမနသိကာရပိုင်း၌ အထူးမှတ်ဘွယ်

နွားသတ်ယောက်ျားသည် နွားကိုအစာပေး၍မွေးသော်ရင်း, သတ်ရာအရပ်သို့ ဆောင်သော်ရင်း, သတ်ရာအရပ်၌ ချည်၍ ထားသော်ရင်း,သတ်သော်ရင်း,သတ်၍သေသည်ကိုမြင်သော်ရင်း ထိုခဏ၌ နွားဟူသော အမှတ်သညာ မကွယ်မပျောက်သေး။

အတုံးအပိုင်းခုတ်ဖြတ်လှီးဖျက်၍ အတို့အစုပြုပြီးသော်မူကား နွားဟူသော အမှတ်သညာကွယ်ပျောက်၍ အမဲဟူသော အမှတ် သညာသာဖြစ်၏။

ယင်းသို့ အမဲဖြစ်ပြီးသောအခါ ငါအမဲရောင်း၏၊ ဤသူတို့ ကား အမဲဝယ်ကြ၏-ဟူသော အမှတ်သညာသာ ဖြစ်သကဲ့သို့ ဓာတ်လေးပါးအားဖြင့် ပိုင်းခြားဝေဘန်၍ မဆင်ခြင်မအောက် မေ့သောအခါ သတ္တဝါဟူသော အမှတ်, ငါဟူသော အမှတ် သညာဖြစ်၏။ဓာတ်လေးပါးအားဖြင့် ပိုင်းခြားဝေဘန်၍ ဆင်ခြင် အောက်မေ့သောအခါ သတ္တဝါဟူသော အမှတ်, ငါဟူသော အမှတ်သညာဖြစ်၏၊ ဓာတ်လေးပါးအားဖြင့် ပိုင်းခြားဝေဘန်၍ ဆင်ခြင် အောက်မေ့သော အခါ သတ္တဝါ ဟူသော အမှတ်, ငါဟူသောအမှတ်သညာ ကွယ်ပျောက်၍ ဓာတ်လေးပါးမျှသာ ဟူသော အမှတ်သညာဖြစ်၏။

## သစ္စာ ၄-ပါးခွဲပြချက်

(၁) ခေတ်လေးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခ၏အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ,

(၃) ထိုဒုက္ခ,သမုဒယနှစ်ပါး၏မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,

(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ခေတုမနသိကာရပဗ္ဗံ၊ ခေတ်အားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။ နိဋ္ဌိတံ၊ပြီးပြီ။

---

## ကာယာနုပဿနာ နဝသိဝထိကပိုင်း၊

၇-(က) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သော။ ဧကာဟမတံဂါ၊ သေ၍ တရက်ရှိပြီးသည်လည်းဖြစ်သော။ ဒွိဟာမတံဝါ၊ သေ၍ နှစ်ရက်ရှိပြီးသည်လည်းဖြစ်သော။ တီဟာမတံဝါ၊ သေ၍သုံးရက်ရှိပြီးသည်လည်းဖြစ်သော။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော။ ဝိနီလကံ၊ အပြူအနီရောသည်ဖြစ်၍ များသောအားဖြင့် ညိုသောအဆင်း ရှိသော။ ဝိပုဗ္ဗကဇာတံ၊ ယိုးစီးသောပြည်ရှိသော။ သရီရံ၊ အကောင်ကို။ ပဿေယျ မြင်ရာ၏။

သောဘိက္ခု၊ ထိုရဟန်းသည်။ သောယုထာပိ၊ မြင်သောအကောင်ကိုကဲ့သို့။ အယမ္ပိခေါကာယော ဤငါ၏ ခန္ဓာကိုယ်သည်လည်း။ ဧဝံဓမ္မော၊ ဤသို့ဖူးဖူးရောင်ခြင်းစသော သဘောရှိ၏။ ဧဝံဘာဝီ၊ ဤသို့ဖူးဖူးရောင်ခြင်း စသည်ဖြစ်လတ္တံ့။ ဧဝံအနတီတော၊ ဤသို့ဖူးဖူးရောင်ခြင်းသဘောကိုမလွန်နိုင်။ဣတိ၊ ဤသို့။

ဣမမေဝကာယံ၊ ဤ မိမိခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟာရတိ၊ ထပ်တူဆောင်၏။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

[သိဝထိကပဌမပိုင်း]

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သော။ ကာကေဟိဝါ၊ ကျီးတို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ ကုလလေဟိဝါ၊ စွန်ရဲတို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ ဂိဇ္ဈေဟိဝါ၊ လင်းတတို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ ကင်္ကေဟိဟိဝါ၊ ဘုံပတီးငှက်တို့ သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ သုနခေဟိဝါ၊ အိမ်ခွေးတို့ သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ ဗျဂ္ဃေဟိဝါ၊ ကျားတို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ သိင်္ဂါလေဟိဝါ၊ မြေခွေး တောခွေး တို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ ဝိဝိဓေဟိ၊ အထူးထူး အပြားပြား များစွာကုန်သော။ ပါဏကဇာတေဟိဝါ၊ ပိုးလောက် တို့သည်မူလည်း။ ခဇ္ဇမာနံ၊ ခဲအပ်သော။ သရီရံ၊ အကောင်ကို။ ပဿေယျ၊ မြင်ရာ၏။

သော ဘိက္ခု၊ ထို ရဟန်း သည်။ သေယျထာပိ၊ မြင် သော အကောင်ကိုကဲ့သို့။ အယမ္ပိခေါကာယော၊ ဤ ငါ၏ခန္ဓာကိုယ် သည်လည်း။ ဧဝံဓမ္မော၊ ဤသို့ ကျီး, စွန်, လင်းတစသည် ခဲအပ် သော သဘောရှိ၏။ ဧဝံဘာဝီ၊ ဤသို့ ကျီး,စွန်,လင်းတ စသည် ခဲအပ်သည်ဖြစ်လတ္တံ့။ ဧဝံအနတီတော၊ ဤသို့ ကျီး,စွန်,လင်းတ

စသည် ခဲအပ်သောသဘောကို မလွန်နိုင်။ ဣတိ၊ ဤသို့။ ဣမမေဝ ကာယံ၊ ဤမိမိခန္ဓာကိုယ်ကိုသာလျှင်။ ဥပသံဟရတိ၊ ထပ်တူ ဆောင်၏။

ဣတိ၊ ဤသို့။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန် ၌လည်း။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဖန်တလဲလဲရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့ လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာ နုပဿီ၊ ရူပကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

[သိဝထိက-ဒုတိယပိုင်း။]

(၈) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သော။ အဋ္ဌိကသင်္ခလိကံ၊ အရိုးဆက်ရှိသော။ သမံသ လောဟိတံ၊ အသားအသွေးနှင့် တကွသော။ နှာရုသမ္ဗန္ဓံ၊ အကြော ဖြင့်ဖွဲ့အပ်သော။ သရီရံ၊ အကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ ပ။ ဘိက္ခဝေ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်း သည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

[သိဝထိက-တတိယပိုင်း။]

(၉) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ စွန့် ပစ်အပ်သော။ အဋ္ဌိကသင်္ခလိကံ၊ အရိုးဆက် ရှိသော။ နိမံသ လောဟိတမက္ခိတံ၊ အသားမရှိ သွေးဖြင့် လိမ်းကျံ အပ်သော။ နှာရုသမ္ဗန္ဓံ၊ အကြောဖြင့် ဖွဲ့အပ်သော။ သရီရံ၊ အကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့ လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာ

နှပသသိ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟာရတိ၊ နေ၏။

[သိဝထိက-စတုတ္ထပိုင်း။]

(င) ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ၊ စွန့်ပစ်အပ်သော။ အဋ္ဌိကသင်္ခလိကံ၊ အရိုးဆက်ရှိသော။ အပဂတမံသလောဟိတံ၊ အသားအသွေး ကင်းသော။ နှာရုသမ္ဗန္ဓံ အကြောဖြင့်ဖွဲ့အပ်သော၊သရီရံ၊အကောင်ကို။ပဿေယျ၊ မြင်ရာ၏။ပ။ဘိက္ခဝေ၊ရဟန်းတို့။ ဧဝမ္ပိ ခေါ၊ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ရူပကာယ၌။ ကာယာနုပဿီ၊ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟာရတိ၊ နေ၏။

[သိဝထိက-ပဉ္စမပိုင်း။]

(စ) ဘိက္ခဝေ၊ရဟန်းတို့။ပုန စ၊တဘန်လည်း။အပရံ၊တပါးတုံ။ ဘိက္ခု။ရဟန်းသည်။သိဝထိကာယ၊သုသာန်၌။ ဆဍ္ဍိတံ-ဆဍ္ဍိတာနိ၊စွန့်ပစ်အပ်ကုန်သော။ ဒိသာဝိဒိသာ၊တရှုဖြစ်သော အရပ်မျက်နှာ, အထောင့်ဖြစ်သော အရပ်မျက်နှာတို့၌။ ဝိက္ခိတ္တာနိ၊ ပစ်အပ်ကုန်သော။ အပဂတသမ္ဗန္ဓာနိ၊ အကြောပြတ်၍ အစပ် ကင်းကုန်သော။ အဋ္ဌိကာနိ၊အရိုးဖြစ်ကုန်သော။သရီရံ-သရီရာနိ၊ အကောင်တို့ကို။ ပဿေယျ၊ မြင်ရာ၏။

ကိံဒိသံ၊ အဘယ်သို့သော အကောင်ကို။ ပဿေယျ၊ မြင်ရာ သနည်း။

အညေန၊ တပါးသော အရပ်မျက်နှာအတို့ဖြင့်။ ဟတ္ထဋ္ဌိကံ၊ လက်ရိုးကို။ အညေန၊ တပါးသော အရပ်မျက်နှာ အတို့ဖြင့်။ ပါဒဋ္ဌိကံ၊ ခြေရိုးကို။အညေန၊တပါးသော အရပ်မျက်နှာအတို့ဖြင့်။ ဂေါပ္ဖကဋ္ဌိကံ၊ဘမျက်ရိုးကို။ဇင်္ဃဋ္ဌိကံ၊မြင်းခေါင်းရိုးကို။ဦရုဋ္ဌိကံ၊ ပေါင်ရိုးကို။ ကဋိဋ္ဌိကံ ခါးရိုးကို။ ဖာသုကဋ္ဌိကံ နံရိုးကို။ ပိဋ္ဌိဋ္ဌိကံ၊

ကျောက်ဆူးရိုးကို၊ ခန္ဓဋ္ဌိကံ၊ ပခုံးရိုးကို။ ဂိဝဋ္ဌိကံ လည်ကုပ်ရိုးကို၊ ဟနုကဋ္ဌိကံ၊ မေးရိုးကို။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ အညေန၊ တပါးသော အရပ်မျက်နှာ အဘို့ဖြင့်။ သီသကဋာဟံ၊ ခေါင်းခွံကို။ ဣတိ၊ ဤသို့သော အကောင်ကို။ ပဿေယျ၊ မြင်ရာ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန် တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

[သိဝထိက-ဆဋ္ဌမပိုင်း။]

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ-ဆဍ္ဍိတာနိ၊ စွန့်ပစ်အပ်ကုန်သော။ သေတာနိ၊ ဖြူကုန်သော။ သင်္ခဝဏ္ဏပဋိဘာဂါနိ၊ ခရုသင်းအဆင်းနှင့် တူကုန်သော။ အဋ္ဌိကာနိ၊ အရိုးဖြစ်ကုန်သော။ သရီရံ-သရီရာနိ၊ အကောင်တို့ကို။ ပဿေယျ၊ မြင်ရာ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

[သိဝထိက-သတ္တမပိုင်း။]

(ဇ) ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သိဝထိကာယ၊ သုသာန်၌။ ဆဍ္ဍိတံ-ဆဍ္ဍိတာနိ၊ စွန့်ပစ်အပ်ကုန်သော။ ပုဉ္ဇကိတာနိ-ရာသိဝိဇ္ဇရဏာနိ၊ အစုပရိုဖရဲကြဲကုန်သော။ တေရောဝဿိကာနိ၊ ခါကျူးနှစ်လည် မိုးစည်းရည်စွတ်ကာ ကြာမြင့်စွာဖြစ်ကုန်သော။ "တေရောဝဿိကာနိ-တိရောဝဿိကာနံ၊ သုံးနှစ်မိုးစည်းစွတ်ကုန်ပြီးသော" အဋ္ဌိကာနိ၊ အရိုးဖြစ်ကုန်သော။ သရီရံ-သရီရာနိ၊ အကောင်တို့ကို။ ပဿေယျ၊ မြင်ရာ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ကာယေ၊ ရူပကာယ၌။ ကာယာ

နုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏၊

[သိဝထိက-အဋ္ဌမပိုင်း။]

(၅) ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန စ၊ တဘန်လည်း၊ အပရံ၊ တပါးတုံ၊ ဘိက္ခု၊ ရဟန်းသည်၊ သိဝထိကာယ၊ သုသာန်၌၊ ဆဍ္ဍိတံ-ဆဍ္ဍိတာနိ၊ စွန့်ပစ်အပ်ကုန်သော၊ ပူတိနိ၊ ဆွေးမြည့်ကုန်ပြီးသော၊ ရဏ္ဍကဇာတာနိ၊ မှုန့်မှုန့် ညက်ညက်ဖြစ်၍ ဖရိုဖရဲကြဲကုန်သော၊ အဋ္ဌိကာနိ၊ အရိုးဖြစ်ကုန်သော၊ သရီရံ-သရီရာနိ၊ အကောင်တို့ကို၊ ပဿေယျ၊ မြင်ရာ၏၊

သောဘိက္ခု၊ ထိုရဟန်းသည်၊ သေယျထာပိ၊ မြင်သော အကောင်ကိုကဲ့သို့၊ အယမ္ပိခေါကာယော၊ ဤငါ၏ ခန္ဓာကိုယ် သည်လည်း၊ ဧဝံဓမ္မော၊ ဤသို့ မှုန့်မှုန့်ညက်ညက် ကြေပျက်သော အရိုးရသဘောရှိ၏၊ဧဝံဘာဝီ၊ဤသို့ မှုန့်မှုန့်ညက်ညက် ကြေပျက် ခြင်းဖြစ်လတ္တံ့၊ ဧဝံအနတီတော၊ ဤသို့ မှုန့်မှုန့် ညက်ညက် ကြေပျက်ခြင်းသဘောကို မလွန်နိုင်၊ ဣတိ၊ဤသို့၊ ဣမမေဝကာယံ၊ ဤ မိမိခန္ဓာကိုယ်ကိုသာလျှင်၊ ဥပသံဟရတိ၊ ထပ်တူဆောင်၏၊

ဣတိ၊ ဤသို့၊ အဇ္ဈတ္တံဝါ၊မိမိသန္တာန်၌လည်း၊ ကာယေ၊ ရူပကာယ၌၊ ကာယာနုပဿီ၊ရူပကာယကို တဘန်တလဲလဲ ရှုသည် ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ ပ၊ဘိက္ခဝေ၊ရဟန်းတို့၊ ဧဝမ္ပိခေါ၊ ဤသို့ လည်း၊ ဘိက္ခု၊ ရဟန်းသည်၊ ကာယေ၊ ရူဂကာယ၌၊ ကာယာ နုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏၊

[သိဝထိက-နဝမပိုင်း။]

သဒ္ဒါ ၄—ပါး ခွဲပြချက်

(၁) သိဝထိကကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခ သစ္စာ,

(၂) ထိုဒုက္ခ၏အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ,
(၃) ထိုဒုက္ခ, သမုဒယ နှစ်ပါးတို့၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,
(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

နဝသိဝထိကပဗ္ဗံ၊ သိဝထိကကိုးပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

ကာယာနုပဿနာ၊ တဆယ့်လေးပါးသော ကာယာနုပဿနာတို့သည်။ နိဋ္ဌိတာ၊ ပြီးကုန်ပြီ။

---

ဝေဒနာနုပဿနာ

(ဇ) ဘိက္ခဝေ၊ ရဟန်းတို့။ကထဉ္စ၊အဘယ်သို့လျှင်။ဘိက္ခု၊ရဟန်းသည်။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

(က) ဘိက္ခဝေ ရဟန်းတို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုခံဝါဝေဒနံ၊ ဆုဋ္ဌာရုံကိုခံစားခြင်း လက္ခဏာရှိသော သုခသောမနဿ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားလျက်,ခံစားစဉ်,ခံစားသည်ဖြစ်၍,ခံစားသည်ရှိသော်,ခံစားခြင်းကြောင့်, ခံစားဆဲ ခံစားခိုက် ခံစားတုန်း။ သုခံဝေဒနံ၊ သုခဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ခ) ဒုက္ခံဝါဝေဒနံ၊အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသော ဒုက္ခဒေါမနဿ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ ဒုက္ခံဝေဒနံ၊ ဒုက္ခဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဂ) အဒုက္ခမသုခံဝါ ဝေဒနံ၊ ဈာနစတုတ္ထဈာနစသည်ရုံကို ခံစားခြင်း လက္ခဏာရှိသော သုခမှလည်း တပါး, ဒုက္ခမှလည်း တပါးသော ဥပေက္ခာဝေဒနာ ကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည် ရှိသော်။ အဒုက္ခမသုခံဝေဒနံ၊ ဥပေက္ခာဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဃ) သာမိသံဝါ သုခံဝေဒနံ၊ ကာမဂုဏ်၌ မှီသော သုခ ဝေဒနာကိုလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ သာမိသံ သုခံဝေဒနံ၊ ကာမဂုဏ်၌မှီသော သုခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(င) နိရာမိသံဝါ သုခံဝေဒနံ၊ ကာမဂုဏ်၌ မမှီသော သုခ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ နိရာမိသံ သုခံဝေဒနံ ကာမဂုဏ်၌မမှီသော သုခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(စ) သာမိသံဝါ ဒုက္ခံဝေဒနံ၊ ကာမဂုဏ်၌ မှီသော ဒုက္ခ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ သာမိသံ ဒုက္ခံဝေဒနံ၊ ကာမဂုဏ်၌မှီသော ဒုက္ခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဆ) နိရာမိသံဝါ ဒုက္ခံဝေဒနံ ကာမဂုဏ်၌ မမှီသော ဒုက္ခ ဝေဒနာကိုမူလည်း။ ဝေဒယမာနော၊ ခံစားသည်ရှိသော်။ နိရာမိသံ ဒုက္ခံဝေဒနံ၊ ကာဂုဏ်၌မမှီသော ဒုက္ခဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဇ) သာမိသံဝါ အဒုက္ခမသုခံဝေဒနံ၊ ကာမဂုဏ်၌မှီသော ဥပေက္ခာဝေဒနာကိုမူလည်း။ ဝေဒယမာနော ခံစားသည်ရှိသော်။ သာမိသံ အဒုက္ခမသုခံဝေဒနံ၊ ကာမဂုဏ်၌ မှီသော ဥပေက္ခာ ဝေဒနာကို။ ဝေဒယာမီတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဈ) နိရာမိသံဝါ အဒုက္ခမသုခံဝေဒနံ၊ကာမဂုဏ်၌မမှီသော ဥပေက္ခာဝေဒနာကိုမူလည်း။ဝေဒယမာနော ခံစားသည်ရှိသော်။ နိရာမိသံအဒုက္ခမသုခံဝေဒနံ၊ ကာမဂုဏ်၌ မမှီသော ဥပေက္ခာ ဝေဒနာကို။ ဝေဒယာမိတိ၊ ခံစား၏ဟူ၍။ ပဇာနာတိ၊သိ၏။

(ည) ဣတိ ဤသို့။အဇ္ဈတ္တံ ဝါ၊မိမိသန္တာန်၌လည်း။ဝေဒနာသု၊ ဝေဒနာတို့၌။ဝေဒနာနုပဿီ ဝေနာကို အဘန်တလဲလဲရှုသည်ဖြစ်၍။ဝိဟာရတိ နေ၏။ ဗဟိဒ္ဓါဝါ၊အပသန္တာန်၌လည်း။ ဝေဒနာသု၊ ဝေဒနာတို့၌။ဝေဒနာနုပဿီ၊ဝေဒနာကို အဘန်တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟာရတိ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါမိမိသန္တာန်, ရံခါအပသန္တာန် ၌လည်း။ ဝေဒနာသု၊ ဝေဒနာတို့၌၊ ဝေဒနာ နုပဿီ၊ ဝေဒနာကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

(ဋ) ဝေဒနာသု၊ ဝေဒနာတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ-တဏှာ-သမ္ဖဿ ဟူသော ဖြစ်ကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ဝိဟာရတိ၊နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ- တဏှာ- သမ္ဖဿ တို့၏ ချုပ်ခြင်းဟူသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟာရတိ၊ နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟာရတိ၊ နေ၏။

(ဌ) ဝေဒနာဝ၊ အာရုံကိုခံစားခြင်း သဘောတရားသည် သာလျှင်။အတ္ထိ၊ရှိ၏။ ဣတိ၊ဤသို့။အဿ၊ထိုရဟန်း၏။ သတိ ဝါ ပန၊ သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဝေဒနာကို အောက်မေ့ခြင်းသတိသည်။ ယာဝ ဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် ဝေဒနာ နုပဿနာဉာဏ်၏ ပွားခြင်း အတိုင်း အရှည် အကျိုးငှာ ဖင်း။

ပဋိသံဝေဒေတိ ဟူသော၊ အဆင့်ဆင့် ဝေဒနာကို အောက်မေ့ခြင်း သတိ၏ ပွားခြင်းအတိုင်းအရှည်အကျိုးဒွါရင်း။ ဟောတိ၊ ဖြစ်၏။

(၃) သောဘိက္ခု၊ ထိုရဟန်းသည်။ အနိသိတောစ၊ ဝေဒနာကို တဏှာ, ဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ၊ တစုံတခု သော တရားကို။ အတ္တာတိဝါ၊ ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိ အားဖြင့်ရင်း။အတ္တနိယန္တိဝါ၊ငါ၏ဥစ္စာဟူ၍တဏှာအားဖြင့်ရင်း။ နစ ဥပါဒိယတိ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ရဟန်းသည်။ဝေဒနာသု အာရုံကိုခံစားခြင်း သဘောတရားတို့၌။ ဝေဒနာနုပဿီ၊အာရုံကိုခံစားခြင်း သဘော တရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

### ဝေဒနာနုပဿနာ၌ အထူးမှတ်ဘွယ်

အလိုရှိအပ်သော ရူပါရုံစသည်ကို သာလျှင် ငါရပေသည် ဟူ၍ရင်း, ရှေး၌ ရဘူးပြီးသည်ကိုလည်း ငါရလေပြီ ဟူ၍ရင်း အောက်မေ့သော သူအားဖြစ်သော သုခဝေဒနာသည် ကာမ ဂုဏ် ငါးပါးဟူသော အာမိသနှင့် စပ်သောကြောင့် သာမိသ သုခဝေဒနာ မည်၏။

ရူပါရုံစသည်တို့၏ အနိစ္စစသော သဘောကိုမြင်၍ ဖြစ်ဆဲ, ဖြစ်ပြီးသော ရူပါရုံစသည်တို့သည် အနိစ္စ,ဒုက္ခသဘော ရှိကုန် ၏ဟု- ရှုသောသူအားဖြစ်သော သုခဝေဒနာသည်ကား ကာမ ဂုဏ် ငါးပါးဟူသော အာမိသနှင့် မစပ်သောကြောင့် နိရာမိသ သုခဝေဒနာမည်၏။

အလိုရှိအပ်သော ရူပါရုံစသည်ကိုမရလျှင် ငါမရပါလေဟူ ၍ရင်း, ရပြီး၍ ပျောက်ပျက်သည်ကိုလည်း ပျောက်ပျက်ခဲ့ပြီဟူ၍ ရင်း အောက်မေ့သော သူအား ဖြစ်သော ဒုက္ခဝေဒနာသည်

ကာမဂုဏ် ငါးပါး ဟူသော အာမိသနှင့် စပ်သောကြောင့် သာမိသ ဒုက္ခဝေဒနာ မည်၏။

ရူပါရုံစသည်တို့၏ အနိစ္စစသော သဘောကိုမြင်၍ အရိယ မှုလ်ကို တောင့်တ၍ ရအောင် အနိစ္စစသည်ဖြင့် စီးဖြန်းလျက် မရသောကြောင့် နှလုံးမသာသောသူအားဖြစ်သော ဒုက္ခဝေဒနာ သည် ကာမဂုဏ်ငါးပါးဟူသော အာမိသနှင့်မစပ်သောကြောင့် နိရာမိသ ဒုက္ခဝေဒနာမည်၏။

အလိုရှိအပ်သော ရူပါရုံစသည်ကို အာရုံပြု၍ ပုထုဇဉ် မိက် အားဖြစ်သော ဥပေက္ခာဝေဒနာသည် ကာမဂုဏ် ငါးပါးဟူ သော အာမိသနှင့် စပ်သောကြောင့် သာမိသဥပေက္ခာ ဝေဒနာ မည်၏။

ရူပါရုံစသည်တို့၏ အနိစ္စစသော သဘောကိုမြင်၍ ဖြစ်ဆဲ, ဖြစ်ပြီးသော ရူပါရုံစသည်တို့သည် အနိစ္စ,ဒုက္ခ သဘောရှိကုန် ၏ဟု- ရှုသောသူအားဖြစ်သော ဥပေက္ခာဝေဒနာသည် ကာမ ဂုဏ် ငါးပါးဟူသော အာမိသနှင် မစပ်သောကြောင့် နိရာမိသ ဥပေက္ခာဝေဒနာမည်၏။

ပက်လက်အိပ်တတ်ကာမျှသော သူငယ်သည်ပင် အမိနို့ကို စို့သောအခါ ငါသုခဝေဒနာကိုခံစား၏ဟု သိ၏၊ ထိုသို့သိခြင်းကို သတ္တဝါဟူသော အမှတ်သညာမကင်းသောကြောင့် မလိုအပ်။

(က) ဣဋ္ဌာရုံကို အာရုံပြု၍ သုခဝေဒနာ ဖြစ်ခြင်းမျှသာ။
(ခ) အနိဋ္ဌာရုံကို အာရုံပြု၍ ဒုက္ခဝေဒနာဖြစ်ခြင်းမျှသာ။
(ဃ) ဣဋ္ဌမဇ္ဈတ္တာရုံကို အာရုံပြု၍ ဥပေက္ခာဝေဒနာ ဖြစ်ခြင်း မျှသာ။

ဝေဒနာကို ခံစားတတ်သော သတ္တဝါ မရှိ-ဟု သိခြင်းကို သတ္တဝါဟူသော အမှတ်သညာ ကင်းသောကြောင့်လိုအပ်၏။

တနည်းလည်း-

(က) သုခဖြစ်သောအခါ ဒုက္ခ,ဥပေက္ခာမဖြစ်။

(ခ) ဒုက္ခဖြစ်သောအခါ သုခ,ဥပေက္ခာမဖြစ်။
(ဂ) ဥပေက္ခာ ဖြစ်သောအခါ သုခ,ဒုက္ခမဖြစ်။

ဝေဒနာတို့သည် ကုန်ခြင်း, ဖောက်ပြန်ပျက်စီးခြင်း သဘော ရှိကုန်၏-ဟု ဆင်ခြင်အောက်မေ့ ကြံစည်ခြင်းကိုသာ သုခဝေဒ နာကို ခံစားသောအခါ ငါသုခဝေဒနာကို ခံစား၏-ဟူ၍ သိ အပ်၏။

### သစ္စာ ၄-ပါး ခွဲပြချက်

(၁) ဝေဒနာကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခ သစ္စာ,
(၂) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယ သစ္စာ,
(၃) ထိုသစ္စာနှစ်ပါး၏ ချုပ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာ,
(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

ဝေဒနာနုပဿနာ၊ ဝေဒနာကိုရှုသော
အပိုင်းသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

---

### စိတ္တာနုပဿနာ

၁၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အသို့လျှင်။ ဘိက္ခု၊ ရဟန်း သည်။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သရာဂံ ဝါ၊ တပ်ခြင်းရာဂနှင့် တကွမူလည်းဖြစ် သော။ စိတ္တံ၊ လောဘမူစိတ်ကို။ သရာဂံစိတ္တန္တိ၊ တပ်ခြင်းရာဂနှင့် တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ခ) ဝီတရာဂံဝါ၊ ရာဂကင်းသည့်မှုလည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတရာဂံစိတ္တန္တိ၊ ရာဂကင်းသောစိတ်ဟူ၍။ ပဇာနာတိ။ သိ၏။

(ဂ) သဒေါသံဝါ၊ ဒေါသနှင့်တကွမှုလည်းဖြစ်သော။ စိတ္တံ၊ ဒေါသမူစိတ်ကို။ သဒေါသံစိတ္တန္တိ၊ ဒေါသနှင့် တကွဖြစ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဃ) ဝီတဒေါသံဝါ၊ ဒေါသကင်းသည့်မှုလည်း ဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတဒေါသံစိတ္တန္တိ၊ ဒေါသကင်းသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(င) သမောဟံဝါ၊ မောဟနှင့်တကွမှုလည်းဖြစ်သော။ စိတ္တံ၊ အကုသိုလ်စိတ် ၁၂-ခုကို။ သမောဟံစိတ္တန္တိ၊ မောဟနှင့်တကွဖြစ်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(စ) ဝီတမောဟံဝါ၊ မောဟကင်းသည့်မှုလည်းဖြစ်သော။ စိတ္တံ၊ လောကီကုသိုလ် အဗျာကတစိတ်ကို။ ဝီတမောဟံစိတ္တန္တိ၊ မောဟကင်းသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဆ) သံခိတ္တံဝါ၊ အိပ်ငိုက်ခြင်း, ငိုက်မျဉ်းခြင်းဖြင့် တွန့်သည့်မှုလည်းဖြစ်သော။ စိတ္တံ၊ လောဘမူ, ဒေါသမူ သသင်္ခါရိကစိတ် ငါးခုကို။ သံခိတ္တံစိတ္တန္တိ၊ တွန့်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဇ) ဝိက္ခိတ္တံဝါ၊ မတည်မတံ့ ပျံ့လွင့်သည့်မှုလည်းဖြစ်သော။ စိတ္တံ၊ ဥဒ္ဓစ္စသဟဂုတ် အကုသိုလ်စိတ်ကို။ ဝိက္ခိတ္တံစိတ္တန္တိ၊ မတည်မတံ့ ပျံ့လွင့်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ဈ) မဟဂ္ဂတံဝါ၊ မြတ်သောအဖြစ်သို့ ရောက်သည့်မှုလည်းဖြစ်သော။ စိတ္တံ၊ ရူပါဝစရ, အရူပါဝစရစိတ်ကို။ မဟဂ္ဂတံစိတ္တန္တိ၊ မဟဂ္ဂုတ်စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ည) အမဟဂ္ဂတံဝါ၊ မြတ်သောအဖြစ်သို့ မရောက်သည့်မှုလည်းဖြစ်သော။ စိတ္တံ၊ ကာမာဝစရစိတ်ကို။ အမဟဂ္ဂတံစိတ္တန္တိ၊ ကာမာဝစရစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၃) သဥတ္တရံဝါ၊ မိမိထက်လွန်မြတ်သော တရားရှိသည် မှုလည်းဖြစ်သော။ စိတ္တံ၊ ကာမာဝစရစိတ်ကို။ သဥတ္တရံစိတ္တန္တိ၊ မိမိထက်လွန်မြတ်သော တရားရှိသောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၄) အနုတ္တရံဝါ၊ မိမိထက်လွန်မြတ်သော လောကီတရား မရှိသည်မှုလည်းဖြစ်သော။စိတ္တံ၊ရူပါဝစရ,အရူပါဝစရစိတ်ကို။ အနုတ္တရံစိတ္တန္တိ၊ မိမိထက်လွန်မြတ်သော လောကီတရား မရှိသော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၁) သမာဟိတံဝါ၊ဥပစာရသမာဓိ,အပ္ပနာသမာဓိအားဖြင့် တည်ကြည်သည် မှုလည်းဖြစ်သော။ စိတ္တံ၊ ကသိုဏ်း ပညတ် စသော ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော မဟာကုသိုလ် မဟာ ကိရိယာ စိတ်, မဟဂ္ဂုတ်ကုသိုလ် မဟဂ္ဂုတ်ကိရိယာ စိတ်ကို။ သမာဟိတံစိတ္တန္တိ၊ တခုတည်းသော အာရုံကိုသာယူသည်ဖြစ်၍ တည်ကြည်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၆) အသမာဟိတံဝါ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ အားဖြင့် မတည်ကြည်သည်မှုလည်းဖြစ်သော။ စိတ္တံ၊ မဟဂ္ဂုတ် ကုသိုလ် မဟဂ္ဂုတ်ကိရိယာမှ တပါးသော လောကီစိတ်ကို။ အသမာဟိတံစိတ္တန္တိ၊ဥပစာရသမာဓိ အပ္ပနာသမာဓိဖြင့် မတည် ကြည်သော စိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၇) ဝိမုတ္တံဝါ၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်၏ အစွမ်း ဖြင့် ကိလေသာမှ လွတ်သည်မှုလည်းဖြစ်သော။ စိတ္တံ လောကီ ကုသိုလ်စိတ်ကို။ ဝိမုတ္တံစိတ္တန္တိ၊ တဒင်္ဂ, ဝိက္ခမ္ဘန၏ အစွမ်းဖြင့် ကိလေသာမှ လွတ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(၈) အဝိမုတ္တံဝါ၊ တဒင်္ဂပဟာန်,ဝိက္ခမ္ဘနပဟာန်၏ အစွမ်း ဖြင့် ကိလေသာမှ မလွတ်သည်မှုလည်းဖြစ်သော။ စိတ္တံ၊လောကီ ကုသိုလ် ကိရိယာမှတပါးသော အကုသိုလ်, လောကီဝိပါက် အဗျာကတစိတ်ကို။ အဝိမုတ္တံစိတ္တန္တိ၊ တဒင်္ဂ၊ဝိက္ခမ္ဘန၏ အစွမ်း ဖြင့် ကိလေသာမှမလွတ်သောစိတ်ဟူ၍။ ပဇာနာတိ၊ သိ၏။

(ထ) ဇာတိ၊ ဉာဏ်သို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ သရာဂစိတ် စသည်ကို အဘန် တ လဲ လဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ သရာဂစိတ်စသည်ကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ မိမိသန္တာန်, ရံခါအပသန္တာန်၌လည်း။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ သရာဂစိတ်စသည်ကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဒ) စိတ္တသ္မိံ၊ စိတ်၌။ သမုဒယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ-တဏှာ-ကံ-နာမ် ရုပ်ဟူသော ဖြစ်ကြောင်းသဘောကို အဘန် တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ စိတ်၌။ ဝယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ-တဏှာ-ကံ-နာမ် ရုပ်တို့၏ ချုပ်ခြင်းဟူသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲရှုသည် ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ စိတ္တသ္မိံ၊ စိတ်၌။ သမုဒယဝယဓမ္မာ-နုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(ဓ) စိတ္တံ၊ အာရုံကို သိခြင်းသဘောတရားသည် အတ္ထိ၊ ရှိ၏။ ဣတိ၊ ဉာဏ်သို့။ အဿ၊ ထိုရဟန်း၏။ သတိဝါပန၊ သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုစိတ်ကို အောက်မေ့ခြင်းသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် စိတ္တာနုပဿနာဉာဏ်၏ ပွားခြင်း အ တိုင်း အ ရှည် အ ကျိုး ဌာ ရင်း။ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့်စိတ်ကို အောက်မေ့ခြင်း သတိ၏ ပွားခြင်း အတိုင်း အရှည်အကျိုးဌာရင်း။ ဟောတိ၊ ဖြစ်၏။

(န) သော ဘိက္ခု၊ ထိုရဟန်းသည်။ အနိဿိတောစ၊ စိတ်ကို တဏှာ, ဒိဋ္ဌိအားဖြင့်မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊

ဥပါဒါနက္ခန္ဓာဟူသော လောကဝ်၌။ ကိဉ္စိ၊ တစုံတခုသော တရားကို။ အဘိဇ္ဈာတိဝါ၊ ငါ့အစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ငင်း။ အဘိနိဝိသန္တိဝါ၊ ငါ၏ဥစ္စာဟူ၍ တဏှာအားဖြင့်ငင်း။ နစဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တေ၊ အာရုံကိုသိခြင်း လက္ခဏာရှိသော စိတ်၌။ စိတ္တာနုပဿီ၊ အာရုံကိုသိခြင်းသဘောတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) စိတ်ကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ,

(၃) ထိုသစ္စာနှစ်ပါး၏ ချုပ်ရာနိဗ္ဗာန်သည် နိရောဓ သစ္စာ,

(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

စိတ္တာနုပဿနာ၊ စိတ်ကိုရှုရာသော အပိုင်းသည်။
နိဋ္ဌိတာ၊ ပြီးပြီ။

---

ဓမ္မာနုပဿနာ နီဝရဏပိုင်း

၁၁-(က) ဘိက္ခဝေ၊ ရဟန်းတို့၊ ကထဉ္စ၊ အသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဓမ္မေသု၊ ရုပ်နာမ်တရားတို့၌။ ဓမ္မာနုပဿီ၊ ရုပ်နာမ်တရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊ ပိတ်ပင်ဖုံးလွှမ်းတတ် သောကြောင့် နီဝရဏ မည်ကုန်သော။ ဓမ္မေသု၊

သင်္ခါရက္ခန္ဓာ တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏတည်းဟူသော သင်္ခါရက္ခန္ဓာ တရားတို့ အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

( ခ ) ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ နီဝရဏေသု၊ ပိတ်ပင် ဖုံးလွှမ်း တတ်သောကြောင့် နီဝရဏမည်ကုန်သော။ ဓမ္မေသု၊ သင်္ခါရက္ခန္ဓာ တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏတည်းဟူသော သင်္ခါရက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံ ဝါ၊ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည့် မှုလည်းဖြစ်သော။ ကာမစ္ဆန္ဒံ၊ ကာမဂုဏ်၌ တပ်တတ်သော လောဘကို။မေ၊ငါ၏။အဇ္ဈတ္တံ၊အတွင်းသန္တာန်၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊မိမိသန္တာန်၌။အသန္တံ ဝါ၊မပြတ်မဖြစ်ခြင်း၊ ပယ်ခြင်း ကြောင့် ထင် ရှား မ ရှိ သည့် မှု လည်း ဖြစ် သော။ ကာမစ္ဆန္ဒံ၊ ကာမစ္ဆန္ဒကို။မေ၊ငါ၏။အဇ္ဈတ္တံ၊အတွင်းသန္တာန်၌၊ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ ၏။

ယထာစ၊ အကြင်ရှေးရှေးသော ကာမစ္ဆန္ဒသဘာအာရုံ၌ မသင့် သော နှလုံးသွင်းခြင်း ကြောင့်လည်း။ အနုပ္ပန္နဿ၊ ဥပါဒ်သို့ မရောက်သော။ ကာမစ္ဆန္ဒဿ၊ ဥပ္ပါဒေါ၊ ဥပါဒ် ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ ထိုရှေးရှေးသော ကာမစ္ဆန္ဒ သဘာအာရုံ၌ မသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်အသုဘစသည်ကို အသုဘစသည်ဖြင့် သင့် တင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်

ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုအသုဘအာရုံ၌ အသင့် နှလုံးသွင်းခြင်းဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ အရဟတ္တမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုတဘာန်အသစ်မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(၂) အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံဝါ၊ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်မှုလည်းဖြစ်သော။ ဗျာပါဒံ၊ ဒေါသကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဗျာပါဒေါ၊ ဒေါသသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံဝါ၊ မပြတ်မဖြစ်ခြင်း, ပယ်ခြင်းကြောင့် ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ဗျာပါဒံ၊ ဒေါသကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဗျာပါဒေါ၊ ဒေါသသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင် ရှေးရှေးသော ဒေါသပဋိဃအာရုံ၌ မသင့်သော နှလုံး သွင်း ခြင်း ဟူ သော အ ကြောင်း ကြောင့် လည်း။ အနုပ္ပန္နဿ၊ ဥပါဒ်သို့မရောက်သော။ ဗျာပါဒဿ၊ ဒေါသ၏၊ ဥပါဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုရှေးရှေးသော ဒေါသပဋိဃ အာရုံ၌ မ သင့် သော နှလုံးသွင်းခြင်း တည်းဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်မေတ္တာ, စေတောဝိမုတ္တိ, အသင့် နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ဗျာပါဒဿ၊ ဒေါသကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုမေတ္တာ, စေတောဝိမုတ္တိ, အသင့်နှလုံးသွင်းခြင်း ဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်တဒင်္ဂ,ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ ဗျာပါဒဿ၊ ဒေါသ၏။ အာယတိံ၊ နောင်အခါ၌။အနုပ္ပါဒေါ၊အနာဂါမိမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုတဘန်အသစ် မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(၃) အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံ ဝါ၊ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည် မှုလည်းဖြစ်သော။ ထိနမိဒ္ဓံ၊ အိပ်ခြင်း, ငိုက်မျဉ်းခြင်းကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံ ဝါ၊ မပြတ်မဖြစ်ခြင်း, ပယ်ခြင်းကြောင့် ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ သိ၏။

ယထာ စ၊ အကြင်မမွေ့လျော်ခြင်း,ပျင်းရိခြင်း, ကိုယ်တစန့်စန့်လူးလွန့်ခြင်း, ထမင်းဆိုယစ်ခြင်း, စိတ်စေတ်မ[illegible]တွန့်ခြင်း, မသင့်သော နှလုံးသွင်းခြင်း ဟူသော အကြောင်း ကြောင့်လည်း။ အနုပ္ပန္နဿ၊ ဥပါဒ်သို့မရောက်သော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ ဥပ္ပါဒေါ၊ ဥပါဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ထိုမမွေ့လျော်ခြင်းစသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊အကြင် ရှေးဦးအစ အားထုတ်ခြင်း အာရမ္ဘဓာတ်, ပျင်းရိခြင်းမှ ထွက်မြောက်ခြင်း နိက္ကမဓာတ်, အဆင့်ဆင့် အားထုတ်ခြင်း ပရက္ကမဓာတ်၌ အသင့်နှလုံး သွင်း ခြင်း ဟူသော အကြောင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုအာရမ္ဘဓာတ်စသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်တဒင်္ဂ,ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ အာယတိံ၊ နောင်

အခါ၌။ အနုပ္ပါဒေါ၊ အရဟတ္တမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုတဘာန်အသစ် မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(၄) အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံဝါ၊ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည် မှုလည်းဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ စိတ်၏ မငြိမ်သက်ခြင်းလက္ခဏာရှိသော ဥဒ္ဓစ္စ၊ ပြုအပ်ပြီးသော ဒုစရိုက်, မပြုခဲ့မိသောသုစရိုက်တို့၌အဘန်တလဲလဲ စိုးရိမ်ခြင်းလက္ခဏာရှိသော ကုက္ကုစ္စကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌၊ ဥဒ္ဓစ္စကုက္ကုစ္စသည်။ အတ္ထိ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံဝါ၊ မပြတ်မဖြစ်ခြင်း, ပယ်ခြင်းကြောင့် ထင်ရှားမရှိသည်မှုလည်းဖြစ်သော။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ဥဒ္ဓစ္စကုက္ကုစ္စကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဥဒ္ဓစ္စကုက္ကုစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်စိတ်၏ မငြိမ်သက်သော အခြင်းအရာ, မသင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ အနုပ္ပန္နဿ၊ ဥပါဒ်သို့ မရောက်သော။ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဥဒ္ဓစ္စကုက္ကုစ္စ၏။ ဥပ္ပါဒေါ၊ ဥပါဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုစိတ်၏ မငြိမ်သက်သော အခြင်းအရာဟူသော အကြောင်းကိုလည်း။ ပဇာနာတိ။ သိ၏။

ယထာစ၊ အကြင်စိတ်၏ ငြိမ်သက်ခြင်း, အသင့်နှလုံးသွင်းခြင်း ဟူသော အကြောင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ဥဒ္ဓစ္စ-ကုက္ကုစ္စဿ၊ ဥဒ္ဓစ္စကုက္ကုစ္စကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုစိတ်၏ ငြိမ်သက်ခြင်း ဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဥဒ္ဓစ္စကုက္ကုစ္စ၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ ဥဒ္ဓစ္စ၏ အနာဂါမိမဂ်ဖြင့် မဖြစ်ခြင်း, ကုက္ကုစ္စ၏ အရဟတ္တမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

တမ္ပိ၊ ထိုတဘန်အသစ် မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(၅) အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံဝါ၊ မပြတ်ဖြစ်သဖြင့် ထင်ရှားရှိသည်မှုလည်းဖြစ်သော။ ဝိစိကိစ္ဆံ၊ သို့လောသို့လော တွေးတောရှုရှာ သက်ာမကောင်း ယုံမှားခြင်း လက္ခဏာ ရှိသော ဝိစိကိစ္ဆာကို။ မေ၊ ငါ၏၊ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌၊ ဝိစိကိစ္ဆာ၊ အာရုံကို မဆုံးဖြတ်နိုင်ခြင်း ဝိစိကိစ္ဆာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံဝါ၊ မပြတ်မဖြစ်ခြင်း, ပယ်ခြင်းကြောင့် ထင်ရှားမရှိသည် မှုလည်းဖြစ်သော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ နတ္ထိ၊ မရှိ၊ ဣတိ၊ ဤသို့၊ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်ရှေးရှေးဖြစ်သော ဝိစိကိစ္ဆာ, မသင့်သော နှလုံးသွင်းခြင်းဟူသော အကြောင်းကြောင့်လည်း။ အနုပ္ပန္နာယ၊ ဥပါဒ်သို့ မရောက်သော။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏၊ ဥပ္ပါဒေါ၊ ဥပါဒ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုရှေးရှေးဖြစ်သော ဝိစိကိစ္ဆာဟူသော အကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်ကုသိုလ်, အကုသိုလ်တရားစသည်၌ အသင့် နှလုံးသွင်းခြင်းဟူသော အကြောင်း ကြောင့်လည်း။ ဥပ္ပန္နာယ၊ ဖြစ်သော။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာကို။ ပဟာနံ၊ တဒင်, ဝိက္ခမ္ဘန အားဖြင့် ပယ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ထိုကုသိုလ်, အကုသိုလ် တရားစသည်၌ အသင့်နှလုံးသွင်းခြင်း ဟူသော အကြောင်းကို လည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင် တဒင်, ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနာယ၊ ပယ်အပ်ပြီးသော။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ သောတာပတ္တိမဂ်ဖြင့် မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုတဘန်အသစ် မဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဂ) ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါမိမိသန္တာန်၊ ရံခါအပသန္တာန်၌လည်း။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဃ) ဓမ္မေသု၊ နီဝရဏတရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ သုဘအာရုံ စသည်၌ မသင့်သော နှလုံးသွင်းခြင်း စသော ဖြစ်ကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု နီဝရဏတရားတို့၌။ ဝယဓမ္မာနုပဿီဝါ၊ အသုဘအာရုံစသည်၌ သင့်သောနှလုံးသွင်းခြင်းစသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏတရားတို့၌။ သမုဒယ ဝယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်း သဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(င) ဓမ္မာ၊ နီဝရဏတရားတို့သည်သာလျှင်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ သတိဝါပန၊ သတိသည် မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုနီဝရဏတရားကို အောက်မေ့ခြင်းသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် ဓမ္မာနုပဿနာ ဉာဏ် ၏ ပွားခြင်း အတိုင်း အရှည် အကျိုး ငှာ ရင်း။ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့် နီဝရဏတရားကို အောက်မေ့ခြင်း သတိ၏ ပွားခြင်းအတိုင်းအရှည် အကျိုးငှာရင်း။ ဟောတိ၊ ဖြစ်၏။

(စ) သောဘိက္ခု၊ ထို ရ ဟန်း သည်။ အနိဿိတောစ၊ နီဝရဏတရားကို တဏှာ,ဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊

နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ၊ တစုံတခုသော တရားကို။ အတ္တာတိ ဝါ၊ ငါ့အစိုးရသော ကိုယ် ဟူ၍ ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိ ဝါ၊ ငါ၏ဥစ္စာဟူ၍ တဏှာ အားဖြင့်ရင်း။ နစဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ ရဟန်းတို့။ ဝေမှိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ပညာသု၊ ငါးပါး ကုန်သော။ နိဇရသော၊ နိဇရဖြစ်ကုန်သော။ ဓမ္မေသု၊ တရား တို့၌။ ဓမ္မာနုပဿီ၊ နိဇရတရားကို အဖန်တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

ဆ-ဓမ္မဖြင့်ကာမစ္ဆန္ဒပယ်ရန်

ဥဂ္ဂဟော ဘာဝနာ ဂုတ္တိ၊ မတ္တညုတာ သုမိတ္တတာ။
သပ္ပါယကထာ ဆဓမ္မာ၊ ကာမစ္ဆန္ဒပ္ပဟာယိနော။

(၁) ဥဂ္ဂဟော၊ဆယ်ပါးသော အသုဘနိမိတ်ကိုယူခြင်းရင်း။
(၂) ဘာဝနာ၊ အသုဘဈာန်ကို ပွားစေခြင်းရင်း။
(၃) ဂုတ္တိ၊ ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသော ဒွါရရှိသည်၏ အဖြစ်ရင်း။
(၄) မတ္တညုတာ၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏ အဖြစ်ရင်း။
(၅) သုမိတ္တတာ၊ အသုဘကိုပွားစေခြင်း မွေ့လျော်သော အဆွေခင်ပွန်းကောင်းရှိသည်၏ အဖြစ်ရင်း။
(၆) သသပ္ပါယကထာ၊ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ အသုဘ၌ မှီသော လျောက်ပတ်သော စကားကို ဆို ခြင်းရင်း။

ဣတိ၊ ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးကုန်သော တရားတို့သည် ကာမစ္ဆန္ဒပ္ပဟာယိနော၊ ကာမစ္ဆန္ဒကိုပယ်တတ်ကုန်၏။

ဆ-ဓမ္မဖြင့်ဗျာပါဒပယ်ရန်

ဥဂ္ဂဟော ဘာဝနာ ဝေက္ခာ၊ ပဋိသံခါ သုမိတ္တတာ။
သပ္ပါယကထာ ဆဓမ္မာ၊ ဗျာပါဒဿ ပဟာယကာ။

(၁) ဥဂ္ဂဟော၊ ဩဒါတကမေတ္တာစသည်ကိုယူခြင်း။

(၂) ဘာဝနာ၊ မေတ္တာကို ပွားစေခြင်း။
(၃) အဝေက္ခာ၊ ကာသာလျှင် ဥက္ကာရှိ၏ဟု ဆင်ခြင်ခြင်း။
(၄) ပဋိသံခါ၊ ထိုသို့ဆင်ခြင်ခြင်း၌ တည်ခြင်း။
(၅) သုမိတ္တတာ၊ မေတ္တာကို ပွားစေခြင်း၌ မွေ့လျော်သော အဆွေခင်ပွန်းကောင်းရှိသည့်၏အဖြစ်။
(၆) သပ္ပါယကထာ၊ ရပ်ခြင်း ထိုင်ခြင်းစသည့်တို့၌ မေတ္တာ၌မှီသော လျောက်ပတ်သော စကားကိုဆိုခြင်း။

ဣတိ၊ ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးကုန်သော တရားတို့သည်။ ဗျာပါဒဿ၊ ဒေါသကို။ ပဟာယကာ၊ ပယ်တတ်ကုန်၏။

## ဆ-ဓမ္မဖြင့် ထိနမိဒ္ဓပယ်ရန်

မိတာဟာရိယာလောကော၊ အဗ္ဘောကာသော သု-
မိတ္တတာ။

သပ္ပါယကထာ ဆဓမ္မာ၊ ထိနမိဒ္ဓပဟာယိနော။

(၁) မိတာဟာရော၊အာဟာရ၌အတိုင်းအရှည်ကိုယူခြင်း။
(၂) ဣရိယာ၊ထိနမိဒ္ဓဖြစ်သော ဣရိယာပုထ်မှ တပါးသော ဣရိယာပုထ်သို့ပြောင်းခြင်း၊
(၃) အာလောကော၊အရောင်အလင်းကိုနှလုံးသွင်းခြင်း။
(၄) အဗ္ဘောကာသော၊ ဟင်းလင်းအပြင်လွင်အရပ်၌ နေခြင်း။
(၅) သုမိတ္တတာ၊ ပယ်အပ်ပြီးသော ထိနမိဒ္ဓရှိသော အဆွေခင်ပွန်းကောင်း ရှိသည့်၏အဖြစ်။
(၆) သပ္ပါယကထာ၊ ရပ်ခြင်း, ထိုင်ခြင်းစသည်၌ ဓုတင်၌မှီသော လျောက်ပတ်သော စကားကိုဆိုခြင်း။

ဣတိ၊ ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးကုန်သော တရားတို့သည်။ ထိနမိဒ္ဓပဟာယိနော၊ ထိနမိဒ္ဓကို ပယ်တတ်ကုန်၏။

ဆ-ဓမ္မဖြင့် ဥဒ္ဓစ္စကုက္ကုစ္စပယ်ရန်

သုတံ ပုစ္ဆာ ဝိနယညူ၊ ဗုဒ္ဓသေဝီ သုမိတ္တတာ။
သပ္ပါယကထာ ဆဓမ္မာ၊ ဥဒ္ဓစ္စာဒိပ္ပဟာယကာ။

(၁) သုတံ၊ အကြားအမြင်များခြင်း။
(၂) ပုစ္ဆာ၊ အပ်မအပ်ကို မေးမြန်းခြင်း၏များခြင်း။
(၃) ဝိနယညူ၊ ဝိနည်း၌ လိမ္မာခြင်း။
(၄) ဗုဒ္ဓသေဝီ၊ သိတင်းကြီးကို မှီဝဲခြင်း။
(၅) သုမိတ္တတာ၊ဝိနည်းဘတ်သော အဆွေခင်ပွန်းကောင်း ရှိသည်၏အဖြစ်။
(၆) သပ္ပါယကထာ၊ရပ်ခြင်း,ထိုင်ခြင်းစသည်၌ အပ်မအပ် ကိုမှီသော လျောက်ပတ်သော စကားကိုဆိုခြင်း။

ဣတိ၊ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးကုန်သော တရားတို့သည်။ ဥဒ္ဓစ္စာဒိပ္ပဟာယကာ၊ ဥဒ္ဓစ္စ, ကုက္ကုစ္စကို ပယ်တတ်ကုန်၏။

ဆ-ဓမ္မဖြင့် ဝိစိကိစ္ဆာပယ်ရန်

သုတံ ပုစ္ဆာ ဝိနယညူ၊ အဓိမောက္ခာ သုမိတ္တတာ။
သပ္ပါယကထာ ဆဓမ္မာ၊ ဝိစိကိစ္ဆာပဟာယကာ။

(၁) သုတံ၊ အကြားအမြင် များခြင်း။
(၂) ပုစ္ဆာ၊ရတနသုံးပါးကို အကြောင်းပြု၍ မေးမြန်းခြင်း၏ များခြင်း။
(၃) ဝိနယညူ၊ ဝိနည်း၌လိမ္မာခြင်း။
(၄) အဓိမောက္ခာ၊ရတနာသုံးပါး၌သက်ဝင်၍ကြည်ညိုခြင်း။
(၅) သုမိတ္တတာ၊သဒ္ဓါတရားရှိသော အဆွေခင်ပွန်းကောင်း ရှိသည်၏အဖြစ်။
(၆) သပ္ပါယကထာ၊ ရပ်ခြင်း,ထိုင်ခြင်းစသည်၌ ရတနာသုံး ပါးဂုဏ်၌မှီသောလျောက်ပတ်သော စကားကိုဆိုခြင်း,

ဣတိ၊ဤသို့။ ဆဓမ္မာ၊ ခြောက်ပါးကုန်သော တရားတို့သည်။ ဝိစိကိစ္ဆာပဟာယကာ၊ ယုံမှားခြင်းကို ပယ်တတ်ကုန်၏။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) နိဝရဏကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခ သစ္စာ,
(၂) ထိုဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသည် သမုဒယ သစ္စာ,
(၃) ထိုသစ္စာနှစ်ပါး၏မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ,
(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

နီဝရဏပဗ္ဗံ၊ နီဝရဏအားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

ခန္ဓာနုပဿနာ ခန္ဓာပိုင်း

၁၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ့။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါ နက္ခန္ဓေသု၊ ဥပါဒါန်၏အာရုံဖြစ်သော။ ခန္ဓာဟုဆိုအပ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာ တရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ ရဟန်း တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာဟု ဆိုအပ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါ-နက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ သနည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ရူပံ၊ ရူပက္ခန္ဓာကား။ ဣတိ၊ ဤသို့-ဣတိဝေံဇာတိကံ၊ ဤမျှနှစ်ဆဲ့ရှစ်ပါး- ဤသို့ ဘောက်ပြန်ခြင်းသဘောရှိ၏။ ရူပဿ၊ ရူပက္ခန္ဓာ၏၊ သမုဒယော၊ ဖြစ်ကြောင်းကား။ ဣတိ-ဤသို့ကော၊

ဤမျှအဝိဇ္ဇာ-တဏှာ-ကံ-အာဟာရ-ဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည်ရှိ၏။ ရူပဿ၊ ရူပက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဣတိ-ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-အာဟာရ၏ ချုပ်ခြင်း, ပျက်ခြင်း လက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည်ရှိ၏။

(၁) ဝေဒနာ၊ ဝေဒနာက္ခန္ဓာကား။ ဣတိဧတ္တကာ-ဣတိဧဝံ-ဇာတိကာ၊ ဤမျှသုံးပါး-ဤသို့ခံစားခြင်းသဘောရှိ၏။ ဝေဒနာယ၊ ဝေဒနာက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဣတိ-ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ- တဏှာ- ကံ- ဖဿ- ဖြစ်ခြင်း လက္ခဏာ အားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ ဝေဒနာယ၊ ဝေဒနာက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဣတိ၊ ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ၏ ချုပ်ခြင်း, ပျက်ခြင်း လက္ခဏာ အားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။

(၂) သညာ၊ သညာက္ခန္ဓာကား။ ဣတိဧတ္တကာ- ဣတိဧဝံ- ဇာတိကာ၊ ဤမျှ ရူပသညာစသောအားဖြင့် ခြောက်ပါး-ဤသို့ ရူပါရုံစသည်ကို မှတ်ခြင်းသဘောရှိ၏။ သညာယ၊ သညာက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဣတိ-ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ- ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ သညာယ၊ သညာက္ခန္ဓာ၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဣတိ-ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ၏ ချုပ်ခြင်း, ပျက်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည် ရှိ၏။

(၃) သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့ကား။ ဣတိဧတ္တကော-ဣတိဧဝံ ဇာတိကာ၊ ဤမျှငါးဆယ်- ဤသို့ ပြုပြင်ခြင်း သဘောရှိကုန်၏။ သင်္ခါရာနံ၊ သင်္ခါရက္ခန္ဓာတို့၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဣတိ- ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ- တဏှာ- ကံ- ဖဿ- ဖြစ်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ သင်္ခါရာနံ သင်္ခါရက္ခန္ဓာတို့၏။ အတ္ထင်္ဂမော၊ ချုပ်ကြောင်းကား။ ဣတိ-ဧတ္တကော

ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-ဖဿ၏ ချုပ်ခြင်း,ပျက်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။

(င) ဝိညာဏံ၊ ဝိညာဏက္ခန္ဓာကား။ ဣတိဧတ္တကံ-ဣတိဧဝံ ဇာတိကံ၊ ဤမျှ လောကီစိတ် ၇၈ဆဲ့တခု-ဤသို့ အာရုံကို သိခြင်း သဘောရှိ၏။ ဝိညာဏဿ၊ ဝိညာဏက္ခန္ဓာ၏။ သမုဒယော၊ ဖြစ်ကြောင်းကား။ ဣတိဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-နာမ်ရုပ်-ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါး အတိုင်းအရှည်ရှိ၏။ ဝိညာဏဿ၊ ဝိညာဏက္ခန္ဓာ၏။အတ္ထင်္ဂမော၊ချုပ်ကြောင်းကား။ ဣတိ-ဧတ္တကော၊ ဤမျှ အဝိဇ္ဇာ-တဏှာ-ကံ-နာမ်ရုပ်၏ ချုပ်ခြင်း လက္ခဏာအားဖြင့် ငါးပါးအတိုင်းအရှည်ရှိ၏။ ဣတိ၊ဤသို့။ ပဇာနာတိ၊ သိ၏။

(စ) ဣတိ၊ဤသို့။ အဇ္ဈတ္တံဝါ၊ မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ဓမ္မေသု၊ဥပါဒါနက္ခန္ဓာတရားတို့၌။ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါမိမိသန္တာန်, ရံခါအပသန္တာန်၌လည်း။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာတရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(ဆ) ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာ တရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာစသော ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊နေ၏။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာ တရားတို့၌။ ဝယဓမ္မာနုပဿီဝါ၊ အဝိဇ္ဇာ၏ ချုပ်ခြင်းစသော ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ ဥပါဒါနက္ခန္ဓာ တရားတို့၌။ သမုဒယဝယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(၈) ဓမ္မာ၊ ဥပါဒါနက္ခန္ဓာတရားတို့သည် သာလျှင်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ သတိဝါပန၊ သတိသည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုဥပါဒါနက္ခန္ဓာကို အောက်မေ့ခြင်း သတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် ဓမ္မာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်း အရှည် အကျိုးငှာရင်း။ ပဋိဿတိမတ္တာယ၊ အဆင့်ဆင့် ဥပါဒါနက္ခန္ဓာကိုအောက်မေ့ခြင်း သတိ၏ပွားခြင်း အတိုင်းအရှည်အကျိုးငှာရင်း။ ဟောတိ၊ ဖြစ်၏။

(၉) သော ဘိက္ခု၊ ထိုရဟန်းသည်။ အနိဿိတော စ၊ ဥပါဒါနက္ခန္ဓာကို တဏှာ, ဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ ကိဉ္စိ၊ တစုံတခု သော တရားကို။ အတ္တာတိဝါ၊ ငါအစိုးရသော ကိုယ်ဟူ၍ ဒိဋ္ဌိ အားဖြင့်ရင်း။ အတ္တနိယန္တိဝါ၊ ငါ၏ဥစ္စာဟူ၍ တဏှာ အားဖြင့် ရင်း။ နစ ဥပါဒိယတိ၊ မစွဲလမ်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဟု ဆိုအပ် ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဥပါဒါနက္ခန္ဓာ တရားကို အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

### ခန္ဓာပိုင်း၌ အထူးမှတ်ဘွယ်

ရူပက္ခန္ဓာ၏ ဖြစ်ကြောင်းကား အဝိဇ္ဇာ,တဏှာ,ကံ, အာဟာ ရ-ဟူ၍လေးပါး၊ မိမိ၏ ဖြစ်ခြင်း လက္ခဏာ အားဖြင့် ငါးပါး တည်း၊ ချုပ်ခြင်း၌လည်း အဝိဇ္ဇာ၏ ချုပ်ခြင်းစသည်ဖြင့် လေး ပါး၊ မိမိ၏ ပျက်ခြင်းလက္ခဏာအားဖြင့် ငါးပါးတည်း၊ ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ၏ ဖြစ်ကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ-ဟူ၍ လေးပါး၊မိမိ၏ ဖြစ်ခြင်းလက္ခဏာအားဖြင့် ငါးပါး တည်း။ ဝိညာဏက္ခန္ဓာ၏ ဖြစ်ကြောင်းကား အဝိဇ္ဇာ, တဏှာ, ကံ, နာမ်ရုပ်-ဟူ၍ လေးပါး၊ မိမိ၏ ဖြစ်ခြင်းလက္ခဏာ အားဖြင့်

ငါးပါးတည်း၊ ဝေဒနာက္ခန္ဓာ စသည်၏ ချုပ်ကြောင်း၌လည်း နည်းတူပင်။

ခန္ဓာ-ဖြစ်ကြောင်းပြဂါထာ

(၁) အဝိဇ္ဇာ တဏှုပါဒါနံ၊ ကမ္မံ ဟေတု စတုဗ္ဗိဓော။
ဖဿော ရူပကာယဿ၊ အာဟာရော ပစ္စယော ဘဝေ။

(၂) ဇနကော ဟေတု အက္ခာတော၊ ပစ္စယော အနုပါလ-
ကော။ဟေတကိုရသ၊ဝိဇ္ဇနံ၊ပစ္စယာ ပထဝါဒယော။

(၃) ဇာတိမေ ပဉ္စဓမ္မာ ဟိ၊ ဟေတုပစ္စယတံ ဂတာ။
အဝိဇ္ဇာဒယော တယော တဏှာ၊မာတာဝ ဥပနိဿယာ။

(၄) ဇနကံ ပန ကမ္မနံ၊ ပုတ္တဿ ဟိ ပိတာ ဝိယ။
ဓာတိ ဝိယ ကုမာရဿ၊အာဟာရော ပစ္စယော ဘဝေ။

ဂါထာအနက်

(၁) အဝိဇ္ဇာ၊ အဝိဇ္ဇာဝရင်း။ တဏှာ၊ တဏှာဝရင်း။ ဥပါဒါနံ၊ ဥပါဒါန်ဝရင်း။ ကမ္မံ၊ ကံဝရင်း။ ဇာတိ၊ဤသို့၊ ဖဿောရူပကာယဿ၊ ထိုရူပကာယ၏။ ဟေတု၊ ဖြစ်စေတတ်သော အကြောင်းသည်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။ အာဟာရော၊ခဲဘွယ်ဘောဇဉ်၌ တည်သော အာဟာရ ဩဇာဓာတ်သည်။ပစ္စယော၊ထောက်ပင့် တတ်သော အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

(၂) ဇနကော၊ ဖြစ်စေတတ်သော အကြောင်းကို။ ဟေတု၊ ဟေတု အကြောင်းဟူ၍။အက္ခာတော၊ဆိုအပ်၏။အနုပါလကော၊ စောင့်တတ်သော အကြောင်းကို။ ပစ္စယော၊ ပစ္စယအကြောင်း ဟူ၍။ အက္ခာတော၊ ဆိုအပ်၏။ တု၊ ဥပမာမည်သည်ကား။ ဝိဇံ၊ မျိုးစေ့သည်။ အင်္ကုရဿ၊ အညွန့်၏။ ဟေတု၊ ဟေတု အကြောင်း ဖြစ်သကဲ့သို့။ပထဝါဒယော၊ပထဝီရသစသည်တို့သည်။ပစ္စယာ၊ ပစ္စယအကြောင်း ဖြစ်ကုန်သကဲ့သို့တည်း။

(၃) ဣတိ၊ ဤသို့။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာအစရှိကုန်သော။ ဣမေပဉ္စဓမ္မာဟိ၊ ဤငါးပါးသော တရားတို့သည် သာလျှင်။ ဟေတုပစ္စယတံ ဟေတု အကြောင်း, ပစ္စယ အကြောင်း၏ အဖြစ်သို့။ ဂတာ၊ ရောက်ကုန်၏။ တဿ၊ ထိုအကြောင်းတရား ငါးပါးတို့တွင်။ အဝိဇ္ဇာဒယော၊ အဝိဇ္ဇာ အစရှိကုန်သော။ တယော၊ သုံးပါးကုန်သော တရားတို့သည်။ မာတာဝ၊ အမိကဲ့သို့။ ဥပနိဿယာ၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စယ အကြောင်းမည်ကုန်၏။

(၄) ဟိ။ ထိုမှတပါး။ ဇနကံပနကမ္မံ၊ ဖြစ်စေတတ်သော ကံသည်ကား။ ပုတ္တဿ၊ သားကို။ ဇနကော၊ ဖြစ်စေတတ်သော။ ပိတာဝိယ၊ အဘကဲ့သို့။ ဇနကော၊ ဖြစ်စေတတ်သော။ ဟေတု၊ အကြောင်းသည်။ ဘဝေ၊ ဖြစ်၏။ ကုမာရဿ၊ သူငယ်ကို။ အနု-ပါလိကာ၊ စောင့်ရှောက်တတ်သော။ ဓာတီဝိယ၊ အထိန်းကဲ့သို့။ အာဟာရော၊ အစာအာဟာရသည်။ ပစ္စယော၊ စောင့်ရှောက်ထောက်ပင့်တတ်သော ပစ္စယအကြောင်းသည်။ ဘဝေ၊ ဖြစ်၏။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) ခန္ဓာငါးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ,

(၃) ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,

(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင် ၈စ်ပါးသည် မဂ္ဂသစ္စာမည်၏။

ခန္ဓပဗ္ဗံ၊ ခန္ဓာအားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

### ဓမ္မာနုပဿနာ အာယတနပိုင်း

(၁၃) ဘိက္ခဝေ၊ ရဟန်းတို့။ ပုနစ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ ဆသု၊ ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကဗာဟိရေသု၊ အတွင်းသန္တာန်, အပသန္တာန်၌ဖြစ်ကုန်သော။ အာယတနေသု၊ အာယတန ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ အာယတနတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ ဆသု၊ ခြောက်ပါးကုန်သော။ အဇ္ဈတ္တိကဗာဟိရေသု၊ အတွင်းသန္တာန်, အပသန္တာန်၌ ဖြစ်ကုန်သော။ အာယတနေသု၊ အာယတန ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ အာယတနတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

(က) ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုဉ္စ၊ စက္ခုပသာဒကိုလည်း။ ပဇာနာတိ၊ သိ၏။ ရူပေစ၊ ရူပါရုံတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ထို စက္ခုပသာဒ, ရူပါရုံ နှစ်ပါးကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စသံယောဇနံ၊ အကြင်ကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ် ဆယ်ပါးကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင် မသင့်သောနှလုံးသွင်းခြင်း ကြောင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ထိုသံယောဇဉ် ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်သင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ သံယောဇနဿ၊ သံယောဇဉ်ကို။ ပဟာနံ၊ တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ကို ပယ်ကြောင်းကိုလည်း။ ပဇာနာတိ၊သိ၏။

ယထာ စ၊ အကြောင်းတခုဂ်ဖြင့်၊ ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ သံယောဇဉ်၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဂ်ဖြင့်မဖြစ်ခြင်းသည်။ ဟောတိ။ ဖြစ်၏။ တဉ္စ၊ ထိုနောင်တဘန်မဖြစ်ကြောင်း ဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(၁) သောတဉ္စ၊ သောတပသာဒကိုလည်း။ ပဇာနာတိ သိ၏။ သဒ္ဒေစ၊ သဒ္ဒါရုံတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ထို သောတပသာဒ, သဒ္ဒါနှစ်ပါးကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စ သံယောဇနံ၊ အကြောင်းကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ဆယ်ပါးကိုလည်း၊ ပဇာနာတိ၊ သိ၏။ ပ။ တဉ္စ၊ ထို နောင်တဘန်မဖြစ်ကြောင်း ဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(၈) ဃာနဉ္စ၊ ဃာနပသာဒကိုလည်း။ ပဇာနာတိ၊ သိ၏။ ဂန္ဓေစ၊ ဂန္ဓာရုံတို့ကိုလည်း။ ပဇာနာတိ၊ သိ၏၊ တဒုဘယံ၊ ထို ဃာနပသာဒ, ဂန္ဓာရုံနှစ်ပါးကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စ၊ သံယောဇနံ၊ အကြောင်း ကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ဆယ်ပါးကိုလည်း။ ပဇာနာတိ သိ၏။ ပ။ တဉ္စ၊ ထိုနောင်တဘန်မဖြစ်ကြောင်း ဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဃ) ဇိဝှဉ္စ၊ ဇိဝှါပသာဒကိုလည်း၊ ပဇာနာတိ၊ သိ၏၊ ရသေစ၊ ရသာရုံတို့ကိုလည်း။ ပဇာနာတိ၊ သိ၏။ တဒုဘယံ၊ ထိုဇိဝှါပသာဒ, ရသာရုံနှစ်ပါးကို။ ပဋိစ္စ၊ စွဲ၍။ ယဉ္စသံယောဇနံ၊ အကြောင်း ကာမရာဂ စသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ဆယ်ပါးကိုလည်း။ ပဇာနာတိ၊ သိ၏။ ပ။ တဉ္စ၊ ထို နောင်တဘန်မဖြစ်ကြောင်း ဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(င) ကာယဉ္စ၊ ကာယပသာဒကိုလည်း။ ပဇာနာတိ၊သိ၏။ ဖောဋ္ဌဗ္ဗေစ၊ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်း။ ပဇာနာတိ သိ၏။တဒုဘယံ၊ ထိုကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံနှစ်ပါးကို။ပဋိစ္စ၊စွဲ၍။ ယဉ္စသံယောဇနံ၊ အကြင် ကာမရာဂစသော သံယောဇဉ် ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ဆယ်ပါးကိုလည်း၊ ပဇာနာတိ၊ သိ၏။ ပ။ တဉ္စ၊ ထိုနောင်တဘန်မဖြစ်ကြောင်း ဖြစ်သောမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(စ) မနဉ္စ၊ မနာယတနကိုလည်း။ ပဇာနာတိ၊သိ၏။ ဓမ္မေစ၊ ဓမ္မာရုံတို့ကိုလည်း။ ပဇာနာတိ၊သိ၏။ တဒုဘယံ၊ထိုမနာယတန, ဓမ္မာရုံနှစ်ပါးကို။ ပဋိစ္စ စွဲ၍။ယဉ္စသံယောဇနံ၊ အကြင်ကာမရာဂစသော သံယောဇဉ်ဆယ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ် ဆယ်ပါးကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်မသင့်သော နှလုံးသွင်းခြင်း ကြောင့်လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ် ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်သင့်သော နှလုံးသွင်းခြင်းကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ သံယောဇနဿ၊ သံယောဇဉ်ကို။ ပဟာနံ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနအားဖြစ် ပယ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ တဉ္စ၊ ထိုသံယောဇဉ်ကို ပယ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင်တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့်လည်း။ ပဟီနဿ၊ ပယ်အပ်ပြီးသော။ သံယောဇနဿ၊ သံယောဇဉ်၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဂ်ဖြင့်မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုနောင်တဘန် မဖြစ်ကြောင်းမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဆ) ဣတိ၊ဤသို့။ အဇ္ဈတ္တံဝါ၊မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ အာယတနတရားတို့၌၊ ဓမ္မာနုပဿီ၊အာယတနတရားကို အဆန်

တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ပ။ ခမ္မေသု၊ အာယတန တရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ စက္ခွာယတန စသည်၏ ဖြစ်ကြောင်းဖြစ်သော အဝိဇ္ဇာစသောတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ သသု၊ ခြောက်ပါး ကုန်သော။ အဇ္ဈတ္တိကဗာဟိရေသု၊ အတွင်းသန္တာန်, အပသန္တာန် ၌ဖြစ်ကုန်သော။ အာယတနေသု၊ အာယတန ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ အာယတနတရားကို အဘန် တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

## အာယတနပိုင်း၌ အထူးမှတ်ဘွယ်

စက္ခုသည်၊ သသမ္ဘာရစက္ခု, ပသာဒစက္ခုဟူ၍ နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင် မျက်ကွင်းရိုးဖြင့် ပိုင်းခြားအပ်သော အသား စိုင်သည် သသမ္ဘာရစက္ခုမည်၏၊ထိုသသမ္ဘာရ စက္ခု၏အလယ် ၌ ဝါဠမ်းစိုင်ဝယ် ဆီပေါက်ကဲ့သို့ မျက်လွှာခုနစ်ထပ်ကို နှံ့၍ တည်သော ပရမာ ဏု မြူ မျှ လောက် သော ပသာဒ ရုပ်သည် ပသာဒစက္ခုမည်၏။

သောတ စသည်တို့သည်လည်း သသမ္ဘာရ, ပသာဒ ဟူ၍ နှစ်ပါးစီချည်းပြားကုန်၏၊ ထိုအပြားတို့တွင် နားပေါက်အတွင်း လက်စွပ်ကွင်းသဏ္ဍာန် အသားစိုင်၌ နီသော အဆင်းရှိသော အမွေးကိုမှီ၍ သောတပသာဒတည်၏၊ နှာခေါင်းအတွင်း ဆိတ် ခွာသဏ္ဍာန်ရှိသောအရပ်၌ ဃာနပသာဒတည်၏။

လျှာ၏အလယ် ကြာရွက်ဖျားမျှလောက်သော အရပ်၌ ဇိဝှါ ပသာဒတည်၏။

ဝါဠမ်းစိုင်၌ဆီကဲ့သို့ တကိုယ်လုံး၌ ကာယပသာဒတည်၏။

ဟဒယဝတ္ထုရုပ်အတွင်း နှလုံးသွေး၌ မနာယတနတည်၏။

ဤ စက္ခုစသော အဇ္ဈတ္တိကာယတန ခြောက်ပါး၌ ရူပါရုံ စသော ဗာဟိရာယတနခြောက်ပါး ထင်သည်ကို စွဲ၍ဖြစ်သော

သံယောဇဉ်ကား ကာမရာဂသံယောဇဉ်, ပဋိဃ,မာန,ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဘဝရာဂ, သီလဗ္ဗတပရာမာသ, ဣဿာ, မစ္ဆရိယ, အဝိဇ္ဇာသံယောဇဉ်ဟူ၍ ဆယ်ပါးတည်း။

ထိုသံယောဇဉ်သည် အဘယ်သို့ဖြစ်သနည်းဟူမူကား-

(၁) စက္ခုဒွါရ၌ ထင်မြဲဖြစ်သော ရူပါရုံ,
(၂) သောတဒွါရ၌ ထင်မြဲဖြစ်သော သဒ္ဒါရုံ,
(၃) ဃာနဒွါရ၌ ထင်မြဲဖြစ်သော ဂန္ဓာရုံ,
(၄) ဇိဝှါဒွါရ၌ ထင်မြဲဖြစ်သော ရသာရုံ,
(၅) ကာယဒွါရ၌ ထင်မြဲဖြစ်သော ဖောဋ္ဌဗ္ဗာရုံ,
(၆) မနောဒွါရ၌ ထင်မြဲဖြစ်သော ဓမ္မာရုံထင်သည်ရှိသော်-

(၁) ထိုအာရုံကို သာယာနှစ်သက် မက်မောသသူအား ကာမရာဂ သံယောဇဉ်ဖြစ်၏။
(၂) အနိဋ္ဌာရုံ ထင်သည်ရှိသော် အမျက်ထွက်သသူအား ပဋိဃသံယောဇဉ်
(၃) ဤကဲ့သို့သော ဣဋ္ဌာရုံကိုရသသူအား ငါပြင်မရှိ-စသည်ဖြင့် ထောင်လွှားမှတ်ထင် အောက်မေ့သသူအား မာန သံယောဇဉ်,
(၄) ဤ ရူပါရုံစသည် မြဲ၏-စသည်ဖြင့် ယူသသူအား ဒိဋ္ဌိ သံယောဇဉ်
(၅) ဤအာရုံကား သတ္တဝါ ဖြစ်လေသလော-ဟု တွေးတော ယုံမှားသသူအား ဝိစိကိစ္ဆာသံယောဇဉ်,
(၆) သမ္ပတ္တိဘဝ၌ ဤသို့သောအာရုံကို ရလွယ်၏-ဟု ဘဝကို တောင့်တသသူအား ဘဝရာဂ သံယောဇဉ်,
(၇) ဤသို့သော အလေ့အကျင့်ကို ဆောက်တည်၍ နောင်အခါလည်း ဤသို့သော ဣဋ္ဌာရုံကို ရခြင်းငှာ တတ်ကောင်း၏-ဟု နွား, ခွေး စသည်တို့ အလေ့ အကျင့်ကို ဆောက်တည်သသူအား သီလဗ္ဗတပရာမာသ သံယောဇဉ်,

(၈) ဣဋ္ဌာရုံကို ငါမှတပါး အခြားသူမရပါစေလင့် ဟု ငြူစူသသူအား ဣဿာ သံယောဇဉ်,

(၉) မိမိရသော စည်းစိမ်ချမ်းသာအာရုံကို သူတပါးနှင့် မစပ်စေလို ဝန်တိုသသူအား မစ္ဆရိယ သံယောဇဉ် ဖြစ်၏။

(၁၀ ကာမရာဂ စသော သံယောဇဉ်နှင့် အတူတကွ ဖြစ်သော မောဟ၏အစွမ်းဖြင့် အဝိဇ္ဇာသံယောဇဉ်ဖြစ်၏။ ထို သံယောဇဉ်တို့တွင်-

(၁) ဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသ,ဣဿာ,မစ္ဆရိယ, ဤသံယောဇဉ် ငါးပါးသည် သောတာပတ္တိ မဂ်ဖြင့် နောင်တဘန်မဖြစ်ပြီ။

(၂) ရုန့်ရင်းသော ကာမရာဂ, ပဋိဃ သံယောဇဉ် နှစ်ပါးသည် သကဒါဂါမိမဂ်ဖြင့် နောင်အခါမဖြစ်

(၃) သိမ်မွေ့သော ကာမရာဂ, ပဋိဃသံယောဇဉ် နှစ်ပါးသည် အနာဂါမိမဂ်ဖြင့် နောင်အသစ်မဖြစ်။

(၄) မာန, ဘဝရာဂ, အဝိဇ္ဇာ သံယောဇဉ်သုံးပါးသည်အရဟတ္တမဂ်ဖြင့် နောင်အသစ်မဖြစ်ပြီ။

### သစ္စာ ၄-ပါး ခွဲပြချက်

(၁) အာယတနကို သိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ,

(၃) ထို သစ္စာနှစ်ပါး၏ မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ,

(၄) ထို နိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

အာယတနပဗ္ဗံ၊ အာယတနအားဖြင့် နှလုံးသွင်းရသော
အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

## ဓမ္မာနုပဿနာ ဗောဇ္ဈင်ပိုင်း

၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဘန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင်ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဗောဇ္ဈင်တရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အသို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင် ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဗောဇ္ဈင်တရားကို အဘန်တလဲလဲ ရှုသည် ဖြစ် ၍။ ဝိဟရတိ၊ နေသနည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ သန္တံ ဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည်မှုလည်းဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ ကုသိုလ် တရားကို အောက်မေ့တတ်သော သတိသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိ သမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌။ အသန္တံ ဝါ၊ မရသည်ဖြစ်၍ ထင်ရှား မရှိသည်လည်းဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂံ၊ သတိသမ္ဗောဇ္ဈင်ကို၊ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်အသင့်နှလုံးသွင်းခြင်းကြောင့်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုသတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာ စ၊ အကြင်အရဟတ္တမဂ်ကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ သတိသမ္ဗောဇ္ဈင်္ဂဿ၊ သတိသမ္ဗောဇ္ဈင်၏။ ဘာဝနာယ၊

ပွားခြင်းဖြင့်, ပွားခြင်း၌, ပွားခြင်း၏။ ပါရိပူရိ၊ ပြည့်စုံခြင်းသည်။ ဧဟောတိ၊ ဖြစ်၏။ တဥ္စ၊ ထိုအရဟတ္တမဂ်ကို လည်း။ ပဇာနာတိ၊ သိ၏။

(ခ) သန္တံဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည့် မှုလည်းဖြစ်သော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂံ၊ သဘောတရားကို စုံစမ်းဆင်ခြင်တတ်သော ပညာတည်းဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ပ။ တဥ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဂ) သန္တံဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည့် မှုလည်း ဖြစ်သော။ ဝီရိယ သမ္ဗောဇ္ဈင်္ဂံ၊ ကုသိုလ်တရားကို အားထုတ်ခြင်းတည်းဟူသော ဝီရိယသမ္ဗောဇ္ဈင်ကို။ ပ။ တဥ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဃ) သန္တံဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည့်မှုလည်း ဖြစ်သော။ ပီတိသမ္ဗောဇ္ဈင်္ဂံ၊ရတနာသုံးပါးဂုဏ်စသည်ကို နှစ်သက်ခြင်းတည်းဟူသော ပီတိသမ္ဗောဇ္ဈင်ကို။ ပ။ တဥ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(င) သန္တံဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည့်မှုလည်း ဖြစ်သော။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ၊ ကိုယ်စိတ်၏ ငြိမ်ခြင်းတည်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ပ။ တဥ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(စ) သန္တံဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည့်မှုလည်း ဖြစ်သော။ သမာဓိသမ္ဗောဇ္ဈင်္ဂံ၊ တည်ကြည်ခြင်း, မပျံ့လွင့်ခြင်းတည်းဟူသော သမာဓိသမ္ဗောဇ္ဈင်ကို။ ပ။ တဥ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဆ) သန္တံ ဝါ၊ ရသည်ဖြစ်၍ ထင်ရှားရှိသည်မူလည်း ဖြစ်သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ လျစ်လျူရှုခြင်း တည်းဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ အသန္တံ ဝါ၊ မရသည်ဖြစ်၍ ထင်ရှား မရှိသည် မူလည်း ဖြစ်သော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ မေ၊ ငါ၏။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင် အသင့်နှလုံး သွင်း ခြင်း ကြောင့် လည်း။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုဥပေက္ခာ သမ္ဗောဇ္ဈင်ဖြစ်ကြောင်းကိုလည်း။ ပဇာနာတိ၊ သိ၏။

ယထာစ၊ အကြင် အရဟတ္တမဂ် ကြောင့်လည်း။ ဥပ္ပန္နဿ၊ ဖြစ်သော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်၏။ ဘာဝနာယ၊ ပွားခြင်းဖြင့်, ပွားခြင်း၌, ပွားခြင်း၏။ ပါရိပူရိ၊ ပြည့်စုံခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဉ္စ၊ ထိုအရဟတ္တမဂ်ကိုလည်း။ ပဇာနာတိ၊ သိ၏။

(ဇ) ဣတိ၊ ဤသို့။ အဇ္ဈတ္တံ ဝါ၊ မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ ဗောဇ္ဈင်တရားတို့၌။ ဓမ္မာနုပဿီ၊ ဗောဇ္ဈင် တရား ကို အဘန် တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ ဗောဇ္ဈင် တရားတို့၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိ ခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်းသည်။ သတ္တသု၊ ခုနစ်ပါး ကုန်သော။ ဗောဇ္ဈင်္ဂေသု၊ ဗောဇ္ဈင် ဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ ဗောဇ္ဈင်တရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

## မဟာဝဂ္ဂပိုင်း၌ အထူးမှတ်ဖွယ်

သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား-

(၁) အဘိက္ကန္တစသော ခုနစ်ပါးသောအရာတို့၌ သတိသမ္ပဇဉ်နှင့် ယှဉ်ခြင်း,
(၂) လွတ်သော သတိရှိသောသူကို ကြဉ်ခြင်း,
(၃) ထင်သော သတိရှိသောသူကို မှီဝဲခြင်း,
(၄) ရပ်ခြင်းစသည်၌ သတိဖြစ်စေခြင်းငှါ ညွတ်ကိုင်း ရှိုင်းဝမ်းသော စိတ်ရှိခြင်း-ဟူ၍ ၄-ပါးတည်း။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းကား-

(၁) ခန္ဓာ, အာယတန, ဓာတ်စသည်ကို မေးမြန်းဘန် များခြင်း,
(၂) ကိုယ်တွင်း ကိုယ်ပ၌ဖြစ်သော ဝတ္ထုသန့်ရှင်း စင်ကြယ်ခြင်း,
(၃) သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ချွဲ့သည်၊ ဝီရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမှုကား လွန်သည်မရှိ၊ လိုသည်သာရှိသည် ဟူရကား- သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို မျှစေခြင်း,
(၄) ပညာမဲ့ကိုကြဉ်ခြင်း,
(၅) ပညာရှိကိုယှဉ်ခြင်း,
(၆) နက်နဲသော ခန္ဓာစသည်၌ဖြစ်သော နက်နဲသော ပညာအပြားကိုဆင်ခြင်ခြင်း,
(၇) ရပ်ခြင်း, စသည်၌ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်စေခြင်းငှါ ညွတ်ကိုင်း ရှိုင်း ဝမ်းသော စိတ်ရှိခြင်း-ဟူ၍ ၇-ပါးတည်း။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းကား-

(၁) အပါယ်ဘေးကိုဆင်ခြင်ခြင်း,
(၂) ဝီရိယ၏အကျိုးကိုရှုမြင်ခြင်း,
(၃) ဘုရားစသော သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့ လိုက်သင့်၏-ဟုဆင်ခြင်ခြင်း,
(၄) တရားကို အားထုတ်ခြင်းဖြင့် ဆွမ်းကိုပူဇော်ခြင်း,
(၅) သူတော်ကောင်း ဥစ္စာဟူသော အမွေခံ မြတ်သည်ကို ဆင်ခြင်ခြင်း,
(၆) ဘုရား၏ မြတ်သည့်၏အဖြစ်ကို ဆင်ခြင်ခြင်း,
(၇) ဘုရားသားတော်အဖြစ် တည်းဟူသော အမျိုး မြတ်သည်ကို ဆင်ခြင်ခြင်း,
(၈) သီတင်းသုံးဘော်မြတ်သည်ကို ဆင်ခြင်ခြင်း,
(၉) ပျင်းရိသောသူကို ကြဉ်ခြင်း,
(၁၀) အားထုတ်အပ်သော ဝီရိယရှိသသူကိုယှဉ်ခြင်း,
(၁၁) ရပ်ခြင်းစသည်၌ ဝီရိယကိုဖြစ်စေခြင်း၌ ညွတ်ကိုင်းရှိုင်းဝှမ်းသောစိတ်ရှိခြင်း-ဟူ၍ ၁၁-ပါးတည်း။

ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား-

(၁) ဗုဒ္ဓါနုဿတိ,
(၂) ဓမ္မာနုဿတိ,
(၃) သံဃာနုဿတိ,
(၄) သီလာနုဿတိ,
(၅) စာဂါနုဿတိ,
(၆) ဒေဝတာနုဿတိ,
(၇) ဥပသမာနုဿတိ - ဟူ၍ အနုဿတိ ခုနစ်ပါး-ဘုရားစသည်၌ ကြည်ညိုခြင်း,
(၈) သဒ္ဓါအစေးကင်း၍ ခြောက်သွေ့သောသူကို ကြဉ်ခြင်း,
(၉) သဒ္ဓါတရားများသောသူကို မှီဝဲခြင်း,

(၁၀) ကြည်ညိုဖွယ်သော သုတ္တန်ကိုဆင်ခြင်ခြင်း,
(၁၁) ရပ်ခြင်းစသည်၌ ပီတိဖြစ်စေခြင်း၌ ညွတ်ကိုင်း ရှိုင်း ဝှမ်းသော စိတ်ရှိခြင်း-ဟူ၍ ၁၁-ပါးတည်း။

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား-
(၁) မွန်မြတ်သောဘောဇဉ်ကို မှီဝဲခြင်း,
(၂) လျောက်ပတ်သော ဥတုကိုမှီဝဲခြင်း,
(၃) ချမ်းသာသော ဣရိယာပုထ်ကိုမှီဝဲခြင်း,
(၄) မိမိ၏ရင်း, သူတပါး၏ရင်း ကံသာလျှင် ဥစ္စာရှိသည်ကို ဆင်ခြင်ခြင်း,
(၅) သူတပါးအား ညှဉ်းဆဲသဖြင့် ပူပန်သော ကိုယ်ရှိသသူကို ကြဉ်ခြင်း,
(၆) ငြိမ်းချမ်းသော ကိုယ်စိတ်ရှိသသူကို မှီဝဲခြင်း,
(၇) ရပ်ခြင်းစသည်၌ ပဿဒ္ဓိ ဖြစ်စေခြင်း၌ ညွတ်ကိုင်း ရှိုင်း ဝှမ်း သောစိတ်ရှိခြင်း-အားဖြင့် ၇-ပါးတည်း။

သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း-
(၁) အတွင်း အပဝတ္ထု စင်ကြယ်ခြင်း,
(၂) သဒ္ဓါနှင့် ပညာ, ဝီရိယနှင့် သမာဓိကို မျှစေခြင်း,
(၃) သမာဓိ၏အာရုံဖြစ်သော ကသိုဏ်းနိမိတ်ကို ယူခြင်း၌ လိမ္မာခြင်း,
(၄) ဝီရိယလျော့ခြင်းစသည်ဖြင့် တွန့်သော စိတ်ရှိသောအခါ ဓမ္မဝိစယ, ဝီရိယ, ပီတိဖြင့် စိတ်ကိုချီးပင့်ခြင်း,
(၅) ဝီရိယ လွန်ခြင်းစသည်ဖြင့် ပျံ့လွင့်သော စိတ်ရှိသော အခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာဖြင့် စိတ်ကိုနှိပ်ခြင်း,
(၆) ပညာ ပယောဂ နုံ့ခြင်းကြောင့်ရင်း, ငြိမ်သက်သော ချမ်းသာကို မရခြင်းကြောင့်ရင်း စိတ်မသက်သာသော အခါ သံဝေဂဝတ္ထုကို ဆင်ခြင်၍ရင်း, ရတနာသုံးပါး ဂုဏ်ကို အောက်မေ့၍ရင်း စိတ်ကိုရွှင်စေခြင်း,

(၇) တွန့်ခြင်း, ပျံ့လွင့်ခြင်းကင်း၍ အာရုံ၌ အမှုဖြစ်သော အခါ မြှောက်ခြင်း, နှိပ်ခြင်း, ရွှင်စေခြင်းတို့၌ ကြောင့် ကြမပြုမူ၍ လျစ်လျူရှုခြင်း,

(၈) ပျံ့လွင့်သသူကို ကြဉ်ခြင်း,

(၉) တည်ကြည်သသူကို ယှဉ်ခြင်း,

(၁၀) ဈာနဝိမောက္ခကို ဆင်ခြင်ခြင်း,

(၁၁) ရပ်ခြင်းစသည်၌ သမာဓိကိုဖြစ်စေခြင်း၌ ညွှတ်ကိုင်း ရှိုင်း ဓမ်းသော စိတ်ရှိခြင်း-ဟူ၍ ၁၁-ပါးတည်း။

ဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းကား-

(၁) မိမိ၏ရင်း, သူတပါး၏ရင်း ကံသာလျှင် ဥစ္စာရှိ၏ဟု ဆင်ခြင်၍ရင်း၊ ပရမတ္ထအားဖြင့် သတ္တဝါမည်သည်မရှိ၊ သင်သည် အဘယ်သူကို ချစ်ခင်သနည်းဟု နိဿတ္တ အဖြစ်ကို ဆင်ခြင်၍ရင်း သတ္တဝါကိုလျစ်လျူရှုခြင်း,

(၂) သက်နိုးစသော သင်္ခါရသည် အစဉ်သဖြင့် အဆင်း ဘောက်ပြန်၍ ဆိုးရွားပောင်းမြင်း စုတ်ပြတ်ခြင်းသို့ ရောက်လတ္တံ့။ ဤသက်နိုးစသည်ကို အစိုးရဘိမူကား ဤကဲ့သို့မဖြစ်ရာဟုအသာမိကအဖြစ်ကို ဆင်ခြင်၍ရင်း, ဤသက်နိုးစသည်လည်း အရှည်မခံ အခိုက်အတန့်သာ ဟု တာဝကာလိကအဖြစ်ကို ဆင်ခြင်၍ရင်း သင်္ခါရကို လျစ်လျူရှုခြင်း,

(၃) သားသမီးစသောသတ္တဝါ, ဥစ္စာခမ်းနားစသော သင်္ခါရကို ချစ်ခင်မြတ်နိုးတတ်သသူကို ကြဉ်ခြင်း,

(၄) သတ္တဝါသင်္ခါရကိုလျစ်လျူရှုတတ်သသူကို ယှဉ်ခြင်း,

(၅) ရပ်ခြင်းစသည်၌ ဥပေက္ခာဖြစ်စေခြင်း၌ ညွှတ်ကိုင်း ရှိုင်း ဓမ်းသော စိတ်ရှိခြင်း-ဟူ၍ ၅-ပါးတည်း။

သစ္စာ ၄-ပါးခွဲပြားချက်

(၁) ဗောဓိဖြင့်ကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ,

(၂) ထိုဒုက္ခကို ဖြစ်စေတတ်သော တဏှာသည် သမုဒယ သစ္စာ,

(၃) ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,

(၄) ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်၏။

ဗောဇ္ဈင်္ဂပဗ္ဗံ၊ ဗောဇ္ဈင်အားဖြင့် နှလုံးသွင်းရာသော
အပိုင်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

ဓမ္မာနုပဿနာ သစ္စာပိုင်း

၁၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို အဘန်တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဘိက္ခု၊ ရဟန်းသည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယသစ္စာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို။ အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေသနည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်-

(က) ဣဒံ၊ ဤတဏှာကြဉ်သော တေဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်တိုင်း။ပဇာနာတိ၊ သိ၏။

(ခ) အယံ၊ ဤတဏှာသည်။ ဒုက္ခသမုဒယော၊ ဒုက္ခ၏အကြောင်းတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက် မပြန် ဟုတ်မှန်တိုင်း။ ပဇာနာတိ၊ သိ၏။

(ဂ) အယံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဒုက္ခ၏ ချုပ်ရာတည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက် မပြန်၊ ဟုတ်မှန်တိုင်း။ ပဇာနာတိ၊ သိ၏။

(ဃ) အယံ၊ဤမဂ္ဂင်ရှစ်ပါးသည်။ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်စေတတ်သော အကျင့်တည်း။ ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက် မပြန် ဟုတ်မှန်တိုင်း။ ပဇာနာတိ၊ သိ၏။

ပဌမဘာဏဝါရော၊ ပဌမဘာဏဝါရသည်။
နိဋ္ဌိတော၊ ပြီးပြီ။

---

ဒုက္ခသစ္စနိဒ္ဒေသ

၁၆။ ဘိက္ခဝေ၊ရဟန်းတို့။ ဒုက္ခံ၊ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဉ္စ၊ အဘယ်နည်း။

(က) ဇာတိပိ၊ပဋိသန္ဓေနေခြင်းသည်လည်း။ဒုက္ခာ၊ဆင်းရဲ၏။

(ခ) ဇရာပိ၊ ဆိုးရွားဟောင်းမြင်း, အိုမင်းမှည့်ပျော်, ရင့်ရော်ခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။

(ဂ) မရဏံပိ၊ စုတိပြတ်ကြွေ, သေလွန်ခြင်း သည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

(ဃ) သောကပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာပိ၊စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း,ကိုယ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, စိတ်၏ လွန်စွာပင်ပမ်းခြင်း တို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

(င) အပ္ပိယေဟိ၊ မချစ်အပ် ကုန်သော အာရုံ, သင်္ခါရ, သတ္တဝါတို့နှင့်။ သမ္ပယောဂေါ၊ တကွတွေ့ကြုံ ပေါင်းဆုံခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။

(စ) ပိယေဟိ၊ ချစ်အပ်ကုန်သော အာရုံ, သင်္ခါရ,သတ္တဝါတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။

(ဆ) ယမ္ပိ-ယေနပိဓမ္မေန၊အကြင်မဂ်ကိုပွားစေခြင်းမှ တပါးသော တောင့်တခြင်းဟူသော အကြောင်းဖြင့်လည်း။ အလဗ္ဘနေယျဝတ္ထုံ၊ ပဒိုသန္တနေခြင်း သဘော၏ မရှိခြင်း စသော မရအပ်သော ဝတ္ထုကို။ ဣစ္ဆံ-ဣစ္ဆန္တော၊ တောင့်တသောသူသည်။ နလဘတိ၊မရ။ တမ္ပိ-ဣစ္ဆံနံ၊ ထိုမဂ်ကို ပွားစေခြင်းမှ တပါးသော အကြောင်းဖြင့် မရအပ်သောဝတ္ထုကို တောင့်တခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

(ဇ) သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

(၁) ဘိက္ခဝေ၊ရဟန်းတို့။ ကတမာစ၊ အဘယ်တရားသည် ကား။ ဇာတိ၊ဇာတိမည်သနည်း။ ဘိက္ခဝေ၊ရဟန်းတို့။ တေသံ-တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါဘို့၏။ တမှိတမှိသတ္တနိကာယေ၊ ထိုထို သတ္တဝါတို့၏ နေရာ၌။ "ထိုထို သတ္တဝါ အပေါင်း၌" ယာဇာတိ၊ အကြင် ခန္ဓာ တို့၏ ဖြေး ဦးစွာ ဖြစ်ခြင်းသည်။ ယာသဉ္ဇာတိ၊ အကြင်ပြည့်စုံစွာ ဖြစ်ခြင်းသည်။ ယာဩက္ကန္တိ၊ အကြင်အဏ္ဍဇတို့၏ ဥခွံတွင်း၌, ဇလာဗုဇတို့၏ ဝမ်းတွင်းသို့ သက်ဝင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသည်။ ယာအဘိနိဗ္ဗတ္တိ၊ အကြင်သံသေဒဇ, ဥပပါတ်တို့၏ ဘဝသစ်၌ ကိုယ်ထင် ဖြစ်ခြင်းသည်။ ခန္ဓာနံ၊ တပါး, လေးပါး, ငါးပါး ကုန်သော

ဝိပါကနာမက္ခန္ဓာက ဥတ္တာရုပ် တို့၏။ ယော ပါတုဘာဝေါ၊ အကြောင်းထင်ရှား ဖြစ်ခြင်းသည်။ အာယတနာနံ၊ စက္ခုစသော အာယတနတို့ကို။ ယော ပဋိလာဘော၊ အကြောင်းရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ဇာတိ၊ ပဋိသန္ဓေ နေခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၂) ဘိက္ခဝေ၊ ရဟန်းတို့။ ကတမာစ၊ အဘယ်တရားသည်ကား။ ဇရာ၊ ဇရာမည်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တေသံတေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိတမှိသတ္တနိကာယေ၊ ထိုထို သတ္တဝါအပေါင်း၌။ ယာဇရာ၊ အကြောင်းအိုခြင်းသည်။ ယာဇီရ-ဏတာ၊ အကြောင်း အိုသောအခြင်းအရာသည်။ ယံခဏ္ဍိစ္စံ၊ အကြောင်း သွားကျိုးသည့်၏ အဖြစ်သည်။ ယံပါလိစ္စံ၊ အကြောင်းဆံဖြူသည့်၏ အဖြစ်သည်။ ယာ ဝလိတ္တစတာ၊ အကြောင်း အရေတွန့်သည့်၏ အဖြစ်သည်။ အာယုနော၊ ရုပ် ဇီဝိတိန္ဒြေ, နာမ် ဇီဝိတိန္ဒြေ၏။ ယာသံဟာနိ၊ အကြောင်းယုတ်ခြင်းသည်။ ဣန္ဒြိယာနံ၊ စက္ခုစသော ဣန္ဒြေတို့၏။ ယောပရိပါကော၊ အကြောင်းရင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ဇရာ၊ အိုခြင်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၃) ဘိက္ခဝေ၊ ရဟန်းတို့။ ကတမဉ္စ၊ အဘယ်တရား သည်ကား။ မရဏံ၊ မရဏမည်သနည်း။ ဘိက္ခဝေ ရဟန်းတို့။ တေသံ တေသံ သတ္တာနံ။ ထိုထိုသတ္တဝါတို့၏။ တမှာတမှာသတ္တနိကာယာ၊ ထိုထိုသတ္တဝါတို့၏နေရာမှ။ ယာစုတိ၊ အကြောင်း ရွေ့လျောခြင်းသည်။ ယာစဝနတာ၊ အကြောင်းရွေ့လျောသော အခြင်းအရာသည်၊ ယောဘေဒေါ၊ အကြောင်းခန္ဓာ ပျက်ခြင်းသည်။ ယံအန္တရဓာနံ၊ အကြောင်းခန္ဓာကွယ်ခြင်းသည်။ ယောမစ္စု၊ အကြောင်းသေခြင်းသည်။ ယံမရဏံ၊ အကြောင်းအသက်ကိုစွန့်ခြင်းသည်။ ယာ ကာလံကိရိယာ၊ အကြောင်းသေခြင်းကိုပြုခြင်းသည်။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ယောဘေ-ဒေါ၊ အကြောင်း ပျက်ခြင်းသည်။ ကဠေဝရဿ၊ အကောင်ကို။

ယောနိကွေပေါ၊ အကြွင် ပစ်ချ ခြင်း သည်။ ဇီဝိတိန္ဒြိယသော၊ ဇီဝိတိန္ဒြေ၏။ ယောဥပစ္ဆေဒေါ၊ အကြွင် ချုပ်ပြတ်ခြင်းသည်။ အတ္တိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ မရဏံ၊ သေခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၄) ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ်တရားသည်ကား။ သောကော၊ သောကမည်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဗျသနေန၊ ဆွေမျိုးပျက်စီးခြင်းစသည်ဖြင့်။ သမန္နာဂတဿ-အဘိဘူတဿ၊ နှိပ်စက်အပ်သော။ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲခြင်း၏အကြောင်းသည်၊ "ဆင်းရဲခြင်းသဘောဖြင့်"။ ဖုဋ္ဌဿ၊ တွေ့အပ်သော။ သတ္တဿ၊ သတ္တဝါ၏။ ယောသောကော၊ အကြွင်စိုးရိမ်ခြင်းသည်။ ယာသောစနာ၊ အကြွင်စိုးရိမ်သော အခြင်းအရာသည်။ ယံသောစိတတ္တံ၊ အကြွင်စိုးရိမ်သည်၏ အဖြစ်သည်။ ယောအန္တောသောကော၊ အကြွင်အတွင်း၌ စိုး ရိမ် ခြင်း သည်။ ယော အန္တောပရိသောကော၊ အကြွင်အတွင်း၌ ပြင်းစွာစိုးရိမ်ခြင်းသည်။ အတ္တိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤ တရားကို။ သောကော၊ သောက ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၅) ဘိက္ခဝေ၊ ရဟန်းတို့။ ကတမော စ၊ အဘယ် တရားသည်ကား။ ပရိဒေဝေါ၊ ပရိဒေဝမည်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အညတရညတရေန၊ အမှတ်မဲ့တပါးပါးသော။ ဗျသနေန၊ ဆွေးမျိုးပျက်စီးခြင်းစသည်ဖြင့်။ သမန္နာဂတဿ-အဘိဘူတဿ၊ နှိပ်စက်အပ်သော။ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲခြင်း၏ အကြောင်းသည်။ ဖုဋ္ဌဿ၊ တွေ့အပ်သော။ သတ္တဿ၊ သတ္တဝါ၏။ ယောအာဒေဝေါ၊ အကြွင်သားသမီးစသည်ကို ရည်ညွှန်း၍ ငိုမြည်တမ်းခြင်းသည်။ ယောပရိဒေဝေါ၊ အကြွင်ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည်တမ်းခြင်း

သည်။ ယာအာဒေဝနာ၊ အကြင်ရည်ညွှန်း၍ ငိုမြည်တမ်းသော အခြင်းအရာသည်။ ယာပရိဒေဝနာ၊ အကြင် ဂုဏ်ကျေးဇူးကို ဆို၍ ငိုမြည်တမ်းသော အခြင်းအရာသည်။ ယံအာဒေဝိတတ္တံ၊ အကြင်ရည်ညွှန်း၍ ငိုမြည်တမ်းသည်၏အဖြစ်သည်။ ယံပရိဒေဝိတတ္တံ၊ အကြင်ဂုဏ်ကျေးဇူးကိုဆို၍ ငိုမြည်တမ်းသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ပရိဒေဝေါ၊ ပရိဒေဝဟူ၍။ ဝုစ္စတိ၊ ထိုအပ်၏။

(၆) ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခံ၊ ကိုယ်၏ဆင်းရဲခြင်းသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာယိကံ၊ ကာယပသာဒ၌မှီသော၊ ယံခေါ ဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ ကာယိကံ၊ ကာယပသာဒ၌မှီသော။ ယံအသာတံ၊ အကြင်မသာယာခြင်းသည်။ ကာယသမ္ဖဿဇံ၊ ကာယပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ အသာတံ၊ မသာယာအပ်သော။ ယံဝေဒယိတံ၊ အကြင် ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒုက္ခံ၊ ကိုယ်၏ ဆင်းရဲခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၇) ဘိက္ခဝေ၊ ရဟန်းတို့။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စေတသိကံ၊ စိတ်၌မှီသော။ ယံခေါ ဒုက္ခံ၊ အကြင်ဆင်းရဲခြင်းသည်။ စေတသိကံ၊ စိတ်၌မှီသော။ ယံအသာတံ၊ အကြင်မသာယာခြင်းသည်။ မနောသမ္ဖဿဇံ၊ စိတ်၌မှီသော ဖဿကြောင့်ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသော။ အသာတံ၊ မသာယာအပ်သော။ ယံဝေဒယိတံ၊ အကြင်ဝေဒနာသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတရားကို။ ဒေါမနဿံ၊ ဒေါမနဿဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၈) ဘိက္ခဝေ၊ ရဟန်းတို့။ ဥပါယာသော၊ စိတ်၏ပင်ပန်းခြင်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊

ရဟန်းတို့။ အညတရညတရေန၊ အမှတ်မဲ့ တပါး,ပါးသော။ ဗျာသနေန၊ ဆွေမျိုး၏ပျက်စီးခြင်းစသည့်ဖြင့်။ သမန္နာဂတဿ-အဘိဘူတဿ၊ နှိပ်စက်အပ်သော။ အညတရညတရေန၊ အမှတ်မဲ့ တပါးပါးသော။ ဒုက္ခဓမ္မေန၊ ဆင်းရဲခြင်းသဘောဖြင့်။ ဖုဋ္ဌဿ၊ တွေ့အပ်သော။ သတ္တဿ၊ သတ္တဝါ၏။ ယော ခေါအာယာသော၊ အကြင်စိတ်၏ ပင်ပန်းခြင်းသည်။ ယော ဥပါယာသော၊ အကြင်စိတ်၏ လွန်စွာပင်ပန်းခြင်းသည်။ ယံအာယာသိတတ္တံ၊ အကြင်စိတ်၏ ပင်ပန်းသည့်၏အဖြစ်သည်။ယံဥပါယာသိတတ္တံ၊ အကြင်စိတ်၏ လွန်စွာပင်ပန်းသည့်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ဥပါယာသော၊ ဥပါယာသဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၉) ဘိက္ခဝေ၊ ရဟန်းတို့။ အပ္ပိယေဟိ၊ မချစ်အပ်ကုန်သော အာရုံ, သင်္ခါရ, သတ္တဝါတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဘော်ရခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဆင်းရဲခြင်းသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဣဓ၊ ဤလောကၶ။ ယေရူပါ၊ အကြင်မြင်အပ်သော ရူပါရုံတို့သည်။ ယေသဒ္ဒါ၊ အကြင်ကြားနာအပ်သော သဒ္ဒါရုံတို့သည်။ ယေဂန္ဓာ၊ အကြင်နမ်းအပ်သော ဂန္ဓာရုံတို့သည်။ ယေရသာ၊ အကြင်လျက်အပ်သော ရသာရုံတို့သည်။ ယေဖောဋ္ဌဗ္ဗာ၊ အကြင်တွေ့အပ်သော ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေဓမ္မာ၊ အကြင်သိအပ်သော ဓမ္မာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံခြောက်ပါးတို့သည်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ အနိဋ္ဌာ၊ အလိုမရှိအပ်သော အာရုံတို့သည်။ အကန္တာ၊ မနှစ်သက်အပ်သော အာရုံတို့သည်။ အမနာပါ၊ နှလုံးကိုမပွားစေတတ်သောအာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယေဝါပန၊ အကြင်သတ္တဝါတို့သည်မူလည်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသတ္တဝါသည်။ အဿ၊ ထိုသူ၏။ အနတ္ထကာမာ၊ အကျိုးမဲ့ကိုအလိုရှိကုန်သည်။ အဟိတကာမာ၊ အစီးအပွားမဲ့ကို

အလိုရှိကုန်သည်။ အဖာသုကကာမာ၊ မချမ်းသာခြင်းကို အလို ရှိကုန်သည်။ အယောဂက္ခေမကာမာ၊ ဘေးမကင်းခြင်းကို အလို ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေဟိ၊ ထိုမချစ်အပ်ကုန် သော အာရုံသတ္တဝါတို့နှင့်။ သဒ္ဓိံ၊ တကွ။ ယာသင်္ဂတိ၊ အကြင် တပေါင်းတည်းဖြစ်ခြင်းသည်။ ယောသမာဂမော၊ အကြင်အ တူစည်းဝေးခြင်းသည်။ ယံသမောဓာနံ၊ အကြင်ပေါင်းဘော် ခြင်းသည်။ ယောမိဿီဘာဝေါ၊ အကြင်ရောနှောခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ အပ္ပိယေဟိ၊ မချစ်အပ်သောအာရုံ, သင်္ခါရ, သတ္တဝါတို့နှင့်။ သမ္ပယောဂေါ၊ ပေါင်းဘော်ရခြင်းကြောင့်ဖြစ်သော၊ ဒုက္ခော၊ ဆင်းရဲဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(၁၀) ဘိက္ခဝေ၊ ရဟန်းတို့။ ပိယေဟိ၊ ချစ်အပ်ကုန်သော အာရုံ, သင်္ခါရ, သတ္တဝါတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာခြင်းကြောင့်ဖြစ်သော၊ ဒုက္ခော၊ ဒုက္ခသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဣဓ၊ ဤလောက၌။ ယေရူပါ၊ အကြင် ရူပါရုံတို့သည်။ ယေသဒ္ဒါ၊ အကြင်သဒ္ဒါရုံတို့သည်။ ယေဂန္ဓာ၊ အ ကြင်ဂန္ဓာရုံတို့သည်။ ယေရသာ၊ အကြင် ရသာရုံတို့ သည်။ ယေဖောဋ္ဌဗ္ဗာ၊ အကြင်ဖောဋ္ဌဗ္ဗာရုံတို့သည်။ ယေဓမ္မာ၊ အကြင် ဓမ္မာရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအာရုံခြောက်ပါးတို့ သည်။ အဿ၊ ထိုသူ၏။ ဣဋ္ဌာ၊ အလိုရှိအပ်သော အာရုံတို့သည်။ ကန္တာ၊ နှစ်သက်အပ်သောအာရုံတို့သည်။ မနာပါ၊ နှလုံးကိုပွား စေတတ်သောအာရုံတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မာတာဝါ၊ အမိမူလည်းဖြစ်သော၊ ပိတာဝါ၊ အဘမူလည်း ဖြစ်သော။ ဘာတာဝါ၊ ညီ, အစ်ကို, မောင်မူလည်းဖြစ်သော။ ဘဂိနီဝါ၊ ညီမ, အစ်မ, နှမမူလည်းဖြစ်သော။ မိတ္တာဝါ၊ အ ဆွေခင်ပွန်းမူလည်းဖြစ်ကုန်သော။ အမစ္စာဝါ၊ တကွဖြစ်ဘက် မူလည်းဖြစ်ကုန်သော။ ဉာတိ သာလောဟိတာဝါ၊ မိထွေး,

ဠိကြီးစသော အဓိမျိုး၊ ဘဝေတွး, ဘကြီးစသော အဘာမျိုးမှုလည်း ဖြစ်ကုန်သော။ ယေဝါပနသတ္တာ၊ အကြင်သတ္တဝါတို့သည်မှု လည်း။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုမိဘစသောသတ္တဝါတို့သည်။ ဒုဿ၊ ထိုသူ၏။ အတ္ထကာမာ၊ အကျိုးကို အလိုရှိကုန်သည်။ ဟိတကာမာ၊ အစီးအပွားကိုအလိုရှိကုန်သည်။ ဖာသုကကာ မာ၊ ချမ်းသာကိုအလိုရှိကုန်သည်။ ယောဂက္ခေမကာမာ၊ ဘေး ကင်းခြင်းကို အလိုရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တေသံ၊ ထိုချစ်အပ်ကုန်သော အာရုံ,သခ္ခါရ, သတ္တဝါတို့နှင့်။ ယာအသင်္ဂတိ၊ အကြင်တပေါင်းတည်း မဖြစ်ခြင်းသည်။ ယော အသမာဂမော၊ အကြင်အတူမစည်းဝေးရခြင်းသည်။ ယံအသ မောဓာနံ။ အကြင် မပေါင်းဘော်ရခြင်းသည်။ ယောအမိဿိ ဘာဝေါ၊ အကြင်မရောနှောသည်၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ ပိယေဟိ၊ ချစ်အပ် ကုန်သော အာရုံ, သခ္ခါရ, သတ္တဝါတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကင်းကွာခြင်းကြောင့်ဖြစ်သော။ ဒုက္ခော၊ ဒုက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ယမ္ပိ-ယေနပိဓမ္မေန၊ အကြင် မင်္ဂကိုပွားစေခြင်းမှ တပါးသော တောင့်တခြင်းဟူသော အ ကြောင်းဖြင့်လည်း။ အလဗ္ဘနေယျဝတ္ထုံ၊ မရအပ်သောဝတ္ထုကို။ ဣစ္ဆံ-ဣစ္ဆန္တော၊ အလိုရှိသောသူသည်။ နလဘတိ၊ မရ။ တမ္ပိ၊ ဣစ္ဆနံ၊ ထိုမင်္ဂကို ပွားစေခြင်းမှ တပါးသော တောင့်တခြင်းဟူ သော အကြောင်းဖြင့်မရအပ်သောဝတ္ထုကို အလိုရှိသည်လည်း ဖြစ်သော။ ဒုက္ခံ၊ ဒုက္ခသည်။ ကတမဉ္စ၊ အဘယ်နည်းဟူမူကား-

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိဓမ္မာနံ၊ ပဋိသန္ဓေနေခြင်း သ ဘော ရှိကုန်သော။ သတ္တာနံ၊ သတ္တဝါ တို့အား။ မယံ၊ ငါတို့ သည်။ ဇာတိဓမ္မာ၊ ပဋိသန္ဓေ နေခြင်းသဘော ရှိကုန်သည်။ နအဿာမ၊ မဖြစ်ပါကုန်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်း

လေစ္ဆ။ နော၊ ငါတို့သို့၊ ဇာတိ၊ ပဋိသန္ဓေနေခြင်းသည်။ နစဝတ အာဂစ္ဆေယျ၊ စင်စစ်မလာသည်မူလည်း ဖြစ်ငြားအံ့။ အဟော ဝတ၊ ဩ-ကောင်းလေစွ။ ဣတိ-ဧဝံဣစ္ဆာ၊ ဤသို့သော အလို သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ၊ ထိုပဋိသန္ဓေနေခြင်းသဘော၏ မရှိခြင်းစသော မရအပ် သောဝတ္ထုကို။နခေါပနပတ္တဗ္ဗံ၊ မရအပ်သည် သာတည်း။ ဣဒမ္ပိ၊ ဤမရအပ်သည်ကို တောင့်တခြင်းသည်လည်း။ ယမ္ပိစ္ဆံနလဘတိ တမ္ပိဒုက္ခံ။ မရအပ်သည်ကို တောင့်တခြင်းဒုက္ခမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာဓမ္မာနံ၊ အိုခြင်းသဘောရှိကုန် သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ ဇရာဓမ္မာ၊ အိုခြင်းသဘောရှိကုန်သည်။ နအဿာမ၊ မဖြစ်ပါကုန်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ နော၊ ငါတို့သို့။ ဇရာ၊ အိုခြင်းသည်။ နစဝတအာဂစ္ဆေယျ၊ စင်စစ်မလာသည်မူလည်း ဖြစ်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ ဣတိ-ဧဝံဣစ္ဆာ၊ ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင့် တခြင်းဖြင့်။ ဧတံ၊ ထိုအိုခြင်းသဘော၏ မရှိခြင်းစသော မရအပ် သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ၊ မရအပ်သည်သာတည်း။ ဣဒမ္ပိ၊ ဤတရားသည်လည်း။ယမ္ပိစ္ဆံနလဘတိ တမ္ပိဒုက္ခံ၊ မရအပ်သည် ကို တောင့်တခြင်းဒုက္ခမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗျာဓိဓမ္မာနံ၊ ဖျားနာခြင်း သဘောရှိ ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ ဗျာဓိဓမ္မာ။ ဖျားနာခြင်းသဘောရှိကုန်သည်။ နအဿာမ၊ မဖြစ် ပါကုန်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ နော၊ ငါတို့ သို့။ ဗျာဓိ၊ ဖျားနာခြင်းသည်း နစဝတအာဂစ္ဆေယျ၊ စင်စစ် မလာသည်မူလည်းဖြစ်ငြားအံ့။ အဟောဝတ၊ဩ-ကောင်းလေစွ။ ဣတိ-ဧဝံဣစ္ဆာ၊ ဤ သို့ သော အ လို သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ၊ ထိုဖျားနာခြင်း သ ဘော၏ မရှိခြင်းစသော မရအပ်သောဝတ္ထုကို။နခေါပနပတ္တဗ္ဗံ၊

မရအပ်သည်သာတည်း။ ဣဒမ္ပိ၊ ဤတရားသည်လည်း။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ မရအပ်သည်ကို တောင့်တခြင်းဒုက္ခမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ မရဏဓမ္မာနံ၊ သေခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ မရဏဓမ္မာ၊ သေခြင်းသဘောရှိကုန်သည်။ နအဿာမ၊ မဖြစ်ပါကုန်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ နော၊ ငါတို့သို့။ မရဏံ၊သေခြင်းသည်။ နစဝတအာဂစ္ဆေယျ၊ စင်စစ်မလာသည်မူလည်း ဖြစ်ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ ဣတိ-ဧဝံဣစ္ဆာ၊ ဤသို့သောအလိုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣစ္ဆာယ၊ လိုချင်တောင့်တခြင်းဖြင့်။ ဧတံ၊ ထိုသေခြင်းသဘော၏ မရှိခြင်းစသော မရအပ်သောဝတ္ထုကို။ နခေါပနပတ္တဗ္ဗံ၊ မရအပ်သည်သာတည်း။ ဣဒမ္ပိ၊ ဤတရားသည်လည်း။ ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ၊ မရအပ်သည်ကိုတောင့်တခြင်း ဒုက္ခမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသဓမ္မာနံ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, စိတ်၏ လွန်စွာပင်ပန်းခြင်းသဘောရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မယံ၊ ငါတို့သည်။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသဓမ္မာ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း ကိုယ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, စိတ်၏လွန်စွာပင်ပန်းခြင်းသဘောရှိကုန်သည်။ နအဿာမ၊ မဖြစ်ပါကုန်ငြားအံ့။ အဟောဝတ ဩ-ကောင်းလေစွ။ နော၊ ငါတို့သို့။ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသဓမ္မာ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, စိတ်၏လွန်စွာပင်ပန်းခြင်း သဘောတို့သည်။ နစဝတ အာဂစ္ဆေယျုံ၊ စင်စစ် မ လာ သည် မူလည်း ဖြစ်ကုန် ငြားအံ့။ အဟောဝတ၊ ဩ-ကောင်းလေစွ။ ဣတိ-ဧဝံဣစ္ဆာ၊ ဤသို့သော

အလိုသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဣဒံ ဝုစ္စတိ၊ ဤသည်ကို ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဤစကားလည်း ဟုတ်၏။ ထိုသို့ မဟုတ်ပါ။ ဝိဂတာ၊ လိုချင်တောင့်တခြင်းဖြင့်။ ဇာတိ၊ ထိုသောကစသည်၏ မရှိခြင်းစသော မရအပ်သောဝတ္ထု ကို။ နခေါပနေတံ ဣစ္ဆာယ၊ မရအပ်သည်သာတည်း။ ဣဒမ္ပိ၊ ဤတရား သည်လည်း။ ယမ္ပိစ္ဆံ နလဘတိ တမ္ပိဒုက္ခံ၊ မရအပ် သည့်ကို တောင့်တခြင်း ဒုက္ခမည်၏။

(၁၂) ဘိက္ခဝေ၊ ရဟန်းတို့။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ် သော ခန္ဓာဟုဆိုအပ်ကုန်သော။ဒုက္ခာ၊ဒုက္ခတို့သည်။ ကတမေစ၊ အဘယ်သည်တို့နည်း။ဣဒံ-ဣမေပဉ္စုပါဒါနက္ခန္ဓာ၊ဤငါးပါးကုန် သော ဥပါဒါန်၏အာရုံဖြစ်ကုန်သော ခန္ဓာတို့သည်။ သေယျထာ- ကတမေ၊ အဘယ်သည်တို့နည်း။

ရူပုပါဒါနက္ခန္ဓော၊ ရုပ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဝင်း။ ဝေဒနုပါဒါနက္ခန္ဓော၊ ဝေဒနာဟူသော ဥပါဒါန်၏ အာရုံဖြစ်သောခန္ဓာဝင်း။ သညုပါဒါနက္ခန္ဓော၊ သညာဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဝင်း။ သင်္ခါရုပါဒါနက္ခန္ဓော၊ သင်္ခါရဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဝင်း။ ဝိညာဏု ပါဒါနက္ခန္ဓော။ ဝိညာဏ်ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာဝင်း။ ဣတိ-ဣမေ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ၊ ဤငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်ကုန်သော ခန္ဓာ တို့ကို။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါး ကုန်သော။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါန်၏ အာရုံဖြစ်ကုန်သော။ ဒုက္ခာ၊ ဒုက္ခတို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ပြီးသော တရားအပေါင်း ကို။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

### ဒုက္ခသစ္စာ၌ အထူးမှတ်ဘွယ်

ဤဒုက္ခသစ္စာအရာဝယ် ဤသုတ်၌ဝင်း, ဤသတိပဋ္ဌာနဝိဘင်း ၌ဝင်း-ဗျာဓိပိဒုက္ခော-ဟု ဟောတော်မမူ၊ ဓမ္မစကြာ၌ ဥဒ္ဒေသ

မျှကိုသာ ဟောတော်မူ၍ နိဒ္ဒေသကိုမဟောရကား- ဂိရိမာနန္ဒ သုတ်, မဟာနိဒ္ဒေသမှဆောင်၍ ဤအရာဝယ် ဗျာဓိဒုက္ခကို မှတ်ရာ၏။

ဗဟုဒုက္ခော အယံ ကာယော ဗဟု အာဒီနဝေါ။ ဣတိ ဣမသ္မိံ ကာယေ ဝိဝိဓာ အာဗာဓာ ဥပ္ပဇ္ဇန္တိ။ သေယျ-ထိဒံ၊ စက္ခုရောဂေါ သောတရောဂေါ ဃာနရောဂေါ ဇိဝှါ-ရောဂေါ ကာယရောဂေါ သီသရောဂေါ ကဏ္ဏ ရောဂေါ မုခ-ရောဂေါ ဒန္တရောဂေါ ဩဋ္ဌရောဂေါ ကာသော သာသော ပိနာသော ဍာဟော ဇရော ကုစ္ဆိ ရောဂေါ မုစ္ဆာ ပက္ခန္ဒိကာ သူလာ ဝိသူစိကာ ကုဋ္ဌံ ဂဏ္ဍော ကိလာသော သောသော အပမာရော ဒဒ္ဒု ကဏ္ဍု ကစ္ဆု နခသာ ဝိတစ္ဆိကာ လောဟိတံ ပိတ္တံ မဓု မေဟော အံသာ ပိဠကာ ဘဂန္ဒလာ ပိတ္တ သမုဋ္ဌာနာ အာဗာဓာ သေမှသမုဋ္ဌာနာ အာဗာဓာ ဝါတသမုဋ္ဌာနာ အာ-ဗာဓာ သန္နိပါတိကာ အာဗာဓာ ဥတုပရိဏာမဇာ အာဗာဓာ ဝိသမပရိဟာရဇာ အာဗာဓာ ဩပက္ကမိကာ အာဗာဓာ ကမ္မ-ဝိပါကဇာ အာဗာဓာ သီတံ ဥဏှံ ဇိဃစ္ဆာ ပိပါသာ ဥစ္စာရော ပဿာဝေါ တိ။

ပါဠိတော်အနက်

အယံကာယော၊ ဤခန္ဓာကိုယ်သည်။ ဗဟုဒုက္ခော၊ များစွာသော ဆင်းရဲခြင်းရှိ၏။ ဗဟုအာဒီနဝေါ၊ များစွာသော အပြစ်ရှိ၏။ ဣတိဣမသ္မိံကာယေ ဤခန္ဓာကိုယ်၌။ ဝိဝိဓာအာဘာဓာ၊ အထူးထူး အပြားပြား များစွာသော အနာတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

သေယျထိဒံ၊ ထိုအထူးထူး အပြားပြား များစွာသော အနာဟူသည် အဘယ်နည်း။

၂။ စက္ခုရောဂေါ၊ မျက်စိနာ

၂။ သောတရောဂေါ၊ နားနာ။
၃။ ဃာနရောဂေါ၊ နှာခေါင်းနာ။
၄။ ဇိဝှါရောဂေါ၊ လျှာနာ။
၅။ ကာယရောဂေါ၊ ကိုယ်နာ။
၆။ သီသရောဂေါ၊ ဦးခေါင်းနာ။
၇။ ကဏ္ဏရောဂေါ၊ နားနာ။
၈။ မုခရောဂေါ၊ ခံတွင်းနာ။
၉။ ဒန္တရောဂေါ၊ သွားနာ။
၁၀။ ဩဋ္ဌရောဂေါ၊ နှုတ်ခမ်းနာ။
၁၁။ ကာသော၊ ချောင်းဆိုးနာ။
၁၂။ သာသော၊ ကုတ်ဟီးနာ, ရှူနာ, ပန်းနာ။
၁၃။ ပိနာသော၊ နှာခေါင်းနာ, ဆောင်းမေးခါးနာ။
၁၄။ ဍာဟော၊ ပူလောင်သောအနာ။
၁၅။ ဇရော၊ ဖျားသောအနာ။
၁၆။ ကုစ္ဆိရောဂေါ၊ ဝမ်းအနာ။
၁၇။ မုစ္ဆာ၊ မူးဝေမိန်းမောသောအနာ။
၁၈။ ပက္ခန္ဒိကာ၊ ဝမ်းသွေးကျသောအနာ။
၁၉။ သူလာ၊ ထိုးကျင်ကိုက်ခဲသောအနာ။
၂၀။ ဝိသူစိကာ၊ သည်းစွာဝမ်းလားသောအနာ။
၂၁။ ကုဋ္ဌံ၊ နူနာ။
၂၂။ ဂဏ္ဍော၊ အိုင်းနာ။
၂၃။ ကိလာသော၊ ခရုသင်းသမင်ယက်နာ။
၂၄။ သောသော၊ သွေးသားခန်းခြောက်သော ခယရုပ်နာ။
၂၅။ အပမာရော၊ ဝက်ရူးနာ။
၂၆။ ဒဒ္ဒု၊ ဆိတ်လည်နူနာ။
၂၇။ ကဏ္ဍု၊ ယားနာ။
၂၈။ ကစ္ဆု၊ ဝဲနာ။
၂၉။ နခသာ၊ လက်သည်းခြစ်မိရာ၌ဖြစ်သောအနာ။

၃၀။ ဝိတစ္ဆိကာ၊ ပွေးနာ။
၃၁။ လောဟိတံ၊ သွေးအနာ။
၃၂။ ပိတ္တံ၊ သည်းခြေနာ။
၃၃။ မဓုမေဟော၊ ပြောသောဒူလာမြင်းသရိုက်နာ။
၃၄။ အံသာ၊ အရိယိုသောအနာ။
၃၅။ ပိဠကာ၊ ကိုယ်ရောင်သောအနာ, ဝက်ခြင်နာ။
၃၆။ ဘဂန္ဒလာ၊ အသားတိုးနာ, ဘဂန္ဒိုလ်နာ။
၃၇။ ပိတ္တသမုဋ္ဌာနာ အာဗာဓာ၊ သည်းခြေကြောင့် ဖြစ်သော အနာ။
၃၈။ သေမှသမုဋ္ဌာနာအာဗာဓာ၊ သလိပ်ကြောင့် ဖြစ်သော အနာ။
၃၉။ ဝါတသမုဋ္ဌာနာအာဗာဓာ၊ လေကြောင့်ဖြစ်သောအနာ။
၄၀။ သန္နိပါတိကာအာဗာဓာ၊ သလိပ်, သည်းခြေ, လေစုဝေး၍ဖြစ်သော ငန်းသန္နိပါတ်နာ။
၄၁။ ဥတုပရိဏာမဇာအာဗာဓာ၊ သဘောမတူသော ဥတုကြောင့်ဖြစ်သောအနာ။
၄၂။ ဝိသမပရိဟာရဇာအာဗာဓာ၊ မညီညွတ်သော ဣရိယာပုထ်ကြောင့် ဖြစ်သောအနာ။
၄၃။ ဩပက္ကမိကာအာဗာဓာ၊ ဝိဓိပယောဂ, သူတပါးပယောဂကြောင့် ဖြစ်သောအနာ။
၄၄။ ကမ္မဝိပါကဇာအာဗာဓာ၊ အပြစ်ဖြစ်သော အကြောင်းမဘာက် သက်သက်ကံကြောင့်သာ ဖြစ်သောအနာ။
၄၅။ သီတံ၊ ချမ်းအေးသောအနာ။
၄၆။ ဥဏှံ၊ ပူပန်သောအနာ။
၄၇။ ဇိဃစ္ဆာ၊ အစာငတ်မွတ်သောအနာ။
၄၈။ ပိပါသာ၊ ရေသိပ်သောအနာ။
၄၉။ ဥစ္စာရော၊ ကျင်ကြီးစွန့်ချင်သောအနာ။
၅၀။ ပဿာဝေါ၊ ကျင်ငယ်စွန့်ချင်သောအနာ။

ဣတိ-ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ ဝိဝိဓာအာဗာဓာ၊ ထွေလည်ထူးပြား များစွာသောအနာတို့သည်။ ဣမသ္မိံ ကာယေ၊ ဤခန္ဓာကိုယ်၌။ ဥပ္ပဇ္ဇန္တိ၊ ကပ်ရောက် နှိပ်စက်သဖြင့် ဖြစ်ကုန်၏။

**သမုဒယသစ္စ နိဒ္ဒေသ**

၁၇-(က) ဘိက္ခဝေ၊ ရဟန်းတို့။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမံ၊ အဘယ်နည်းဟူမူကား။ ယာယံတဏှာ၊ အကြင်တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဘန်ဘဝသစ်ကိုဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒိရာဂသဟဂတာ၊ ပြင်းစွာတပ်စွန်းသောအားဖြင့်ဖြစ်၏။ တတြတတြ၊ ထိုထိုအတ္တဘောအာရုံ၌။ အဘိနန္ဒိနီ၊ လွန်စွာမရက်မစက် နှစ်သက်တတ်၏။ ဣဒံ-ဧသာတဏှာ၊ ဤတဏှာသည်။ သေယျထာ-ကတမာ၊ အဘယ်နည်းဟူမူကား။ ကာမ တဏှာ၊ ကာမဘုံ၌ တပ်တတ်သောတဏှာရင်း။ ဘဝတဏှာ၊ ရူပဘဝ, အရူပဘဝ၌ တပ်တတ်သောတဏှာရင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာရင်း။ ဣတိ-ဧသာ၊ဤတရားတည်း။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ သာခေါပနေသာတဏှာ၊ ထိုတဏှာသည်။ ကတ္ထ၊ အဘယ်အာရုံ၌။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်သနည်း။ ကတ္ထ၊ အဘယ်အာရုံ၌။ နိဝိသမာနာ၊အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ။ တည်သနည်း။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ ယံပိယရူပံ၊ အကြင်ချစ်အပ်သော သဘောရှိသော အာရုံသည်။ ယံသာတရူပံ၊ အကြင်သာယာအပ်သော သဘောရှိသောအာရုံသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သောသဘောရှိသော အာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသောအာရုံ၌။ နိဝိသ

မာနာ၊ အဘာန် တလဲလဲ ဖြစ်သော အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(ဂ) လောကေ၊ဥပါဒါနက္ခန္ဓာဟူသော လောက၌။ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံသည်။ သာတရူပံ၊ သာယာအပ်သောသဘောရှိသော အာရုံသည်။ ကိဉ္စ၊ အဘယ်နည်း။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ စက္ခု၊ စက္ခုပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော စက္ခုပသာဒ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော စက္ခုပသာဒ၌။ နိဝိသမာနာ၊ အဘာန် တလဲလဲဖြစ်သော အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(ဃ) လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ သောတံ၊ သောတပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ပ။ လောကေ၊ လော၌။ ဃာနံ၊ ဃာနပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ပ။ လောကေ၊ လောက၌။ ဇိဝှါ၊ ဇိဝှါပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ ပ။ လောကေ၊ လောက၌။ ကာယော၊ ကာယပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ ပ။ လောကေ၊ လောက၌။ မနော၊ စိတ်သည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော စိတ်အာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်

သော သဘောရှိသောစိတ်အာရုံ၌။ နိဝိသမာန၁၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည့်၏။

(င) လောကေ၊ လောက၌။ ရူပါ၊ ရူပါရုံတို့သည်။ ပ။ သဒ္ဒါ၊ သဒ္ဒါရုံတို့သည်။ ပ။ ဂန္ဓာ၊ ဂန္ဓာရုံတို့သည်။ ပ။ ရသာ၊ ရသာရုံတို့သည်။ ပ။ ဖောဋ္ဌဗ္ဗာ၊ ဖောဋ္ဌဗ္ဗာရုံတို့သည်။ ပ။ ဓမ္မာ၊ ဓမ္မာရုံတို့သည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံ တည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံ တည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ဓမ္မာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာန၁၊ ရှေးဦးစွာ ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤအာရုံ၌။ နိဝိသမာန၁၊ အဘန် တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည့်၏။

(စ) လောကေ၊ လောက၌။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ် သည်။ ပ။ သောတဝိညာဏံ၊ သောတဝိညာဏ်သည်။ ပ။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်သည်။ ပ။ ဇိဝှါဝိညာဏံ၊ ဇိဝှါ ဝိညာဏ်သည်။ ပ။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ပ။ မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ် သော သဘောရှိသော ဝိညာဏ်အာရုံ၌။ ဧသာတဏှာ၊ ဤ တဏှာသည်။ ဥပ္ပဇ္ဇမာန၁၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤဝိညာဏ်အာရုံ၌။ နိဝိသမာန၁၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည့်၏။

(ဆ) လောကေ၊ လောက၌။ စက္ခုသမ္ဖဿော၊ စက္ခုပသာဒ ၌ မှီသော ဖဿသည်။ ပ။ သောတသမ္ဖဿော၊ သောတ ပသာဒ၌မှီသော ဖဿသည်။ ပ။ ဃာနသမ္ဖဿော၊ ဃာန ပသာဒ၌မှီသော ဖဿသည်။ ပ။ ဇိဝှါသမ္ဖဿော၊ ဇိဝှါပသာဒ

ဒ္ဒ မှိသော ဖဿသည်။ ပ။ ကာယသမ္ဖဿော၊ ကာယပသာဒဒ္ဒ မှိသော ဖဿသည်။ ပ။ မနောသမ္ဖဿော၊ မနောဝိညာဏ်နှင့် တကွဖြစ်သော ဖဿသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ဖဿအာရုံ၌၊ ဧသာတဏှာ၊ ဤတဏှာသည်၊ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤဖဿအာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၈) လောကေ၊ လောက၌။ စက္ခုသမ္ဖဿဇာဝေဒနာ စက္ခုပသာဒဒ္ဒမှိသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပ။ သောတသမ္ဖဿဇာဝေဒနာ၊ သောတပသာဒဒ္ဒ မှိသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပ။ ဃာနသမ္ဖဿဇာဝေဒနာ၊ ဃာနပသာဒဒ္ဒ မှိသောဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပ။ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ဇိဝှါပသာဒဒ္ဒမှိသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပ။ ကာယသမ္ဖဿဇာဝေဒနာ၊ ကာယပသာဒဒ္ဒမှိသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပ။ မနောသမ္ဖဿဇာဝေဒနာ၊ မနောဝိညာဏ်နှင့်တကွ ဖြစ်သော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်,သာယာအပ်သော သဘောရှိသော ဝေဒနာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤဝေဒနာအာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၉) လောကေ၊ လောက၌။ ရူပသညာ၊ ရူပါရုံလျှင် အာရုံရှိသော သညာသည်။ ပ။ သဒ္ဒသညာ၊ သဒ္ဒါရုံလျှင် အာရုံရှိသော

သညာသည်။ ပ။ ဂန္ဓသညာ၊ ဂန္ဓာရုံ၌ဖြစ်သော သညာသည်။ ပ၊ ရသသညာ၊ ရသာရုံလျှင် အာရုံရှိသောသညာသည်။ ပ။ ဖောဋ္ဌဗ္ဗသညာ၊ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော သညာသည်။ ပ။ ဓမ္မသညာ၊ ဓမ္မာရုံလျှင် အာရုံရှိသောသညာသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော သညာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤသညာအာရုံ၌။ နိဝိသမာနာ အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၃) လောကေ၊ လောက၌။ ရူပသဉ္စေတနာ၊ ရူပါရုံလျှင် အာရုံရှိသော စေတနာသည်။ပ။ သဒ္ဒသဉ္စေတနာ၊ သဒ္ဒါရုံလျှင် အာရုံရှိသော စေတနာသည်။ပ။ ဂန္ဓသဉ္စေတနာ၊ ဂန္ဓာရုံလျှင် အာရုံရှိသော စေတနာသည်။ပ။ ရသသဉ္စေတနာ၊ ရသာရုံလျှင် အာရုံရှိသောစေတနာသည်။ပ။ ဖောဋ္ဌဗ္ဗသဉ္စေတနာ၊ ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိသော စေတနာသည်။ပ။ ဓမ္မသဉ္စေတနာ၊ ဓမ္မာရုံလျှင် အာရုံရှိသော စေတနာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော စေတနာအာရုံ၌။ဧသာတဏှာ၊ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤစေတနာအာရုံ၌။ နိဝိသမာနာ၊အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၄) လောကေ၊ လောက၌။ ရူပတဏှာ၊ ရူပါရုံ၌တပ်သော တဏှာသည်။ပ။ သဒ္ဒတဏှာ၊ သဒ္ဒါရုံ၌တပ်သော တဏှာသည်။ ပ။ဂန္ဓာတဏှာ၊ ဂန္ဓာရုံ၌တပ်သောတဏှာသည်။ပ။ ရသတဏှာ၊ ရသာရုံ၌ တပ်သောတဏှာသည်။ပ။ ဖောဋ္ဌဗ္ဗတဏှာ၊ ဖောဋ္ဌဗ္ဗာ

ရုံ၌ တပ်သောတဏှာသည်။ပ။ ဓမ္မတဏှာ၊ ဓမ္မာရုံ၌ တပ်သော တဏှာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံ တည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံ တည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော တဏှာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ဖြေးဦးစွာဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ဧတ္ထ၊ ဤတဏှာအာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲဖြစ်သောအားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၄) လောကေ၊ လောက၌၊ ရူပဝိတက္ကော၊ ရူပါရုံကို ကြံ ခြင်းသည်။ပ။ သဒ္ဒဝိတက္ကော၊ သဒ္ဒါရုံကို ကြံခြင်းသည်။ပ။ ဂန္ဓ ဝိတက္ကော၊ဂန္ဓာရုံကိုကြံခြင်းသည်။ပ။ရသဝိတက္ကော၊ ရသာရုံကို ကြံခြင်းသည်။ပ။ဖောဋ္ဌဗ္ဗဝိတက္ကော၊ဖောဋ္ဌဗ္ဗာရုံကိုကြံခြင်းသည်။ ပ။ဓမ္မဝိတက္ကော၊ ဓမ္မာရုံကိုကြံခြင်းသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ် သော သဘောရှိသော ဝိတက်အာရုံ၌။ ဧသာတဏှာ၊ ဤတဏှာ သည်။ ဥပ္ပဇ္ဇမာနာ၊ ဖြေးဦးစွာ ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤဝိတက်အာရုံ၌။ နိဝိသမာနာ၊ အဘန်တလဲလဲ ဖြစ်သော အားဖြင့် တည်သည်ဖြစ်၍။ နိဝိသတိ၊ တည်၏။

(၅) လောကေ၊ လောက၌။ ရူပဝိစာရော၊ ရူပါရုံကို သုံး သပ်ခြင်းသည်။ပ။သဒ္ဒဝိစာရော၊ သဒ္ဒါရုံကိုသုံးသပ်ခြင်းသည်။ပ။ ဂန္ဓဝိစာရော၊ ဂန္ဓာရုံကို သုံးသပ်ခြင်းသည်။ပ။ ရသဝိစာရော၊ ရသာရုံကို သုံးသပ်ခြင်းသည်။ပ။ ဖောဋ္ဌဗ္ဗဝိစာရော၊ ဖောဋ္ဌဗ္ဗာ ရုံကို သုံးသပ်ခြင်းသည်။ပ။ ဓမ္မဝိစာရော၊ ဓမ္မာရုံကိုသုံးသပ်ခြင်း သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ဝိစာရ

အာရုံ၌။ ဌေသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇမာနာ၊ ရှေးဦးစွာ ဖြစ်သည်ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဧတ္ထ၊ ဤပိစာရအာရုံ၌။ နိဝိသ မာနာ၊ အဘန်တလဲလဲ ဖြစ်သောအားဖြင့် တည်သည် ဖြစ်၍။ နိဝိသတိ၊ တည်၏။

ဘိက္ခဝေ၊ရဟန်းတို့။ဣဒံ၊ဤဆိုအပ်ပြီးသော အာရုံ၌ဖြစ်သော တဏှာကို။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယ သစ္စံ၊ အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

## နိရောဓသစ္စ နိဒ္ဒေသ

၁၈-(က) ဘိက္ခဝေ၊ရဟန်းတို့။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာသည်။ ကတမဥ္စ၊ အဘယ် နည်းဟူမူကား။ တဿာယေဝတဏှာယ။ ထိုတဏှာ၏သာလျှင်။ ယောအသေသဝိရာဂနိရောဓော၊ အကြွင်းအကြွင်းမဲ့ တပ်ခြင်း ကင်းသောအားဖြင့် ချုပ်ရာနိဗ္ဗာန်သည်။ယောစာဂေါ၊ အကြွင် စွန့်ရာ နိဗ္ဗာန်သည်။ ယောပဋိနိဿဂ္ဂေါ၊ အကြွင် ဝေးစွာစွန့်ရာ နိဗ္ဗာန်သည်။ ယာမုတ္တိ၊ အကြွင်လွတ်ရာ နိဗ္ဗာန်သည်။ ယော- အနာလယော၊ အကြွင် မကပ်မငြိရာနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သာခေါပနေသာတဏှာ၊ ထိုတဏှာသည်။ ကတ္ထ၊ အဘယ်အာရုံ၌။ ပဟီယမာနာ၊ ပယ်အပ်သည် ဖြစ်၍။ ပဟီယတိ၊ ပျောက်သနည်း။ ကတ္ထ၊အဘယ်အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်သနည်း။ လောကေ၊ လောက၌။ ယံပိယရူပံ၊ အကြွင်ချစ်အပ်သော သဘောရှိသော အာရုံသည်။ ယံသာတရူပံ၊ အကြွင်သာယာအပ်သော သဘောရှိသော အာ ရုံသည်။ အတ္ထိ၊ရှိ၏။ဧတ္ထ၊ဤချစ်အပ်, သာယာအပ်သော သဘော ရှိသော အာရုံ၌၊ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ, ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤချစ်အပ်၊ သာယာအပ်သော သဘောရှိသောအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ် သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၁) လောကေ လောက၌၊ ပိယရူပံ၊ချစ်အပ်သော သဘော ရှိသော အာရုံသည်၊ သာတရူပံ၊ သာယာအပ်သော သဘော ရှိသော အာရုံသည်။ ကိဉ္စ၊ အဘယ်နည်း။ လောကေ၊လောက၌၊ စက္ခု၊ စက္ခုပသာဒသည်။ ပိယရူပံ၊ ချစ်အပ်သော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း၊ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော စက္ခုပသာဒအာရုံ၌။ ဧသာ တဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည် ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤစက္ခုပသာဒအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၂) လောကေ၊လောက၌၊သောတံ၊သောတပသာဒသည်။ ပ။ဃာနံ၊ ဃာနပသာဒသည်။ ဇိဝှါ၊ ဇိဝှါပသာဒသည်။ပ။ ကာယော၊ ကာယပသာဒသည်။ပ။မနော၊ စိတ်သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသောအာရုံတည်း။ ဧတ္ထ၊ဤချစ်အပ်, သာယာအပ်သော သဘောရှိသော အဇ္ဈတ္တိကာယတန အာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည် ဖြစ်၍။ ပဟီယတိ၊ပျောက်၏။ ဧတ္ထ၊ဤအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၃) လောကေ လောက၌၊ ရူပါ၊ရူပါရုံတို့သည်။ပ။ သဒ္ဒါ၊ သဒ္ဒါရုံတို့သည်။ပ။ဂန္ဓာ၊ ဂန္ဓာရုံတို့သည်။ပ။ ရသာ၊ ရသာရုံတို့သည်။ပ။ဖောဋ္ဌဗ္ဗာ၊ဖောဋ္ဌဗ္ဗာရုံတို့သည်။ပ။ ဓမ္မာ၊ဓမ္မာရုံတို့သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသောအာရုံတည်း။ဧတ္ထ၊ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ရူပါရုံစသော ဗာဟိရာယတနအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်၊ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ပျောက်၏။ ဧတ္ထ၊ ဤရူပါရုံစသော အာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(င) လောကေ လောကဝ္ဌိ။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ပ။မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ဝိညာဏ်အာရုံ၌၊ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤဝိညာဏ်အာရုံ၌၊ နိဝိသမာနာ၊ ချပ်သည်ဖြစ်၍၊ နိဝိသတိ၊ ချပ်၏။

(စ) လောကေ၊ လောကဝ္ဌိ။ စက္ခုသမ္ဖဿော၊ စက္ခုပသာဒ ၌မှီသော ဖဿသည်။ပ။ မနောသမ္ဖဿော၊ မနောဝိညာဏ်နှင့် တကွဖြစ်သော ဖဿသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိ သောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိ သော အာရုံတည်း။ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘော ရှိသော ဖဿအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်၊ ပဟီယ-မာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ပျောက်၏။ ဧတ္ထ၊ဤဖဿ အာရုံ၌။ နိဝိသမာနာ။ ချပ်သည်ဖြစ်၍၊ နိဝိသတိ၊ ချပ်၏။

(ဆ) လောကေ၊ လောကဝ္ဌိ။ စက္ခုသမ္ဖဿဇာဝေဒနာ၊ စက္ခုပသာဒ၌မှီသော ဖဿကြောင့်ဖြစ်သော ဝေဒနာသည်။ပ။မနော သမ္ဖဿဇာဝေဒနာ၊ မနောဝိညာဏ်နှင့် တကွဖြစ်သော ဖဿ ကြောင့်ဖြစ်သော ဝေဒနာသည်။ ပိယရူပံ ချစ်အပ်သော သဘော ရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘော အာရုံတည်း။ဧတ္ထ၊ ဤချစ်အပ်,သာယာအပ်သော ဝေဒနာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည် ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤဝေဒနာအာရုံ၌။ နိဝိသ-မာနာ ချပ်သည်ဖြစ်၍။ နိဝိသတိ၊ ချပ်၏။

(ဇ) လောကေ၊ လောကဝ္ဌိ။ရူပသညာ၊ရူပါရုံလျှင်အာရုံရှိ သောသညာသည်၊ ပ။ ဓမ္မသညာ၊ ဓမ္မာရုံလျှင် အာရုံရှိသော

သညာသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော သညာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤသညာအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၈) လောကေ၊ လောက၌။ ရူပသဉ္စေတနာ၊ ရူပါရုံလျှင် အာရုံရှိသော စေတနာသည်။ပ။ ဓမ္မသဉ္စေတနာ၊ ဓမ္မာရုံလျှင် အာရုံရှိသောစေတနာသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသောအာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်,သာယာအပ်သောသဘောရှိသော စေတနာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ဧတ္ထ၊ ဤစေတနာအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၉) လောကေ၊ လောက၌။ရူပတဏှာ၊ ရူပါရုံ၌တပ်သော တဏှာသည်။ ပ။ ဓမ္မတဏှာ ဓမ္မာရုံ၌ တပ်သောတဏှာသည်။ ပိယရူပံ၊ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအ[illegible]သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော တဏှာအာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤတဏှာအာရုံ၌။ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၁၀) လောကေ၊ လောက၌။ ရူပဝိတက္ကော၊ ရူပါရုံကို ကြံခြင်းသည်။ ပ။ ဓမ္မဝိတက္ကော၊ ဓမ္မာရုံကိုကြံခြင်းသည်။ ပိယရူပံ၊ ချစ်အပ်သောသဘောရှိသော အာရုံတည်း။ သာတရူပံ၊ သာယာအပ်သောသဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ချစ်အပ်, သာယာ

အပ်သော သဘောရှိသော ဝိတက်အာရုံ၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤဝိတက်အာရုံ၌။ နိရုဇ္ဈမာနာ၊ချုပ်သည်ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

(၄) သောကေ၊ လောက၌။ရူပဝိစာရော၊ ရူပါရုံကို သုံးသပ်ခြင်းသည်။ ပ။ ဓမ္မဝိစာရော၊ ဓမ္မာရုံကိုသုံး သပ်ခြင်းသည်။ ပိယရူပံ၊ ချစ်အပ်သော သဘောအာရုံတည်း။ သာတရူပံ၊ သာယာအပ်သော သဘောရှိသော အာရုံတည်း။ ဧတ္ထ၊ ဤချစ်အပ်, သာယာအပ်သော သဘောရှိသော ဝိစာရအာရုံ၌၊ ဧသာတဏှာ၊ ဤတဏှာသည်။ ပဟီယမာနာ၊ ပယ်အပ်သည်ဖြစ်၍။ ပဟီယတိ၊ ပျောက်၏။ ဧတ္ထ၊ ဤဝိစာရအာရုံ၌၊ နိရုဇ္ဈမာနာ၊ ချုပ်သည်ဖြစ်၍၊ နိရုဇ္ဈတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ပြီးသော တဏှာ၏ ချုပ်ရာနိဗ္ဗာန်ကို၊ ဒုက္ခနိရောဓ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော၊ အရိယသစ္စံ၊ အရိယာသစ္စာဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

**နိရောဓသစ္စာ၌ အထူးမှတ်ဘွယ်**

ဤနိရောဓသစ္စာအရာဝယ် ဥဒ္ဒေသ၌ ဒုက္ခ၏ချုပ်ရာဟူ၍ဆိုပြီးလျက် နိဒ္ဒေသ၌တဏှာ၏ချုပ်ရာကို ဝေဘန်ခြင်းဖြင့် အကြောင်းဖြစ်သော သမုဒယ၏ ချုပ်သဖြင့် အကျိုးဖြစ်သော ဒုက္ခ၏ ချုပ်ခြင်းကို ပြတော်မူ၏၊ နိဗ္ဗာန်ကို အာရုံပြု၍ မဂ်ဖြင့်ဖြတ်အပ်သော တဏှာသည် အကြွင်းစက္ခုစသော ဝတ္ထု၌ ထိုတဏှာ၏ဖြစ်ခြင်းကို ပြအပ်၏။ ထိုစက္ခုစသည်၌ ချုပ်ခြင်းကို ဟောတော်မူသည်။

ဥပမာကား-တောအုပ်မှခိုးသူကိုဘမ်းယူ၍ မြို့တောင်တံခါး၌ ကွပ်သည်ရှိသော် တောအုပ်၌ ခိုးသူသေလေပြီဆိုသကဲ့သို့တည်း၊ စက္ခုစသည်နှင့် တောအုပ်တူ၏၊စက္ခုစသည်၌ဖြစ်သော တဏှာနှင့် တောအုပ်၌ ခိုးသူသည်တူ၏၊ မြို့နှင့်နိဗ္ဗာန်တူ၏၊ မြို့တောင်၌ ခိုးသူသေခြင်းနှင့် နိဗ္ဗာန်ကိုအာရုံပြု၍ တဏှာချုပ်ခြင်းသည်တူ၏၊

ယင်းသို့ နိဗ္ဗာန်ကိုအာရုံပြု၍ ချုပ်သောတဏှာသည် တောအုပ်၌ ခိုးသူမထင်သကဲ့သို့၊ အကြင်စက္ခု စသည်၌ ဖြစ်၏၊ ထိုစက္ခု စသည်၌ ထိုတဏှာ၏ ချုပ်ခြင်းကို စက္ခုလောကေ- စသည်ဖြင့် ပြတော်မူ၏။

## မဂ္ဂသစ္စ နိဒ္ဒေသ

၁၉။ ဘိက္ခဝေ၊ ရဟန်းတို့။ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယ သစ္စံ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာသစ္စာသည်။ ကတမဥ္စ၊ အဘယ်နည်း ဟူမူကား-

အရိယော၊ ကိလေသာတို့မှ ဝေးသော။ "အရိယော၊ အရိယာ၏ အဖြစ်ကိုပြုတတ်သော"။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်ပင်လျှင်တည်း။ ဋ္ဌဒံ-ဋ္ဌမေ မဂ္ဂေါ၊ဤမဂ်တို့သည်။သေယျထာ-ကတမေ၊အဘယ်သည်တို့နည်း။

သမ္မာဒိဋ္ဌိ၊ ကောင်းစွာ သစ္စာ တရား ကို မြင်ခြင်း၊ သမ္မာ-သင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။ သမ္မာဝါစာ၊ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။ သမ္မာအာဇီဝေါ၊ ကောင်း စွာ အသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းစွာ အား ထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။ သမ္မာ-သမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။ ဋ္ဌမေ၊ ဤသည်တို့တည်း။

(က) ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိသည်။ ကတ-မာစ၊ အဘယ်နည်း ဟူမူကား။ ဘိက္ခဝေ၊ရဟန်းတို့။ဒုက္ခေ၊ဒုက္ခ သစ္စာ၌။ ယံခေါဉာဏံ၊ အကြင်သိတတ်သော ဉာဏ်သည်။ ဒုက္ခ သမုဒယေ၊ ဒုက္ခ၏ အကြောင်း ဖြစ် သော သမုဒယ သစ္စာ၌၊ ယံဉာဏံ၊ အကြင်သိတတ်သော ဉာဏ်သည်။ ဒုက္ခနိရောဓေ၊ ဒုက္ခ၏ချုပ်ရာဖြစ်သော နိရောဓသစ္စာ၌။ ယံဉာဏံ၊ အကြင် သိ တတ်သော ဉာဏ်သည်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်၌။ ယံဉာဏံ၊

အကြောင်း သိတတ်သော ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ခ) ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပသည်။ ကတမော စ၊ အဘယ်နည်း ဟူမူကား။ နေက္ခမ္မသင်္ကပ္ပေါ၊ ကာမမှထွက်မြောက်သော ဝိတက်သည်။ အဗျာပါဒသင်္ကပ္ပေါ၊ ဒေါသမှကင်းသော ဝိတက်သည်။ အဝိဟိံသာ သင်္ကပ္ပေါ၊ ညှဉ်းဆဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ဝိတက်သည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဂ) ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစာ သမ္မာဝါစာသည်။ ကတမာ စ၊ အဘယ်နည်း ဟူမူကား။ မုသာဝါဒါ၊ မဟုတ်မမှန်သော စကားကိုဆိုခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ ပိသုဏာဝါစာ၊ ချောပစ်ကုန်းတိုက်သောစကားမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ ဖရုသဝါစာ၊ ကြမ်းကြုသောစကားမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ သမ္ဖပ္ပလာပါ၊ အကျိုးမရှိ အပြိန်အဖျင်း ပြောဆိုခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာဝါစာ၊ သမ္မာဝါစာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဃ) ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူ၏ဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ ကာမေသုမိစ္ဆာစာရာ၊ ကာမတို့၌ မှားယွင်းသော အကျင့်မှ။ ဝေရမဏိ၊ ကြဉ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(င) ဘိက္ခဝေ၊ရဟန်းတို့။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ သည်။ကတမော၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ အရိယသာဝကော၊ အရိယာဖြစ်သော ငါဘုရား၏တပည့်သည်။ မိစ္ဆာအာဇီဝံ၊ မှားသော အသက်မွေး ခြင်းကို။ပဟာယ၊ပယ်၍။သမ္မာအာဇီဝေန၊ကောင်းသော အသက် မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတိ၊ မွေး၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(စ) ဘိက္ခဝေ၊ရဟန်းတို့။သမ္မာဝါယာမော၊သမ္မာဝါယာမ သည်။ ကတမော၊ အဘယ်နည်းဟူမူကား–

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ သာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ယုတ် မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။အနုပ္ပါဒါယ၊မဖြစ်စေခြင်းငှာ။ဆန္ဒံ၊ဆန္ဒကို။ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊လုံ့လပြု၏။ ဝီရိယံ၊ဝီရိယကို။ အာရဘတိ- ပဝတ္တေတိ၊ ဖြစ်စေ၏။ စိတ္တံ၊စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ စတုရင်္ဂ ဝီရိယကိုဆောက်တည်၏။

ဥပ္ပန္နာနံ လေ့ကျက်သဖြင့် ဖြစ်ကုန်သော။ ပါပကာနံ၊ ယုတ် မာကုန်သော။ အကုသလာနံ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဆန္ဒံ၊ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊လုံ့လပြု၏။ ဝီရိယံ၊ဝီရိယကို။ အာရဘတိ- ပဝတ္တေတိ ဖြစ်စေ၏။ စိတ္တံ၊စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟတိ၊ စတုရင်္ဂ ဝီရိယကိုဆောက်တည်၏။

အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်ဖြစ် ကုန်သော။ ဓမ္မာနံ၊တရားတို့ကို။ ဥပ္ပါဒါယ၊ဖြစ်စေခြင်းငှာ၊ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝီရိယံ၊ ဝီရိယကို။ အာရဘတိ- ပဝတ္တေတိ၊ ဖြစ်စေ၏။ စိတ္တံ၊ စိတ်ကို။

ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟာတိ၊ စတုရင် ဝိရိယကို ဆောက်တည်၏။

ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ် ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဌိတိယာ၊ အစဉ်မပြတ် တည်စေခြင်းငှာ။ အသမ္မောသာယ၊ မပျက်စီးစေ ခြင်းငှာ။ ဘိယျော-ဘာဝါယ၊ လွန်စွာအဆင့်ဆင့် ပွားများစေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောစေခြင်းငှာ။ ဘာဝနာယ၊ ပွားခြင်း၏။ ပါရိပူရိယာ၊ ပြည့်စုံစေခြင်းငှာ။ ဆန္ဒံ၊ ဆန္ဒကို။ ဇနေတိ၊ ဖြစ်စေ၏။ ဝါယမတိ၊ လုံ့လပြု၏။ ဝိရိယံ၊ ဝိရိယကို။ အာရဘတိ-ပဝတ္တေတိ၊ ဖြစ်စေ၏။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ပဒဟာတိ၊ စတုရင် ဝိရိယကို ဆောက်တည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာဝါယာမော၊ သမ္မာဝါယာမဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

(ဆ) ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာသတိ၊ သမ္မာသတိသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အာတာပီ၊ ကိလေသာကို လွန်စွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် သိတတ်သော ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍။ သတိမာ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ လောဘ, ဒေါသကို။ ဝိနေယျ၊ ဖျောက်၍။ ကာယေ၊ ရူပကာယခန္ဓာကိုယ်၌။ ကာယာနုပဿီ၊ ရူပကာယကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ ဝေဒနာတို့၌။ ဝေဒနာနုပဿီ၊ ဝေဒနာကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿီ၊ စိတ်ကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ နီဝရဏစသော တရားတို့၌။ ဓမ္မာနုပဿီ၊ နီဝရဏစသော တရားကို အဘန်

တလဲလဲရှု သည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။သမ္မာသတိ၊သမ္မာသတိဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

(၈) ဘိက္ခဝေ ရဟန်းတို့။သမ္မာသမာဓိ၊သမ္မာသမာဓိသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား-

ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤသာသနာတော်၌။ ဘိက္ခု၊ရဟန်းသည်။ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ် ဖြစ်ကုန်သော။ ဓမ္မေဟိ၊ တရားတို့မှ။ ဝိဝိစ္စ ဧဝ၊ ဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်တကွဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏတို့မှ ဆိတ်ခြင်းကြောင့်ဖြစ်သော။ ''နီဝရဏမှ ဆိတ်သော သမ္ပယုတ်တရားအပေါင်း၌ဖြစ်သော''။ ပီတိ သုခံ၊ ပီတိ, သုခရှိသော။ ပဌမံဈာနံ၊ ပဌမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊နေ၏။

ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်စေတတ်သော။ တနည်းကား။ သမ္ပသာဒနံ၊ သဒ္ဓါတရားနှင့် ယှဉ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သော သမာဓိကို ပွားစေတတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။ သမာဓိဇံ၊ပဌမဈာန်သမာဓိ, သမ္ပယုတ်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိ, သုခရှိသော။ ဒုတိယံဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

ပီတိယာ၊ ပီတိ၏။ ဝိရာဂါ စ၊ ကင်းခြင်းကြောင့်လည်း။ ''ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့်လည်း။ ဥပေက္ခကော စ၊ လျစ်လျူရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ သတော စ၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍ လည်း။ သမ္ပဇာနော စ၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည် ဖြစ်၍လည်း သုခဉ္စ၊ သုခ

ဝေဒနာကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံတတိယဈာနပေ-တု၊ အကြင်တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံတတိယဈာနသမင်္ဂိပုဂ္ဂလံ၊ ထိုတတိယ ဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဥပေက္ခကော၊လျစ်လျူရှုတတ်သောသူ။ သတိမာ၊ သတိရှိသောသူ။ သုခဝိဟာရီ၊ ချမ်းသာစွာ နေလေ့ရှိသောသူ။ ဣတိ၊ ဤသို့၊ အာစိက္ခန္တိ၊ ချီးမွမ်းကုန်၏။ တံ တတိယံ ဈာနံ၊ ထိုတတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

သုခဿစ သုခိန္ဒြေကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဒုက္ခဿစ၊ ဒုက္ခိန္ဒြေကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝ၊ ရှေးဥပစာရခဏာ၌ပင်လျှင်။သောမနဿ ဒေါမနဿာနံ၊ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခမှလည်းတပါး သုခမှလည်းတပါးသော ဥပေက္ခာဝေဒနာနှင့်ယှဉ်သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ တတြမဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သောသတိ၏ စင်ခြင်းရှိသော။ စတုတ္ထံဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤတရားကို။ သမ္မာသမာဓိ၊ သမ္မာသမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤဆိုအပ်ပြီးသော တရားအပေါင်းကို။ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဒုက္ခ၏ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

( ၅ ) ဣတိ၊ ဤသို့။ အဇ္ဈတ္တံဝါ၊မိမိသန္တာန်၌လည်း။ ဓမ္မေသု၊ သစ္စာတရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟရတိ၊နေ၏။ ဗဟိဒ္ဓါဝါ၊ အပသန္တာန်၌လည်း။ ဓမ္မေသု၊ သစ္စာတရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို အဘန်

တလဲလဲရှုသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါဝါ၊ ရံခါ မိမိသန္တာန်, ရံခါသူတပါးသန္တာန်၌လည်း။ ဓမ္မေသု၊ သစ္စာ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို အဘန်တလဲလဲ ရှုသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။

(၃) ဓမ္မေသု၊ သစ္စတရားတို့၌။ သမုဒယဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍ လည်း။ ဝိဟရတိ၊ နေ၏။ဓမ္မေသု၊ သစ္စာတရာတို့၌။ ဝယဓမ္မာနုပဿီဝါ၊ ပျက်စီးကြောင်းသဘောကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သစ္စာတရားတို့၌။ သမုဒယဝယ ဓမ္မာနုပဿီဝါ၊ ဖြစ်ကြောင်းသဘော, ပျက်စီးကြောင်းသဘော ကို အဘန်တလဲလဲ ရှုသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေ၏။

(၄) ဓမ္မာ၊ သစ္စာ တရားတို့ သည် သာ လျှင်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ သတိဝါပန၊ သတိ သည်မူလည်း။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုထင်သည်။ ဟောတိ၊ ဖြစ် ၏။ သာ၊ ထိုသတိသည်။ ယာဝဒေဝ၊ အကြင်မျှလောက်။ ဉာဏမတ္တာယ၊ အဆင့်ဆင့် သစ္စာနုပဿနာဉာဏ်၏ ပွားခြင်း အတိုင်းအရှည်အကျိုးငှါရင်း။ ပဋိဿတိမတ္တာယ အဆင့်ဆင့် သတိ၏ပွားခြင်းအတိုင်း အရှည်အကျိုးငှါရင်း။ ဟောတိ၊ ဖြစ်၏။

(၅) သော ဘိက္ခု ထိုရဟန်းသည်။ အနိဿိတောစ၊ တဏှာ, ဒိဋ္ဌိအားဖြင့် မမှီမူ၍လည်း။ ဝိဟရတိ၊ နေ၏။ လောကေ၊ ဥပါ ဒါနက္ခန္ဓာ ဟူသောလောက၌။ ကိဉ္စိ၊ တစုံတခုသောဘာရားကို။ အတ္တာဘိဝါ၊ ငါ အစိုးရ သော ကိုယ်ဟူ၍ ဒိဋ္ဌိအားဖြင့်ရင်း။ အတ္တနိယန္တိဝါ၊ ငါ၏ဥစ္စာဟူ၍တဏှာအားဖြင့်ရင်း။ နစဥပါဒိ ယဘိ၊ မစွဲလမ်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမ္ပိခေါ၊ ဤသို့လည်း။ ဘိက္ခု၊ ရဟန်း သည်။ စတူသု၊ လေးပါးကုန်သော။ အရိယသစ္စေသု၊ အရိယ

သစ္စာဖြစ်ကုန်သော။ ဓမ္မေသု၊ တရားတို့၌။ ဓမ္မာနုပဿီ၊ သစ္စာတရားကို အဘန်တလဲလဲ ရှုသည်ဖြစ်၍။ ဝိဟာရတိ၊ နေ၏။

သစ္စာ ၄-ပါးခွဲပြချက်

၁။ သစ္စာ လေးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာ,

၂။ ထိုဒုက္ခ၏အကြောင်းဖြစ်သော တဏှာသည် သမုဒယသစ္စာ,

၃။ ထိုသစ္စာနှစ်ပါး၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ,

၄။ ထိုနိဗ္ဗာန်ကို အာရုံပြုသော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

သစ္စပဗ္ဗံ၊ သစ္စာအားဖြင့် နှလုံးသွင်းရာသော အပိုင်းသည်။
နိဋ္ဌိတံ၊ ပြီးပြီ။
ဓမ္မာနုပဿနာ၊
ရုပ်နာမ်တရားတို့ကို ရှုရာသောအပိုင်းသည်၊ နိဋ္ဌိတာ၊ ပြီးပြီ။

---

အာနိသင်ပြ မိန့်ခွန်းတော်

၂၀-(က) ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အကြွင်းအမှတ်မရှိသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သီတင်းသည် ယောကျ်ား, သီတင်းသည် မိန်းမဖြစ်သောသူသည်။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ ဧဝမေဝဇ္ဇာရောသတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွားစေငြားအံ့။ တဿ၊ ထိုရဟန်းယောကျ်ား, ရဟန်းမိန်းမ, သီတင်းသည်ယောကျ်ား, သီတင်းသည် မိန်းမဖြစ်သောသူအား။ ဒွိန္နံဖလာနံ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌လျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်တရားအကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမိ၏အဖြစ်သည်မူလည်း။ ဘဝိဿတိ၊

ဖြစ်လတ္တံ့။ ဥတိ၊ ဤသို့။ ဒွန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဝဿာနိ၊ ခုနှစ်နှစ်တို့ သည်။ တိဋ္ဌန္တု၊ ရှိစေကုန်ဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိ ကောစိ၊ အကြင်အမှတ်မရှိသောသူသည်။ ဆဝဿာနိ၊ ခြောက်နှစ်တို့ပတ်လုံး။ ပ။ ပဉ္စဝဿာနိ၊ ငါးနှစ်တို့ပတ်လုံး။ စတ္တာရိ ဝဿာနိ၊ လေးနှစ်တို့ပတ်လုံး။ တီဏိဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး။ ဧကံဝဿံ၊ တနှစ်ပတ်လုံး။ ဣမေ စတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွားစေငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧကံဝဿံ၊ တနှစ်သည်။ တိဋ္ဌတု၊ ရှိစေဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိကောစိ၊ အကြင်အမှတ်မရှိသော သူသည်။ သတ္တမာသာနိ၊ ခုနစ်လတို့ပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွားစေငြားအံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လျှင်။အညာဝါ၊အရဟတ္တဖိုလ် သည်မူလည်း။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန် တရား အကြွင်းသည်။ သတိ၊ရှိသော်။ အနာဂါမိတာဝါ၊ အနာ ဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥတိ ဤသို့။ ဒွန္နံ၊နှစ်ပါးကုန်သော။ ဖလာနံ၊ဖိုလ်တို့တွင်။အညတရံ၊ တပါးပါး သော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။

(၈) ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တမာသာနိ၊ ခုနစ်လတို့ သည်။ တိဋ္ဌန္တု၊ ရှိစေကုန်ဦး။ ဘိက္ခဝေ၊ ရဟန်းတို့။ ယောဟိ ကောစိ၊ အကြင်အမှတ်မရှိသောသူသည်။ ဆမာသာနိ၊ ခြောက် လတို့ပတ်လုံး။ ပ။ ပဉ္စမာသာနိ၊ ငါးလတို့ပတ်လုံး။ စတ္တာရိမာ သာနိ၊ လေးလတို့ပတ်လုံး။ တီဏိမာသာနိ၊ သုံးလတို့ပတ်လုံး။

ဧဝမာ သာနိ၊ နှစ်လတို့ပတ်လုံး။ ဧကံမာသံ တလပတ်လုံး။ အဍ္ဍ-မာသံ၊ လခွဲပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန် လေးပါး တို့ကို။ ဧဝံ၊ ဤသို့ ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွားစေငြားအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ အဍ္ဍမာသံ၊ လခွဲသည်။ တိဋ္ဌတု၊ ရှိစေဦး။ ဘိက္ခဝေ။ ရဟန်းတို့။ ယောဟိ ကောစိ၊ အကြင်အမှတ်မရှိသောသူသည်။ သတ္တာဟံ၊ ခုနစ်ရက်တို့ပတ်လုံး။ ဣမေစတ္တာရော သတိပဋ္ဌာနေ၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း။ ဘာဝေယျ၊ ပွားစေငြားအံ့။ တဿ၊ ထိုသူအား။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်၏ အဖြစ်၌လျှင်။ အညာဝါ၊ အရဟတ္တဖိုလ်သည် မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပါဒိသေသေ၊ ဥပါဒါန်တရား အကြွင်းသည်။ သတိ၊ ရှိသော်။ အနာဂါမိတာဝါ၊ အနာဂါမ်၏ အဖြစ်သည်မူလည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဖလာနံ၊ ဖိုလ်တို့တွင်။ အညတရံ၊ တပါးပါးသော။ ဖလံ၊ ဖိုလ်ကို။ ပါဋိကင်္ခံ၊ အလိုရှိအပ်၏။ ဣတိ၊ ဤတွင် အကျိုးအာနိသင်ကို ပြဆိုရာစကားရပ် အပြီးသတ်တည်း။

### နိဂုံးချုပ်မိန့်ခွန်းတော်

၂၁။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ ကိလေသာမှ ကင်းစင်ခြင်းငှါ။ သောကပရိဒေဝါနံ၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်ခြင်းငှါ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်၏ဆင်းရဲခြင်း, နှလုံးမသာယာခြင်းတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ခြင်းသို့ ရောက်ခြင်းငှါ။ ဉာယဿ၊ အရိယမဂ်ကို။ အဓိဂမာယ၊ ရခြင်းငှါ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုခြင်းငှါ။ ပဝတ္တော၊ ဖြစ်သော။ ဧကာယနော၊ တကြောင်းတည်းသော ခရီးဖြစ်သော။ အယံမဂ္ဂေါ၊ ဤခရီးသည်။ စတ္တာရော၊ လေးပါးကုန်သော။ ယဒိဒံ-ယေဣမေ သတိပဋ္ဌာနာတိ၊ အကြင်သတိပဋ္ဌာန်တို့တည်းဟူ၍။ ဣတိ၊ ဤသို့။

ယံတံဝစနံ၊ အကြွင်းသတိပဋ္ဌာန်၏ အကျိုးကိုပြသော စကားကို။ မယာ၊ ငါသည်၊ ဝုတ္တံ၊ ဟောအပ်ပြီ။ တံဝစနံ၊ ထိုသတိပဋ္ဌာန်၏ အကျိုးကိုပြသော စကားကို။ ဣဒံအတ္တဝသံ၊ ဤမျက်မှောက်သော ကိုယ်၏ အဖြစ်၌ မချွတ်ဖြစ်လတ္တံ့သော မိုလ်နှစ်ပါးဟူသော အကျိုးထူးကို။ ပဋိစ္စ၊ စွဲ၍။ ဝုတ္တံ၊ ဟောအပ်၏။ ဣတိ၊ ဤသို့။ ဣဒံဝစနံ၊ ဤသို့သောစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တမနာ၊ နှစ်သက် အားရ ဝမ်းမြောက်သောစိတ် ရှိကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ သတိပဋ္ဌာန်တရားတော်ကို။ အဘိနန္ဒုံ၊ ရိုသေစွာ သာဓု, သာဓုဟု အနုမောဒနာပြုကုန်၏။ ဣတိ၊ ဤတွင် မဟာသတိပဋ္ဌာန သုတ်တော်ကြီး အပြီးသတ်တည်း။

ဣမသ္မိံဥပန ဝေယျာကရဏသ္မိံ၊ ဤဂါထာမဘာဟ် သက်သက် အမေးအဖြေဖြစ်သော ဗျာကရိဏ်းကို။ ဘညမာနေ၊ ဟောတော်မူသည်ရှိသော်။ တိံသမတ္တာနံ ဘိက္ခုသဟဿာနံ၊ သုံးသောင်း မျှလောက်ကုန်သော ရဟန်းတို့အား။ အနုပါဒါယ၊ တစုံ တခု သောတရားကို တဏှာအားဖြင့် ငါ၏ဥစ္စာ, မာနအားဖြင့် ငါတကား, ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်ဟု မစွဲလမ်းမူ၍၊ အာသဝေဟိ၊ အာသဝေါတရားလေးပါးတို့မှ။ စိတ္တာနိ၊ စိတ်တို့သည်။ ဝိမုစ္စိံသု၊ လွတ်ကုန်၏။ "အာသဝေဟိ၊ အာသဝေါတရား လေးပါးတို့သည်။ စိတ္တာနိ၊ စိတ်တို့ကို။ ဝိမုစ္စိံသု၊ စွန့်လွှတ်အပ်ကုန်၏"

မဟာသတိပဋ္ဌာနသုတ္တံ၊ မဟာသတိပဋ္ဌာန
သုတ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ဥဒ္ဒါန်း

တဿ၊ ထိုမဟာသတိပဋ္ဌာနသုတ်၏။ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဥဒ္ဒေသ ဥဒ္ဒါန်း

(က) ကာယေ၊ ရူပကာယ၌။ ကာယာနုပဿနာ၊ ရူပကာယကို အဖန်တလဲလဲ ရှုခြင်း၎င်း။ ဝေဒနာသု၊ သုခစသော ဝေဒနာ၌။ အနုပဿနာ၊ သုခစသော ဝေဒနာကို အဖန်တလဲလဲ ရှုခြင်း၎င်း။ စိတ္တေ၊ စိတ်၌။ စိတ္တာနုပဿနာ၊ စိတ်ကို အဖန်တလဲလဲ ရှုခြင်း၎င်း။ ဓမ္မေ၊ နီဝရဏစသော တရား၌။ ဓမ္မာနုပဿနာ၊ နီဝရဏစသော တရားကို အဖန်တလဲလဲရှုခြင်း၎င်း။

(ခ) ဣတိ၊ ဤသို့။ စတ္တာရောသတိပဋ္ဌာနာ၊ လေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ သုဒေသိတာ ကောင်းစွာ ဟောတော်မူအပ်ကုန်၏။ ဝေတေ၊ ထိုလေးပါးကုန်သော သတိပဋ္ဌာန်တို့ကို။ ဘာဝယန္တော၊ ပွားစေသော။ ဘိက္ခု၊သံသရာဘေးကိုရှုလေ့ရှိသောသူသည်။ ဝိသုဒ္ဓိံ၊နိဗ္ဗာန်သို့။ အဓိဂစ္ဆတိ၊ ရောက်၏။

## ကာယာနုပဿနာ ဥဒ္ဒါန်း

(ဂ) အာနာပါနံ၊အာနာပါနပဗ္ဗ၎င်း။ဣရိယာပထံ၊ဣရိယာပထပဗ္ဗ၎င်း။ သမ္ပဇာနံ၊ သမ္ပဇာနပဗ္ဗ၎င်း။ ပဋိကူလံ၊ ပဋိကူလမနသိကာရပဗ္ဗ၎င်း။ ဓာတု၊ ဓာတုမနသိကာရပဗ္ဗ၎င်း။ နဝ၊ ကိုးပါးကုန်သော။ သိဝထိကာ၊ သိဝထိကပဗ္ဗတို့၎င်း။ ဣတိ၊ ဤသို့။ စုဒ္ဒသကာယာနုပဿနာ၊ တဆဲ့လေး ပါး ကုန် သော ကာယာ-နုပဿနာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## နဝသိဝထိက ဥဒ္ဒါန်း

(ဃ) မတံ၊ သေ၍ တရက်,နှစ်ရက်ရှိပြီးသောအကောင်၎င်း။ ခဇ္ဇိတံ၊ ကျီးစသည်တို့သည် ခဲအပ်သောအကောင်၎င်း။ သမံသလူ၊ အသားအသွေးနှင့်တကွ အကြောတို့ဖြင့် ဖွဲ့အပ်သောအရိုးဆက်ရှိသော အကောင်၎င်း။ နိမံသလူ၊ အသားမရှိ သွေးဖြင့် လိမ်းကျံ

သော အကြောတို့ဖြင့်ဘွဲ့အပ်သော အမျိုးဆက်ရှိသောအကောင်ရင်း။ အပဂတံ၊ အသားအသွေး ကင်းသော အကြောတို့ဖြင့် ဘွဲ့အပ်သော အမျိုးဆက်ရှိသော အကောင်ရင်း။ တထာ၊ ထိုမှတပါး။ ဝိက္ခိတ္တကာနိစ၊ ထိုထိုအရပ်၌ ပစ်အပ်သော အစပ်ကင်းသော အမျိုးဖြစ်သော အကောင်တို့ရင်း။ သေတာနိ၊ ခရုသင်းအဆင်းကဲ့သို့ ဖွေးဖွေးဖြူသော အမျိုးဖြစ်သောအကောင်တို့ရင်း။ ပုဉ္ဇကိတာနိ၊ အရပ်ရပ် ဖရိုဖရဲ ကြဲကုန်သော ကြာမြင့်စွာ ကာလ ပတ်လုံး မိုးလင်းစွတ်ခြင်းသို့ ရောက်ကုန်သော အမျိုးဖြစ်သော အကောင်တို့ရင်း။ ပူတိနိ၊ ဆွေးမြည့်ကုန်ပြီးသော မှုန့်မှုန့် ညက်ညက် ဖြစ်၍ ဖရိုဖရဲကြဲသော အမျိုးဖြစ်သော အကောင်တို့ရင်း။ ဣတိ၊ ဤသို့။ နဝ၊ ကိုးပါးကုန်သော။ သိဝထိကေ၊ သုသာန်၌ ပစ်အပ်ကုန်သော အကောင်တို့ကို။ ဒိသွာ၊ မြင်သည်ရှိသော်။ ဘိက္ခု၊ သံသာရာဘေးကို ရှုလေ့ရှိသောသူသည်။ တထာ၊ ထိုသုသာန်၌ ပစ်အပ်သောအကောင်နှင့် ထပ်တူ။ ဉပသံဟရေ၊ ငါလည်း ထိုကဲ့သို့ဖြစ်လတ္တံ့ဟု မိမိကိုယ်ကို ဆောင်ရာ၏။

## ဒုတိယသိဝထိက ဥဒ္ဒါန်း

(င) ကာကံ ကုလလဂိဇ္ဈေဟိ၊ ကျီး,စွန်,လင်းတတို့သည့်ရင်း။ ကဏ်ေဟိဝါ၊ ဘုံးပတီးငှက်တို့သည့်ရင်း။ သုနခေဟိဝါ၊ အိမ်ခွေးတို့သည့်ရင်း။ ဗျဂ္ဃဒိပိသိင်္ဂါလေဟိ၊ ကျား, သစ်, မြေခွေး တို့သည့်ရင်း။ ဝိဝိဓေဟိစပါဏကာ၊ အထူးထူးသော ပိုးတို့သည့်ရင်း။ ခဇ္ဇမာနံ၊ခဲအပ်သည်ကို။ ဒိသွာ၊မြင်သည်ရှိသော်။ တထာ၊ ထိုအကောင်အတူ။ ဉပသံဟရေ၊ ငါလည်းထိုကဲ့သို့ဖြစ်လတ္တံ့ဟု မိမိကိုယ်ကို ဆောင်ရာ၏။

## ဆန္ဒသိဝထိကဥဒ္ဒါန်း

(စ) ဟတ္ထပါဒဂေါပ္ဖကဋ္ဌိ၊ လက်ရိုး, ခြေရိုး, ဘမျက်ရိုးကိုရင်း။ ဇယ်ုရုကဋိဖာသုကံ၊ မြင်းခေါင်ရိုး, ခါးရိုး, နံရိုးကိုရင်း။ ပိဋ္ဌိခန္ဓဂီဝဟနုဒန္တသိသကဒ္ဒါဟကံ၊ ကျောက်ရိုး, ပခုံးရိုး, လည်

ကုပ်ရိုး, မေးရိုး, သွားရိုး, ခေါင်းခွံရိုးကိုဎင်း။ ဒိဿွာ ၊မြင်သည်ရှိသော်။ တထာ၊ ထိုအကောင်အတူ။ ဥပသံဟရေ၊ ငါလည်းထိုကဲ့သို့ ဖြစ်လတ္တံ့ဟု မိမိကိုယ်ကိုဆောင်ရာ၏။

### ဝေဒနာနုပဿနာ ဥဒ္ဒေါန်း

(၁၁) သုခံ ဝေဒနံဝါ၊ သုခဝေဒနာကိုဎင်း။ ဒုက္ခံ ဝေဒနံဝါ၊ ဒုက္ခဝေဒနာကိုဎင်း။ တဒုဘ်ဝါဝေဒနံ၊ ထိုသုခဒုက္ခမှ တပါးသော ဥပေက္ခာဝေဒနာကိုဎင်း။ သာမိသံဝါဝေဒနံ၊ ကာမဂုဏ်နှင့် စပ်သောသုခ, ဒုက္ခ, ဥပေက္ခာဝေဒနာကိုဎင်း။ နိရာမိသံဝေဒနံဝါ၊ ကာမဂုဏ်နှင့် မစပ်သောသုခ, ဒုက္ခ, ဥပေက္ခာဝေဒနာကိုဎင်း၊ ဝေဒမာနော၊ ခံစားသော။ သော၊ ထိုသူသည်။ တဒါကာရံ။ ထိုသုခစသောဝေဒနာကို ခံစားသောအခြင်းအရာကို၊ အနုပဿယေ၊ အဘန်တလဲလဲရှုရာ၏။

### စိတ္တာနုပဿနာ ဥဒ္ဒေါန်း

(၁၂) ရာဂံ၊သရာဂ, ဝီတရာဂစိတ်ဎင်း။ ဒေါသံ၊ သဒေါသ, ဝီတဒေါသစိတ်ဎင်း။ မောဟံ၊သမောဟ, ဝီတမောဟ စိတ်ဎင်း။ ခိတ္တံ၊ သံခိတ္တ,ဝိက္ခိတ္တစိတ်ဎင်း။ မဟဂ္ဂတဥ္စ၊ မဟဂ္ဂတ,အမဟဂ္ဂတစိတ်ဎင်း။ ဥတ္တရံ၊သဥတ္တရ,အနုတ္တရစိတ်ဎင်း။ သမာဟိတံ၊ သမာဟိတ အသမာဟိတစိတ်ဎင်း။ ဝိမုတ္တံ၊ ဝိမုတ္တ, အဝိမုတ္တစိတ်ဎင်း။ ဣတိ၊ ဤသို့။ ယာတိ၊ စိတ္တာနုပဿနာ ဘာဝနာကို အားထုတ်သော သူသည်။စိတ္တံ၊ အဇ္ဈတ္တ, ဗဟိဒ္ဓစိတ်ကို၊ အနုပဿယေ၊ အဘန်တလဲလဲရှုရာ၏။

### ဓမ္မာနုပဿနာ ဥဒ္ဒေါန်း

(၁၃) နီဝရဏေသု၊ ကာမစ္ဆန္ဒစသော နီဝရဏတို့၌ဎင်း။ ခန္ဓေသု၊ရူပက္ခန္ဓာစသည်တို့၌ဎင်း။ အာယတနေသု၊စက္ခုစသော အာယတနတို့၌ဎင်း။ ဗောဇ္ဈင်္ဂေ၊ သတိသမ္ဗောဇ္ဈင် စသည်၌ဎင်း။

သဗ္ဗေသု၊ ဒုက္ခသစ္စာစသည်တို့၌ရင်း။ ဉာတိ၊ ဤသို့၊ အဇ္ဈတ္တဗာဟိရေ၊ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်၌ ဖြစ်ကုန်သော။ ဓမ္မေ၊ နိဝရဏ စသော တရားတို့ကို။ ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော သူသည်။ အနုပဿယေ၊ အဖန်တလဲလဲရှုရာ၏။

## နီဝရဏ, အာယတန၌ ဖြစ်သော ဥဒ္ဒါန်း

(၃) သန္တံ ဝါ ပိ၊ ထင်ရှားရှိသော ကာမစ္ဆန္ဒစသည့်, ကာမ ရာဂစသော သံယောဇဉ် စသည်ကိုရင်း။ အသန္တံ ဝါ၊ ထင်ရှား မရှိသော ကာမစ္ဆန္ဒ စသည်ကိုရင်း။ ပဇာနာတိ၊ သိ၏။ အနုပ္ပန္နဿ၊ မဖြစ်သေးသော ကာမစ္ဆန္ဒစသည်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပ္ပန္နဿ၊ ဖြစ်သော ကာမစ္ဆန္ဒ စသည်ကို။ ပဟာနဉ္စ၊ ပယ်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထို ပယ်ပြီးသော ကာမစ္ဆန္ဒစသည်၏။ အာယတိံ၊ နောင်အခါ၌။ အနုပ္ပါဒေါ၊ မဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

## ဓမ္မာနုပဿနာ ဥဒ္ဒါန်း

(၄) စက္ခု၊ စက္ခုစသော အဇ္ဈတ္တိကာယတန ခြောက်ပါး သည်ရင်း။ ရူပါနိ၊ ရူပါရုံစသော ဗာဟိရာယတန ခြောက်ပါး သည်ရင်း။ ဝိညာဏံ၊ စက္ခုဝိညာဏ်စသော ဝိညာဏ် ခြောက် ပါးသည်ရင်း။ ဖဿောစ၊ စက္ခုသမ္ဖဿစသော ဖဿခြောက် ပါးသည်ရင်း။ တဇ္ဇာ၊ ထိုစက္ခုသမ္ဖဿစသည့်ကြောင့်ဖြစ်သော။ ဝေဒနာစ၊ စက္ခုသမ္ဖဿဇာ ဝေဒနာစသော ဝေဒနာ ခြောက် ပါးသည်ရင်း။ သညာစ၊ ရူပသညာစသော သညာခြောက်ပါး သည်ရင်း။ စေတနာစ၊ ရူပသဉ္စေတနာစသော စေတနာခြောက် ပါးသည်ရင်း။ တဏှာစ၊ ရူပတဏှာစသော တဏှာခြောက်ပါး သည်ရင်း။ ဝိတက္ကောစ၊ ရူပဝိတက်စသော ဝိတက်ခြောက်ပါး သည်ရင်း။ ဝိစာရကော၊ ရူပဝိစာရစသော ဝိစာရခြောက်ပါး

သည့်ဒုင်း။ ပိယရူပံ၊ ချစ်အပ်သော သဘောရှိသော တရားမည်
၏။ ဧတ္ထ၊ ဤချစ်အပ်သောသဘောရှိသော စက္ခုပသာဒစသည်
၌။ ဧသာတဏှာ၊ ဤတဏှာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧတ္ထ၊ ဤချစ်
အပ်သော သဘောရှိသော စက္ခုပသာဒစသည်၌။ ဧသာတဏှာ၊
ဤတဏှာသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသည်လျှင် ဥဒ္ဒါန်း
အပြီးတည်း။

---

# ကျမ်းပြီးနိဂုံး

ဣတိ မဟိဥ္ဆကာ၀ါသနိ၀ါသိနာ မဟာထေရေန ရစိတောယံ သတိပဋ္ဌာန နိဿယော-

(က) သဟဿသတနဝုတိ၊ ပဉ္စမေ မာဃဇုဏှကေ။
စန္ဒသေ ဇိ၀၀ါရမှိ၊ ဝိကာလေ သတ္တပါဒကေ။

ဣတိ-ဣမိနာအနန္တရမေန၊ ဤသို့သောအစဉ်ဖြင့်။ မဟိဥ္ဆကာ၀ါသနိ, ၀ါသိနာ၊မဟာ မောင်မြေဘုံစံ အုဋ္ဌကျောင်းတော်ကြီး၌ သီတင်းသုံးနေသော။ မဟာထေရေန၊ "စက္ကိန္ဒာဘိသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" မဟာထေရ်သည်။ ရစိတော၊စီရင်အပ်သော၊ အယံသတိပဋ္ဌာနနိဿယော၊ ဤ "သတိပဋ္ဌာနသုတ် နိသျ" သည်။ သဟဿသတ နဝုတိပဉ္စမေ၊ သက္ကရာဇ် ၁၁၉၅-ခု။ မာဃဇုဏှကေ၊ တပို့တွဲလဆန်း။ စန္ဒသေဇိ၀၀ါရမှိ၊ ၁၄-ရက်ကြာသပတေးနေ့။ ဝိကာလေ သတ္တပါဒကေ၊ နေလွဲ ၇-ဘ၀ါး ပြည့်အခါ၌။ နိဋ္ဌိတော၊ ပြီးခြင်းသို့ရောက်၏။

(ခ) ဣမိနာ လိခပုညေန၊ သဗ္ဗတ္ထ သဗ္ဗဒါ သမာ။
ယထာ ဗုဒ္ဓေန ဒေသေတာ၊တထာ ဘဇ၀ါမသေ ဣမေ။

ဣမိနာ လိခပုညေန၊ဤသတိပဋ္ဌာန်နိသျကို ရေးသားရသော ကောင်းမှုကြောင့်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ဘ၀တို့၌။ သဗ္ဗဒါ၊ ခပ်သိမ်းသောအခါ၌။ သမာ၊ မယုတ်မလွန်အညီအမျှ။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဒေသေတာ၊ ဟောတော်မူအပ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဣမေ၊ ဤသတိပဋ္ဌာန်တရားတို့ကို။ ဘဇ၀ါမသေ၊ ပွားများနိုင်လို၏။

မဟာသတိပဋ္ဌာနသုတ်နိဿယ
ဤတွင်ရွေ့ ပြီး၏။



# သတိပဋ္ဌာန်အဓိပ္ပါယ်ကောက်

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

**ပဏာမ-ပဋိညာဉ်**

(က) ဝန္ဒိတွာ သတိပ္ပဋ္ဌာန၊ သုတ္တံသုဒေသကံ ဇိနံ။
ဧကေ နောပါသကေ နာဟံ။ သုဘာဝေတုံ
သုယာစိတော။

[ပဋ္ဌမမကာရဝိပုလာဂါထာ။]

(ခ) မဟာသတိပဋ္ဌာနဿ၊ သာရုနိ သုခကာမာနံ။
သုလိက္ခိဿံ အဓိပ္ပါယ၊ ပကာသနံ သမာသေန။

[ဝတ္တဂါထာ။]

(က) အဟံ၊ ငါသည်။ သတိပ္ပဋ္ဌာနသုတ္တံ၊ မဟာသတိပဋ္ဌာန သုတ်ကို။ သုဒေသကံ၊ ကောင်းစွာ ဟောတော်မူတတ်သော။ ဇိနံ၊ မြတ်စွာဘုရားကို။ ဝန္ဒိတွာ-ဝန္ဒာမိ၊ အလွန်ရိုသေစွာရှိခိုးပါ၏။ ဝန္ဒိတွာ၊ အလွန်ရိုသေစွာရှိခိုးပြီး၍။ ဧကေန၊ တယောက်သော။ သဒ္ဓေန၊ သူတော်ကောင်းဖြစ်သော။ ဥပါသကေန၊ "တကာစံမှတ်" အမည်ရှိသော ဥပါသကာသည်။ သုယာစိတော၊ ရိုသေစွာ တောင်းပန်အပ်သည်ဖြစ်၍-

(ခ) သုဝဏ္ဏမာန်၊ ဖေါ်ပြလိမ့်မည့်သာမဏ်ခြင်းသာကို အလိုရှိကုန်သော။ သာဓုနှံ၊ သူတော်ကောင်းတို့အား။ သုဘာဝေတံ၊ သတိပဋ္ဌာန်လေးပါးကို ပွားလွယ်စေခြင်းငှါ။ မဟာသတိပဋ္ဌာနသုတ်၊ မဟာသတိပဋ္ဌာနသုတ်၏။ သမာသေန၊ အကျဉ်းအားဖြင့်။ အဓိပ္ပါယပကာသနံ၊ သဘောအဓိပ္ပါယ်မှုကို ပြရာပြကြောင်း ဖြစ်သောကြောင့် "အဓိပ္ပါယပကာသနီ" အမည်ရှိသော နိဿယည်းကျမ်းကို။ သုလိက္ခိဿာမိ၊ ကောင်းစွာရေးပေအံ့။

နိဒါန်း

သုလိက္ခိဿံ ဟူသော ပဋိညာဉ်၏ ပဋိညာတဗ္ဗ ဖြစ်သော အဓိပ္ပါယ ပကာသနံ-ပါဌ်၌ အဓိပ္ပါယ်ကား-

၁။ ကုရုတိုင်းတွင် ကျေးကြောင်သော မြေရှိသော လူသားစား ပေါရိသာဒဘီလူးကို ဆုံးမရာဖြစ်သောကြောင့် ကမ္မာသဓမ္မ အမည်ရှိသောနိဂုံး၌ သဗ္ဗညုမြတ်စွာဘုရား သီတင်းသုံးနေတော်မူသော အခါ၌-

ဥဒ္ဒေသ

၂-(၁) ရာဂ-အစရှိသောအညစ်အကြေးတို့ဖြင့်လည်းကောင်း၊ အဘိဇ္ဈာ ဝိသမလောဘ- အစရှိကုန်သော ကိလေသာ တရားတို့ဖြင့် လည်းကောင်း ညစ်ညူးသော စိတ်ရှိကုန်သော သတ္တဝါတို့၏ စိတ်အညစ်အကြေးကို အထူးသဖြင့် စင်ကြယ်စေခြင်းအကျိုး,

(၂) စိုးရိမ်ခြင်း သောကမီးကို လွန်ခြင်း, ပယ်ဖျောက်ခြင်း အကျိုး,

(၃) ငိုကြွေး မြည်တမ်းခြင်း ပရိဒေဝမီးကို လွန်ခြင်း, ပယ်ဖျောက်ခြင်းအကျိုး,

(၄) ကိုယ်၏ဆင်းရဲခြင်း ဒုက္ခမီးကို ငြိမ်းစေ, ချုပ်စေခြင်း အကျိုး,

(၅) စိတ်နှလုံး မသာယာခြင်း, ထိတ်လန့်ခြင်း ဒေါမနဿ မီးကို ငြိမ်းစေ ချုပ်စေခြင်းအကျိုး,
(၆) အရိယာမဂ်ကို ရစေခြင်းအကျိုး,
(၇) အသင်္ခတဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း အကျိုး-

အားဖြင့် ခုနစ်ပါး အပြားရှိသော အကျိုးထူး အကျိုးမြတ်တို့ကိုရစေ, ပြည့်စုံစေတတ်သော ဟောကြားတော်မူအပ်သော သတိပဋ္ဌာန်သည်-

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်,
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်,
(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်,
(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်-

အားဖြင့် လေးပါးအပြားရှိ၏၊ ထိုလေးပါးတို့တွင်-

(က) လက်ခြေ အင်္ဂါကြီးငယ် အစရှိသော အပေါင်း-မကောင်း စက်ဆုပ်ရွံရှာဘွယ်၊ဆံ,အမွေး,ခြေသည်း လက်သည်း, သွား, အရေထူ,အရေပါး-စသော သုံးဆဲ့နှစ်ပါးသော စက်ဆုပ်ရွံရှာဘွယ် အစုတို့၏ ဖြစ်ရာ ရူပကာယခန္ဓာကိုယ်ကို အောက်မေ့သိမ်းဆည်းခြင်း သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏၊

(ခ) သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာအားဖြင့် သုံးပါးအပြားရှိသော လောကီဖြစ်သော ဝေဒနာကို အောက်မေ့ သိမ်းဆည်းခြင်းသတိသည် ဝေဒနာနုပဿနာ သတိပဋ္ဌာန်မည်၏၊

(ဂ) သရာဂစိတ်စသော တဆဲ့ခြောက်ပါး အပြားရှိသော လောကီဖြစ်သောစိတ်ကို အောက်မေ့ သိမ်းဆည်း ခြင်း သတိသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏၊

(ဃ) နီဝရဏငါးပါး တရားအစ, သစ္စာလေးပါး တရားအဆုံးရှိသော ငါးပါးအပြားရှိသောတရားကို အောက်မေ့ သိမ်း

ဆည်းခြင်း သတိသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏-ဟုလို သည်။

သတိပဋ္ဌာန်လေးပါးအကျဉ်းသရုပ်ဥဒ္ဒေသပြီး၏။

---

ကာယာနုပဿနာ အာနာပါနပိုင်း

၃။ ထို ဆိုအပ် ခဲ့ပြီး သော သတိပဋ္ဌာန် လေးပါး တို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်၌-

၁။ အာနာပါနပဗ္ဗ,

၂။ ဣရိယာပထပဗ္ဗ,

၃။ သမ္ပဇာနပဗ္ဗ,

၄။ ပဋိကူလမနသိကာရပဗ္ဗ,

၅။ ဓာတုမနသိကာရပဗ္ဗ,

၆-၁၄။ နဝသိဝထိကပဗ္ဗ,

အားဖြင့် တဆဲ့လေးပိုင်း အပြားရှိသည်သာလျှင်ဖြစ်၏။ ထို တဆဲ့လေးပိုင်းတို့တွင် အနာပါနပဗ္ဗ၌-

(က) ဥပမာကား-လိမ္မာသော ပန်းပွတ်သမားသည် စည်ကြီး အစရှိသည်ကို ပွတ်လုပ်သောအခါ ပွတ်ကြိုးကို ရှည်ရှည်ဆွဲငင်သကဲ့သို့,ဆံထိုးဆံကျင် အစရှိသည်ကို ပွတ်လုပ်သောအခါ ပွတ်ကြိုးကို တိုတိုဆွဲငင်သကဲ့သို့၊ ထို့အတူ ထွက်သက်ဝင်သက်ကို ရှည်ရှည်ဖြစ်စေသည့်ကာလ ငါထွက်သက်ဝင်သက်ကို ရှည်ရှည် ဖြစ်စေသည်၊တိုတိုဖြစ်စေသည့်ကာလလည်း ငါထွက်သက်ဝင်သက်ကို တိုတိုဖြစ်စေသည်-ဟု အောက်မေ့ခြင်း သတိကို ပြုရသည်။

(ခ) ထိုသို့ ထွက်သက်ဝင်သက်ကို အရှည်အတို အားဖြင့် အောက်မေ့သိမ်းဆည်းခြင်းသတိ ရှိပြီးသော်-

(၁) ငါ၏ ထွက်သက်ဝင်သက်သည် အဘယ်ကို အစွဲအမှီပြုသနည်း၊ လေးပါးသော မဟာဘုတ်, ဥပါဒါရုပ် ဟူသော ကရဇကာယကို စွဲမှီ၍ ဖြစ်၏၊ ထို ထွက်သက်

ဝင်သက် အဿာသ ပဿာသ, ကာယာနုပဿနာ ရုပ်မည်၏။

(၂) ထိုရုပ်ကို အာရုံပြု၍ဖြစ်သော အာရုံကို တွေ့တတ်သော ဖဿ, အာရုံကို ခံစားတတ်သော ဝေဒနာ, အာရုံကို မှတ်၍ သိတတ်သောသညာ, အာရုံသို့ ရှေ့ရှုတင်တတ် စေ့ဆော်တတ်သော စေတနာ, အာရုံကို အထူးသဖြင့် သိတတ်သော ဝိညာဏ်အားဖြင့် ဖဿပဉ္စက တရား ငါးပါးသည် နာမ်မည်၏-ဟု ရုပ်နာမ်တရားကို သိမ်းဆည်းပြီး၍-

(၃) ရုပ်နာမ်၏ အကြောင်းကား အာယတနည်း၊ အဝိဇ္ဇာ-တဏှာ-ကံ-အာဟာရစသော တရားသာလျှင်တည်း-ဟု သိမြင်ပြီးလျှင်-

အကြောင်းအကျိုး ပစ္စည်းပစ္စယုပ္ပန်မျှသာဖြစ်သည်၊သတ္တဝါ, ပုဂ္ဂိုလ်ဟူ၍ တရားကိုယ် အသီးအခြားမရှိပြီ-ဟု ယုံမှားခြင်းမရှိမူ၍-

(၁) ရုပ်နာမ်တရားတို့ဖြစ်ပြီး၍ ဖြစ်တိုင်းမတည်၊ ကုန်တတ်, ကင်းတတ်သော သဘောကြောင့် အနိစ္စသာတည်း။

(၂) ဖြစ်ခြင်း ပျက်ခြင်း တို့ဖြင့် .မပြတ် နှိပ်စက်တတ်သော ဘေးဟူသောသဘောကြောင့် ဒုက္ခသာတည်း။

(၃) အစိုးမရ, အစိုးမပိုင်, ကိုယ်မဟုတ်, အနှစ်မရှိသော သဘောကြောင့် အနတ္တသာတည်း-

ဟု လက္ခဏာရေး သုံးပါးသို့တင်၍ ဝိပဿနာကို ပွါးစေ၍ အစဉ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်သည် သာလျှင်ဖြစ်၏-ဟူ လိုသည်။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) အဿာသ ပဿာသ- ဟူသော ထွက်သက် ဝင်သက် ကို အောက်မေ့ သိမ်းဆည်းတတ်သော သတိတရား သည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေ့ဘဝ၌ပြီးပြီးသောလောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာ ချုပ်ရာဖြစ်သော အသင်္ခတခတ်နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ဒုက္ခသစ္စာကို ပိုင်းခြား၍သိတတ်သော သမုဒယသစ္စာကို ပယ်တတ်သော နိရောဓသစ္စာလျှင် အာရုံရှိသော ကောင်းမွန် လွန်မြတ်သော အကျင့်ဖြစ်သောသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော အရိယာမဂ္ဂင် တရားကိုယ် ၈ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့ သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် လုံ့လပြု၍ နိဗ္ဗာန်သို့ရောက်သည်သာလျှင်ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးသို့ တင်၍လည်း ဝိဖြန်းရာ, ပွားများစေရာသည်။

[ဤကား အာနာပါနပဗ္ဗ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

### ကာယာနုပဿနာဣရိယာပထပိုင်း

၄။ ဣရိယာပထပဗ္ဗ၌-

(က) ခွေး, မြေခွေး,အစရှိသောသတ္တဝါတို့သည် သွားကုန်, ရပ်ကုန်,ထိုင်ကုန်, လျောင်းကုန်သည်ရှိသော်သွားကုန်, ရပ်ကုန်, ထိုင်ကုန်, လျောင်းကုန်သည်ဟု - အကယ်၍ကား သိကုန်၏ရှင့်၊ ထိုသို့သိကုန်သော်လည်း ထိုခွေး, မြေခွေးစသည်တို့၏ သိခြင်းကို ရည်၍- ဂစ္ဆန္တော - စသည်ကို ဟောတော်မမူအပ်၊ ဤခွေး, မြေခွေးစသည်တို့၏ သိခြင်းသည် သတ္တဝါဟူသော အယူကိုလည်းမစွန့်၊ သတ္တဝါဟူသော အမှတ်ကိုလည်းမခွာ၊ ကမ္မဋ္ဌာန်းလည်းမဖြစ်၊ သတိပဋ္ဌာန်ကို ပွားစေသည်လည်းမဖြစ်။

(ခ) ဇာရိယာပုထ် လေးပါးကို အောက်မေ့ သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်၏ သိခြင်းသည်ကား - သတ္တဝါ ဟူသော အယူကိုလည်းစွန့်၏။ သတ္တဝါဟူသော အမှတ်ကိုလည်းစွန့်၏။ ကမ္မဋ္ဌာန်းလည်းဖြစ်၏။သတိပဋ္ဌာန်ကို ပွားစေသည်လည်းဖြစ်၏၊ ထို့ကြောင့် သွားလျှင် သွား၏၊ ရပ်လျှင်ရပ်၏၊ ထိုင်လျှင် ထိုင်၏၊ လျောင်းလျှင် လျောင်း၏-ဟု အောက်မေ့ သိမ်းဆည်းခြင်း သတိကို ဖြစ်စေရာသည်။

အဘယ်သို့ ဖြစ်စေရာသနည်း ဟူမူကား-

(ဂ) သွား၏၊ ရပ်၏၊ ထိုင်၏၊ လျောင်း၏-ဟူသည့် တစုံတယောက်သောသတ္တဝါ ပုဂ္ဂိုလ်သွားသည်၊ ရပ်သည်၊ ထိုင်သည်၊ လျောင်းသည်မရှိပြီ၊ သွားမည်၊ ထိုင်မည်၊ လျောင်းမည်-ဟု ဖြစ်သောစိတ်သည် ဝါယောဓာတ်ကို ဖြစ်စေတတ်သည်၊ ထိုစိတ္တဇ ဝါယောဓာတ်ပျံ့သဖြင့် တကိုယ်လုံးရှေ့သို့တက်သည်ကို သွားသည်၊တကိုယ်လုံးထောင်၍နေသည်ကို ရပ်သည်။ အောက်တပိုင်းကွေးလျက် အထက်တပိုင်းထောင်လျက် ရှိသည် ကိုသာ ထိုင်သည်၊ တကိုယ်လုံး ဘီလာဆန့်လျက်ရှိသည်ကိုသာ လျောင်းသည်-ဆိုရချေသည်။

(ဃ) ဥပမာကား-နွားလေးခုကာ၍ လှည်းသမား လှည်းနှင်သည့်ရှိသော် လှည်းသွားသည်၊ လှည်းရပ်သည် - ဟူ၍ခေါ်ဝေါ်သမုတ်ခြင်းမျှသာဖြစ်သကဲ့သို့၊ ထို့ အတူ လှည်းသမားနှင့်တူသော သွားလို၊ ရပ်လို၊ ထိုင်လို၊ လျောင်းလိုသော စိတ်သည် နွားနှင့်တူသော စိတ္တဇဝါယောဓာတ်ကို ဖြစ်စေသည်ရှိသော်-

၁။ ထိုစိတ္တဇ ဝါယောဓာတ် ပျံ့သဖြင့် လှည်းနှင့်တူသော တကိုယ်လုံးရှေ့သို့ တက်သည်ကို သွားသည်။

၂။ တကိုယ်လုံး ထောင်၍နေသည်ကိုသာ ရပ်သည်။

၃။ အောက်တပိုင်း ကွေးလျက် အထက်တပိုင်း ထောင်လျက်ရှိသည်ကိုသာ ထိုင်သည်။

၄။ တကိုယ်လုံး ဘီလာသနှလျက် ရှိသည့်ကိုသာ ပျောင်းသည်-ဆိုရချေသည်။

တစုံတယောက်သော သတ္တဝါပုဂ္ဂိုလ်သွားသည့်, ရပ်သည့်, ထိုင်သည့်, လျောင်းသည့်မရှိ-ဟု အောက်မေ့ခြင်းသတိကို ဖြစ်စေရာသည်။

သစ္စာ ၄-ပါးခွဲပြချက်

၁။ ဣရိယာပုထ် လေးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

၂။ ထိုဒုက္ခသစ္စာ၏ အကြောင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ပြီးပြီးသော လောဘသည် သမုဒယသစ္စာမည်၏။

၃။ ထိုသစ္စာနှစ်ပါးတို့၏မဖြစ်ရာ ချုပ်ရာဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

၄။ ထိုနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သော ကောင်းမွန်လွန်မြတ်သော အကျင့်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့်လည်း လုံ့လပြု၍ အေးငြိမ်းရာနိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် စတုသစ္စ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းအားထုတ် ပွားစေရာ၏-ဟူလိုသည်။

[ဤကား ဣရိယာပထပဗ္ဗ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

---

ကာယာနုပဿနာ သမ္ပဇာနပိုင်း

၅။ သမ္ပဇာနပဗ္ဗ၌-

(၁) ရှေ့သို့တက်သည့်, နောက်သို့ဆုတ်သည့်။

(၂) ရှေ့တူရူကြည့်သည်, တစောင်းကြည့်သည်။

(၃) ကွေးသည့် ဆန့်သည်။
(၄) အဝတ်ပုဆိုးဝတ်သည်။
(၅) စားသည်, သောက်သည်, ခဲသည်, လျက်သည်။
(၆) ကျင်ကြီး ကျင်ငယ် စွန့်သည်။
(၇) သွားသည်, ရပ်သည်, ထိုင်သည်, အိပ်သည်' နိုးသည်, စကားပြောဆိုသည်,ဆိတ်ဆိတ်နေသည်-

ဟူ၍အစွမ်းအားဖြင့် ၅ ၇-ပါးသောအရာတို့၌ ပညာအာဆင် အခြင်ဖြင့် ပြုရသည်။

အဘယ်သို့ ပြုရသနည်းဟူမူကား-

(က) အလွန်မိုက်သော ပုထုဇဥ်သည် ရှေ့သို့တက်ခြင်းအစရှိသည်တို့၌ ငါသည် ရှေ့သို့တက်ခြင်းကို ဖြစ်စေတတ်သည်၊ ငါသည်ရှေ့သို့တက်သည်၊ ငါသည်ရှေ့သို့တက်ခြင်းကို ဖြစ်စေအပ်သည် ဟု တွေဝေသကဲ့သို့၊ ထို့အတူမတွေမဝေဘဲ ရှေ့သို့တက်သည်, နောက်သို့ဆုတ်သည်- တစုံတယောက်သော သတ္တဝါပုဂ္ဂိုလ်သည်မရှိပြီ၊ ရှေ့သို့တက်မည် နောက်သို့ ဆုတ်မည် စိတ်ဖြစ်သည်ရှိသော် ထိုစိတ်နှင့်အတူဖြစ်သော ဝါယောဓာတ်ပျံ့သောအားဖြင့် ကိုယ်ဟု ခေါ်ဝေါ်သမုတ်အပ်သောအရိုးစုသာ ရှေ့သို့တက်ရလေသည်၊ နောက်သို့ဆုတ်ရလေသည်။

(၁) ရှေ့သို့တက်မည်, နောက်သို့ဆုတ်မည် - ဟုခြေကိုချီကြွခြင်းဥဒ္ဓရဏ။

(၂) ခြေကိုရှေ့သို့ဆောင်ခြင်း သတိဟာရဏ။

(၃) ခြေကို ထိုမှဤမှ ဆောင်ခြင်းဝီတိဟာရဏ။

[ကာလသုံးပါးတို့၌ ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါးတို့သည် ညံ့ကုန်, အားနည်းကုန်သည်၊ တေဇောဓာတ်, ဝါယောဓာတ် နှစ်ပါးတို့သည် လွန်ကုန်, အားကြီးကုန်သည်။]

(၄) ခြေကိုစွန့်လွှတ်ခြင်း ဝေါသဇ္ဇန။
(၅) ခြေကိုချခြင်း သန္နိက္ခေပန။
(၆) ခြေကိုမြေနှင့်တကွ ကြပ်ကြပ်နင်းခြင်း သန္နိရုဇ္ဈန။

[ကာလသုံးပါးတို့၌ တေဇောဓာတ်, ဝါယောဓာတ်နှစ်ပါးတို့သည် ညံ့ကုန်သည်၊ ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါး တို့သည် လွန်ကုန်, အားကြီးကုန်သည်။]

ထိုခြေတလှမ်းကို ခြောက်စုပြုရာတွင်-

တစုဖြစ်သော ဥဒ္ဓရဏ ကာလ၌ ဖြစ်သော နာမ်ရုပ် တရားတို့သည် အတိဟာရဏကာလသို့ မရောက်ကုန်။

အတိဟာရဏ ကာလ၌ ဖြစ်သော နာမ်ရုပ် တရားတို့ သည် ဝီတိဟာရဏ, ဝေါသဇ္ဇန သန္နိက္ခေပန ကာလသို့ မရောက်ကုန်။

သန္နိက္ခေပန ကာလ၌ ဖြစ်သော နာမ်ရုပ် တရားတို့ သည် သန္နိရုဇ္ဈန ကာလသို့ မရောက်ကုန်မူ၍ ထိုထိုသို့ သော အတွဲအစုတို့၌သာလျှင် အဆစ်သဆစ်အစပ်အစပ် အတွဲ အတွဲဖြစ်ကုန်၍၊ လောလော ပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းကဲ့သို့ ဖျစ်ဖျစ် အသံ ပြုကုန်လျက် ပျက်လေ, ချုပ်လေ, ပျောက်လေကုန်ရာသည်။

(၁) ရှေ့တူရူကြည့်သည်, တစောင်းကြည့်သည် ကာလ၌ လည်း-ရှေ့တူ ရူကြည့်သည်, တစောင်း ကြည့်သည် အတွင်း၌ ကိုယ်ဟူ၍မရှိပြီ၊ ရှေ့တူရူကြည့်မည်, တစောင်း ကြည့်မည်ဟု စိတ်ဖြစ်သည်ရှိသော် ထိုစိတ်နှင့်အတူတကွဖြစ်သော ဝါယော ဓာတ်ပျံ့သောအားဖြင့် အောက်မျက်နှာလွှာသည် အောက်သို့ကျ သည်၊ အထက်မျက်နှာလွှာသည် အထက်သို့ တက်သည်ကို ရှေ့ တူရူ ကြည့်သည်, တစောင်း ကြည့်သည်-ဟု ဆိုရ ချေသည်၊ ယန္တရားလှုံ့တံဖြင့် တစုံတယောက် မျက်လွှာကို ဘွင့်လှစ်ရသည်

မရှိပြီ၊ စက္ခုဝိညာဏ်ဖြင့် ဒဿနကိစ္စကို ပြီးစေလျက် ဖြစ်လေသည်။

(ဂ) လက်ခြေတို့ကို ကွေးသည်၊ ဆန့်သည်၌လည်း-လက်ခြေကို ကွေးတတ်၊ ဆန့်တတ်သော တစုံတခုသော ကိုယ်ဟူ၍ မရှိပြီ၊ လက်ခြေတို့ကို ကွေးမည်၊ ဆန့်မည်ဟု စိတ်ဖြစ်သည်ရှိသော် ထိုစိတ်နှင့် အတူတကွဖြစ်သော ဝါယောဓာတ်ပျံ့သောအားဖြင့် ကြိုးဖြင့်ဆွဲငင်သောယန္တရားရုပ်သေး လက်ခြေလှုပ်သကဲ့သို့သော ကွေးခြင်း၊ ဆန့်ခြင်းဖြစ်လေသည်။

(ဃ) အဝတ်ပုဆိုးဝတ်ရုံသည်၌လည်း အဝတ်ပုဆိုးကို ဝတ်တတ်၊ ရုံတတ်သော သတ္တဝါကိုယ်မည်သည်မရှိပြီ၊ အဝတ်ပုဆိုးဝတ်လို၊ ရုံလိုသောစိတ်ဖြစ်သည်ရှိသော် ထိုစိတ်နှင့် အတူတကွဖြစ်သော စိတ္တဇ ဝါယောဓာတ် ပျံ့သောအားဖြင့် သာလျှင် အဝတ်ပုဆိုး ဝတ်သည်၊ ရုံသည်-ဟုဖြစ်လေသည်၊ အဝတ်ပုဆိုးကလည်း ငါသည် ကိုယ်ကို ဝတ်ရုံဖုံးလွှမ်းသည်ဟူ၍မသိ၊ ကိုယ်ကလည်း ငါ့ကို အဝတ်ပုဆိုးဝတ်ရုံ ဖုံးလွှမ်းသည်ဟူ၍မသိ၊ ညွှန်တစ်ရုပ်ကို ပုဆိုးကြမ်း ဖုံးလွှမ်း သကဲ့သို့ တခုသော ဓာတ်သည် တခုသောဓာတ်ကို ဖုံးလွှမ်းလေသည်။

(င) စားသည်၊ သောက်သည်၊ ခဲသည်၊ လျက်သည်၌လည်း-စားတတ်၊ သောက်တတ်၊ ခဲတတ်၊ လျက်တတ် သောကိုယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါမည်သည် တစုံတယောက်မျှ ရှိသည်မဟုတ်၊ စားလို၊ သောက်လို၊ ခဲလို၊ လျက်လိုသောစိတ် ဖြစ်သည်ရှိသော် ထိုစိတ်နှင့် အတူတကွဖြစ်သော စိတ္တဇ ဝါယောဓာတ်ပျံ့သဖြင့် သာလျှင် ထမင်းစသည်ကိုယူခြင်းဖြစ်လေသည်၊ စိတ္တဇဝါယောဓာတ်ပျံ့သဖြင့် ထမင်းခွက်၌ လက်ကိုချခြင်း၊ ထမင်းလုပ်ကိုဆုပ်ခြင်း၊ ထမင်းလုပ်ကို ချိုးခြင်း၊ ခံတွင်းသို့ ခွံ့ သွတ်ခြင်း ဖြစ်လေ

သည်၊ တစုံတယောက် သံကောက်ယန္တရားယှံ့တံဖြင့် မေးရိုးကို ဘွင့်မည့်သူရှိသည်မဟုတ်။

စိတ္တဇဝါယောဓာတ် ပျံ့သဖြင့်သာလျှင် ထမင်းလုပ် ခံဘွင်းဝယ်သည့်ခြင်း, အထက်သွားတို့၏ ကျည်ပွေ့ကိစ္စကိုပြီးစေခြင်း, အောက်သွားတို့၏ ဆုံကိစ္စကို ပြီးစေခြင်း, လျှာ၏ လက်ကိစ္စကို ပြီးစေခြင်းသာဖြစ်လေသည်၊ ခံဘွင်းသို့ရောက်သော ထမင်းလုပ်ကိုသည်း အောက်သွား တည်းဟူသောဆုံ၌ လျှာတည်းဟူသော လက်ဖြင့် လှန်လှော၍ တံတွေးတည်းဟူသောရေဖြင့်ဆွတ်၍ အထက်သွားတည်းဟူသော ကျည်ပွေ့ဖြင့် မှုန့်မှုန့်ညက်ညက်ကြိတ်ပြီးလျှင် တစုံတယောက် ဟင်းချိုယောင်းမဖြင့် ဝမ်းတွင်းသို့ သွင်းတတ်သူရှိသည်မဟုတ်။

စိတ္တဇဝါယောဓာတ်ကြောင့်သာလျှင် ဝင်လေသည်၊ ဝင်လေသမျှကိုလည်း တစုံတယောက်ကောက်ရိုးခင်း၍ ခံတတ်သူရှိသည် မဟုတ် စိတ္တဇဝါယောဓာတ်၏ အစွမ်းဖြင့်သာတည်း၏ ဝင်လေသော ထမင်းလုပ်ကိုလည်း တစုံတယောက် ခုံလောက်ဆောက်ပြီလျှင် မီးထည့်၍ ချက်ပြုတ်သူရှိသည်လည်း မဟုတ်၊ တေဇောဓာတ်ဖြင့်သာလျှင် ကျက်ရလေသည်၊ ကျက်လေသမျှ ကိုလည်း တစုံတယောက် တုတ် ယှံ့ တံ ဖြင့် အပသို့ ထုတ်ဆောင် တတ်သူ ရှိသည်မဟုတ်။ စိတ္တဇ ဝါယောဓာတ်သာလျှင် ထုတ်ဆောင်လေသည်။

(၈) ကျင်ကြီးကျင်ငယ်စွန့်သည်၌လည်း-ကျင်ကြီးကျင်ငယ်စွန့်တတ်သောကိုယ်, ပုဂ္ဂိုလ်, သတ္တဝါမည်သည် တစုံတယောက်မျှ ရှိသည်မဟုတ်၊ ဥပမာကား-မှည့်ပြီးသော အိုင်းအမာပေါက်ကွဲသည့်ရှိသော် သွေးပြည် အလိုလိုထွက်သကဲ့သို့၊ ထို့အတူ အစာကျက်အိမ်, ကျင်ငယ်အိမ်၌ စုဝေးသော ကျင်ကြီးကျင်ငယ်တို့သည် ဝါယောဓာတ်အဟုန်ဖြင့်သာ အလိုလို အပသို့ ထွက်လေသည်။

(ဆ) သွားသည့်, ရပ်သည့်, ထိုင်သည့် ဌာလည်း- ဤစုံ တ ယောက် သွားတတ်, ရပ်တတ်, ထိုင်တတ်သော သတ္တဝါပုဂ္ဂိုလ် ရှိသည်မဟုတ်၊ သွားလို,ရပ်လို, ထိုင်လိုသော စိတ်ကြောင့်ဖြစ် သော ဝါယောဓာတ်ပျံ့သောအားဖြင့် တကိုယ်လုံး ရှေ့သို့တက် သည်ကို သွားသည်၊ တကိုယ်လုံးထောင်၍ နေသည်ကိုသာ ရပ်သည်၊ အောက်ကိုယ်တပိုင်းကွေးလျက် အထက်ကိုယ်တပိုင်း ထောင်လျက်ရှိသည်ကိုသာ ထိုင်သည်-ဟုဆိုရလေသည်၊သွားဆဲ ကာလဖြစ်သော နာမ်ရုပ်တရားတို့သည် သွားဆဲခဏကပင်၊ ရပ်ဆဲကာလဖြစ်သော နာမ်ရုပ်တရားတို့သည် ရပ်ဆဲခဏကပင်၊ ရပ်ဆဲကာလဖြစ်သော နာမ်ရုပ်တရားတို့သည် ရပ်ဆဲခဏကပင်၊ ထိုင်ဆဲကာလဖြစ်သောနာမ်ရုပ်တရားတို့သည် ထိုင်ဆဲခဏကပင် ချုပ်လေကုန်သည်။

(ဇ) အိပ်သည့်, နိုးသည့်ဌာလည်း-အိပ်တတ်, နိုးတတ်သော သတ္တဝါ, ပုဂ္ဂိုလ်ရှိသည်မဟုတ်၊ ဝိထိစိတ်အခြားမရှိ၊ ဘဝင်စိတ် သက်သက် ဖြစ်သည်ကိုသာ အိပ်သည်၊ ဘဝင်စိတ်ခြား၍ ဝိထိ စိတ် ဖြစ်သည်ကိုသာ နိုးသည်- ဆိုရလေသည်၊ အိပ်ဆဲကာလ ဖြစ်သော နာမ်ရုပ်တရားတို့သည် အိပ်ဆဲခဏကပင်၊နိုးဆဲကာလ ဖြစ်သော နာမ်ရုပ်တရားတို့သည် နိုးဆဲခဏကပင် ချုပ်လေကုန် သည်။

(ဈ) စကားပြောဆိုသည့်, ဆိတ်ဆိတ်နေသည့် ဌာလည်း- စကားပြောဆိုတတ်,ဆိတ်ဆိတ်နေတတ်သော သတ္တဝါ,ပုဂ္ဂိုလ် ရှိသည်မဟုတ်၊ နှုတ်ခမ်း, သွား, လျှာ, အာစောက်, စိတ်အား လျော်ကပ်သောပယောဂကိုစွဲ၍ အသံဖြစ်သည်ကိုသာ စကား ပြောဆိုသည်၊ အသံမဖြစ်သည်ကိုသာ ဆိတ်ဆိတ်နေသည်-ဆိုရ လေသည်၊ စကားပြောဆိုသည့်ကာလဖြစ်သော နာမ်ရုပ်တရား တို့သည် စကားပြောဆိုဆဲခဏကပင်၊ဆိတ်ဆိတ်နေသည့်ကာလ

ဖြစ်သော နာမ်ရုပ်တရားတို့သည် ဆိတ်ဆိတ်နေသဲ ခဏကပင် ချုပ်လေကုန်သည်ဟု ပညာအဆင်အခြင်ကို ပြုရသည်။

[ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ-တို့ကို တခုသော ကောဋ္ဌာသဋ္ဌာနပယူလေ။]

သမ္ပဇဉ် ၄-ပါး

သမ္ပဇညတရားကား-

(၁) သာတ္ထကသမ္ပဇည,
(၂) သပ္ပါယသမ္ပဇည,
(၃) ဂေါစရသမ္ပဇည,
(၄) အသမ္မောဟ သမ္ပဇည-
ဟူ၍ ၄-ပါး အပြားရှိသည်၊ ထိုလေးပါးတို့တွင်-

(၁) အကျိုးရှိသည် မရှိသည်ကို ဆင်ခြင်ခြင်းသည် သာတ္ထကသမ္ပဇည။

(၂) လျောက်ပတ်သည် မလျောက်ပတ်သည်ကို ဆင်ခြင်ခြင်းသည် သပ္ပါယသမ္ပဇည။

(၃) ရှေ့သို့ တက်ခြင်း နောက်သို့ ဆုတ်ခြင်းစသော ခုနစ်ပါးသော ဌာနတို့၌ ကမ္မဋ္ဌာန်းနှင့် မကင်းခြင်းသည် ဂေါစရသမ္ပဇည။

(၄) ရှေ့သို့ တက်ခြင်း,နောက်သို့ ဆုတ်ခြင်း စသော ခုနစ်ဌာနတို့၌ ရှေ့သို့တက်တတ်,နောက်သို့ဆုတ်တတ်သော သတ္တဝါ, ပုဂ္ဂိုလ် ရှိသည်မဟုတ်-အစရှိသည်ဖြင့် အောက်က ဆိုခဲ့ပြီးသည် အတိုင်း မတွေမဝေ ဆင်ခြင်ခြင်းသည် အသမ္မောဟ သမ္ပဇည မည်၏။

ထိုကြောင့် အကျိုးရှိသည် မရှိသည်ကိုဆင်ခြင်၍ အကျိုးရှိမှသာ ရှေ့သို့ တက်ခြင်းစသည်ကို ပြုရသည်၊ အကျိုးပင် ရှိသော်လည်း လျောက်ပတ်သည်, မလျောက်ပတ်သည်ကို ဆင်ခြင်၍

လျောက်ပတ်မှသာ ပြုရာသည်၊ အကျိုးရှိသည့်, လျောက်ပတ်သည်ဖြစ်၍ ရှေ့သို့တက်ခြင်း စသည့်ကို ပြုရာ၌လည်း ကမ္မဋ္ဌာန်းနှင့်မကင်း ပြုရာသည်၊ ရှေ့သို့တက်တတ်သော ပုဂ္ဂိုလ်, သတ္တဝါ ရှိသည်မဟုတ်။

ရှေ့သို့ တက်လိုသော စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်မျှသောအားဖြင့်သာ တကိုယ်လုံး ရှေ့သို့တက်ရလေသည်-အစရှိသည်ဖြင့် အောက်က ဆိုခဲ့ပြီးသောအတိုင်း မတွေမဝေ ပညာအဆင်အခြင်ကို ပြုရာသည်။

သမ္ပဇဉ်-ပါး ခွဲခြားချက်

(၁) သမ္ပဇဉ်ကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ရှေးဘဝ၌ပြီးငြိးသောလောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာ မချုပ်ရာဖြစ်သောနိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သော ကောင်းမွန်လွန်မြတ်သောအကျင့်ဟုဆိုအပ်သောမဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့ သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် သစ္စကမ္မဋ္ဌာန်းကို လုံ့လပြုရာသည်၊ သစ္စကမ္မဋ္ဌာန်းကို လုံ့လပြု၍လည်း နိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏-ဟုလိုသည်။

[ဤကား သမ္ပဇာနပဗ္ဗ၌ အကျဉ်းဖြစ်သော အဋ္ဌကထာတည်း]

---

### ကာယာနုပဿနာ ပဋိကူလမနသိကာရပိုင်း

၆။ ပဋိကူလ မနသိကာရ ပဗ္ဗ၌ ဆင်ခြင် အောက်မေ့သည်ကား-

(က) အောက်ခြေဘဝါး အပြင်မှသည့် အထက်ဆံဖျားတိုင်အောင် ကိုယ်ကို ဆင်ခြင်သည့်ရှိသော် အကျော်,ကရမက်-အစရှိသော တစုံတခု အမွေးအကြွင်ကို မမြင်။

စင်စစ်သော်ကား-

၁။ ဆံ, အမွေး, ခြေသည်း လက်သည်း, သွား, အရေ။
၂။ အသား, အကြော, အရိုး, ခြင်ဆီ, အညှို့။
၃။ နှလုံးသား, အသည်း, အမြှေး, အဖျဉ်း, အဆုတ်။
၄။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်။
၅။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ။
၆။ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ်-

အားဖြင့် သုံးဆဲ့နှစ်ပါးသော စက်ဆုပ် ရွံ့ရှာဘွယ် အစုအဝေးသာ ပြည့်လေသည်ဟု ဆင်ခြင်အောက်မေ့ရာသည်။

(ခ) ဥပမာကား-ကောက်မျိုး, ပဲ, နှမ်း, ဆန် တို့ဖြင့် ပြည့်သော အောက်အထက် အဝနှစ်ဘက်ရှိသော အိတ်ကို ဖြေ၍ ကြည့်သည် ရှိသော် မျက်စိအမြင် ရှိသော ယောကျ်ား သည် ဤကား သလေး, ဤကား ကောက်, ဤကား ပဲနောက်, ဤကား ပဲလွန်း, ဤကားနှမ်း, ဤကားဆန်- ဟူ၍ ဆင်ခြင်အောက်မေ့ရာ သကဲ့သို့ ထို့အတူ အိတ်ကိုဖြေ၍ကြည့်သောယောကျ်ားနှင့် တူသော ကမ္မဋ္ဌာန်းကို အားထုတ် စီးဖြန်းသော ယောဂီသူတော်ကောင်းသည် အဝနှစ်ဘက်ရှိသော အိတ်နှင့် တူသော ကိုယ်ကို အောက် ခြေဘဝါး အပြင်မှသည် အထက် ဆံဖျား တိုင်အောင် ဆင်ခြင်အောက်မေ့သည် ရှိသော်-

၁။ ဤကားဆံ, ဤကား အမွေး, ဤကားခြေသည်း လက်သည်း, ဤကားသွား, ဤကားအရေ။
၂။ ဤကားအသား, ဤကားအကြော, ဤကားအရိုး, ဤကားခြင်ဆီ, ဤကားအညှို့။

၃။ ဤကားနှလုံးသား, ဤကားအသည်း, ဤကားအမြှေး, ဤကား အဖျဉ်း, ဤကားအဆုတ်။

၄။ ဤကားအူမ, ဤကားအူသိမ်, ဤကားအစာသစ်, ဤကား အစာဟောင်း, ဤကားဦးနှောက်။

၅။ ဤကားသည်းခြေ, ဤကားသလိပ်, ဤကားပြည်, ဤကား သွေး, ဤကားချွေး, ဤကားအဆီခဲ။

၆။ ဤကားမျက်ရည်, ဤကားဆီကြည်, ဤကားတံတွေး, ဤကားနှပ်, ဤကားအစေး, ဤကားကျင်ငယ်-

ဟု သုံးဆဲ့နှစ်ပါးသော စက်ဆုပ်ရွံရှာဘွယ် အစုအတိသာ ပြည့်နေလသည်ဟု ဆင်ခြင်အောက်မေ့ရာသည်။

သစ္စာ ၄-ပါးခွဲပြချက်

၁။ ထိုသုံးဆဲ့နှစ်ပါးသော စက်ဆုပ်ရွံရှာဘွယ်အစုကိုသိမ်း ဆည်းတတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

၂။ ထိုဒုက္ခသစ္စာ၏ အကြောင်း၏ အဖြစ်ဖြင့် ဖြစ်စေတတ် သောရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမုဒယ သစ္စာမည်၏။

၃။ ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာ ချုပ်ရာဖြစ်သော နိဗ္ဗာန် သည် နိရောဓသစ္စာမည်၏။

၄။ ထိုနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သော ကောင်းမွန်လွန် မြတ်သော အကျင့်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ် ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့စတုသစ္စကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်လည်း အားထုတ် ရာသည်၊ အားထုတ်သည်ရှိသော် ဘေးအပေါင်းငြိမ်းရာ နိဗ္ဗာန် သို့ရောက်သည် သာလျှင်ဖြစ်၏-ဟုလိုသတည်း။

[ဤကားပဋိကူလမနသိကာရ ပဗ္ဗ၌ အကျဉ်းဖြစ်သောအဓိပ္ပါယ်တည်း။]

## ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း

၇။ ဓာတုမနသိကာရပဗ္ဗ၌ ဆင်ခြင်အောက်မေ့ရာ သည့်ကား-

(က) နွားသတ် သမားတို့သည် နွားကိုသတ်ပြီးလျှင် ခရီးလမ်းအဆုံ၌ အပိုင်းပိုင်း လှီးဖြတ်ဝေဘန် ခြားနားသကဲ့သို့၊ ထို့အတူသွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-ဣရိယာပုထ်လေးပါးအားဖြင့် တည်သော ငါ၏ကိုယ်၌-

(၁) ကြမ်းထမ်း ခက်ထန်ခြင်း လက္ခဏာ အ ဆုံး ရှိ သော ပထဝီဓာတ်,

(၂) ယိုခြင်းညှိုခြင်း လက္ခဏာရှိသော အာပေါဓာတ်,

(၃) ရင့်ခြင်းကျက်ခြင်း လက္ခဏာရှိသော တေဇောဓာတ်,

(၄) တုန်လှုပ်ထောက်ပံ့ခြင်း လက္ခဏာရှိသော ဝါယော ဓာတ်-

အားဖြင့် ဤလေးပါးသော ဓာတ်သာရှိသည်-ဟု ဓာတ်လေးပါးအားဖြင့်ဆင်ခြင်အောက်မေ့ရာသည်၊ ထိုသို့အောက်မေ့သည် ရှိသော် သတ္တဝါ, ပုဂ္ဂိုလ်ဟူသော အမှတ်သညာကင်း၍ ဓာတ်လေးပါးဟူသော အမှတ်သညာသာလျှင်ဖြစ်၏။

(ခ) ဥပမာကား- နွားသတ်သမားတို့သည် နွားမွေးသည့်ကာလ, နွားကိုသတ်ရာအရပ်သို့ ဆောင်ယူသည့်ကာလ, သတ်ရာအရပ်တွင် ချည်ထားသည့်ကာလ, သတ်သည့်ကာလ, သတ်၍သေသည့်ကာလ, နွားဟူသော အမှတ်သညာသာ ရှိလေသကဲ့သို့, လှီးဖြတ် အပိုင်း အပိုင်းဝေဘန်ခြားနားသည့် ကာလမှ နွားဟူသော အမှတ်သညာကင်း၍ အမဲဟူသော အ မှတ် သ ညာ ငါအမဲရောင်းသည်ဟူသော အမှတ်သညာ အမဲဝယ်ကြသည်ဟူသော အမှတ်သညာသာ ရှိသကဲ့သို့၊ ထို့အတူ ဓာတ်လေးပါးအားဖြင့် ဝေဘန်ပိုင်းခြား၍ မဆင်ခြင်မအောက်မေ့မီ သတ္တဝါ'

ပုဂ္ဂိုလ်ဟူသော အမှတ်သညာ, ငါဟူသော အမှတ်သညာသာ ရှိလေသည်၊ ခတ်လေးပါးအားဖြင့် ဝေဘန်ပိုင်းခြားသည့်ကာလမှကား သတ္တဝါ, ပုဂ္ဂိုလ်ဟူသော အမှတ်သညာ, ငါဟူသော အမှတ်သညာ ကင်းပျောက်၍ ဓာတ်လေးပါးဟူသော အမှတ်သညာသာဖြစ်လေသည်။

သစ္စာ ၄-ပါးခွဲပြချက်

(၁) ဓာတ်လေးပါး အားဖြင့် ဆင်ခြင် သိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာကို ဖြစ်စေတတ်သော ရှေးဘဝဖြစ်သောလောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ထိုသို့ စတုသစ္စကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့် အားထုတ်၍လည်း ဘေးငြိမ်းရာ နိဗ္ဗာန်သို့ရောက်ရာ၏။ ထို့ကြောင့် စတုသစ္စကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်လည်း အားထုတ်ရာသည်။

[ဤကား ဓာတုမနသိကာရပဗ္ဗ၌ အကျဉ်းဖြစ်သောအဓိပ္ပါယ်တည်း။]

---

ကာယာနုပဿနာ နဝသိဝထိကပိုင်း

၈။ နဝသိဝထိကပဗ္ဗကိုးပါး၌ ဆင်ခြင်အောက်မေ့ ရာသည်ကား-

(က) ၁-သေ၍တရက်, နှစ်ရက်, သုံးရက်ရှိ၍ သင်းချိုင်းဝယ် စွန့်ပစ်အပ်သော ဖူးဖူးရောင်သော အကောင်,

၂-အပြာ အနီစသော အဆင်းတို့ဖြင့် ရောသောအဆင်းရှိသော များသောအားဖြင့် ညိုသော အဆင်းရှိသော စက်ဆုပ်ဘွယ်ရှိသော အကောင်,

၃-ပေါက်ပြဲပျက်စီးသော အရပ်တို့မှ လည်းကောင်း ကိုးပါးသော အမာဝဏအပေါက်တို့မှလည်းကောင်း, ယိုစီးသော ပြည်ရှိသော စက်ဆုပ်ဘွယ် ရှိသော အကောင်-

ကို မြင်သည့်ကာလ,ငါ၏ကိုယ်သည်း ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဏ်ဟူသော ဤတရားသုံးပါးတို့၏ ထင်ရှားရှိသည့်ကာလ သွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း, လျောင်းခြင်း စသည့်ကိုပြုခြင်းငှါ တတ်နိုင်ချေသည်၊ ဇီဝိတိန္ဒြေ, ကမ္မဇတေဇောဓာတ်, ဝိညာဏ်ဟူသော တရားသုံးပါး ကင်းသည့်ရှိသော် ဤကဲ့သို့ အကောင်ပုပ်အဖြစ်သို့ မချွတ်ရောက်အံ့သည်၊ ဤကဲ့သို့ ဥဒ္ဓုမာတက စသည်အပြားရှိသော အဖြစ်သည် မချွတ်ဖြစ်အံ့သည်၊ ဤကဲ့သို့ ဖူးဖူးရောင်သော အကောင်ပုပ် အဖြစ်စသည် အပြားရှိသော အဖြစ်ကိုမလွန်နိုင်ချေ၊ စင်စစ် အကောင်ပုပ် အဖြစ်သို့ ရောက်အံ့သည်ဟု ဆင်ခြင်အောက်မေ့ရာသည်။

(ခ) သင်းချိုင်းဝယ်စွန့်ပစ်၍ ကျီး, လင်းတ, ခွေး, မြေခွေး အစရှိသော သတ္တဝါတို့ထိုးဆွကိုက်ခဲသော အကောင်ကိုမြင်သည့် ကာလလည်း ငါ၏ကိုယ်သည်တရားသုံးပါးရှိသည့်ကာလ သွားခြင်းစသည့်ကို ပြုခြင်းငှါ တတ်နိုင်ချေသည့်၊တရားသုံးပါးကင်းသည့်ရှိသော် ဤကဲ့သို့အကောင်ပုပ်အဖြစ်, ဥဒ္ဓုမာတကစသော အဖြစ်သို့ မချွတ်ဖြစ်အံ့, ရောက်အံ့, မလွန်နိုင်ချေအံ့-ဟုဆင်ခြင် အောက်မေ့ရာသည်။

(ဂ) သင်းချိုင်းဝယ် စွန့်ပစ်အပ်သော အသွေး, အသားနှင့် တကွ အကြောမပြတ်သေးသော အရိုးစုသာရှိသော အကောင်ကိုမြင်သည့် ကာလလည်း ငါ၏ကိုယ်သည်လည်း တရားသုံးပါးရှိစဉ် ကာလသာလျှင် သွားခြင်းစသည့်ကို ဖြစ်စေနိုင်ချေသည့်၊ တရားသုံးပါး ကင်းသည့်ကာလ ဤကဲ့သို့မချွတ်ဖြစ်အံ့သည်-ဟု အောက်မေ့ရာသည်။

(ဃ) သင်းချိုင်းဝယ် စွန့်ပစ်အပ်သော အသားမကပ်, အသွေးလိမ်းကျံ၍ အကြောမပြတ်သေးသော အရိုးစုကိုမြင်သည့်ကာလလည်း ငါ၏ကိုယ်သည်လည်း ဤကဲ့သို့ မချွတ် ဖြစ်အံ့သည်-ဟု ဆင်ခြင်အောက်မေ့ရာသည်။

(င) သင်းချိုင်းဝယ် စွန့်ပစ်အပ်သော အသား, အသွေးမကပ် အကြောမပြတ်သေးသော အရိုးစုကိုမြင်သည့်ကာလလည်း ငါ၏ကိုယ်သည်လည်း ဤကဲ့သို့ မချွတ်ဖြစ်အံ့သည်-ဟု ဆင်ခြင်အောက်မေ့ခြင်း သတိတရားကို ဖြစ်စေရာသည်။

(စ) သင်းချိုင်းဝယ် စွန့်ပစ်အပ်သော-

(၁) ခြောက်ဆဲ့လေးချောင်းသော လက်ရိုး,
(၂) ခြောက်ဆဲ့လေးချောင်းသောခြေရိုး,
(၃) တဘက် တဘက်သော ခြေ၌ နှစ် ချောင်း, နှစ်ချောင်းသော ဘမျက်ရိုး,
(၄) နှစ်ချောင်း, နှစ်ချောင်းသော မြင်းခေါင်းရိုး,
(၅) တချောင်း, တချောင်းသော ပုဆစ်ရိုး,
(၆) တချောင်း, တချောင်းသော ပေါင်ရိုး,
(၇) နှစ်ချောင်းသော ခါးရိုး,
(၈) နှစ်ဆဲ့လေးချောင်းသော နံရိုး,
(၉) တဆဲ့နှစ်ချောင်းသော ကျောရိုး,
(၁၀) နှစ်ချောင်းသော လက်ပြင်ရိုး,
(၁၁) ခုနစ်ဆစ်သော လည်ရိုး,
(၁၂) နှစ်ချောင်းသော မေးရိုး,
(၁၃) သုံးဆဲ့နှစ်ချောင်းသော သွားရိုး,
(၁၄) ကိုးချောင်းသော ဦးခေါင်းခွံရိုး,

ဖရိုဖရဲ အသီးသီး အကွဲကွဲရှိသော အရိုးတို့ကို မြင်သည့် ကာလလည်း ငါ၏ကိုယ်သည်လည်း ဤကဲ့သို့မချွတ်ဖြစ်အံ့သည်-ဟု ဆင်ခြင်အောက်မေ့ရာသည်။

(ဆ) သင်းချိုင်းဝယ် စွန့်ပစ်အပ်သော ခရုသင်းနှင့် အတူ ဖွေးဖွေး ဖြူသော အရိုးစုကို မြင်သည့် ကာလလည်း ငါ၏ကိုယ် လည်း ဤကဲ့သို့ မချွတ်ဖြစ်အံ့သည်-ဟု ဆင်ခြင်အောက်မေ့သိမ်း ဆည်းခြင်း သတိတရားကို ဖြစ်စေရာသည်။

(ဇ) သင်းချိုင်းဝယ်စွန့်ပစ်အပ်သော နှစ်လည်ခါကျူး လွင် တီးခေါင်၌ လေနေပူအတွေ့တို့ဖြင့်တွေ့ကုန်လျက်ဟောင်းမြင်း၍ စုပုံထားအပ်သော အရိုးစုတို့ကို မြင်သည့်ကာလလည်း ငါ၏ ကိုယ် သည် လည်း ဤကဲ့သို့ မချွတ် ဖြစ်အံ့ သည်-ဟု ဆင်ခြင် အောက်မေ့ရာသည်။

(ဈ) သင်းချိုင်းဝယ် စွန့်ပစ် အပ်သော ပုပ်ဆွေး၍ မှုန့်မှုန့် ညက်ညက် ဖြစ်လေပြီးသော အရိုးစုကို မြင်သည့် ကာလလည်း ငါ၏ကိုယ်သည်လည်း ဤကဲ့သို့ ပုပ်ဆွေး၍ မှုန့်မှုန့် ညက်ညက် မချွတ်ဖြစ်အံ့သည်-ဟု ဆင်ခြင်အောက်မေ့သိမ်းဆည်းခြင်းသတိ တရားကို ဖြစ်စေ, ပွားစေရာသည်။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) နဝသိဝထိက ကိုးပါးကို အောက်မေ့ သိမ်းဆည်းတတ် သော သတိသည် ဒုက္ခသစ္စာမည်၏။
(၂) ထိုဒုက္ခသစ္စာ၏အကြောင်းရင်း၏အဖြစ်အားဖြင့်ဖြစ်စေ တတ်သော ရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမု ဒယ သစ္စာမည်၏။
(၃) ထိုသစ္စာ နှစ်ပါး တို့၏ မဖြစ်ရာ ချုပ်ရာ ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏။
(၄) ထို နိရောဓ သစ္စာလျှင် အာရုံရှိသော ကောင်းမွန် လွန် မြတ်သော အကျင့်ဟုဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၈ပါးသည် မဂ္ဂသစ္စာမည်၏။

ထိုသစ္စာလေးပါးတို့၏ အစွမ်း အားဖြင့် လည်း လုံ့လပြု၍ ဘေးအပေါင်းငြိမ်းရာ နိဗ္ဗာန်သို့ ရောက်သည်သာလျှင် ဖြစ်၏၊

ထို့ကြောင့် သဗ္ဗာ ကမ္မဋ္ဌာန်း၏ အစွမ်းအား ဖြင့်လည်း လုံ့လ ပြုရာသည်။

[ဤကားနဝသိဝထိက ပဗ္ဗကိုးပါး၌အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း]
တဆဲ့လေးပါးအပြားရှိသောကာယာနုပဿနာ
သတိပဋ္ဌာန်ပြီး၏။

---

ဝေဒနာနုပဿနာ

၉။ ဝေဒနာနုပဿိနာသတိပဋ္ဌာန်၌-

(က) ဥပမာကား ပက်လက်အိပ်တတ်ကာမျှဖြစ်သောသူငယ်သည် နို့ကိုစို့ခြင်းစသောကာလ၌ချမ်းသာကို ခံစားသည်ရှိသော် ငါသည် ချမ်းသာခြင်းသုခဝေဒနာကို ခံစား၏-ဟုအကယ်၍ကား သိ၏၊ ထိုသို့ သိငြားသော်လည်း ထိုသူငယ် တို့၏ သိခြင်းသည် သတ္တဝါဟူသော အယူကိုလည်း မစွန့်၊ သတ္တဝါ ဟူသော အမှတ်သညာကိုလည်းမခွာ၊ ကမ္မဋ္ဌာန်းလည်းမဖြစ်၊ သတိပဋ္ဌာန်ကိုပွားစေသည်လည်းမမည်။

ဤ သုခဝေဒနာစသော ဝေဒနာကို အောက်မေ့သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်၏သုခဝေဒနာစသည်ကိုခံစားသည်ရှိသော် ငါသုခဝေဒနာစသည်ကို ခံစား၏ဟု သိခြင်းသည် သတ္တဝါဟူသော အယူကိုလည်းစွန့်သည်၊ သတ္တဝါဟူသော အမှတ်သညာကိုလည်း ခွာသည်၊ ကမ္မဋ္ဌာန်းလည်းဖြစ်သည်၊သတိပဋ္ဌာန်တရားကို ပွားစေသည်လည်းမည်သည်။

(ခ) ထိုဝေဒနာသည် ကား - သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ သုံးပါးအပြားရှိသည် သာလျှင်ဖြစ်၏၊ ထိုသုံးပါးတို့တွင်-

(၁) ဣဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာသည် သုခဝေဒနာမည်၏။

(၂) အနိဋ္ဌာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာသည် ဒုက္ခဝေဒနာမည်၏။

(၃) ဆုဋ္ဌမဗျဉ္ဇနာရုံကို ခံစားခြင်း လက္ခဏာရှိသော ဝေဒနာ သည် ဥပေက္ခာဝေဒနာမည်၏။

(ဂ) သုခဝေဒနာသည်လည်း သာမိသသုခဝေဒနာ နိရာ မိသ သုခဝေဒနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-

(၁) အလိုရှိအပ်သော ရူပါရုံအစရှိသည်ကိုရလျှင် ငါရပေ သည်၊ ရပြီးသည်ကို ငါလည်းရပေပြီ-ဟု အောက်မေ့ သောသူအားဖြစ်သော သုခဝေဒနာသည် ကာမဂုဏ် ငါးပါးဟူသော အာမိသနှင့် စပ်ယှဉ်သောကြောင့် သာမိသ သုခဝေဒနာမည်၏။

(၂) ရူပါရုံစသည်တို့၏ အနိစ္စသဘောကိုမြင်၍ ယခုဖြစ်ဆဲ, ရှေးကဖြစ်ပြီးသော ရူပါရုံ စသည်တို့သည် အနိစ္စသ ဘောရှိကုန်၏-ဟု အောက်မေ့သောသူအား ဖြစ်သော သုခဝေဒနာသည် ကာမဂုဏ်ငါးပါးဟူသော အာမိသ နှင့် မစပ်ယှဉ်သောကြောင့် နိရာမိသ သုခဝေဒနာ မည်၏။

(ဃ) ဒုက္ခဝေဒနာသည်လည်း သာမိသဒုက္ခဝေဒနာ, နိရာမိ သ ဒုက္ခဝေဒနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါး တို့တွင်-

(၁) အလိုရှိအပ်သော ရူပါရုံအစရှိသည်ကို မရလျှင်မရပါ လေ၊ ရပြီး၍ ပျောက်ပျက်သည်ကိုလည်း ပျောက်ပျက် ခဲ့လေသည်-ဟု အောက်မေ့သောသူအား ဖြစ်သော ဒုက္ခဝေဒနာသည် ကာမဂုဏ်ငါးပါးဟူသော အာမိ သနှင့် စပ်ယှဉ်သောကြောင့် သာမိသ ဒုက္ခဝေဒနာ မည်၏။

(၂) ရူပါရုံအစရှိသည်တို့၏ အနိစ္စသဘောကိုမြင်၍ အရိယာ ဖိုလ်ကို တောင့်တ၍ ရအောင် အနိစ္စသဘော အားဖြင့်

စိုးဖြန်းအားထုတ်၍ မရနိုင် သောကြောင့် နှလုံး မသာယာခြင်းရှိသော သူအား ဖြစ်သော ဒုက္ခဝေဒနာသည် ကာမဂုဏ်ငါးပါးဟူသော အာမိသနှင့်မစပ်ယှဉ်သော ကြောင့် နိရာမိသ ဒုက္ခဝေဒနာမည်၏။

(ဂ) ဥပေက္ခာ ဝေဒနာသည်လည်း သာမိသ ဥပေက္ခာဝေဒနာ, နိရာမိသဥပေက္ခာဝေဒနာဟူ၍နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင်-

(၁) အလိုရှိအပ်သော ရူပါရုံအစရှိသည်တို့ကို အာရုံပြု၍ ဗာလ ပုထုဇဉ်အားဖြစ်သော ဥပေက္ခာ ဝေဒနာသည် ကာမဂုဏ်ငါးပါးဟူသော အာမိသနှင့် စပ်ယှဉ်သော ကြောင့် သာမိသဥပေက္ခာဝေဒနာမည်၏။

(၂) ရူပါရုံ အစရှိသည်တို့၏ အနိစ္စသဘောကိုမြင်၍ ယခု ဖြစ်ဆဲ, ရှေးကဖြစ်လေပြီးသော ရူပါရုံ အစရှိသည်တို့ သည် အနိစ္စသဘောသာ ရှိကုန်၏-ဟု အောက်မေ့ သောသူအားဖြစ်သော ဥပေက္ခာဝေဒနာသည် ကာမ ဂုဏ် ငါးပါး ဟူသော အာမိသ နှင့် မစပ်ယှဉ်သော ကြောင့် နိရာမိသ ဥက္ခောဝေဒနာမည်၏။

(ဃ) ထို ဆိုခဲ့ပြီးသော သုခဝေဒနာစသော ကိုးပါးအပြား ရှိသော ဝေဒနာတို့တွင် တပါးပါးသော ဝေဒနာကိုခံစားသည် ကာလ၌ တစုံ တယောက်သော ဝေဒနာကို ခံစား တတ်သော သတ္တဝါ,ပုဂ္ဂိုလ်မည်သည်မရှိ၊ သုခဝေဒနာရှိသော ဝေဒနာတို့၏ အာရုံကို အာရုံပြု၍ ဝေဒနာခံစားလေသည်၊ ထိုသို့ ဝေဒနာဖြစ် သည်ကိုသာစွဲ၍ ငါဝေဒနာကို ခံစားသည် ဟု ခေါ်ဝေါ်သမုတ် ခြင်း ဖြစ်လေသည်။

တနည်းကား-

(၁) သုခ ဝေဒနာကို ခံစားသည်ကာလ ဒုက္ခ ဝေဒနာ, ဥပေက္ခာဝေဒနာကို မခံစား။

(၂) ဒုက္ခဝေဒနာက ခံစားသည့် ကာလလည်း သုခဝေဒနာ, ဥပေက္ခာဝေဒနာကို မခံစား။

(၃) ဥပေက္ခာ ဝေဒနာကို ခံစားသည့် ကာလလည်း သုခ ဝေဒနာ, ဒုက္ခဝေဒနာကို မခံစား။

ထို့ကြောင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ တို့သည် ကုန်ခြင်း, ပျက်ခြင်း, ဘောက်ပြန်ခြင်းသဘော ရှိကုန် သည်ဖြစ်၍ အနိစ္စသဘောသာ ဖြစ်ကုန်၏-ဟု ဆင်ခြင် အောက် မေ့ရာသည်၊ ထိုသို့ ဆင်ခြင်အောက်မေ့သည်ကိုသာ-

(၁) သုခဝေဒနာကို ခံစားသည်ရှိသော်-ငါ သုခဝေဒနာကို ခံစားသည်-ဟု သိ၏။

(၂) ဒုက္ခဝေဒနာကို ခံစားသည်ရှိသော်-ငါ ဒုက္ခဝေဒနာကို ခံစားသည်-ဟု သိ၏။

(၃) ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော်-ငါ ဥပေက္ခာ ဝေဒနာကို ခံစားသည်-ဟု သိ၏။

(၄) သာမိသ သုခဝေဒနာကို ခံစားသည်ရှိသော်- ငါ သာမိသ သုခဝေဒနကို ခံစားသည်-ဟု သိ၏။

(၅) နိရာမိသ သုခဝေဒနကို ခံစားသည်ရှိသော်-ငါ နိရာ- မိသ သုခဝေဒနာကို ခံစားသည်-ဟု သိ၏။

(၆) သာမိသ ဒုက္ခဝေဒနာကိုခံစားသည်ရှိသော်-ငါသာမိသ ဒုက္ခဝေဒနာကို ခံစားသည်-ဟု သိ၏။

(၇) နိရာမိသ ဒုက္ခဝေဒနာကို ခံစားသည်ရှိသော်-ငါ နိရာ- မိသ ဒုက္ခဝေဒနာကို ခံစားသည်-ဟု သိ၏။

(၈) သာမိသ ဥပေက္ခာဝေဒနာကို ခံစားသည်ရှိသော်- ငါ သာမိသ ဥပေက္ခာဝေဒနကို ခံစားသည်-ဟု သိ၏။

(၉) နိရာမိသ ဥပေက္ခာ ဝေဒနာကို ခံစားသည် ရှိသော်-ငါ နိရာမိသ ဥပေက္ခာ ဝေဒနာကို ခံစားသည်-ဟု သိ၏-ဆိုလေသတည်း။

(ဆ) ထို့ကြောင့် သုခဝေဒနာအစရှိသည်တို့ကို ခံစားသည် ရှိသော် ငါခံစား၏-ဟု သိကာမျှကိုမဆိုလို၊ ထိုသို့ သိခြင်းသည်ကား ပက်လက်အိပ်တတ်ကာမျှသာ ဖြစ်သော သူငယ်သည်ပင် အမိနို့ကို စို့သောကာလ ငါ သုခဝေဒနာကို ခံစားသည်-ဟု သိ၏၊ ထိုသို့ သိခြင်းကို သတ္တဝါဟူသော အယူအမှတ် သညာ မကင်းသောကြောင့် မလိုအပ်၊ သုခဝေဒနာ အစရှိသော ဝေဒနာကို ခံစားသည်ကာလ တစုံတယောက်သော ဝေဒနာကို ခံစားတတ်သောသတ္တဝါ၊ ပုဂ္ဂိုလ်မည်သည် မရှိသည်ကိုပင် အောက်က ပြဆိုခဲ့သည့်အတိုင်း ဆင်ခြင် အောက်မေ့သည်ကိုသာ သတ္တဝါ၊ ပုဂ္ဂိုလ်ဟူသော အမှတ်သညာ အယူကင်းသောကြောင့်လိုအပ်သည်။

### သစ္စာ ၄-ပါးခွဲပြချက်

(၁) ဝေဒနာကို သိမ်းဆည်း အောက်မေ့တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်သော ရှေးဘဝ၌ပြီးပြီးသော လောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထို နိရောဓသစ္စာလျှင် အာရုံရှိသော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့ သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် အားထုတ်၍လည်း နိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏။ ထို့ကြောင့် စတုသစ္စကမ္မဋ္ဌာန်း၏ အစွမ်းဖြင့်လည်း အားထုတ်ရာသည်။

[ဤကား ကိုးပါးအပြားရှိသော ဝေဒနာနုပဿနာ သတိပဋ္ဌာန်၏ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ပြီး၏။

---

စိတ္တာနုပဿနာ

၁၀။ စိတ္တာနုပဿာနာ သတိပဋ္ဌာန်၌ စိတ်သည်-

(က) သရာဂစိတ်, ဝီတရာဂစိတ်။

(ခ) သဒေါသစိတ်, ဝီတဒေါသစိတ်။

(ဂ) သမောဟစိတ်, ဝီတမောဟစိတ်။

(ဃ) သံခိတ္တစိတ်, ဝိက္ခိတ္တစိတ်။

(င) မဟဂ္ဂတစိတ်, အမဟဂ္ဂတစိတ်။

(စ) သဉတ္တရစိတ်, အနုတ္တရစိတ်။

(ဆ) သမာဟိတစိတ်, အသမာဟိတစိတ်။

(ဇ) ဝိမုတ္တစိတ်, အဝိမုတ္တစိတ်-

ဟူ၍ တဆဲ့ခြောက်ပါး အပြားရှိသည် သာလျှင်ဖြစ်၏၊ ထိုတဆဲ့ခြောက်ပါးတို့တွင်-

(၁) ရာဂနှင့်ယှဉ်သော လောဘမူ စိတ်ရှစ်ခုသည်သရာဂစိတ် မည်၏။

(၂) ရာဂနှင့်ကင်းသော လောကီကုသိုလ်သတ္တရသ, လောကီဝိပါက် ဗာတ္တိံသ, ကြိယာဝီသ-အားဖြင့်တခုယုတ်ခုနှစ်ဆယ်သော လောကီကုသိုလ် အဗျာကတ စိတ်သည် ဝီတရာဂစိတ်မည်၏။

ဤစိတ်ကို အောက်မေ့သိမ်းဆည်းခြင်းသည်ကား အကြင့်ကြောင့် လောကီဖြစ်သော စိတ်တို့၏ အပေါင်းသည်သာလျှင်

ဖြစ်၏၊ ထို့ကြောင့် စိတ္တာနုပဿနာ သတိပဋ္ဌာန်အရာဝယ် တခု သော ပုဒ်၌ မှုသော်လည်း လောကုတ္တရာစိတ်ကို မရအပ်သည် သာလျှင်တည်း၊ လောဘမူစိတ်ရှစ်ခုမှ ကြွင်းသော ဒေါသမူနှစ်, မောဟမူနှစ်အားဖြင့် ဤလေးပါးသော အကုသိုလ်စိတ်တို့သည် သရာဂ-ပုဒ်သို့လည်း မဆည်းမကပ်ဝင်ကုန်၊ ဝီတရာဂ-ပုဒ်သို့ လည်း မဆည်းမကပ်မဝင်ကုန်ဟု မှတ်အပ်၏-ဟူလိုသည်။

(၃) ဒေါသနှင့် ယှဉ်သော ဒေါမနဿသဟဂုတ်စိတ် နှစ်ခု သည် သဒေါသစိတ်မည်၏။

(၄) ဒေါသနှင့် မယှဉ်သော ဆိုခဲ့ပြီးသော လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတဒေါသစိတ်မည်၏။

သဒေါသစိတ်မှ ကြွင်းသော လောဘမူစိတ်ရှစ်ခု, မောဟမူ စိတ်နှစ်ခု အားဖြင့် ဤ ဆယ်ခုသော အကုသိုလ် စိတ်တို့သည် သဒေါသ-ပုဒ်, ဝီတဒေါသပုဒ် နှစ်ပါး တို့သို့ မဆည်း မကပ် မဝင်ကုန်ဟူလို။

(၅) မောဟနှင့် ယှဉ်သော အကုသိုလ်စိတ် တဆဲ့နှစ်ခုသည် သမောဟစိတ်မည်၏။

(၆) မောဟနှင့် ကင်းသော ဆိုခဲ့ပြီးသော လောကီကုသိုလ် အဗျာကတစိတ်သည် ဝီတမောဟစိတ် မည်၏။

(၇) ထိနမိဒ္ဓ နှင့် ယှဉ်သော အကုသိုလ် သသင်္ခါရိကစိတ် ငါးခုသည် သံခိတ္တစိတ်မည်၏။

(၈) ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂုတ် စိတ်သည် ဝိက္ခိတ္တစိတ် မည်၏။

(၉) ရူပါဝစရစိတ် ပန္နရသ, အရူပါဝစရစိတ် ဒွါဒသ အားဖြင့် ဤ နှစ်ဆဲ့ခုနစ်ခု သော စိတ်သည် မဟဂ္ဂတ စိတ် မည်၏။

(၁၀) ငါးဆဲ့လေးပါး အပြားရှိသော ကာမာဝစရစိတ်သည် အမဟဂ္ဂုတ်စိတ်မည်၏။
(၁၁) ဆိုခဲ့ပြီးသော အပြားရှိသော ကာမာဝစရ စိတ်သည် သဥတ္တရစိတ် မည်၏။
(၁၂) ဆိုခဲ့ပြီးသော အပြားရှိသော ရူပါဝစရစိတ်, အရူပါဝစရစိတ်သည် အနုတ္တရစိတ်မည်၏။

[ရူပါဝစရစိတ်, အရူပါဝစရစိတ်တို့တွင်လည်း ရူပါဝစရစိတ်သည် သဥတ္တရစိတ်မည်၏၊ အရူပါဝစရစိတ်သည် အနုတ္တရစိတ်မည်၏။]

(၁၃) အပ္ပနာသမာဓိ, ဥပစာရ သမာဓိနှင့် ယှဉ်သော စိတ်သည် သမာဟိတစိတ်မည်၏။
(၁၄) ဆိုခဲ့ပြီးသော သမာဓိနှင့်မယှဉ်သောစိတ်သည် အသမာဟိတစိတ် မည်၏။
(၁၅) တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိအားဖြင့် ကိလေသာတို့မှ လွတ်သောစိတ်သည် ဝိမုတ္တစိတ်မည်၏။
(၁၆) တဒင်္ဂဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိအားဖြင့် ကိလေသာတို့မှ မလွတ်သော စိတ်သည် အဝိမုတ္တစိတ်မည်၏။

ထိုဆိုခဲ့ပြီးသော တဆဲ့ခြောက်ပါး အပြားရှိသော စိတ်တို့တွင်-

(က) သရာဂစိတ်ကို ဤကား သရာဂစိတ်,
(ခ) ဝီတရာဂစိတ်ကို ဤကား ဝီတရာဂစိတ်,
(ဂ) သဒေါသစိတ်ကို ဤကား သဒေါသစိတ်,
(ဃ) ဝီတဒေါသစိတ်ကို ဤကား ဝီတဒေါသစိတ်,
(င) သမောဟစိတ်ကို ဤကား သမောဟစိတ်,
(စ) ဝီတမောဟစိတ်ကို ဤကား ဝီတမောဟစိတ်,
(ဆ) သံခိတ္တစိတ်ကို ဤကား သံခိတ္တစိတ်,
(ဇ) ဝိက္ခိတ္တစိတ်ကို ဤကား ဝိက္ခိတ္တစိတ်-

ဤသို့စသည်ဖြင့် ဆင်ခြင်အောက်မေ့ရာသည်။

### သစ္စာ ၄-ပါးနှဲ့ပြချက်

(၁) တဆဲ့ခြောက်ပါး အပြားအားဖြင့် စိတ်ကိုအောက်မေ့သိမ်းဆည်းတတ်သော သတိတရားသည် ဒုက္ခသစ္စာမည်၏။
(၂) အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမုဒယသစ္စာမည်၏။
(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။
(၄) ထိုနိရောဓသစ္စာလျှင် အာရုံရှိသော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသစ္စာလေးပါးတို့၏ အစွမ်းအားဖြင့်လည်း လုံ့လပြု၍ နိဗ္ဗာန်သို့ရောက်သည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့်လည်း စီးဖြန်းအားထုတ်ရာသည်။

[ဤကား စိတ္တာနုပဿနာ သတိပဋ္ဌာန်၏ အကျဉ်းဖြစ်သော အဋ္ဌကထာတည်း။]

စိတ္တာနုပဿနာ သတိပဋ္ဌာန်ပြီး၏။

---

### ဓမ္မာနုပဿနာ နီဝရဏပိုင်း

၁၁။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၌-
(၁) နီဝရဏပဗ္ဗ,
(၂) ခန္ဓပဗ္ဗ,
(၃) အာယတနပဗ္ဗ,
(၄) ဗောဇ္ဈင်္ဂပဗ္ဗ,
(၅) သစ္စပဗ္ဗ-

ဟူ၍ငါးပါး အပြားရှိသည်သာလျှင်ဖြစ်၏၊ ထိုငါးပါးသော ပဗ္ဗတို့တွင်-နီဝရဏပဗ္ဗ၌ နီဝရဏတရားသည်-

(၁) ကာမစ္ဆန္ဒနီဝရဏ,
(၂) ဗျာပါဒနီဝရဏ,
(၃) ထိနမိဒ္ဓနီဝရဏ,
(၄) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ,
(၅) ဝိစိကိစ္ဆာနီဝရဏ-

အားဖြင့် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင်-

(၁) ကာမစ္ဆန္ဒနီဝရဏ သည် ဝတ္ထုကာမကို အလိုရှိခြင်း, တောင့်တခြင်းလက္ခဏာရှိ၏။

(၂) ဗျာပါဒနီဝရဏသည် သူတပါးကို ပျက်စီးစေခြင်းလက္ခဏာရှိ၏။

(၃) ထိနမိဒ္ဓနီဝရဏသည် နာမကာယ၏ မခံ့ခြင်း, ပျင်းရိခြင်း လက္ခဏာရှိ၏။

(၄) ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏသည် ပျံ့လွင့်ခြင်း, နောင်တပူပန်ခြင်း လက္ခဏာရှိ၏။

(၅) ဝိစိကိစ္ဆာနီဝရဏသည် အာရုံကိုမဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိ၏။

(က) ထိုနီဝရဏငါးပါးတို့တွင်အစဉ်မပြတ်သောအားဖြင့် ကာမစ္ဆန္ဒ နီဝရဏ မိမိသန္တာန်၌ဖြစ်သည်ရှိသော်-ငါ၏ သန္တာန်၌ ကာမစ္ဆန္ဒနီဝရဏဖြစ်၏၊ အစဉ်မပြတ်သော အားဖြင့်လည်းကောင်း, ပယ်ပြီးသောအားဖြင့် လည်းကောင်း မဖြစ်သည်ရှိသော်-ငါ၏သန္တာန်၌ ကာမစ္ဆန္ဒနီဝရဏမဖြစ်၊ သုဘအာရုံ၌ အနိစ္စကိုနိစ္စ, ဒုက္ခကိုသုခ, အနတ္တကိုအတ္တ, အသုဘကိုသုဘ-ဟု မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မ ဖြစ် သေး သော ကာမစ္ဆန္ဒနီဝရဏဖြစ်၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒနီဝရဏ အတိုင်းထက် အလွန်ပွားများ၏၊ အသုဘအာရုံ၌ အနိစ္စကို အနိစ္စ' ဒုက္ခကို ဒုက္ခ, အနတ္တကို အနတ္တ, အသုဘကို အသုဘ-ဟု အသင့်

အားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ကာမစ္ဆန္ဒနီဝရဏ မဖြစ်၊ ဖြစ်ပြီးသော ကာမစ္ဆန္ဒနီဝရဏကိုပယ်၏၊ ပယ်ပြီးသော ကာမစ္ဆန္ဒနီဝရဏသည် အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်အသစ်တဖန်မဖြစ်ပြန်ပြီ-ဟု ဆင်ခြင်အောက်မေ့ရသည်။

(ခ) မိမိသန္တာန်၌ ဗျာပါဒနီဝရဏ ဖြစ်သည်ကိုလည်းဖြစ်၏၊ မဖြစ်သည်ကိုလည်းမဖြစ်၊ ပဋိဃအာရုံကို မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဗျာပါဒနီဝရဏဖြစ်၏၊ ဖြစ်ပြီးသော ဗျာပါဒနီဝရဏအတိုင်းထက် အလွန်ပွားများ၏၊ မေတ္တာကို နှင့်လုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဗျာပါဒနီဝရဏမဖြစ်၊ ဖြစ်ပြီးသော ဗျာပါဒနီဝရဏကို ပယ်၏၊ ပယ်ပြီးသော ဗျာပါဒနီဝရဏသည် အနာဂါမိမဂ်ဉာဏ်ဖြင့် နောက်တဖန်မဖြစ်ပြန်ပြီ-ဟု ဆင်ခြင်အောက်မေ့ရသည်။

(ဂ) ထိနမိဒ္ဓနီဝရဏဖြစ်သည်ကိုလည်းဖြစ်၏၊မဖြစ်သည်ကိုလည်းမဖြစ်၊ မမွေ့လျော်ခြင်း, ပျင်းရိခြင်း, ထမင်းဆိုယစ်ခြင်း-အစရှိသည်တို့၌ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ထိနမိဒ္ဓနီဝရဏဖြစ်၏၊ ဖြစ်ပြီးသော ထိနမိဒ္ဓနီဝရဏအတိုင်းထက် အလွန်ပွားများ၏၊ လုံ့လဝီရိယ၌ သင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ထိနမိဒ္ဓနီဝရဏမဖြစ်၊ ဖြစ်ပြီးသောထိနမိဒ္ဓ နီဝရဏကိုပယ်၏၊ ပယ်ပြီးသော ထိနမိဒ္ဓ နီဝရဏသည် အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်အသစ် တဖန် မဖြစ်ပြန်ပြီ-ဟု ဆင်ခြင် အောက်မေ့ရသည်။

(ဃ) ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဖြစ်သည်ကိုလည်းဖြစ်၏၊ မဖြစ်သည်ကိုလည်းမဖြစ်၊ စိတ်မငြိမ်ခြင်း, ပျံ့လွင့်ခြင်း၌ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဖြစ်၏၊ ဖြစ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏအတိုင်းထက်

အလွန်ပွားများ၏၊ သမာဓိ၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမဖြစ်။ ဖြစ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏကိုပယ်၏။ ပယ်ပြီးသော ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏသည် အရဟတ္တမဂ်ဉာဏ်ဖြင့် နောင် အသစ်တဖန် ဖြစ်ပြန်ပြီ-ဟု သင်ခြင်း အောက်မေ့ရာသည်။

(င) မိမိသန္တာန်၌ ဝိစိကိစ္ဆာ နီဝရဏ ဖြစ်သည်ကိုလည်း ဖြစ်၏၊ မဖြစ်သည်ကိုလည်းမဖြစ်၊ ဝိစိကိစ္ဆာ၏ အာရုံရှိသော တရားတို့၌ မသင့်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဝိစိကိစ္ဆာ နီဝရဏဖြစ်၏၊ ဖြစ်ပြီးသောဝိစိကိစ္ဆာနီဝရဏ အတိုင်းထက် အလွန်ပွားများ၏၊ ကုသိုလ် အစရှိသော တရားတို့၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့် မဖြစ်သေးသော ဝိစိကိစ္ဆာ နီဝရဏ မဖြစ်၊ ဖြစ်ပြီးသော ဝိစိကိစ္ဆာ နီဝရဏသည် သောတာပတ္တိမဂ်ဉာဏ်ဖြင့် နောင်အသစ်တဖန် မဖြစ်ပြန်ပြီ-ဟု သင်ခြင်းအောက်မေ့ရာသည်။

သစ္စာ ၄-ပါးခွဲပြချက်

(၁) နီဝရဏငါးပါးကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာဖြစ်သောအသခ်တဓာတ် နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သောမဂ္ဂင်တရားကိုယ် ၈စ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် အားထုတ်၍လည်း ဘေးအပေါင်းငြိမ်းရာ နိဗ္ဗာန်သို့ရောက်သည်သာလျှင်ဖြစ်၏၊ ထို့

ကြောင့် သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့်လည်း လုံ့လပြုရာ သည်။

[ဤကား နီဝရဏပဗ္ဗ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

---

ခန္ဓာနုပဿနာခန္ဓာပိုင်း

၁၂။ ခန္ဓပဗ္ဗ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာသည်-

(၁) ရူပက္ခန္ဓာ,
(၂) ဝေဒနာက္ခန္ဓာ,
(၃) သညာက္ခန္ဓာ,
(၄) သင်္ခါရက္ခန္ဓာ,
(၅) ဝိညာဏက္ခန္ဓာ-

ဟူ၍ ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင်-

(၁) ဘူတရုပ်, ဥပါဒါ ရုပ်အားဖြင့် ပြားသော ရုပ်နှစ်ဆဲ့ ရှစ်ခုသည် ရူပက္ခန္ဓာမည်၏။
(၂) လောကီစိတ် ရှစ်ဆဲ့တခုနှင့် ယှဉ်သော ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။
(၃) သညာသည် သညာက္ခန္ဓာမည်၏။
(၄) ဝေဒနာ သညာမှ ကြွင်းသော ဖဿစေတနာ စသော စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။
(၅) လောကီစိတ် ရှစ်ဆဲ့တခုသည် ဝိညာဏက္ခန္ဓာမည်၏။ ဤမှတပါး ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာမရှိပြီ။

ထိုခန္ဓာ ငါးပါး သည် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, နိဗ္ဗတ္တိ လက္ခဏာအားဖြင့် ငါးပါးသော အကြောင်းတရား ဖြစ်သည့်ရှိသော် ဖြစ်၏၊ အဝိဇ္ဇာစသော အကြောင်းတရား ငါးပါး ချုပ်သည့် ရှိသော် ချုပ်၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

(၁) ဥပါဒါ နက္ခန္ဓာ ငါးပါးကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။
(၂) ထိုဒုက္ခသစ္စာ၏ အကြောင်း ရင်း၏ အဖြစ် အားဖြင့် ဖြစ်စေ တတ်သော ဈေးဘဝန္ဒီ ပြီးပြီးသော လောဘသည် သမုဒယ သစ္စာမည်၏။
(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။
(၄) ထိုနိရောဓသစ္စာလျှင် အာရုံရှိသော မဂ္ဂင်တရား ကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့ သစ္စာ လေးပါး တို့၏ အစွမ်း အားဖြင့် အားထုတ်၍ နိဗ္ဗာန်သို့ရောက်သည့်သာလျှင်ဖြစ်၏၊ ထို့ကြောင့်သစ္စာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ရာ, ပွားစေ, ဖြစ်စေရာသည်။

[ဤကား ခန္ဓပဗ္ဗ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

---

မဇ္ဈိမနုပဿနာ အာယတနပိုင်း

၁၃။ အာယတနပဗ္ဗ၌ အာယတနသည်-

(က) စက္ခာ ယတန, သောတာ ယတန, ဃာနာ ယတန, ဇိဝှါ ယတန, ကာယာ ယတန, မနာ ယတန-ဟူ၍ အဇ္ဈတ္တိကာယတန ခြောက်ပါး။
(ခ) ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန, ဖောဋ္ဌဗ္ဗာ ယတန, ဓမ္မာယတန-ဟူ၍ ဗာဟိရာယတန ခြောက်ပါး-

အားဖြင့် အာယတန တဆဲ့နှစ်ပါး အပြားရှိသည် သာလျှင် ဖြစ်၏၊ ထိုတဆဲ့နှစ်ပါးတို့တွင်-

(၁) စက္ခုပသာဒသည် စက္ခာယတနမည်၏။
(၂) သောတပသာဒသည် သောတာယတနမည်၏။

(၃) ဃာနပသာဒသည် ဃာနာယတနမည်၏။
(၄) ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏။
(၅) ကာယပသာဒသည် ကာယာယတနမည်၏။
(၆) လောကီစိတ်ရှစ်ဆဲ့တခုသည် မနာယတနမည်၏။
(၇) ရူပါရုံသည် ရူပါယတနမည်၏။
(၈) သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။
(၉) ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။
(၁၀) ရသာရုံသည် ရသာယတနမည်၏။
(၁၁) ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။
(၁၂) ရူပါရုံစသော ငါးပါးမှ တပါးသော ရုပ်နာမ်ပညတ်သည် ဓမ္မာယတနမည်၏။

စက္ခု၊ ရူပါရုံ၊ သောတ၊ သဒ္ဒါရုံ-အစရှိသော အဇ္ဈတ္တိက၊ ဗာဟိရ္ဒါယတန နှစ်ပါးကိုစွဲ၍ဖြစ်သော သံယောဇဉ်သည် ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဘဝရာဂ သံယောဇဉ် သီလဗ္ဗတပရာမာသ သံယောဇဉ်-ဟူ၍ ဆယ်ပါး အပြားရှိသည် သာလျှင်ဖြစ်၏။

ထိုဆယ်ပါးသော သံယောဇဉ်တို့သည် အဘယ်သို့ ဖြစ်သနည်း-ဟူမူကား-

(၁) စက္ခုဒွါရ၌ ထင်ရှားဖြစ်သော ရူပါရုံ၊
(၂) သောတဒွါရ၌ ထင်ရှားဖြစ်သော သဒ္ဒါရုံ၊
(၃) ဃာနဒွါရ၌ ထင်ရှားဖြစ်သော ဂန္ဓာရုံ၊
(၄) ဇိဝှါဒွါရ၌ ထင်ရှားဖြစ်သော ရသာရုံ၊
(၅) ကာယဒွါရ၌ ထင်ရှားဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၊
(၆) မနောဒွါရ၌ ထင်ရှားဖြစ်သော ဓမ္မာရုံ ထင်ရှားဖြစ်သည်ရှိသော်-

(၁) သာယာနှစ်သက်သောသူအား ကာမရာဂ သံယောဇဉ်,
(၂) အနိဋ္ဌာရုံ ထင်ရှားဖြစ်သည်ရှိသော် အမျက်ထွက်သော သူအား ပဋိဃသံယောဇဉ်,
(၃) ငါ့ပြင်မရှိ၊ ငါသာလျှင် မြတ်၏-ဟု ထောင်လွှား အောက်မေ့သောသူအား မာနသံယောဇဉ်,
(၄) ရူပါရုံစသည် အမြဲရှိ၏-ဟု ယူသောသူအား ဒိဋ္ဌိသံ ယောဇဉ်,
(၅) ဤအာရုံသည် သတ္တဝါတည်း ဖြစ်သလော-ဟု တွေး တောယုံမှားရှိသောသူအား ဝိစိကိစ္ဆာသံယောဇဉ်,
(၆) ပြည့်စုံချမ်းသာသော ဘဝကို ငါရမည်-ဟု ဘောင့်တ သောသူအား ဘဝရာဂသံယောဇဉ်,
(၇) နောင်လည်း ဤသို့ အကျင့်ကို ကျင့်ဆောက် တည်လို သောသူအား သီလဗ္ဗတပရာမာသ သံယောဇဉ်,
(၈) ငါကဲ့သို့ သူတပါးအား မဖြစ်ပါစေလင့်-ဟု ငြူစူ သောသူအား ဣဿာသံယောဇဉ်,
(၉) မိမိရပြီးသော စည်းစိမ်ချမ်းသာကို သူတပါး တို့နှင့် မစပ် ယှက်စေလို ဝန်တိုသောသူအား မစ္ဆရိယ သံ ယောဇဉ်,
(၁၀) ကာမရာဂသံယောဇဉ် အစရှိသည်တို့သည်နှင့် အတူ တကွ မသိသောသူအား အဝိဇ္ဇာသံယောဇဉ်ဖြစ်၏။

စက္ခုအစရှိသော ဒွါရခြောက်ပါး၌ ရူပါရုံအစရှိသော အာရုံ ခြောက်ပါး ထင်ရှားဖြစ်သည်ရှိသော် အသင့်အားဖြင့်နှလုံးသွင်း ၍ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်အားဖြင့် မဖြစ်သောသံယော ဇဉ်မဖြစ်၊ ဖြစ်ပြီးသော သံယောဇဉ်ကိုပယ်၏။

ပယ်ပြီးသော သံယောဇဉ်တို့တွင်-

(၁) ဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာ သံယောဇဉ်, သီလဗ္ဗတ ပရာမာသ သံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယ

သံယောဇဉ်အားဖြင့် သံယောဇဉ်ငါးပါးသည် သောတာပတ္တိမဂ်ဖြင့် နောင်အသစ်တဖန် မဖြစ်ပြန်ပြီ။

(၂) ရုန့်ရင်းသော ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်အားဖြင့် သံယောဇဉ်နှစ်ပါးသည် သကဒါဂါမိမဂ်ဖြင့် နောင်အသစ်တဖန် မဖြစ်ပြန်ပြီ။

(၃) သိမ်မွေ့သော ကာမရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်အားဖြင့် သံယောဇဉ်နှစ်ပါးသည် အနာဂါမိမဂ်ဖြင့် နောင်အသစ်တဖန် မဖြစ်ပြန်ပြီ။

(၄) မာနသံယောဇဉ်၊ ဘဝရာဂ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်အားဖြင့် ဤ သံယောဇဉ် သုံး ပါး သည် အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်အသစ်တဖန် မဖြစ်ပြန်ပြီ-ဟု ဆင်ခြင်အောက်မေ့ရာသည်။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) အာယတနကို သိမ်းဆည်းတတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓ သစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့်အားထုတ်၍ နိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏ ထို့ကြောင့် စတုသစ္စ ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းအားထုတ်ရာသည်။

[ ဤကား အာယတနပဗ္ဗ၌ အကျဉ်းဖြစ်သော အဋ္ဌကထာတည်း။ ]

---

### ဓမ္မာနုပဿနာ ဗောဇ္ဈင်ပိုင်း

၁၃။ ဗောဇ္ဈင်ပဗ္ဗ၌ ဗောဇ္ဈင်တရားသည်-

(၁) သတိ သမ္ဗောဇ္ဈင်,
(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်,
(၃) ဝီရိယ သမ္ဗောဇ္ဈင်,
(၄) ပီတိ သမ္ဗောဇ္ဈင်,
(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်,
(၆) သမာဓိ သမ္ဗောဇ္ဈင်,
(၇) ဥပေက္ခာ သမ္ဗောဇ္ဈင်-

ဟူ၍ ခုနစ်ပါးအပြားရှိသည် သာလျှင်ဖြစ်၏၊ ထိုခုနစ်ပါးတို့တွင်-

(၁) အာရုံထင်ခြင်း, မမေ့မလျော့ခြင်း လက္ခဏာ ရှိသော သတိသည် သတိသမ္ဗောဇ္ဈင်မည်၏။

(၂) အနိစ္စ အစရှိသောတရားကို အောက်မေ့ ဆင်ခြင်သော လက္ခဏာရှိသော ပညာသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏။

(၃) အားထုတ်ခြင်းထောက်ပံ့ခြင်းလက္ခဏာရှိသော ဝီရိယသည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

(၄) သမ္ပယုတ် တရားတို့ကို ပျို့စေခြင်း နှစ်သက်စေခြင်း လက္ခဏာရှိသော ပီတိသည် ပီတိသမ္ဗောဇ္ဈင်မည်၏။

(၅) စိတ်၏ ငြိမ်းခြင်းလက္ခဏာရှိသော ပဿဒ္ဓိသည် ပဿဒ္ဓိ သမ္ဗောဇ္ဈင်မည်၏။

(၆) အာရုံ၌ မတုန်မလှုပ် တည်ကြည်ခြင်း လက္ခဏာရှိသော ဧကဂ္ဂတာသည် သမာဓိသမ္ဗောဇ္ဈင်မည်၏။

(၇) ထိုသို့ အာရုံကိုလျစ်လျူရှုခြင်း လက္ခဏာရှိသော တတြမဇ္ဈတ္တတာသည် ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။

ထို့ကြောင့် ဗောဇ္ဈင်ခုနစ်ပါးတို့တွင်-

၁။ ရအပ်သောအားဖြင့် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင် ထင်ရှားဖြစ်သည်ကိုလည်း, ထင်ရှားဖြစ်၏။ မရသောအားဖြင့် ထင်ရှားမဖြစ်သည်ကိုလည်း ထင်ရှားမဖြစ်။

(က) သတိသမ္ဗောဇ္ဈင်၏ အကြောင်းတရား တို့၌ အသင့် အားဖြင့် နှလုံးသွင်းခြင်းကြောင့်ရင်း,

(ခ) ၁။ ရှေ့သို့ တက်ခြင်း စသော ခုနစ်ပါးသော သတိ သမ္ပဇဉ်အရာတို့၌ သတိသမ္ပဇဉ်နှင့် ပြည့်စုံခြင်း,
၂။ လွတ်သော သတိရှိသော ပုဂ္ဂိုလ်ကိုကြဉ်ခြင်း,
၃။ ထင်သော သတိရှိသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း,
၄။ ရပ်ခြင်း, ထိုင်ခြင်းစသည်တို့၌ သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှာ ညွတ်သော, ကိုင်းသော, ရှိုင်းသော စိတ် ရှိသည်၏ အဖြစ်အားဖြင့် ဤလေးပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံခြင်းကြောင့်လည်း ကောင်း,

မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ဖြစ်၏၊ ဖြစ်ပြီးသော သတိ သမ္ဗောဇ္ဈင်အဘို့င်းထက် အလွန်ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းသည် ဘာဝနာနှင့် ပြည့်စုံ၏-ဟု သင်ခြင်းအောက်မေ့ရာသည်။

၂။ မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ထင်ရှားဖြစ်သည် ကိုလည်း ထင်ရှားဖြစ်၏၊ ထင်ရှားမဖြစ်သည်ကိုလည်း ထင်ရှား မဖြစ်။

(က) ကုသိုလ်စသောတရားတို့၌ အသင့် အားဖြင့် နှလုံး သွင်းခြင်းကြောင့်ရင်း,

(ခ) ၁။ ခန္ဓာ, အာယတန,ဓာတ်, ဣန္ဒြေစသည်တို့၏ အနက် ကို မှီသော ပါဠိအဋ္ဌကထာသင်ခြင်း, မေးမြန်းခြင်း များသည် ၏အဖြစ်၊

၂။ အဆွေခင်ပွန်းဖြစ်ကုန်သော ဝတ္ထုတို့၏ သန့်ရှင်းသည့်၏အဖြစ်ကိုပြုခြင်း,

၃။ သဒ္ဓိန္ဒြေစသော ဣန္ဒြေတို့၏ တူမျှသည့်၏ အဖြစ်ကိုပြုခြင်း,

၄။ ခန္ဓာစသည့် အပြားရှိသော ပရမတ္ထဓမ္မ၌ သက်ဝင်သော ဉာဏ်မရှိသော ပုဂ္ဂိုလ်တို့ကို ဝေး စွာ ကြဉ်ခြင်း,

၅။ အမြင်ငါးဆယ်ရှိသော လက္ခဏာကို ဆိမ်းသည်းတတ်သော ဥဒယဗ္ဗယပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း,

၆။ နက်နဲသော ခန္ဓာစသည်တို့၌ဖြစ်သော နက်နဲသော ပညာအပြားကို ဆင်ခြင်ခြင်း။

၇။ ရပ်ခြင်း, ထိုင်ခြင်းစသည်တို့၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၌ ညွတ်သော, ကိုင်းသော, ရှိုင်းသောစိတ်ရှိသည့်၏ အဖြစ်အားဖြင့် ညွှန်ပါးသော အကြောင်း တရားတို့နှင့် ပြည့်စုံခြင်း ကြောင့်ရင်း,

မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်၏၊ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်အတိုင်းထက် အလွန်ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့်ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းသည် ဘာဝနာနှင့်ပြည့်စုံ၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

၃။ မိမိသန္တာန်၌ ဝိရိယသမ္ဗောဇ္ဈင် ထင်ရှား ဖြစ်သည်ကို လည်း ထင်ရှားဖြစ်၏၊ ထင်ရှား မဖြစ်သည်ကို လည်း ထင်ရှားမဖြစ်။

(က) လို့လအားထုတ်ခြင်း၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့်ရင်း,

(ခ) ၁။ အပါယ်ဘေးကို ဆင်ခြင်သည့်၏အဖြစ်,

၂။ အကျိုးဆက်ကို မြင်လေ့ရှိသည့်၏အဖြစ်,

၃။ ဘုရား ပစ္စေကဗုဒ္ဓါ စသည်တို့သည် သွားအပ် သောခရီးကို ဆင်ခြင်ခြင်းရှိသည်၏အဖြစ်,
၄။ ဆွမ်းထမင်းကို ရိုသေခြင်းရှိသည်၏အဖြစ်,
၅။ အမွေခံ၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်းရှိ သည်၏ အဖြစ်,
၆။ ဘုရား၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင် ခြင်းရှိ သည် အဖြစ်,
၇။ အမျိုးမြတ်သည်၏ အဖြစ်ကို ဆင်ခြင် ခြင်းရှိသည် ၏အဖြစ်,
၈။ သီတင်းသုံးဘော်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင် ခြင်း ရှိသည်၏အဖြစ်
၉။ ပျင်းရိသောပုဂ္ဂိုလ်ကို ကြဉ်ခြင်းရှိသည်၏အဖြစ်,
၁၀။ အားထုတ်ခြင်း လုံ့လရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း ရှိသည်၏ အဖြစ်,
၁၁။ ရပ်ခြင်း, ထိုင်ခြင်းစသည်တို့၌ ဝိရိယသမ္ဗောဇ္ဈင် ကို ဖြစ်စေခြင်းငှါ ညွတ်သော, ကိုင်းသော, ရှိုင်း သောစိတ်ရှိသည်၏ အဖြစ်အားဖြင့်၍တဆဲ့တပါး သော အကြောင်းတရားတို့နှင့် ပြည့်စုံခြင်းကြောင့် ၎င်း,

မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ဖြစ်၏၊ဖြစ်ပြီးသော ဝိရိယ သမ္ဗောဇ္ဈင်အတိုင်းထက် အလွန်ပွားများ၏၊ အရဟတ္တမဂ်ဉာဏ် ဖြင့် ဖြစ်ပြီးသော ဝိရိယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းသည် ဘာ ဝနာနှင့် ပြည့်စုံ၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

၄။ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် ထင်ရှားဖြစ်သည်ကိုလည်း ထင်ရှားဖြစ်၏၊ ထင်ရှားမဖြစ်သည်ကိုလည်း ထင်ရှားမဖြစ်။

(က) ပီတိသမ္ဗောဇ္ဈင်တို့၏ အကြောင်းတရားတို့၌ အသင့် အားဖြင့် နှလုံးသွင်းခြင်းကြောင့်၎င်း,

(ခ) ၁။ ဘုရားဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း,
၂။ တရားဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း,
၃။ သံဃာ့ဂုဏ်ကျေးဇူးကို အောက်မေ့ခြင်း,
၄။ ရဟန်းတို့အား စတုပါရိသုဒ္ဓိသီလ,လူတို့အား ဒသသီလ, ပဉ္စသီလကို ဆင်ခြင်ခြင်း,
၅။ စွန့်ကြဲခြင်းစာဂကို ဆင်ခြင်ခြင်း,
၆။ နတ်တို့ကို သက်သေ အရာ၌ထား၍ မိမိဂုဏ်ကို ဆင်ခြင်ခြင်း,
၇။ သမာပတ်ဖြင့်ခွာအပ်ပြီးသော ကိလေသာတို့သည် အနှစ်ခြောက်ဆယ်,ခုနစ်ဆယ်တို့ပတ်လုံး မဖြစ်ကုန်သဖြင့် ကိလေသာငြိမ်းခြင်းကို ဆင်ခြင်ခြင်း,
၈။ ကြမ်းထမ်းသော ပုဂ္ဂိုလ်တို့ကိုကြဉ်ခြင်း,
၉။ နူးညံ့သောစိတ်ရှိသော ပုဂ္ဂိုလ်တို့ကိုမှီဝဲခြင်း,
၁၀။ ရတနာသုံးပါးတို့ ဂုဏ်ကျေးဇူးကို ပြဘတ်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်း,
၁၁။ ရပ်ခြင်း,ထိုင်ခြင်းစသည်တို့၌ပီတိသမ္ဗောဇ္ဈင်ကိုဖြစ်စေခြင်းငှာ ညွတ်သော,ကိုင်းသော, ရှိုင်းသောစိတ်ရှိသည်၏ အဖြစ်အားဖြင့် ၁၁ တဆဲ့တပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံခြင်းကြောင့်ရင်း,

မဖြစ်သော ပီတိ သမ္ဗောဇ္ဈင် ဖြစ်၏၊ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်အတိုင်းထက်အလွန် ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကိုပွားစေခြင်းသည် ဘာဝနာနှင့် ပြည့်စုံ၏-ဟု အောက်မေ့ဆင်ခြင်ရာသည်။

၅။ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် ထင်ရှားဖြစ်သည်ကိုလည်း ထင်ရှားဖြစ်၏၊ ထင်ရှား မဖြစ်သည် ကိုလည်း ထင်ရှားမဖြစ်။

(က) ကိုယ်စိတ် ငြိမ်းခြင်း၌ အသင့်အားဖြင့် နှလုံးသွင်းခြင်းကြောင့်ရင်း,

(ခ) ၁။ မွန်မြတ်သော ဘောဇဉ်ကို မှီဝဲခြင်းရှိသည်၏ အဖြစ်,

၂။ ချမ်းသာစွာလျောက်ပတ်သောဥတုကို မှီဝဲခြင်းရှိသည်၏အဖြစ်,

၃။ ချမ်းသာစွာ လျောက်ပတ်သော ဣရိယာပုထ်ကို မှီဝဲခြင်းရှိသည်၏အဖြစ်,

၄။ လျစ်လျူရှုသော လုံ့လရှိသည်၏အဖြစ်,

၅။ ပူပန်သော ကိုယ်ရှိသော ပုဂ္ဂိုလ်ကို ကြဉ်ခြင်းရှိသည်၏အဖြစ်,

၆။ ငြိမ်းချမ်းသော ကိုယ်ရှိသောပုဂ္ဂိုလ်ကိုမှီဝဲခြင်းရှိသည်၏အဖြစ်,

၇။ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှါ ညွတ်သော, ကိုင်းသော, ရှိုင်းသော စိတ်ရှိသည်၏ အဖြစ်အားဖြင့် ဤခုနစ်ပါးသော အကြောင်းတရားတို့နှင့် ပြည့်စုံခြင်းကြောင့်ဝင်း။

မဖြစ် သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်၏၊ ဖြစ်ပြီး သော ပဿဒ္ဓိသမ္ဗောဇ္ဈင် အတိုင်းထက်အလွန် ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြစ်ပြီးသောပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို ပွားစေ ခြင်းသည်ဘာဝနာနှင့်ပြည့်စုံ၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

၆။ မိမိ သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ထင်ရှားဖြစ်ဘည်ကိုလည်း ထင်ရှားဖြစ်၏၊ ထင်ရှား မဖြစ်သည် ကိုလည်း ထင်ရှား မဖြစ်။

(က) သမထ အာရုံ၌ အသင့်အားဖြင့် နှလုံးသွင်း ခြင်းကြောင့်လည်းကောင်း,

(ခ) ၁။ အဇ္ဈတ္တ ဗဟိဒ္ဓ၌ဖြစ်သော ဝတ္ထုတို့၏ သန့်ရှင်းသည်၏ အဖြစ်ကို ပြုခြင်း,

၂။ သဒ္ဓိန္ဒြေစသော ဣန္ဒြေတို့၏ တူမျှညီညွတ်သည်၏ အဖြစ်ကိုပြုခြင်း,

၃။ အသိုဏ်းအခွဲကို သင်ခြင်း၌ လိမ္မာခြင်း ရှိသည်၏ အဖြစ်,
၄။ ချီးမြှောက် သင့်သော အခါ၌ စိတ်ကို ချီးမြှောက်ခြင်း,
၅။ နှိပ်သင့်သောအခါ၌ စိတ်ကိုနှိပ်ခြင်း,
၆။ ရွှင်စေသောအခါ၌ သံဝေဂ ဝတ္ထုရှစ်ပါးကို ဆင်ခြင်၍ ထိတ်လန့်စေသဖြင့်စိတ်ကိုရွှင်စေခြင်း,
၇။ လျစ်လျူရှုသင့်သောအခါ၌ စိတ်ကိုလျစ်လျူရှုခြင်း,
၈။ ပျံ့လွင့်သောစိတ်ရှိသောပုဂ္ဂိုလ်ကိုကြဉ်ခြင်း,
၉။ တည်ကြည် ငြိမ်သက်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း,
၁၀။ ဈာန်ဝိမောက္ခတရားကို ဆင်ခြင်ခြင်း,
၁၁။ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ သမာဓိ သမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှါ ညွတ်သော, ကိုင်းသော, ရှိုင်းသောစိတ် ရှိသည်၏ အဖြစ်အားဖြင့် တဆဲ့တပါးသောအကြောင်း တရားတို့နှင့် ပြည့်စုံခြင်းကြောင့်လည်းကောင်း,

မဖြစ်သေးသော သမာဓိ သမ္ဗောဇ္ဈင် ဖြစ်၏ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင် အတိုင်းထက် အလွန်ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြစ်ပြီးသော သမာဓိ သမ္ဗောဇ္ဈင်ကို ပွားစေခြင်းသည် ဘာဝနာနှင့်ပြည့်စုံ၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

၇။ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ထင်ရှား ဖြစ်သည်ကိုလည်း ထင်ရှားဖြစ်၏၊ ထင်ရှားမ ဖြစ်သည်ကိုလည်း ထင်ရှား မဖြစ်။

(က) ဥပေက္ခာသမ္ဗောဇ္ဈင်၏အကြောင်းတရားတို့၌အသင့် အားဖြင့် နှလုံးသွင်းခြင်းကြောင့် လည်းကောင်း,
(ခ)၁။ သတ္တဝါ၌ လျစ်လျူရှုခြင်း ရှိသည်၏အဖြစ်,
၂။ သင်္ခါရတို့၌ လျစ်လျူရှုခြင်း ရှိသည်၏အဖြစ်,
၃။ သတ္တဝါသင်္ခါရတို့၌ ချစ်မြတ်နိုးခြင်း ရှိသောပုဂ္ဂိုလ် ကို ကြဉ်ခြင်းရှိသည်၏အဖြစ်,

၄။ သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုခြင်းရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်းရှိသည့်၏အဖြစ်,

၅။ ရပ်ခြင်း ထိုင်ခြင်းစသည့်တို့၌ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်းငှါ ညွတ်သော, ကိုင်းသော, ရှိုင်းသော စိတ်ရှိသည့်၏အဖြစ်အားဖြင့် ဤငါးပါးအပြားရှိသော ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ဖြစ်စေ တတ်သော အကြောင်း တရား တို့နှင့် ပြည့်စုံ ခြင်းကြောင့် လည်းကောင်း,

မဖြစ်သေးသော ဥပေက္ခာ သမ္ဗောဇ္ဈင်ဖြစ်၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင် အတိုင်းထက် အလွန် ပွားများ၏၊ အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွားစေခြင်းသည်ဘာဝနာနှင့်ပြည့်စုံ၏-ဟု ဆင်ခြင်အောက်မေ့ရာသည်။

**သစ္စာ ၄-ပါး ခွဲပြချက်**

(၁) ဗောဇ္ဈင်ခုနစ်ပါးကို သိမ်းဆည်းတတ်သောသတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထိုဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ ပြုပြီးသော လောဘသည် သမုဒယသစ္စာမည်၏။

(၃) ထိုသစ္စာနှစ်ပါးတို့၏ မဖြစ်ရာချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာလျှင် အာရုံရှိသောမဂ္ဂင်တရား ကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသစ္စာလေးပါး တို့၏ အစွမ်းအားဖြင့် အားထုတ်၍ လည်းဘေးအပေါင်းငြိမ်းရာနိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် စတုသစ္စ ကမ္မဋ္ဌာန်းကို စီးဖြန်းရာ,ပွားစေရာ,အားထုတ်ရာသည်။

[ဤကားဗောဇ္ဈင်္ဂပဗ္ဗ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း]

ဓမ္မာနုပဿနာ သစ္စာပိုင်း

၁၅။ သစ္စပဗ္ဗ၌ သစ္စာသည်-

(၁) ဒုက္ခသစ္စာ,
(၂) သမုဒယသစ္စာ,
(၃) နိရောဓသစ္စာ,
(၄) မဂ္ဂသစ္စာ-

ဟူ၍ လေးပါး အပြားရှိသည်သာလျှင်ဖြစ်၏၊ ထိုလေးပါးတို့တွင်-

(က) ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, အပ္ပိယသမ္ပယောဂ, ပိယဝိပ္ပယောဂ, ဣစ္ဆာအပဋိလာဘ, ဥပါဒါနက္ခန္ဓာ၊ ဤအလုံးစုံသည် ဒုက္ခသစ္စာမည်၏။

တနည်းလည်း--တဏှာကြဉ်သော တေဘူမိက ဝဋ်တရားအပေါင်းသည် ဒုက္ခသစ္စာမည်၏။

ထိုတရားအပေါင်းတို့တွင်-

(၁) သတ္တဝါအပေါင်းတို့၏ ထိုထိုဘဝ၌ ဖောက်ပြန်ခြင်းရှိကုန်သော ရှေးဦးစွာဖြစ်သော ခန္ဓာငါးပါးတို့၏ သဘောသည် ဇာတိမည်၏။
(၂) အိုခြင်း, သွားကျိုးခြင်း, ဆံပြူခြင်း, အရေတွန့်ခြင်း, မျက်စိသိခြင်း, နားထိုင်းခြင်း၊ ဤ အလုံးစုံသည် ဇရာမည်၏။
(၃) ထိုထိုဘဝမှ ရုတေ သေလွန်ခြင်း သည် မ ရ ဏ မည်၏။
(၄) အဆွေအမျိုးပျက်စီးခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်းအစရှိသည်ကို တွေ့၍စိုးရိမ်ခြင်းသည် သောက မည်၏။

(၅) ငါ့ဘမိး, ငါ့သား - အစရှိသည်ဖြင့် ပိုကြွေးမြည် တမ်းခြင်းသည် ပရိဒေဝမည်၏။

(၆) ကိုယ်ကိုမှီ၍ ဆင်းရဲခြင်းဝေဒနာသည် ဒုက္ခမည်၏။

(၇) စိတ်ကိုမှီ၍ ဆင်းရဲခြင်းဝေဒနာသည် ဒေါမနဿ မည်၏။

(၈) အဆွေအမျိုးပျက်စီးခြင်း, သေခြင်း, နှောင်ဖွဲ့ခြင်း အစရှိသည်ကို တွေ့၍ သက်ကြီးရှိုက်တငင် ပြင်းစွာ ပင်ပန်းခြင်းသည် ဥပါယာသမည်၏။

(၉) မချစ်မနှစ်လိုသော သတ္တဝါအာရုံနှင့် တွေ့ကြုံပေါင်း ဘက်ရခြင်းသည် အပ္ပိယသမ္ပယောဂမည်၏။

(၁၀) ချစ်နှစ်လိုသော သတ္တဝါအာရုံနှင့် ကွေကွင်းရခြင်း သည် ပိယဝိပ္ပယောဂမည်၏။

(၁၁) ငါ့အား ဇာတိစသည် မဖြစ်မူကား-ကောင်းလေစွ၊ ဤသို့တောင့်တသော ဆန္ဒအလို မပြည့်စုံခြင်းသည် ယံပိစ္ဆံ အလဘ္ဘံမည်၏။

(၁၂) ဥပါဒါန် တရားလေးပါး၏ အာရုံဖြစ်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါ ရက္ခန္ဓာ, ဝိညာဏက္ခန္ဓာသည် ဥပါဒါနက္ခန္ဓာ ငါးပါးမည်၏။

(ခ) ထိုသို့ဘဝ အာရုံတို့၌ နှစ်သက်တတ်သော ကာမတ ဏှာ, ဘဝတဏှာ, ဝိဘဝတဏှာသည် သမုဒယသစ္စာ မည်၏၊ တဏှာသုံးပါးတို့တွင်-

(၁) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံအား ဖြင့် ကာမဂုဏ်ငါးပါးကို တပ်သော တဏှာသည် ကာမတဏှာမည်၏။

(၂) ဘဝကို စောင့်တသောအားဖြင့် ဖြစ်သော သဿ တဒိဗ္ဗိန္ဒြိယနှင့်တကွဖြစ်သော ရူပဘဝ, အရူပဘဝကို တပ်သောရာဂ၊ ဈာန်ကိုတပ်သော တဏှာသည် ဘဝတဏှာမည်၏။

(၃) ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည် ဝိဘဝ တဏှာမည်၏။

ထိုတဏှာသုံးပါးသည် အဘယ်၌ဖြစ်သနည်း ဟူမူကား- ပိယရူပ်, သာတရူပ်၌ ဖြစ်၏ ပိယရူပ်, သာတရူပ်ဟူသည် အဘယ်နည်း။

(၁) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန။
(၂) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ,
(၃) စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာန ဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်။
(၄) စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါ သမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ။
(၅) စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာန သမ္ဖဿဇာဝေဒနာ, ဇိဝှါ သမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ၊
(၆) ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ။
(၇) ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသ သဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာ။
(၈) ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ။
(၉) ရူပဝိတက်, သဒ္ဒဝိတက်, ဂန္ဓဝိတက်, ရသဝိတက်, ဖောဋ္ဌဗ္ဗဝိတက်, ဓမ္မဝိတက်။

(၁၀) ရူပဝိစာရ, သဒ္ဒဝိစာရ, ဂန္ဓဝိစာရ, ရသဝိစာရ, ဖော ဋ္ဌဗ္ဗဝိစာရ, ဓမ္မဝိစာရ။

ဤ အလုံးစုံသည် သတ္တဝါတို့ ချစ်အပ်, သာယာအပ်သော သဘောရှိသောကြောင့် ပိယရူပ်, သာတရူပ်မည်၏၊ ထိုပိယရူပ် သာတရူပ် တို့၌ ဆိုအပ်ခဲ့ပြီးသော တဏှာသုံးပါး ဖြစ်၏၊ ဤဒုက္ခ သစ္စာ၏ အကြောင်းရင်းဖြစ်သောကြောင့် ကာမတဏှာ, ဘဝ တဏှာ, ဝိဘဝတဏှာသုံးပါးကိုသာ အကျဉ်းအားဖြင့် ဟော တော်မူသတည်း။

အကျယ်အားဖြင့်ကား-တဏှာအပြားသည် တရာ့ရှစ်ပါးအ ပြားရှိသည့်သာလျှင်ဖြစ်၏၊ အဘယ်သို့ တရာ့ရှစ်ပါးဖြစ်သနည်း ဟူမူကား-

အာရုံအားဖြင့်- ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသ တဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာဟူ၍ ခြောက်ပါးအပြား ရှိ၏။

ထိုခြောက်ပါးတို့တွင် တပါးတပါးသောတဏှာ၌-

ပဝတ္တိအာကာရအားဖြင့်- ကာမတဏှာ, ဘဝတဏှာ, ဝိဘဝ တဏှာ-အားဖြင့် အသီးအသီး သုံးပါးသုံးပါးစီဖြစ်သောကြောင့် တဆဲ့ရှစ်ပါး အပြားရှိသော တဏှာသည်ဖြစ်၏။

ထိုတဆဲ့ရှစ်ပါးသော တဏှာတို့တွင်လည်း တ ပါး တ ပါး သောတဏှာ၌-

သန္တာန်၏အစွန်းအားဖြင့်- အဇ္ဈတ္တိက တဏှာ, ဗဟိဒ္ဓ တဏှာ အားဖြင့် အသီးအသီး နှစ်ပါး နှစ်ပါး စီဖြစ်သောကြောင့် သုံး ဆဲ့ခြောက်ပါး အပြားရှိသော တဏှာသည်ဖြစ်၏။

ထိုသုံးဆဲ့ခြောက်ပါးသော တဏှာတို့တွင် တ ပါး တ ပါး သောတဏှာ၌-

ကာလအားဖြင့်- အတီတ တဏှာ, အနာဂတ တဏှာ, ပစ္စုပ္ပန္န တဏှာ-ဟူ၍ အသီးအသီး သုံးပါး သုံးပါးစီ ဖြစ်သောကြောင့် တရာ့ရှစ်ပါး အပြားရှိသော တဏှာသည်ဖြစ်၏-ဟူလိုသည်။

(ဂ) ထိုတဏှာသုံးပါး၏ အကြွင်းမဲ့ချုပ်ရာ အသင်တခုတ်နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ထိုတဏှာသုံးပါးသည် အဘယ်ဝတ္ထုမှိရာ၌ ချုပ်သနည်း၊ ပိယရုပ်, သာတရုပ်၌ချုပ်၏၊ ပိယရုပ်, သာတရုပ်ဟူသည် အဘယ်နည်းဟူမူကား-

(၁) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန။
(၂) ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ,
(၃) စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်။
(၄) စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ။
(၅) စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ။ ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါ သမ္ဖဿဇာဝေဒနာ, ကာယ သမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာဝေဒနာ။
(၆) ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ, ရသသညာ, ဖောဋ္ဌဗ္ဗသညာ, ဓမ္မသညာ။
(၇) ရူပသဉ္စေတနာ, သဒ္ဒသဉ္စေတနာ, ဂန္ဓသဉ္စေတနာ, ရသသဉ္စေတနာ, ဖောဋ္ဌဗ္ဗသဉ္စေတနာ, ဓမ္မသဉ္စေတနာ။
(၈) ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ။
(၉) ရူပဝိတက်, သဒ္ဒဝိတက်, ဂန္ဓဝိတက်, ရသဝိတက်, ဖောဋ္ဌဗ္ဗဝိတက်, ဓမ္မဝိတက်။
(၁၀) ရူပဝိစာရ, သဒ္ဒဝိစာရ, ဂန္ဓဝိစာရ, ရသဝိစာရ, ဖောဋ္ဌဗ္ဗဝိစာရ, ဓမ္မဝိစာရ။

ဤအလုံးစုံသည် လူတွေ့ဝါတို့ချစ်အပ်, သာယာအပ်သော ကြောင့် ပိယရုပ်, သာတရုပ်မည်၏၊ ထိုပိယရုပ်, သာတရုပ်၌ ဆိုအပ်ခဲ့ပြီးသော တဏှာသုံးပါးသည် အကြွင်းမဲ့ချုပ်၏။

(ဃ) သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိအားဖြင့် ၈ပါးသော မဂ္ဂင်တရားကိုယ်ရှစ်ပါးတို့တွင်-

(၁) ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ အားဖြင့် လေးပါးသော သစ္စာတို့ကို သိတတ်သော ဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏။

(၂) ကာမဂုဏ်မှ ထွက် မြောက် သည် ကို ကြံခြင်း, သူတပါးတို့အား မပျက်စီးစေလိုသော၍ ကြံခြင်း, သူတပါးတို့အား မညှဉ်းဆဲအံ့သည်ကို ကြံခြင်းသည် သမ္မာသင်္ကပ္ပမည်၏။

(၃) အာဇီဝ အကြောင်းမရှိဘဲ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပအားဖြင့် ၍ ဝစီဒုစရိုက် လေးပါးမှ ကြဉ်ခြင်းသည် သမ္မာဝါစာမည်၏။

(၄) အာဇီဝအကြောင်းမရှိဘဲ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရအားဖြင့် ကာယဒုစရိုက် သုံးပါးမှ ကြဉ်ခြင်းသည် သမ္မာကမ္မန္တမည်၏။

(၅) အာဇီဝ အကြောင်းရှိသော မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ- ဟူသော ဝစီဒုစရိုက်လေးပါး၊ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရဟူသော ကာယဒုစရိုက်သုံးပါးအားဖြင့် ဒုစရိုက်ခုနစ်ပါးမှ ကြဉ်ခြင်းသည် သမ္မာအာဇီဝမည်၏။

(၆) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေလိုသော၍, ဖြစ်ပြီးသော အကုသိုလ် တရားတို့ကို ပယ်အံ့သော၍, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေလိုသော ၍, ဖြစ်ပြီးသော ကုသိုလ်တရား

တို့ကို လွန်စွာပွားစေခြင်းဌာ အားထုတ်ခြင်းသည် သမ္မာဝါယာမ မည်၏။

(၇) လက်ခြေ အစရှိသော အင်္ဂါကြီးငယ် အပေါင်း မကောင်း ရွံရှာဘွယ်၊ ဆံ၊ အမွေး, လက်သည်း ခြေသည်းစသော သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသအစုတို့၏ တည်ရာဖြစ်ရာ ရူပကာယ ခန္ဓာကိုယ်ကို အောက်မေ့ခြင်း၊ သုခ, ဒုက္ခ, ဥပေက္ခာ အားဖြင့် ပြားသော ဝေဒနာကို အောက်မေ့ခြင်း၊ သရာဂ-စသော စိတ်ကို အောက်မေ့ခြင်း၊ နီဝရဏ ငါးပါး စသောတရားကို အောက်မေ့ခြင်းသည် သမ္မာသတိ မည်၏။

(၈) ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် ယှဉ်သော ပဌမဈာန်၊ ပီတိ, သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ သုံးပါးနှင့်ယှဉ်သော ဒုတိယဈာန်၊ သုခ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သော တတိယဈာန်၊ ဥပေက္ခာ, ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်သော စတုတ္ထဈာန်သည် သမ္မာသမာဓိ မည်၏။

သစ္စာ ၄-ပါးခွဲပြချက်

(၁) သစ္စာ လေးပါးကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) အကြောင်းရင်း၏ အဖြစ် အား ဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ပြီးပြီးသောလောဘသည် သမုဒယ သစ္စာမည်၏။

(၃) ထို သစ္စာနှစ်ပါး တို့၏ မဖြစ်ရာ ချုပ်ရာ ဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

(၄) ဒုက္ခသစ္စာကို ပိုင်းခြားတတ်သော သမုဒယသစ္စာကို ပယ်တတ်သော နိရောဓသစ္စာသို့ အာရုံရှိသော ကောင်းမွန်လွန်မြတ်သော အကျင့်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့သစ္စာလေးပါးတို့၏ အစွမ်းအားဖြင့် အားထုတ် လို့လ ပြု၍ ဘေးအပေါင်း ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်သည့် သာလျှင် ဖြစ်၏၊ ထို့ကြောင့် စတုသစ္စကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းရာ, ပွားစေရာ, အားထုတ်ရာသည်။

သစ္စာ၄-ပါး၌ အထူးမှတ်ဘွယ်

ကတမာစ ဘိက္ခဝေ ဒုက္ခေဉာဏံ ဒုက္ခသမုဒယေ ဉာဏံ ဒုက္ခနိရောဓေဉာဏံ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ၊ အယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ။

ပါဠိတော်ဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို ပြတော်မူသည်သာလျှင် ဖြစ်၏၊ ထိုသို့ပြတော်မူသော သစ္စာလေးပါးတို့တွင်-

(၁) ရှေးဖြစ်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ နှစ်ပါးတို့ သည် ဝဋ်နှင့်ယှဉ်သောကြောင့် ဝဋ္ဋသစ္စာမည်၏။

(၁) နောက်ဖြစ်သော နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့ သည် ဝဋ်နှင့်မယှဉ် ဝဋ်မှကင်းသောကြောင့်ဝိဝဋ္ဋသစ္စာ မည်၏။

ထို့ကြောင့် ထိုသစ္စာလေးပါး တို့တွင် ယောဂီပုဂ္ဂိုလ်အား ဝဋ်နှင့်ယှဉ်သော သစ္စာနှစ်ပါးတို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း သည်၊ ဝဋ်မှကင်းသော သစ္စာနှစ်ပါးတို့၌ ကမ္မဋ္ဌာန်းကို နှလုံး သွင်းခြင်းသည်မရှိ။

ထိုစကားမှန်၏၊ ရှေးဖြစ်သော သစ္စာနှစ်ပါးတို့ကို-

(က) ပဉ္စက္ခန္ဓော ဒုက္ခံ တဏှာ သမုဒယော-ဤသို့သော အကျဉ်းအားဖြင့်၎င်း,

(ခ) ကတမေ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော- စသောအကျယ်အားဖြင့်၎င်း,

ဆရာ၏ အထံ၌သင်၍ နှုတ်ဖြင့် အဘန်တလဲလဲ တပြောင်းပြန်ပြန် စီးဖြန်းရွတ်ဘတ် သရဇ္ဈာယ်၍ ယောဂီ ပုဂ္ဂိုလ်သည် အမှုကိုပြုရာ၏။

ဤဝင်နှင့် ယှဉ်သော သစ္စာနှစ်ပါးတို့မှ တပါးသောဝင်နှင့် မယှဉ်သော ဝင်မှကင်းသော နိရောဓသစ္စာ, မဂ္ဂသစ္စာ နှစ်ပါးတို့တွင်-

(၁) နိရောဓ သစ္စာသည် အလွန် အလိုရှိအပ်, နှစ်လိုအပ်, နှလုံးဖြင့်ရောက်အပ် နှလုံးကို ပွားစေတတ်သည်ဖြစ်၏၊ ဣဋ္ဌ, ကန္တ, မနာပဖြစ်၏။

(၂) မဂ္ဂသစ္စာသည်လည်း ဣဋ္ဌ, ကန္တ, မနာပဖြစ်၏-

ဟု ဤသို့ နာခြင်းသဝန၏ အစွမ်းအားဖြင့် အမှုကို ပြုရာ၏၊ ဤသို့သဝနဖြင့် အမှုကိုပြုသော ယောဂီပုဂ္ဂိုလ်သည်-

(၁) သစ္စာလေးပါးတို့ကို တခုသော ထိုးထွင်းခြင်း ပေဋိဝေဓဖြင့် ထိုးထွင်း၍သိ၏။

(၂) တခုသောသိခြင်း ဘောဓိသမယဖြင့် အလွန်သိ၏။

(၃) ဒုက္ခသစ္စာကိုပိုင်းခြား၍သိ၏။

(၄) သမုဒယ သစ္စာကိုပယ်၍ ထိုးထွင်းခြင်းဖြင့် ထိုးထွင်း၍သိ၏။

(၅) နိရောဓ သစ္စာကို မျက်မှောက်ပြု၍ ထိုးထွင်း ခြင်းဖြင့် ထိုးထွင်း၍သိ၏။

(၆) မဂ္ဂသစ္စာကို ပွားစေ၍ ထိုးထွင်းခြင်းဖြင့် ထိုးထွင်း၍သိ၏။

(၇) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ပရိညာဘိသမယဖြင့်, သမုဒယသစ္စာကိုပယ်၍သိခြင်း ပဟာနာဘိသမယဖြင့်, နိရောဓသစ္စာကို မျက်မှောက်ပြု၍သိခြင်း သစ္ဆိကိရိယာဘိသမယဖြင့်,မဂ္ဂသစ္စာကိုပွားစေ၍သိခြင်း ဘာဝနာဘိသမယဖြင့် အလွန် အထူးသဖြင့် သိ၏။

ဤသို့ထိုယောဂီပုဂ္ဂိုလ်အား ရှေးရှေးအဘို့၌-

(က) နှစ်ပါးသော ဒုက္ခသစ္စာ, သမုဒယသစ္စာတို့၌ ပါဠိသင်ခြင်း, အဋ္ဌကထာ သင်ခြင်း, နာခြင်း, ဆောင်ခြင်း, သုံးသပ်ခြင်းဖြင့် ထိုးထွင်းခြင်း-ဥဂ္ဂဟ, ပရိပုစ္ဆာ, သဝန, ဓာရဏ, သမ္မသန ပဋိဝေဓ ဖြစ်သည်သာလျှင် ဖြစ်၏။

(ခ) နှစ်ပါးသော နိရောဓသစ္စာ, မဂ္ဂသစ္စာတို့၌ကား နာသဖြင့် ထိုးထွင်းခြင်း-သဝန ပဋိဝေဓ ဖြစ်သည် သာလျှင် ဖြစ်၏။

(ဂ) နောက်အခါ၌ သုံးပါးသောဒုက္ခ, သမုဒယ, မဂ္ဂသစ္စာတို့၌ ကိစ္စအားဖြင့် ပဋိဝေဓဖြစ်၏၊ နိရောဓသစ္စာ၌ အာရမ္မဏ ပဋိဝေဓဖြစ်၏။

ပစ္စဝေက္ခဏာ ဉာဏ်သည်ကား ရောက်အပ်သော သစ္စာရှိသော ယောဂီပုဂ္ဂိုလ်အားဖြစ်၏၊ ဤသို့ဖြစ်ခြင်းသည်လည်း အာဒိကမ္မိက ပုဂ္ဂိုလ်နှင့်ယှဉ်၏၊ ထို့ကြောင့် ထိုပစ္စဝေက္ခဏာဉာဏ်ကို ဤအရာ၌ဟောအပ်၏၊ ဤ ယောဂီပုဂ္ဂိုလ်အား သိမ်းဆည်းခြင်းမှ ရှေ့အဘို့၌-

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိ၏။
(၂) သမုဒယသစ္စာကို ပယ်၍သိ၏။
(၃) နိရောဓသစ္စာကို မျက်မှောက်ပြု၏။
(၄) မဂ္ဂသစ္စာကို ပွားစေ၏။

ထိုကြောင့် နှလုံးဆောင်ခြင်း နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းတို့သည် မရှိကုန်၊ ထိုသို့သော်လည်း သိမ်းဆည်းခြင်းမှစ၍ မူကား ဖြစ်သည်သာလျှင်ဖြစ်၏။

တပါးသောအခါ၌ကား-

(၁) ငါသည် ဒုက္ခသစ္စာကို ပိုင်းခြားအပ်သည်သာလျှင်,
(၂) သမုဒယသစ္စာကို ပယ်အပ်သည်သာလျှင်,
(၃) နိရောဓသစ္စာကို မျက်မှောက်ပြုအပ်သည်သာလျှင်,
(၄) မဂ္ဂသစ္စာကို ပွားစေအပ်သည်သာလျှင်ဖြစ်၏။

ထိုသစ္စာလေးပါးတို့တွင်လည်း-

(၁) ရှေ့သစ္စာနှစ်ပါး တို့သည် မြင်နိုင်ခဲ့ သည့် ၏ အဖြစ်ကြောင့် နက်နဲခြင်းဂမ္ဘီရဖြစ်ကုန်၏။
(၂) နောက်သစ္စာ နှစ်ပါးတို့သည် နက်နဲသည့်၏ အဖြစ်ကြောင့် သိမြင်နိုင်ခဲခြင်း ဒုဒ္ဒသဖြစ်ကုန်၏။

ထိုစကားမှန်၏၊ သစ်ငုတ်ထိခြင်း, ဆူးငြောင့်စူးခြင်း- အစရှိသည်တို့၌ ပြော်-အလွန် ဆင်းရဲစွ-ဟု ဆိုအပ်သည့်၏ အဖြစ်သို့လည်း ရောက်သည့်၏ အဖြစ်ကြောင့် ဒုက္ခသစ္စာသည် ဖြစ်ခြင်း ဥပ္ပတ္တိအားဖြင့် ထင်ရှားဖြစ်သည်သာလျှင်ဖြစ်၏၊ သမုဒယသစ္စာသည်လည်း ခဲခြင်းငှါအလိုရှိသည့်၏အဖြစ်, စားခြင်းငှါအလိုရှိသည့်၏အဖြစ်-စသည့်၏-အစွမ်းအားဖြင့် ဖြစ်သောကြောင့် ထင်ရှား၏၊ လက္ခဏာကို ထိုးထွင်း၍ သိခြင်းဖြင့်ကား ထိုသစ္စာနှစ်ပါးစုံသည်လည်း ဂမ္ဘီရဖြစ်၏၊ ထို့ကြောင့် သစ္စာနှစ်ပါး တို့သည် ဒုဒ္ဒသ, ဂမ္ဘီရဖြစ်ကုန်၏။

ဤသစ္စာနှစ်ပါးမှ တပါးသော နိရောဓသစ္စာ, မဂ္ဂသစ္စာနှစ်ပါးတို့ကို မြင်ခြင်းငှါ လုံ့လပြုခြင်းသည် ဘဝဂ်ဘုံကိုလွန်ခြင်း, ကိုင်ခြင်းငှါအလိုရှိသောသူသည် မိမိလက်ကိုဆန့်သကဲ့သို့, အဝီစိငရဲကြီးဘုံကို သိခြင်းငှါ အလိုရှိသော သူသည် ခြေကို ဆန့်သကဲ့သို့,

အစိတ်တရာ ဝိတ်အခင်သော သားမြီးဖျားတခုကို ထိုးတိုက်မိခြင်း ကဲ့သို့ဖြစ်၏၊ ထို့ကြောင့် သစ္စာနှစ်ပါးတို့သည် ဂမ္ဘီရ, ဒုဒ္ဒသ ဖြစ်ကုန်၏။

ဤကဲ့သို့ဆိုခဲ့ပြီးသောနည်းဖြင့် ဖြင်နိုင်ခဲသည့်၏အဖြစ်ကြောင့် နက်နဲကုန်သော, နက်နဲသည်၏အဖြစ်ကြောင့် မြင်နိုင်ခဲကုန်သော လေးပါးသော သစ္စာတို့၌ ဥဂ္ဂဟ, ပရိပုစ္ဆာ-စသည်တို့၏ အစွမ်းဖြင့် ပဋိဝေဓကြောင့်မှ ရှေးအတိုင်း၌,

(၁) ဒုက္ခသစ္စာကို သိသောဉာဏ်,
(၂) သမုဒယသစ္စာကို သိသောဉာဏ်,
(၃) နိရောဓသစ္စာကို သိသောဉာဏ်,
(၄) မဂ္ဂသစ္စာကို သိသောဉာဏ်-

ဟူ၍ အသီးအသီး သစ္စာဉာဏ်လေးပါး ဖြစ်ခြင်းကိုရည်၍ "ဒုက္ခေဉာဏံ" စသော ဤပါဠိတော်ကို ဟောတော်မူအပ်သည်၊ ပဋိဝေဓကြောင့်၌ကား ထိုသစ္စာလေးပါးကို သိသောဉာဏ်သည် တပါးတည်းသာလျှင်ဖြစ်၏၊ ထို့ကြောင့် ဤလေးပါး၌ တပါး အပြားရှိသော ဉာဏ်သည် သမ္မာဒိဋ္ဌိမည်၏-ဟူလိုသတည်း။

ထို့ကြောင့် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌-

ဒုက္ခေဉာဏန္တိ အာဒိနာ စတုသစ္စကမ္မဋ္ဌာနံ ဒဿိတံ၊ တတ္ထ ပုရိမာနိ ဒွေသစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ၊ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ၊ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။

စသည်ဖြင့်မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

ဒုက္ခေဉာဏန္တိအာဒိနာ၊ ဒုက္ခေဉာဏံ-အစရှိသော ပါဠိတော်ဖြင့်။ စတုသစ္စကမ္မဋ္ဌာနံ၊ စတုသစ္စကမ္မဋ္ဌာန်းကို။ ဒဿိတံ၊ ပြအပ်၏။ တတ္ထ၊ ထိုလေးပါးသော သစ္စာတို့တွင်။ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော။ ဒွေသစ္စာနိ၊ နှစ်ပါးသော သစ္စာတို့သည်။ ဝဋ္ဋံ၊ ဝဋ်

နှင့်ယှဉ်သောကြောင့် ဝဋ္ဋသတ္တာမည်၏။ ပဥ္စမာနိ၊ နောက်၌ဖြစ်ကုန်သော။ ဒွေသတ္တာနိ၊ နှစ်ပါးသောသတ္တာတို့သည်။ ဝိဝဋ္ဋံ၊ ဝဋ်နှင့်မယှဉ်သည်ဖြစ်၍ ဝဋ်မှကင်းသောကြောင့် ဝိဝဋ္ဋသတ္တာမည်၏။ တေသု၊ ထိုသတ္တာသေးပါးတို့တွင်။ ဘိက္ခုနော၊ ယောဂီဖြစ်သောလူရဟန်းအား။ ဝဋ္ဋေ၊ ဝဋ္ဋသတ္တာ၌။ ကမ္မဋ္ဌာနဘာဝ နိဝေသော၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိဝဋ္ဋေ၊ ဝိဝဋ္ဋသတ္တာ၌။ အဘိနိဝေသော၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းသည်။ နတ္ထိ၊ မရှိ။

နေက္ခမသာက်ပ္ပအစရှိသည်တို့ကား·

ကာမ-ဗျာပါဒ-ဝိဟိံသတို့မှ ကြဉ်ခြင်းအမှတ် - ဝိရမဏသညာတို့၏ အသီးအသီးဖြစ်သည်၏အဖြစ်ကြောင့် လောကုတ္တရာမဂ်မှ ရှေးဖြစ်သော လောကီမဂ်အခါ၌ အသီး အသီး သုံးပါးအပြားရှိကုန်သော နေက္ခမသင်္ကပ္ပ စသည်တို့သည် ဖြစ်ကုန်၏၊ လောကုတ္တရာမဂ် ခဏ၌ကား သုံးပါးသော အရာတို့၌ဖြစ်သော အကုသလသင်္ကပ္ပ၏ အကြောင်းကို ဖြတ်ခြင်းကြောင့် တဘန်မဖြစ်ပြန်ခြင်းကို ပြီးစေသည်၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံစေလျက် တပါးတည်းသာလျှင် ဖြစ် သော ကုသလ သင်္ကပ္ပ သည် ဖြစ်၏၊ ဤသုံးပါး၌ တပါးအပြားရှိသော သင်္ကပ္ပသည် သမ္မာသင်္ကပ္ပမည်သည်သာလျှင် ဖြစ်၏-ဟုလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

> နေက္ခမသင်္ကပ္ပါဒယော ကာမဗျာပါဒ ဝိဟိံသာ
> ဝိရမဏသညာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ။

စသည်ဖြင့်မိန့်အပ်ပြီ။

### အဋ္ဌကထာအနက်

နေက္ခမသင်္ကပ္ပါဒယော၊ ကာမမှ ထွက်မြောက်ခြင်း အစရှိသည်တို့သည်။ ကာမဗျာပါဒဝိဟိံ သာဝိရမဏသညာနံ၊ ကာမ

ဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့မှ ကြဉ်ခြင်းအမှတ်တို့၏၊ နာနတ္တာ၊ အသီးအသီး ကြဉ်ခြင်းရှိသည့်၏ အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊ မဂ်၏ရှေးအဘို့၌။ နာနာ၊ အသီးအသီးဖြစ်ကုန်၏။

ချွတ်ယွင်းစေသောစကားမှ ကြဉ်ခြင်း အစရှိသည်တို့သည်လည်း-

မုသာဝါဒအစရှိသည်တို့မှ ကြဉ်ခြင်းအမှတ် တို့၏ အသီးအသီးဖြစ်ခြင်းရှိသည့်၏ အဖြစ်ကြောင့် မဂ်၏ရှေးအဘို့၌ အသီးအသီးဖြစ်၍ လောကုတ္တရာမဂ်ခဏ၌ကား-ဤ လေးပါးသော အရာတို့၌ဖြစ်သော အကုသိုလ်ဒုဿီလစေတနာ၏ အကြောင်းကိုဖြတ်ခြင်းကြောင့် တဘန်မဖြစ်ပြန်ခြင်းကို ပြီးစေသည့်၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံစေလျက် တပါးတည်းသာလျှင် ဖြစ်သော ကုသိုလ်ဝေရမဏီသည်ဖြစ်၏၊ ဤလေးပါး၌ တပါးအပြားရှိသော ဝိရတိသည် သမ္မာဝါစာမည်၏-ဟုလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

မုသာဝါဒါ ဝေရမဏိ အာဒယော ပိ မုသာဝါဒါဒီဟိ ဝိရမဏသညာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ။

စသည်ဖြင့် မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

မုသာဝါဒါ၊ ချွတ်ယွင်းသောစကားကို ဆိုခြင်းမှ။ ဝေရမဏီ အာဒယောပိ၊ ကြဉ်ခြင်းအစရှိသည်တို့သည်လည်း။ မုသာဝါဒါဒီဟိ၊ မုသာဝါဒ- အစရှိသည်တို့မှ။ ဝိရမဏသညာနံ၊ ဝိရမဏသညာတို့၏။ နာနတ္တာ၊ အသီးအသီးဖြစ်ခြင်း အစရှိသည်တို့၏ အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်မှ ရှေးဖြစ်သော လောကီမဂ်အဘို့၌။ နာနာ၊ အသီးအသီးဖြစ်ကုန်၏။

ပါဏာတိပါတမှ ကြဉ်ခြင်း အစရှိသည့်တို့သည်လည်း-

သူ့အသက်ကို သတ်ခြင်းအစရှိသည့်တို့မှ ကြဉ်ခြင်း အမှတ်, ဝိရမဏာသညာတို့၏ အသီး အသီး ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် လောကုတ္တရာမဂ်၌ ရှေးဖြစ်သော လောကီမဂ် အခိုက်၌ အသီးအသီးဖြစ်ကုန်၏၊ လောကုတ္တရာမဂ်ခဏ၌ကား ဤသုံးပါးသော အရာတို့၌ဖြစ်သော အကုသိုလ်ဒုဿီလ စေတနာကို မပြုခြင်းကြောင့်၎င်း, အကုသိုလ်ဒုဿီလစေတနာ၏ အကြောင်းကို ဖြတ်ခြင်းကြောင့်၎င်း တဖန်မဖြစ်ပြန်ခြင်းကို ပြီးစေ သည် ၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံစေလျက် တပါးတည်းသော လျှင်ဖြစ်သော ကုသိုလ်ဝေရမဏီသည်ဖြစ်၏၊ဤသုံးပါး၌ တပါးအပြားရှိသော လောကီ, လောကုတ္တရာ ဝေရမဏီသည် သမ္မာကမ္မန္တမည်၏-ဟုလိုသတည်း။

ထို့ကြောင့်အဋ္ဌကထာ၌—

ပါဏာတိပါတာ ဝေရမဏိ အာဒယောပိ ပါဏာတိပါ-တာဒိဟိ ဝိရမဏသညာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ-မဂ္ဂက္ခဏေ ပန ဧကာယေဝ တိသု ဌာနေသု ဥပ္ပဇ္ဇတိ။

စသည်ဖြင့်မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ အာဒယောပိ၊ ကြဉ်ခြင်းအစရှိသည့်တို့သည်လည်း။ ပါဏာတိ ပါတာဒိဟိ၊ ပါဏာတိပါတ အစရှိသည့်တို့မှ ဝိရမဏသညာနံ၊ ကြဉ်ခြင်းအမှတ်-ဝိရမဏသညာတို့၏။ နာနတ္တာ၊ အသီးသီး ဖြစ်ခြင်းအစရှိသည့်တို့၏ အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊လောကုတ္တရာမဂ်မှ ရှေးဖြစ်သော လေကီမဂ်အခိုက်၌။ နာနာ၊ အသီးသီးဖြစ်ကုန်၏။ မဂ္ဂက္ခဏေပန၊ လောကုတ္တရာမဂ်ခဏ၌ကား။ ဧကာယေဝတိ သုဌာနေသု၊ ဤသုံးပါးသော အရာတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်သော-

သမ္ဗာအာဇီဝဟူသည်လည်း-

ခဲဘွယ် ဘောဇဉ် အစရှိသည်တို့၏ အကျိုး၌ ဖြစ်စေတတ်သော ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးကို ကြဉ်၍ ဖြတ်စွာဘုရားသည် ချီးမွမ်းအပ်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ဖြစ်စေ၏။

ကုဟန အစရှိသည်တို့မှ ကြဉ်ခြင်းအမှတ်တို့၏ အသီးအသီး ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် ရှေးဖြစ်သော လောကီမဂ်အတို၌ အသီးအသီးဖြစ်ကုန်၏၊ လောကုတ္တရာမဂ်ခဏ၌ကား ဤခုနစ်ပါးသောအရာဌာန အကြောင်းတို့၌ဖြစ်သော မှားသောအသက်မွေးခြင်း အကုသိုလ် ဒုဿီလစေတနာ၏အကြောင်းကို ဖြတ်ခြင်းကြောင့် တဖန် မဖြစ်ပြန်ခြင်းကို ပြီးစေသည်၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံ စေလျက် တပါးတည်းသာလျှင် ဖြစ်သော ကုသိုလ် ဝေရမဏီ သည်ဖြစ်၏၊ ဤခုနစ်ပါး၌ တပါး အပြားရှိသော လောကီ, လောကုတ္တရာ ကုသိုလ်ဝေရမဏီသည် သမ္ဗာ အာဇီဝ မည်သည်သာလျှင်ဖြစ်၏-ဟူလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

မိစ္ဆာ အာဇီဝတ္တ ခါဒနီယဘောဇနီ ယာဒိနံ အတ္ထာယ ပဝတ္တိတံ ကာယဝစီဒုစ္စရိတံ။

စသည်ဖြစ် မိန့်အပ်ပြီ။

### အဋ္ဌကထာအနက်

မိစ္ဆာ အာဇီဝတ္တ၊ မိစ္ဆာ အာဇီဝံ-ဟူသည်ကား။ ခါဒနီယ ဘောဇနီယာဒိနံ၊ ခဲဘွယ်ဘောဇဉ် အစရှိသည်တို့၏။ အတ္ထာယ၊ အကျိုး၌။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ကာယဝစီ ဒုစ္စရိတံ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်တည်း။

သမ္ဗာဝါယာမဟူသည်ကား-

(၁) ကာယဒုစရိုက်ကို တခုသောဘဝ၌ရင်း, ထိုသို့သဘော ရှိသော အာရုံ၌ရင်း၊ မိမိသန္တာန်၌ ဖြစ်ကုန်သော အကုသိုလ်

တရားတို့ကိုငှ်း, သူတပါးသန္တာန်၌ ဖြစ်ကုန်သော အကုသိုလ်တရားတို့ကိုငှ်း ဖြစ်စေ၍ ဤသို့ သဘော ရှိကုန်သော ယုတ်မာသော အကုသိုလ်တရားတို့သည် ငါ့အားမဖြစ်ပါမူကား ကောင်းလေစွ၊ ဤသို့မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်စေတတ်သော အကျင့်ကိုပြီးစေတတ်သော လုံ့လပြုခြင်းအလိုကို ဖြစ်စေ၏၊ လုံ့လကိုပြု၏၊ လုံ့လကို ဖြစ်စေ၏၊ ဝီရိယဖြင့်စိတ်ကို ချီးမြှောက်ခြင်းကိုပြု၏၊ စင်စစ် အရေ အကြော အရိုး အသား ကြွင်းစေ၊ အသွေးအသား ခြောက်စေ-ဟု အားထုတ်ခြင်းကို ဖြစ်စေ၏။

(၂) ဖြစ်သည်၏ အစွမ်းအားဖြင့် မိမိကား ဖြစ်ကုန်ဖြစ်ကုန် ပြီးသော အကုသိုလ်တရားတို့ကို ယခုအခါ၌ ထိုသို့ သဘောရှိသော အကုသိုလ်တရားတို့ကို မဖြစ်စေအံ့ဟု ထိုအကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အလိုကိုသာ ဖြစ်စေ၏။

(၃) မရအပ်ကုန်သေးသော ပဋ္ဌမဈာန် အစရှိသည် တို့ကို ဖြစ်စေ, ရစေခြင်းငှာ လုံ့လပြုခြင်း, အလိုကိုဖြစ်စေခြင်း။

(၄) ရအပ်ပြီးသော ထိုပဋ္ဌမဈာန် အစရှိသည်တို့ကို အဘန်တလဲလဲဖြစ်စေခြင်း, ဘွဲခြင်း၏ အစပ်ဖြင့် တည်စေခြင်း, မပျက်စေခြင်း, အထက်၌ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း, အလိုကိုပြန့်ပြောစွာ ဖြစ်စေခြင်း, ဘာဝနာကိုပြည့်စေခြင်းငှာ အလိုဆန္ဒကို ပြည့်စေခြင်းဖြစ်၏။

ဤသို့ဆိုခဲ့ငြီးသော သမ္မာဝါယာမ သည်လည်း မဖြစ်ကုန်သော အကုသိုလ်တို့ကို မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း စသော စိတ်တို့၏အသီးသီး ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် လောကုတ္တရာမဂ်မှ ရှေးဖြစ်သော လောကီမဂ်အခိုက်၌ အသီးသီးဖြစ်ကုန်၏၊ လောကုတ္တရာမဂ်ခဏ၌ကား ဤလေးပါးသောအရာတို့၌ ကိစ္စကို ပြီးစေသည်၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံလျက် တပါးတည်းသာလျှင်ဖြစ်သော ကုသိုလ်ဝီရိယသည် ဖြစ်၏၊ ဤ လေး

ပါး၌ တပါးအပြားရှိသော လောကီ လောကုတ္တရာ ကုသိုလ် ဝိရိယသည် သမ္မာဝါယာမ မည်၏-ဟူလို သတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

(က) အနုပ္ပန္နာနန္တိ ကေသ္မိံ ဝါ ဘဝေ တထာရူပေ ဝါ အာရမ္မဏေ အတ္တနော ဥပ္ပန္နာနံ-စသည်ဖြင့်၎င်း။

(ခ) အယမ္ပိ သမ္မာဝါယာမော အနုပ္ပန္နာနံ အကုသလာနံ အနုပ္ပါဒနာဒိ စိတ္တာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ၊ မဂ္ဂက္ခဏေပန ဣမေသု ယေဝ စတူသုဌာနေသု ကိစ္စ-သာဓနဝသေန မဂ္ဂင်္ဂံ ပူရယမာနံ ဧကမေဝ ကုသလ-ဝိရိယံ ဥပ္ပဇ္ဇတိ၊ အယံသမ္မာဝါယာမောနာမ-ဟူ၍၎င်း မိန့်အပ်ပြီ။

## အဋ္ဌကထာအနက်

(က) အနုပ္ပန္နာနန္တိ၊ အနုပ္ပန္နာနံ- ဟူသည် ကား။ ကေသ္မိံ ဘဝေဝါ၊ တခုသော ဘဝ၌၎င်း။ တထာရူပေ၊ ထိုသို့သဘော ရှိသော။ အာရမ္မဏေဝါ၊ အာရုံ၌၎င်း။ အတ္တနော၊ မိမိအား။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော။

(ခ) အယမ္ပိသမ္မာဝါယာမော၊ ဤ သမ္မာဝါယာမ သည် လည်း။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သော။ အကုသလာနံ၊ အကုသိုလ် တရားတို့ကို။ အနုပ္ပါဒနာဒိစိတ္တာနံ၊ မဖြစ်စေခြင်းငှာ လုံ့လပြုခြင်း စသော စိတ် တို့ ၏။ နာနတ္တာ၊ အ သီး သီး ဖြစ် ခြင်း ရှိသည့်၏ အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊ ရှေးအဘို့၌။ နာနာ၊ အသီးအသီး ဖြစ်ကုန်၏။ မဂ္ဂက္ခဏေပန၊ မဂ်ခဏ၌ကား။ ဣမေသုယေဝ စတူသုဌာနေသု၊ ဤ လေး ပါး သော အရာတို့၌ သာလျှင်။ ကိစ္စ သာဓနဝသေန၊ ကိစ္စကိုပြီးစေသည်၏ အစွမ်းအားဖြင့်။ မဂ္ဂင်္ဂံ၊ မဂ္ဂင်ကို။ ပူရယမာနံ ပြည့်စုံစေလျက်။ ဧကမေဝကုသလဝိရိယံ၊ တပါးတည်းသာလျှင်ဖြစ်သော ကုသိုလ်ဝိရိယသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤလေးပါး၌ တ ပါး အ ပြား ရှိသော လောကီ,

လောကုတ္တရာ ကု သိုလ် ဝီ ရိ ယ သည်။ သမ္မာဝါယာမမောနာမ
သမ္မာဝါယာမ မည်၏။

သမ္မာသတိသည်လည်း-

ကာယ, ဝေဒနာ, စိတ္တ, ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့ကို အောက်မေ့သိမ်းဆည်းတတ်သော စိတ်၏အသီးအသီး ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် လောကုတ္တရာမဂ်မှ ရှေးဖြစ်သော လောကီမဂ်အခိုက်၌ အသီးအသီး ဖြစ်ကုန်၏၊ လောကုတ္တရာမဂ် ခဏ၌ကား ဤလေးပါးသော အရာတို့၌ ကိစ္စကိုပြီးစေသည်၏ အစွမ်းအားဖြင့် မဂ္ဂအင်္ဂါကို ပြည့်စုံစေလျက် တပါးတည်း သာလျှင် ဖြစ်သောသတိသည်ဖြစ်၏၊ ဤလေးပါး၌ တပါးအပြားရှိသော လောကီ လောကုတ္တရာသတိသည် သမ္မာသတိ မည်၏-ဟူလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

> သမ္မာသတိပိ ကာယာဒိပရိဂ္ဂါဟကစိတ္တာနံ နာနတ္တာ ပုဗ္ဗဘာဂေ နာနာ။

စသည်ဖြင့် မိန့်တော်မူအပ်ပြီ။

### အဋ္ဌကထာအနက်

သမ္မာသတိပိ၊ သမ္မာသတိသည်လည်း။ ကာယာဒိပရိဂ္ဂါဟကစိတ္တာနံ၊ ကာယ, ဝေဒနာစသည်တို့ကို အောက်မေ့ သိမ်းဆည်း တတ်သော စိတ်တို့၏။ နာနတ္တာ၊ အသီးအသီး ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ပုဗ္ဗဘာဂေ၊ လောကီဖြစ်သော ပုဗ္ဗဘာဂမဂ်၌။ နာနာ၊ အသီးသီး ဖြစ်ကုန်၏။

ဈာန်စသည်တို့နှင့်ယှဉ်သော သမာဓိတို့သည်-

ရှေးအခိုက်၌ရင်း, မဂ်ခဏ၌ရင်း အသီးအသီးဖြစ်ကုန်၏။ ရှေးအခိုက်၌ ရှစ်ပါးသော သမာပတ်တို့၏အစွမ်းအားဖြင့် အသီးအသီး

ဖြစ်ကုန်၏၊ မဂ်ခဏ၌ မဂ်လေးပါးတို့၏ အစွမ်းအားဖြင့် အသီး အသီး ဖြစ်ကုန်၏။ ထိုစကားမှန်၏-

(၁) တယောက်သော ပုဂ္ဂိုလ်၏ ပဌမမဂ်သည် ပဌမဈာန်နှင့် ယှဉ်သည် သာလျှင်ဖြစ်၏၊ ဒုတိယမဂ် အစရှိသည့်တို့သည် ပဌမဈာန်နှင့်ယှဉ်ကုန်သည်မှုလည်းဖြစ်ကုန်၏၊ ဒုတိယဈာန် အစရှိသည့်တို့တွင်လည်း အမှတ်မရှိ တပါးပါးသော ဈာန်နှင့် ယှဉ်ကုန်သည်မှုလည်း ဖြစ်ကုန်၏။

(၂) တယောက်သောပုဂ္ဂိုလ်၏လည်းပဌမမဂ်သည် ဒုတိယဈာန် စသည့် တို့တွင် တပါးပါးသော ဈာန်နှင့် ယှဉ်သည် သာလျှင်ဖြစ်၏၊ ဒုတိယမဂ်စသည်တို့သည်လည်း ဒုတိယဈာန်စသည် တို့တွင် တပါးပါးသော ဈာန်နှင့် ယှဉ်ကုန်သည် မှုလည်း, ပဌမဈာန်နှင့် ယှဉ်ကုန်သည်မှုလည်း ဖြစ်ကုန်၏။

ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့် လေးပါးလည်း ဖြစ်ကုန်သော မဂ်တို့သည် ဈာန်၏ အစွမ်းအားဖြင့် တူကုန်သည် မှုလည်း, မတူကုန်သည်မှုလည်း, တစိတ်တူကုန်သည်မှုလည်း ဖြစ်ကုန်၏-ဟူလိုသတည်း။

[ဤတွင် များစွာဆိုရန်ရှိလေသေး၏၊ ကျယ်လွန်းစိုးအံ့၍ အားမထုတ်လိုက်ပြီ။]

ဤသို့ဆိုခဲ့ပြီးသော အပြားရှိသော သမာဓိသည် လောကုတ္တရာ၏ ရှေးအဘို့၌ လောကီသမာဓိ သာတည်း၊ နောက် အဘို့၌ကား လောကုတ္တရာဖြစ်သော သမ္မာသမာဓိမည်၏ဟူ၍ဆိုအပ်၏-ဟူလိုသတည်း။

သစ္စာ ၄-ပါး ခွဲပြချက်

(၁) သစ္စာလေးပါးကို သိမ်းဆည်း တတ်သော သတိသည် ဒုက္ခသစ္စာမည်၏။

(၂) ထို ဒုက္ခသစ္စာ၏ အကြောင်းရင်း၏ အဖြစ်အားဖြင့် ဖြစ်စေတတ်သော ရှေးဘဝ၌ ပြီးပြီးသော လောဘသည် သမုဒယ သစ္စာမည်၏။

(၃) ထို သစ္စာ နှစ်ပါးတို့၏ မဖြစ်ရာ ချုပ်ရာ ဖြစ်သော အသင်္ခတဓာတ်နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(၄) ထိုနိရောဓသစ္စာလျှင် အာရုံရှိသော ကောင်းမွန်လွန်မြတ်သော အကျင့်ဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏၊

ဤသို့သစ္စာလေးပါးတို့၏အစွမ်းအားဖြင့် အားထုတ်၍ နိဗ္ဗာန်သို့ ရောက်သည်သာလျှင်ဖြစ်၏၊ ထို့ကြောင့် စတုသစ္စကမ္မဋ္ဌာန်းကိုလည်း အဘန်တလဲလဲ စီးဖြန်းရာ, ပွားစေရာ အားထုတ်ရာသည်။

[ဤကား သစ္စပဗ္ဗ၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]
ဓမ္မာနုပဿနာသတိပဋ္ဌာန်ပြီး၏။

---

## အာနိသင်ပြ မိန့်ခွန်းတော်

၁၆။ လောကုတ္တရာမဂ်၏ ရှေးအတွက်၌ ခုနစ်နှစ်အစ, ခုနစ်ရက်အဆုံး ရှိသော ကာလ ပတ်လုံး မပြတ် အဘန်တလဲလဲ ဖြစ်စေ, ပွားစေ အပ်သော လောကီ ဖြစ်သော ဤသတိပဋ္ဌာန် တည်းဟူသောမဂ်သည် လောကုတ္တရာမဂ်ကိုရခြင်း၌ ကောင်းစွာဖြစ်၏-ဟူလိုသတည်း။

ထို့ကြောင့် မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာ၌-

အယံ ဟိ ပုဗ္ဗဘာဂေ လောကိယော သတိ ပဋ္ဌာန မဂ္ဂေါ ဘာဝိတော လောကုတ္တရမဂ္ဂဿ အဓိဂမာယ သံဝတ္တတိ။

စသည်ဖြင့်မိန့်တော်မူအပ်ပြီ။

### အဋ္ဌကထာအနက်

ဟိသဒ္ဒါ၊ မှန်၏။ ပုဗ္ဗဘာဂေ၊ လောကုတ္တရာမဂ်၏ ရှေးအတွက်၌၊ ဘာဝိတော၊ ခုနစ်နှစ်အစ, ခုနစ်ရက် အဆုံးရှိသော ကာလပတ်

လုံး မပြတ် အဘာန်တလဲလဲဖြစ်စေ, ပွားစေအပ်သော။ လောကီ ယော၊ လေး ကီဖြစ်သော။ ဇယံသတိပဋ္ဌာနမဂ္ဂေါ၊ ဤ သတိ ပဋ္ဌာန်တည်း ဟူသောမဂ်သည်။ လောကုတ္တရ မဂ္ဂသာ၊ လော ကုတ္တရာမဂ်ကို။ အဓိဂမာယ၊ ရခြင်း၄ါ။ သံဝတ္တတိ၊ ကောင်းစွာ ဖြစ်၏။

ထို့ကြောင့်ပါဠိတော်၌-

(၁) ဉာယဿ အဓိဂမာယ-ဟူ၍၎င်း,

(၂) နိဗ္ဗာနဿ သစ္ဆိကိရိယာယ-ဟူ၍ ၎င်း ဟောတော် မူအပ်ပြီ။

ပါဠိတော် အနက်

(၁) ဉာယဿ၊ ဖြတ်သော အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော လောကုတ္တရာ မဂ်ကို။ အဓိဂမာယ၊ ရခြင်း ဖြစ်စေခြင်း၄ါ။ သံ ဝတ္တတိ၊ ကောင်းစွာဖြစ်၏။

(၂) နိဗ္ဗာနဿ၊ သံသရာတည်းဟူသော ရေအယဉ်ကို။ ဝါ၊ လေးပါးသော နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ ကောင်းစွာ လွန် မြောက်ခြင်း၄ါ။ သံဝတ္တတိ၊ ဖြစ်၏။

ပွားစေအပ်သော လောကီဖြစ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာန မဂ်သည် အရိယအဋ္ဌင်္ဂိကမဂ်ကိုသာ ရစေတတ်သည် မဟုတ် သေး။

(၁) သုံးပါးသော ဘဝတို့တွင် တပါးသော ဘဝမှသည် တပါးသောဘဝသို့,

(၂) လေးပါးသော ယောနိတို့တွင် တပါးသော ယောနိ မှသည် တပါးသောယောနိသို့,

(၃) ငါးပါးသောဂတိတို့တွင် တပါးသောဂတိမှသည် တ ပါးသောဂတိသို့,

(၄) ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့တွင် တပါးသောဝိညာဏဋ္ဌိတိမှသည် တပါးသော ဝိညာဏဋ္ဌိတိသို့,

(၅) ကိုးပါးသော သတ္တာဝါသတို့တွင် တပါးသော သတ္တာဝါသမှသည် တပါးသောသတ္တာဝါသသို့-

သတ္တာဝါသတို့ကို တပြောင်းပြန်ပြန် စုန်ဆန်မျှောပါး စေတတ်, ကျင်လည်စေတတ်သော တောင့်တခြင်း, တပ်ခြင်း, ကပ်ငြိခြင်း, နှစ်သက်ခြင်း, သာယာခြင်း, မက်မောခြင်းကြောင့် တဏှာဟု-ဆိုအပ်သော ဝါနမှကင်းသည်၏ အဖြစ်ကြောင့် နိဗ္ဗာန်ဟုရအပ်သောအမည်ရှိသော အမြိုက်အမတကို မိမိ၏မျက်မှောက်ပြုခြင်းငှာလည်းဖြစ်၏။

ထိုစကားမှန်၏၊ ဆိုခဲ့ပြီးသော ကာလပတ်လုံး မပြတ်အဘန်တလဲလဲပွါးစေအပ်သော လောကီဖြစ်သော ဤပုဗ္ဗဘာဂ သတိပဋ္ဌာန် တည်းဟူသော မဂ်သည် အစဉ် သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိုလည်း ပြီးစေ တတ်သည် သာလျှင်ဖြစ်၏-ဟူလိုသတည်း။

ထို့ကြောင့်အဋ္ဌကထာ၌-

နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ တဏှာဝါနဝိရဟိတတ္တာ နိဗ္ဗာနန္တိ လဒ္ဓနာမဿ အမတဿ သစ္ဆိကိရိယာယ အတ္တပစ္စက္ခတာယာတိ ဝုတ္တံ ဟောတိ။ အယံ ဟိ မဂ္ဂေါ ဘာဝိတော အနုပုဗ္ဗေန နိဗ္ဗာန သစ္ဆိကိရိယံ သာဓေတိ၊ တေနာဟ နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ၊ ဟုမိန့်တော်မူအပ်ပြီ။

### အဋ္ဌကထာအနက်

နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ-ဟူသည်ကား။ တဏှာဝါန ဝိရဟိတတ္တာ၊ တဏှာ ဝါနမှကင်းသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ လဒ္ဓနာမဿ၊ ရအပ်သော အမည်ရှိသော။ အမတဿ၊ အမြိုက်နိဗ္ဗာန်ကို။ သစ္ဆိ

ကိရိယာယ၊ မျက်မှောက် ပြုခြင်းငှာ။ အတ္တပစ္စက္ခတာယ၊ မိမိ၏ ဉာဏ်မျက်စိကို မှီ၍ဖြစ်ခြင်းရှိသည့်၏အဖြစ်၌။ ဇာတိ၊ ဤသို့။ ဝုတ္တံ၊ ဟောအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္စံ၊ မှန်၏။ ဘာဝိတော၊ ဆိုခဲ့ပြီးသော ကာလပတ်လုံး မပြတ် အဘန်တလဲလဲ ပွားစေအပ်သော။ အယံမဂ္ဂေါ၊ ဤလောကီဖြစ်သော ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ နိဗ္ဗာနသစ္ဆိကိရိယံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို။ သာဝေတိ၊ ပြီးစေတတ်၏။

နေ၊ ထို့ကြောင့်။ နိဗ္ဗာနဿ သစ္ဆိကိရိယာယာတိ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ-ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဟောတော်မူပြီ-လည်းဟူ။

[ဤကားအာနိသင်ပြ မိန့်ခွန်းတော်၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

---

## နိဂုံးချုပ် မိန့်ခွန်းတော်

၁၇။ ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ-ဟူသော ပါဠိတော်၌ ရှေးကာလဝယ်လည်း မဟာထေရ်တို့အား ဆွေးနွေးမေးမြန်းခြင်းသည် ဖြစ်သည် သာလျှင် ကတည်း၊ အသို့ဖြစ်ဘူးသနည်းဟူမူကား-

(က) တပည့်ဖြစ်သော တိပိဋကစူဠနာဂ မထေရ်သည် "ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ်" ဟူ၍ဆို၏။

(ခ) ဆရာဖြစ်သော တိပိဋကစူဠသုမ မထေရ် သည်ကား "မိဿကမဂ်" ဟူ၍ဆို၏။

(က) တဖန် တိပိဋကစူဠနာဂ မထေရ်ကား "ပုဗ္ဗဘာဂေါ ဘန္တေ" ဟုဆိုပြန်၏။

(ခ) ဆရာကလည်း "မိဿကောအာဝုသော" ဟု ဆိုပြန်၏။

ဤသို့ ဆရာသည်ကား-အဘန် တလဲလဲ ဆိုသည် ရှိသော် ထို ဆရာဆို အပ်သော စကားကို မမြစ်မတားမူ၍ တပည့်က ဆိတ်

ဆိတ် နေသည့် သာလျှင်ဖြစ်၏၊ ထိုပြဿနာကို မဆုံးမဖြတ်မူ၍ သာလျှင် ထ၍ကြွသွားလေကုန်သတည်း။

ထ၊ပြဿတို့နောက်မှ ဆရာဖြစ်သော တိပိဋက စူဠသုမ မထေရ် သည် ရေချိုးအံ့ဟု-သွားသည်ရှိသော်-

(က) ငါသည် ''မိဿကမဂ်''ဟု ဆိုအပ်၏။

(ခ) တိပိဋက စူဠနာဂ စသည်ကား ''ပုဗ္ဗဘာဂမဂ်'' ဟူ၍ ဆို၏။

ဤမိဿကမဂ်,ပုဗ္ဗဘာဂမဂ်ဟုဆိုသောအရာ၌ အဆုံးအဖြတ် ကား-အဘယ်သို့ဖြစ်သနည်းဟူမူ-

သတိပဋ္ဌာန် ပါဠိတော် အစမှစ၍ တပြောင်းပြန်ပြန် ဖြစ်စေ သည် ရှိသော်-

ယောတိ ကောစိ.ဘိက္ခဝေ ဣမေ စတ္တာရော သတိ ပဋ္ဌာနေ ဧဝံဘာဝေယျ သတ္တဝဿာနိ-

ဟူသော ပါဠိတော်အရာ၌ ကောင်းစွာမှတ်မိလေ၏၊ လော ကုတ္တရာမဂ်သည် ဖြစ်ပြီး၍ ခုနစ်နှစ်ပတ်လုံး တည်သော မည် သည်မရှိ၊ ထို့ကြောင့် ငါဆိုအပ်သော မိဿကမဂ်ကို မရအပ် ချေ၊ တိပိဋကစူဠနာဂ မထေရ်သည် သိမြင်အပ်သော ပုဗ္ဗဘာဂ မဂ်ကိုသာလျှင် ရအပ်၏-ဟု သိမြင်ပြီး၍ ရှစ်ရက် မြောက်သော နေ့၌ တရားနာခြင်းကို ကြွေးကြော်သည်ရှိသော် သွားလေ၏။

ရှေး၌ဖြစ်သော မထေရ်ကြီးတို့သည် တရားနာခြင်း တို့သည် ဖြစ်ကုန်သတတ်၊ တရားနာ ကြွေးကြော်သံကို ကြား၍ ငါသည် ရှေးဦးစွာနာအံ့-ဟု တပြိုင်နက်ဖြင့်သာလျှင် စည်းဝေးကုန်၏ ထို နေ့၌လည်း တိပိဋက စူဠနာဂ မထေရ်၏ အလှည့် ဖြစ်၏၊ ထို့ ကြောင့် တရားဟောနေရာ၌နေ၍ ယပ်ကိုကိုင်၍ ရှေးဖြစ်သော တရားစကားတို့ကို ဟောအပ် ကုန်သည် ရှိသော်- တိပိဋကစူဠ နာဂ မထေရ်၏ နေရာ၏ နောက် အဘို့၌ နေသော တိပိဋကစူဠ သုမ မထေရ်အားငါသည် ဆိတ်ကွယ်ရာအရပ်၌ မဆိုအံ့၊ ဤသို့ သော စိတ်အကြံသည်ဖြစ်၏။

ထိုစကား မှန်၏၊ ရှေး၌ ဖြစ်သော မထေရ်ကြီးတို့သည် ပြုရ ခြင်းမရှိကုန်သည်သာလျှင် ဖြစ်ကုန်၏ မိမိအလိုလိုသာလျှင် ကြံ့ ကဲ့သို့ ဝန်ကိုချ၍ မသွားကုန်၊ အကြောင်းကို သာလျှင် လျစ်လျူ ရှုကုန်၏၊ အကြောင်း ဟုတ်မှန်သည် ကိုသာလျှင် သွားကုန်၏၊ အကြောင်းမဟုတ်မှန်သည်ကို စွန့်လွှတ်ကုန်၏၊ ထို့ကြောင့်-

(က) ဆရာဖြစ်သော တိပိဋကစူဠသုမ မထေရ်အည် 'အာ ဝုသော စူဠနာဂ" ဟု ဆို၏၊ ထိုအခါ-

(ခ) တပည့် ဖြစ်သော စူဠနာဂ သည်လည်း ဆရာ၏ချစ် ဖွယ်သော အသံတည်းဟု သိ၍ တရားဟောခြင်းကို ထား၍"ကိံ ဘန္တေ"ဟု လျှောက်ဆိုသည်ရှိသော်-

(က) ငါ့ရှင်စူဠနာဂ-ငါသည် ဆို ခဲ့ပြီးသော မိဿကမဂ် ကို မရအပ်၊ သင်သည်ဆိုအပ်သော ပုဗ္ဗဘာဂ သတိပ ဋ္ဌာန မဂ်ကိုသာလျှင်ရအပ်၏ ဟု ဆို၏၊ ထိုသို့ဆိုသည် ရှိသော်။

(ခ) တပည့်ဖြစ်သော တိပိဋကစူဠနာဂမထေရ်သည်ကြံ၏၊ ငါတို့၏ဆရာသည် အလုံးစုံသော ပရိယတ်နှင့် ပြည့်စုံသော ပိဋက သုံးပုံကိုတတ်သော သုတဗုဒ္ဓတည်း၊ ဤသို့သဘောရှိသော ရဟန်းစင်လျှက်လည်း ဤပြဿနာကို ချောက်ချား နှောင့်ရှက်စေ ဘိ၏၊ နောင်အခါ၌ ငါ၏ညီ ဖြစ်ကုန်သော သူတို့သည် ဤပြဿ နာကို မှေးနှောက် ချောက်ခြား စေလတ္တံ့ ဟု ပါဠိတော်ကို ယူ၍ ဤပြဿနာကိုတုန်လှုပ်ခြင်းမရှိသည်ကို ပြုအံ့ဟုကြံပြီး၍-

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌-

(က) ဧကာယနမဂ္ဂေါဝုစ္စတိ ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ။
(ခ) မဂ္ဂါနဋ္ဌင်္ဂိကောသေဋ္ဌော၊ သစ္စာနံ စတုရောပဒါ။
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။
(ဂ) ဧသေဝ မဂ္ဂေါနတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။

ဧတဉ္စတုမ္ဟေ ပဋိပန္နာထ၊ မာရသေနပ္ပမဒ္ဒနံ။
ဧတဉ္ဟိတုမ္ဟေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
ဟူသော ပါဠိတော်ကိုဆောင်၍ ထားပေ၏-ဟူလိုသတည်း။

## ပါဠိတော်အနက်

(က) ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာမဂ်၏ ရှေး အတွက်ဖြစ်ပွားစေအပ်သော လောကီဖြစ်သော ပုဗ္ဗဘာဂ သတိ ပဋ္ဌာနမဂ်ကို။ ဧကာယနမဂ္ဂေါ၊ နှစ်ပါးသောခရီးမဟုတ်သည်ဖြစ် ၍ တကြောင်းတည်းသော နိဗ္ဗာန် သို့ သွား ရာ ခရီး ဖြစ် သော ကြောင့် ဧကာယနမဂ်ဟူ၍။ ဝုတ္တတိ၊ ဆိုအပ်၏။

(ခ) မဂ္ဂါနံ၊ မဂ်ဘို့တွင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောမဂ်သည်။ သေဋ္ဌော၊ မြတ်၏။ သစ္စာနံ၊ သစ္စာတို့တွင်။ စတုရောပဒါ၊ လေးပါး သော ပုဒ်ရှိကုန်သော သစ္စာတို့သည်။ သေဋ္ဌာ၊ မြတ်ကုန်၏။ ဓမ္မာနံ၊ တရားတို့တွင်။ ဝိရာဂေါ၊ ရာဂကင်းရာ ဖြစ်သော နိဗ္ဗာန်တရားသည်။ သေဋ္ဌော၊ မြတ်၏။ ဒွိပဒါနဉ္စ၊ အ ခြေနှစ်ချောင်းရှိကုန်သော သတ္တ ဝါ တို့ တွင် လည်း။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့် စုံ တော် မူ သော မြတ်စွာဘုရားသည်။ သေဋ္ဌော၊ မြတ်၏။

(ဂ) ဧသောဝ-ဧသောဧဝမဂ္ဂေါ၊ ထိုအဋ္ဌင်္ဂိက လောကီဖြစ် သော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်သည်သာလျှင်။ ဝိသုဒ္ဓိယာ၊ အထူး သဖြင့် စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်ကို။ ဒဿနဿ၊ မြင်ခြင်း၏။ မဂ္ဂေါ၊ အကြောင်းတည်း။ အညော၊ တပါးသောမဂ်သည်။ နတ္ထိ၊ မရှိ။ မာရသေနပ္ပမဒ္ဒနံ၊ ကိလေသာ မာရ်စစ်သည်အပေါင်းကို နှိပ်နင်းဖျက်ဆီးကြောင်းဖြစ်ထသော။ ဧတဉ္စ-ဧတံ ဧဝ၊ ထိုပုဗ္ဗ ဘာဂ သ တိ ပ ဋ္ဌာန် တည်း ဟူ သော လောကီမဂ်ကို သာလျှင်။ တုမ္ဟေ၊ သင်တို့သည်။ ပဋိပဇ္ဇထ၊ ကျင့်ကုန် လော့။ ဧတဉ္ဟိ၊ ထိုလောကီဖြစ်သော ပွား စေ အပ် သော ပုဗ္ဗဘာဂသတိပဋ္ဌာန်

ဟူသောလောကီမဂ်ကိုသာလျှင်။ တုမ္ဟေ၊ သင်တို့သည်။ ပဋိပန္နာ၊ ကျင့်ကုန်သည်ဖြစ်၍။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲအပေါင်း၏။ အန္တံ၊ အဆုံးဖြစ်သော နိဗ္ဗာန်ကို။ ကရိဿထ၊ ပြုကုန်လော့-

မေးမြန်းဘွယ်

မေး။ ။အဘယ်ကြောင့် မဂ်မည်သနည်းဟူမူကား-

ဖြေ။ ။နိဗ္ဗာန်သို့ သွားတတ်သော အနက်ကြောင့်လည်းကောင်း, နိဗ္ဗာန်ကို အလိုရှိကုန်သောသူတို့သည် ရှာမှီးအပ်သော အနက်ကြောင့် လည်းကောင်း မဂ်မည်၏-ဟူလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

(က) ပုဗ္ဗေပိ စ ဣမသ္မိံ ပဒေ မဟာထေရာနံ သာကစ္ဆာ အဟောသိယေဝ၊ တိပိဋကစူဠနာဂတ္ထေရော ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ္ဂေါတိ အာဟ အာစရိယော ပနဿ တိပိဋကစူဠသုမတ္ထေရော မဿကမဂ္ဂေါတိ အာဟ-စသည်ဖြင့်၎င်း,

(ခ) မဂ္ဂေါတိ ကေနဋ္ဌေန မဂ္ဂေါ၊ နိဗ္ဗာနဂမနဋ္ဌေန မဂ္ဂေါ၊ နိဗ္ဗာနတ္ထိကေဟိ မဂ္ဂနီယဋ္ဌေန စ-ဟူ၍၎င်း မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

(က) ပုဗ္ဗေပိ စ၊ ရှေးကာလ၌လည်း။ ဣမသ္မိံ ပဒေ၊ ဤကာယာနေ၁-ပုဒ်၌။ မဟာထေရာနံ၊ မဟာထေရ်တို့အား။ သာကစ္ဆာ၊ ဆွေးနွေး မေးမြန်းခြင်းသည်။ အဟောသိယေဝ၊ ဖြစ်ဘူးသည် သာလျှင်ကတည်း။ တိပိဋကစူဠနာဂတ္ထေရော၊ တိပိဋကစူဠနာဂမထေရ်သည်။ ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာမဂ်၏ ရှေးအဘို့၌ ပွားစေအပ်သော လောကီဖြစ်သော သတိပဋ္ဌာန် တည်းဟူသောမဂ်တည်း။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆို၏။ အာဿ၊

ထိုတိပိဋက စူဠနာဂ မထေရ်၏။ အာစရိယော၊ ဆရာဖြစ်သော။ တိပိဋကစူဠသုမတ္ထေရော ပန၊ တိပိဋကစူဠသုမ မထေရ်သည်ကား။ မိဿကမဂ္ဂေါတိ၊ မိဿကမဂ်ဟူ၍။ အာဟ၊ ဆို၏။

(၁) မဂ္ဂေါတိ၊ မဂ္ဂေါဟူသည်ကား။ ကေနဋ္ဌေန၊ အဘယ် အနက်ကြောင့်။ မဂ္ဂေါ၊ မဂ်မည်သနည်း။ နိဗ္ဗာန ဂမန ဋ္ဌေနစ၊ နိဗ္ဗာန်သို့ သွားတတ်သော အနက်ကြောင့်လည်းကောင်း။ နိဗ္ဗာနတ္ထိကေဟိ၊ နိဗ္ဗာန်ကိုအလိုရှိကုန်သောသူတို့သည်။ မဂ္ဂနီယဋ္ဌေနစ၊ ရှာမှီးအပ်သောအနက်ကြောင့်ရင်း။ မဂ္ဂေါ၊ မဂ်မည်၏။

မဂ္ဂေါ-ဟူသောပုဒ်၌ မဂ်ကိုလည်း ပွားစေအပ်သော လောကီ ဖြစ်သော ပုဗ္ဗဘာဂသတိပဋ္ဌာန်မဂ်ကိုသာလျှင် လိုအပ်၏၊ လော-ကုတ္တရာမဂ်ကို မလိုအပ်-ဟူလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

ကာယာဒိ စတုရာရမ္မဏပ္ပဝတ္တောတိ ပုဗ္ဗဘာဂသတိ
ပဋ္ဌာနမဂ္ဂေါ ဣဓအဓိပ္ပေတော၊ န လောကုတ္တရော။

ဟူ၍ရင်း မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

ဟိသစ္စံ၊ မှန်၏။ ကာယာဒိစတုရာရမ္မဏပ္ပဝတ္တော၊ ကာယ, ဝေဒနာ စသော လေးပါးသော အာရုံ၌ ဖြစ်သော။ ပုဗ္ဗဘာဂ-သတိပဋ္ဌာနမဂ္ဂေါ၊ လောကုတ္တရာမဂ်၏ ရှေးအဘို့၌ဖြစ်သော သတိပဋ္ဌာန် တည်းဟူသောမဂ်ကို။ ဣဓ၊ ဤ ဧကာယနမဂ်၏ အရာ၌။ အဓိပ္ပေတော၊ လိုအပ်၏။ လောကုတ္တရော၊ လောကုတ္တရာ ဖြစ်သော မဂ်ကို။ နအဓိပ္ပေတော၊ မလိုအပ်။

[ဤကား နိဂုံးချုပ်မိန့်ခွန်းတော်၌ အကျဉ်းဖြစ်သော အဓိပ္ပါယ်တည်း။]

## သတိပဋ္ဌာန်၌ အထူးမှတ်ဖွယ်

ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့် အာနာပါနပဗ္ဗ, ဣရိယာပထပဗ္ဗ, စတုသမ္ပဇာနပဗ္ဗ, ပဋိကူလ မနသိကာရပဗ္ဗ, ဓာတုမနသိကာရပဗ္ဗ, နဝသိဝထိကပဗ္ဗ, ဝေဒနာနုပဿနာ, စိတ္တာ-နုပဿနာ, နီဝရဏပဗ္ဗ, ခန္ဓပဗ္ဗ, အာယတနပဗ္ဗ, ဗောဇ္ဈင်္ဂပဗ္ဗ, သစ္စပဗ္ဗ-အားဖြင့် နှစ်ဆဲ့တပါးအပြားရှိသော ကမ္မဋ္ဌာန်းတို့ သည် ဖြစ်ကုန်၏။

ထိုကမ္မဋ္ဌာန်းတို့တွင်-

အာနာပါန ကမ္မဋ္ဌာန်း, ဒွတ္တိံသာကာရကမ္မဋ္ဌာန်း, နဝသိဝ-ထိက ကမ္မဋ္ဌာန်းတို့သည် အပ္ပနာကိုဖြစ်စေတတ်သော ကမ္မဋ္ဌာန်း တို့သည်သာလျှင် ဖြစ်ကုန်၏။

ဒီဃနိကာယ်ကိုတတ်သော ဒီဃဘာဏကမဟာသိဝ မထေရ် သည်ကား—

ကိုးပါးသော နဝသိဝထိက ကမ္မဋ္ဌာန်းတို့ကို အာဒီနဝါ နုပဿနာ၏ အစွမ်းအားဖြင့် ဟောအပ်ကုန်၏-ဟု ဆို၏၊ ထို့ ကြောင့် ထိုဒီဃဘာဏက မဟာသိဝမထေရ်၏ အလိုအားဖြင့် အာနာပါန ကမ္မဋ္ဌာန်း, ဒွတ္တိံသာ ကာရ ကမ္မဋ္ဌာန်း နှစ်ပါးတို့ သည်သာလျှင် အပ္ပနာကိုဖြစ်စေတတ်သော ကမ္မဋ္ဌာန်းတို့တည်း။ ဤကမ္မဋ္ဌာန်း နှစ်ပါး တို့ မှ ကြွင်း ကုန် သော တဆဲ့ကိုးပါးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရကမ္မဋ္ဌာန်းတို့ သည်သာလျှင်တည်း။

### မေးမြန်းဖွယ်

မေး။ ။ထိုအလုံးစုံသောကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည် ဖြစ်သလော-ဟု စောဒနာသည်ရှိသော်-

ဖြေ။ ။မဖြစ်-ဟု ဖြေရန်ရှိ၏။

ထိုစကားမှန်၏၊ ဈာန်ပဋိပဒါ ကမ္မဋ္ဌာန်း၊ သမ္မဝဿကမ္မဋ္ဌာန်း၊ နိဝရဏကမ္မဋ္ဌာန်း၊ ဗောဇ္ဈင်္ဂကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည် မဖြစ်၊ ထိုလေးပါးသော ကမ္မဋ္ဌာန်းတို့မှ ကြွင်းသော တသဲ့ခုနစ်ပါးသော ကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည် ဖြစ်၏-ဟု ဆို၏။

မဟာသိဝမထေရ်သည်ကား-

ထိုလေးပါးသော ကမ္မဋ္ဌာန်းတို့၌လည်း နှလုံးသွင်းခြင်းသည် ဖြစ်၏-ဟုဆို၏၊ ထိုစကားမှန်၏-

၁။ ငါ့အား လေးပါးသော ဈာန်ပဋိပဒါတို့သည် ရှိကုန်သလော၊ ထိုသို့မဟုတ်မူကား-မရှိကုန်သလော။

၂။ ငါ့အား လေးပါးသောသမ္မဝဿတို့သည်ရှိကုန်သလော၊ ထိုသို့မဟုတ်မူကား-မရှိကုန်သလော။

၃။ ငါ့အား နိဝရဏတို့သည် ရှိကုန်သလော၊ ထိုသို့မဟုတ်မူကား-မရှိကုန်သလော။

၄။ ငါ့အား ခုနစ်ပါးသော ဗောဇ္ဈင်္ဂတို့သည်ရှိကုန်သလော၊ ထိုသို့မဟုတ်မူကား-မရှိကုန်သလော။

ဤသို့ အောက်မေ့သိမ်းဆည်း၏၊ ထို့ကြောင့် အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ နှလုံးသွင်းခြင်းသည်ဖြစ်၏-ဟုလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

ဧတ္တာဝတာ အာနာပါနပဗ္ဗံ စတုဈာနပဋိပဒါပဗ္ဗံ စတုသမ္မဝဿနပဗ္ဗံ။

စသည်ဖြင့်မိန့်အပ်ပြီ။

အဋ္ဌကထာအနက်

ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ အာနာပါနပဗ္ဗံ၊ အာနာပါန အပိုင်းရှင်း။ စတုဈာနပဋိပဒါပဗ္ဗံ၊ လေးပါးသော ဈာန်ပဋိပဒါအပိုင်းရှင်း။ စတုသမ္မဝဿနပဗ္ဗံ၊ လေးပါးသော သမ္မဝဿနအပိုင်းရှင်း။

ယောပိ ကောစိ ဘိက္ခဝေ-ဟူသော ပါဠိတော်၌-

အကြွင်းအမြွတ်မရှိ ရဟန်းယောကျ်ားသည်ဖြစ်စေ, ရဟန်းမိန်းမသည်ဖြစ်စေ, ဥပါသကာ ယောကျ်ားသည်ဖြစ်စေ, ဥပါသိကာ မိန်းမသည်ဖြစ်စေ ယောပိကောစိ - အရဖြစ်သော ယောဂီပုဂ္ဂိုလ် မည်၏။

ဧဝံဘာဝေယျ- ဟူသည်ကား- မဟာသတိပဋ္ဌာနသုတ် ပါဠိတော်၏အစမှစ၍ ဟောတော်မူအပ်သော ဘာဝနာအစဉ်ဖြင့် ပွားစေရာ၏-ဟူလိုသည်။

ပါဋိကင်္ခံ-ဟူသည်ကား အလိုရှိအပ်၏၊ မချွတ်ဖြစ်လတ္တံ့သောအကျိုးရှိ၏-ဟူလိုသည်။

အညာ-ဟူသည်ကား-အရဟတ္တဖိုလ်တည်း။

သတိဝါ ဥပါဒိသေသေ-ဟူသည်ကား ဥပါဒါန်တရားအကြွင်းသည်ရှိသော်-ဆိုလိုသည်။

အနာဂါမိတာ-ဟူသည်ကား- အနာဂါမ်ပုဂ္ဂိုလ်၏အဖြစ်-ဟူလိုသည်။

ဤသို့လျှင်ခုနစ်နှစ်တို့၏ အစွမ်းအားဖြင့် သာသနာတော်၏ ဝန်ဆောင်းရဲမှ ထွက်မြောက်ခြင်းကြောင့် နိယျာနိက အဖြစ်ကို ပြတော်မူပြီး၍ တဘာန်ထိုခုနစ်နှစ်အောက် နည်းယုတ်သည်လည်း ဖြစ်ကုန်သောကာလတို့ကို ပြတော်မူလိုသည်ဖြစ်၍ "တိဋ္ဌန္တု ဘိက္ခဝေ" အစရှိသော ပါဠိတော်ကိုဟောတော်မူ၏။

အဓိပ္ပါယ်ကား-သတ္တဝဿအစ,သတ္တာဟ အဆုံးရှိသော ကာလပတ်လုံး ပုဗ္ဗဘာဂသတိပဋ္ဌာန်မဂ်ကိုပွားစေရာ၏-ဟူသော ထိုအလုံးစုံသောစကားကိုလည်းအလတ်ဖြစ်သော ကျွတ်ထိုက်သော ပုဂ္ဂိုလ်ဟုဆိုအပ်သော မဇ္ဈိမဝေနေယျပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဟောတော်မူအပ်၏- ဟူလိုသည်၊ ထက်သော ပညာ ရှိသော

ပုဂ္ဂိုလ်ကိုရည်၍မူကား နံ့နက် စော စော က သာလျှင် ဆုံးမအပ်သည့်ရှိသော် ညအခါ တရားအထူးကို ရလတ္တံ့သတည်း၊ ညအခါ ဆုံးမအပ်သည့်ရှိသော် နံ့နက်စောစော တ ရား အ ထူး ကို ရလတ္တံ့သတည်း-ဟု ဟောတော်မူအပ်၏-ဟူလိုသတည်း။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရားသည် "နိယျာနိက ဘိက္ခဝေ မမသာသနံ"ဟု ပြတော်မူပြီး၍ နှစ်ဆဲ့တပါး အပြားရှိသည်လည်း ဖြစ်ကုန်သောအရာတို့၌ အရဟတ္တဖိုလ် တည်းဟူသော အထွတ်ဖြင့် ဟောတော်မူအပ်သောဒေသနာတော်ကို "ဤတွင်ဆုံး၏ - ပြီး၏" ဟု နိဂုံးချုပ်သဖြင့် နှင်းတော်မူလိုသည် ဖြစ်၍ "ဣဒမဝေါစ ဘဂဝါ" စသည်ကိုဟောတော်မူ၏။

ဤ မဟာသတိပဋ္ဌာန သုတ်ကို ဟောတော်မူသည့်၏ အဆုံး၌ သုံးသောင်းသော ရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏ ဟူလိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၌-

> ယောဟိ ကောစိ ဘိက္ခဝေတိ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ-စသည်ဖြင့်ရင်း-
>
> ဒေသနာ ပရိယောသာနေ ပန တိံသ ဘိက္ခုသဟဿာနိ အရဟတ္တေ ပတိဋ္ဌဟိံသု။

ဟူ၍ရင်း မိန့်အပ်ပြီ။

### အဋ္ဌကထာအနက်

ယောဟိ ကောစိ ဘိက္ခဝေတိ၊ ယောဟိ ကောစိ ဘိက္ခဝေ-ဟူသည်ကား။ ဘိက္ခဝေ၊ရဟန်းတို့။ ယောဟိ ကောစိ၊ အကြင်အမှတ်မရှိသော။ ဘိက္ခုဝါ၊ ရဟန်းသည်ရင်း။ ဘိက္ခုနီဝါ၊ ဘိက္ခုနီသည်ရင်း။ ဥပါသကောဝါ၊ ဥပါသကာသည်ရင်း။ ဥပါသိကာဝါ၊ ဥပါသိကာသည်ရင်းတည်း။

ဒေသနာ ပရိယောသာနေပန၊ မဟာသတိပဋ္ဌာန သုတ်တော်ကို ဟောတော်မူသည်၏အဆုံး၌ကား။ တိံသဘိက္ခု သဟဿာနိ၊ သုံးသောင်းသော ရဟန်းတို့သည်။ အရဟတ္တေ၊ အရဟတ္တ၌။ ပတိဋ္ဌဟိံသု၊ တည်ကုန်၏။

သတိပဋ္ဌာန်၌အထူးမှတ်ဖွယ်ပြီး၏။
ဤတွင်ရွေ့ မဟာသတိပဋ္ဌာန သုတ်၏-အကျဉ်းဖြစ်သော
အဓိပ္ပါယ်ပြီး၏။

---

အာသီသပတ္ထနာ

ဤသို့ပါဠိ, အဋ္ဌကထာတို့နှင့် အညီ သတိပဋ္ဌာန်လေးပါးတို့ကို သဘောကျကျ ဆင်ခြင်အောက်မေ့ပွားစေရသော အကျဉ်းအနက်အဓိပ္ပါယ်ကို ပညာမျက်စိဖြင့် အဘန်တလဲလဲ ရှုဆင်ခြင်၍ မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် အခါခပ်သိမ်း မမေ့မလျော့ အထူးသဖြင့် ကြည်ညိုလှစွာသော စိတ်ဖြင့် ဖြစ်စေ, ပွားစေ သတည်း။

---

ကျမ်းပြီးနိဂုံး

(က) သမ္ဗုဒ္ဓသိက္ခာပဒါဝိတထာစရေန ဝိသုဒ္ဓသီလာဒိဂုဏာ-
သောဘိတေန ဝံသာဒိလင်္ကာလင်္ကတေန မဟာ ထေရေန-

(ခ) သုခကာမာနံ သာဓူနံ စတ္တာရော သတိပဋ္ဌာနေ ယာထာ- ဝတော သုဘာဝေတုံ ကောဝလံ သဒ္ဒေ ပါဠိပ္ပါယ မတ္တေန ယထာပါဠိ ယဋ္ဌ ကထာဂတနယံ သုလိခိတော အယံဂန္ထော-

(ဂ) ဇိနစက္ကေ ကဝိဂီရေ ကလိယုဂေ ဓိမတ္တကေ သမ္မတ္တေ ဖေဂ္ဂုဏာပုဏ္ဏမ ဂုရုပုဗ္ဗဏှ စတုပ္ပဟာရာရတိက္ကမ သတ္တ ရသ ပါဒသခီတေ ကောဒသဂ်လိ ဒွိယဝဋ္ဌတိလောကကော

သ- စတုန္နာဒိုက တေပါဒ ဆဗ္ဗိဖုံ့နာ တိပြန္နံ ဌက္ခရ ယုတ္တေ မိန္န- ပြဲဂ်မ ကာရနဝဂ် ဆဗ္ဗိသ နက္ခတ္တ ဒ္ဒိပါဒ လက္ခဏာဂတ မူလမ္မနက္ခတ္တ ရဒ္ဒသတိ ထိမိန္န လက္ခ ဏောဒါသိလာလေ၉ဝ နိဋ္ဌဂ်ေါ ဟောတိ။

(ဃ) ယထာ အယံဂန္ထော အန္တရာယံ ဝိနာ နိဋ္ဌံ ဥပါဂတော၊ တထ သဗ္ဗသတ္တာနံ မနောသိတာ သင်္ကပ္ပါ သမိဇ္ဈန္တု၊

(င) ဣမံဂန္ထံ သာရုသဒ္ဓမ္မဂါရဝံကတွာ သဒါ ပညာစက္ခု နာ ပုနပ္ပုနံပဿိတွာ ဘာဝေန္တု၊ ဝါစုဂ္ဂတံကတွာ ဓာရေန္တု။

(စ) ဣဒံမေ ပုညံ အညပုညဉ္စ သဗ္ဗညုတ ဉာဏ ပဋိဝေ ဓဿ ပစ္စယော ဟောတု။

(က) သဗ္ဗသိက္ခာ ပဒါဝိတထာ စာရေန၊ ခပ်သိမ်း သော သိက္ခာပုဒ်တို့၌ မချွတ်မယွင်းဖြည့်ကျင့်လေ့ရှိထသော။ ဝိသုဒ္ဓသီ လာဒိဂုဏ သောဘိတေန၊ အထူးသဖြင့် စင်ကြယ်သော သီလ စသောဂုဏ်တို့ဖြင့် တင့်တယ်ခြင်းလည်းရှိထသော။ ဝံသာဒိ လဒ္ဓ လဒ္ဓေန၊ "ဝံသာလင်္ကာရသဒ္ဓမ္မာဘိဓဇမဟာဓမ္မရာဇဂုရု" ဟု ရအပ် သော တံဆိပ်နာမံရှိထသော။ မဟာထေရေန၊ မဟာထေရ်လည်း ဖြစ်သသော။ မယာ၊ "မုံတောဆရာတော်" ဟု ခေါ်ဝေါ်အပ် သော ငါသည်။

(ခ) သုခကာမာနံ၊ မဂ်,ဖိုလ်, နိဗ္ဗာန်ချမ်းသာတို့ကိုအလိုရှိ ကုန်သော။ သာဓူနံ၊ သူတော်ကောင်းတို့အား။ စတ္တာရော သတိ ပဋ္ဌာနေ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ယာဿထာဝတော၊ မဖောက်မပြန်ဟုတ်မှန်သော သဘောအားဖြင့်။ သုဘာဝေတုံ၊ ကောင်းစွာပွားလွယ်စေခြင်းငှာ။ ကေဝလံ၊ သက်သက်။ သခေ် ပါဠိပ္ပါယမတ္တေန၊ အကျဉ်းအဓိပ္ပါယ်မျှသာလျှင်။ ယထာပါဠိယ ဋ္ဌကထာဂတနယံ၊ ပါဠိအဋ္ဌကထာတို့၌ လာသောနည်းအတိုင်း။ သုလိခိတော၊ ကောင်းစွာ ရေးသားအပ်သော။ အယံဂန္ထော၊

၍ သတိပဋ္ဌာန် လေးပါးတို့ကို မဘောက်မပြန် ဟုတ်မှန်စွာ ပရမတ္ထအားဖြင့် သဘောကျကျ ပွားစေရာ, ဆင်ခြင်အောက်မေ့ရာ အကျဉ်း အဓိပ္ပါယ် သက်သက်ကို ပြရာ ပြကြောင်း ဖြစ်သော ကြောင့် ''အဓိပ္ပါယပ္ပကာသနီ'' အမည် ရှိသော နိဿယည်း ကျမ်းသည်။

( ဂ ) ဇိနစက္ကေ၊ဘုရားသခင်သာသနာတော်သည်။ကပိဂိရေ၊ နှစ်ထောင့် သုံးရာ့လေးဆဲ့တခုနှစ်သည့်ရင်း။ကလိယုဂေ၊ကောဇာ သက္ကရာဇ်သည်။ ဝိမက္ကကေ၊ တထောင့်တရာ့ငါးဆဲ့ကိုးခု သည့် ရင်း။ သမ္ဗစ္ဆေ၊ ရောက် သည့် ရှိသော်။ ဖဂ္ဂုနပုဏ္ဏမဂုရုပုဗ္ဗဏှေ, စတုပ္ပဟာရာတိက္ကမသပ္ပုရသပါဒသမ်ိါတေ၊ တပေါင်းလပြည့် တနင်္ဂနွေနေ့ နံနက် ၄-ချက်တီးကျော် တဆဲ့ခုနစ် ဘဝါး-ဟု ဆိုအပ်သော။ ကောဒသင်္လိဒ္ဓိယဝဓ္ဓတိလောကကောသ စတုနာဒိုက တောပါဒဆမ္ဗိဇနာတိပြန္နဋ္ဌကွရယုဂ္ဂေ၊ တဆဲ့တလက်သစ်, နှစ်မုယော,ရှစ်နှမ်း,တဆံခြည်, လေးနာရီ,သုံးပါဒ်,ခြောက်မိဇနာ၊သုံးပြန်, ရှစ်ခရာနှင့်ယှဉ်သော။ မိန္တြဂ်မကာရ နဝင်္ဂဆမ္ဗိသနက္ခတ္တ ဒ္ဓိပါဒလက္ခဏာ ဂတမူလဋ္ဌနက္ခက္ခ ရဒ္ဒသတိထိမိန္ဒလက္ခဏော ဒါသိ ကာလေ၉ဝ၊မိန်ဂြဲဟ်,မကာရနဝင်း,နက္ခတ် နှစ်ဆဲ့ခြောက် လုံး, နှစ်ပါဒ်ထက်လဂ်စီးလျက်၊ မူလနက္ခတ်ရှစ်လုံး, တိထိတဆဲ့ လေးလုံး, မိန်လဂ်နှင့်ယှဉ်သော အလွန်ကောင်းမြတ်သော ဥဒါသိန်အခါ၌ သာလျှင်။ နိဋ္ဌင်္ဂါ၊ အပြီးသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။

(ဃ) အယံဂန္ထော၊၍ ''အဓိပ္ပါယပ္ပကာသနီ'' အမည်ရှိသော နိဿယည်းကျမ်းသည်။ အန္တရာယံ၊အန္တရာယ်ကို။ ဝိနာ၊ကြဉ်၍။ နိဋ္ဌံ၊ ပြီးခြင်းသို့။ ဥပဂတောယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ မေ့နိသင်္ကပ္ပါ၊ တရားကို မှီကုန်သော။ သင်္ကပ္ပါ၊ အကြံ တို့သည်။ သမိဇ္ဈန္တု၊ ပြည့်စေကုန်သတည်း။

(င) ဇူမ်ဂဂတ္ထံ၊ ဤ "ဤအဓိပ္ပါယပ္ပကာသနီ" အမည်ရှိသော ကျမ်းကို။ သာ၊ သူ တော် ကောင်း တို့ သည်။ သဒ္ဓမ္မေ၊ သူတော် ကောင်း တရား၌။ ဂါရဝံကတွာ၊ ရိုသေခြင်းကိုပြု၍။ သဒါ၊ အခါ ခပ်သိမ်း။ ပညာစက္ခုနာ၊ ပ ညာ မျက် စိ ဖြင့်။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ပဿိတွာ၊ ကြည့်ရှု၍။ ဘာဝေန္တု၊ ပွားစေကုန်သတည်း။ ဝါစုဂ္ဂတံကတွာ၊ နှုတ်ဆိုတတ်သည်ကိုပြု၍။ ဓာရေန္တု၊ စ၊ ဆောင် လည်း ဆောင်စေကုန်သတည်း။

(စ) မေ၊ ငါ၏။ ဣဒံပုညဥ္စ၊ ဤကောင်းမှုသည်ရင်း။ အည-ပုညဥ္စ၊ တပါးသော ကောင်းမှုသည်ရင်း။ သဗ္ဗညုတဉာဏပဋိဝေ-ဓဿ၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းခြင်း၏။ ပစ္စယော၊ အကြောင်း သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

သတိပဋ္ဌာန်အဓိပ္ပါယ်ကောက်

ဤတွင် ရွှေ့ပြီး၏။